

တရုတ်သိုင်း
နဝရတ်ဓား
မိုးကြိုးသွား
တစဉ် ၄
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

---

# နဝရတ်ခါးမိုးကြိုးသွား

(စာစဉ်–၄)

တိန့်ထောက်ကို ထမ်း၍ အပြေးနှင်လာသော အရိပ်နီသိုင်းသမားသည် အတန်ကြာသောအခါ စမ်းချောင်းကလေးတစ်ချောင်းဆီသို့ ရောက်လာသည်။

အရိပ်နီသိုင်းသမားက တိန့်ထောက်ကို စမ်းချောင်းဘေးတွင် အသာအယာ ချသည်။

နေရောင်မှာ ကွယ်ပျောက်တော့မည်ဖြစ်၏။ မကြာမီ ... အမှောင်ထု စိုးမိုးလာပေတော့မည်။

အရိပ်နီသိုင်းသမားသည် မျက်နှာတစ်ပြင်လုံး သွေးများပေကျံနေသော တိန့်ထောက်ကို စိတ်မကောင်းစွာဖြင့် ကြည့်၍ သက်ပြင်းရှည်ကြီး ချလိုက်၏။

ခဏနေမှ မည်သို့ စိတ်ကူးရလာသည်မသိချေ။ သူ့အိတ်ထဲမှ ပဝါကိုထုတ်ယူ၍ စမ်းရေတွင် သွားနှစ်ကာ တိန့်ထောက်မျက်နှာမှ သွေးများကို ဆေးကြောသုတ်ပေးနေသည်။

"အင်း .... ခုတော့လည်း သူ့မျက်နှာကလေးဟာ ချောချော လှလှကလေး .... ဒါပေမယ့် မကြာခင် သူ့မျက်နှာဟာ ပုပ်သိုးဖူးယောင်လာတော့မယ် .... နောက်တော့ သူ့အသားတွေ ဆွေးကုန်ပြီး အရိုးသာ ကျန်တော့မယ် ...."

အရိပ်နီသိုင်းသမားက စိတ်မသက်မသာဖြင့် ရေရွတ်နေပြန်၏။

"ညီလေးရယ် .... မင်းကို ငါ မြင်မြင်ချင်း ချစ်ခင်ပါတယ်၊ ငါလည်း သိုင်းသမားတစ်ယောက်ဆိုတော့ ငါ့လက်ချက်နဲ့ လူတွေ သေခဲ့ပြီးပါပြီ .... ငါ့မိတ်ဆွေ၊ ငါ့အပေါင်းအသင်းတွေရဲ့ အလောင်းတွေကိုလည်း မြင်ခဲ့ရတာ မနည်းလှတော့ပါဘူး .... ဒါပေမယ့် မင်းအလောင်းကို မြင်ရတာလောက် တစ်ခါမှ မခံစားဖူးခဲ့ဘူး .... မင်းကျမှ ဘာဖြစ်လို့ ဒီလောက်တောင် ငါ ဝမ်းနည်းနေသလဲမသိပါဘူး .... မင်းကို နေရာကောင်းတစ်နေရာအထိ ငါ ထမ်းခေါ်သွားပြီး ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပါ့မယ် .... "

"ဗျူး .... "

တိန့်ထောက်နှာခေါင်းမှ အသက်ရှူသံ ရုတ်တရက် ပေါ်လာသည်။ သူ့ရင်ဘတ်မှာလည်း မို့မောက်လှုပ်ရှားသွားသည်။

"အို .... "

အရိပ်နီသိုင်းသမား ရုတ်တရက် ထိတ်ခနဲ ဖြစ်သွားပြီး ထရပ်၏။

နောက်ကိုပင် ခြေသုံးလေးလှမ်း လှမ်းလိုက်မိသည်။ သူသည် တိန့်ထောက်ကို ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ကြည့်သည်။

တိန့်ထောက် မျက်လုံးအစုံ ဖျတ်ခနဲ ပွင့်လာပြီး ဆတ်ခနဲ ထထိုင်သည်။

အရိပ်နီသိုင်းသမား မျက်လုံးအပြူးသားဖြင့် နောက်ကိုခြေသုံးလှမ်း ထပ်ဆုတ်သွားပြီး အထစ်ထစ်အငေါ့ငေါ့ ပြော၏။

"ဟင် .... ညီလေး .... မင်း .... မင်း .... "

တိန့်ထောက်သည် ခဏမျှ အရိပ်နီသိုင်းသမားကို စိုက်ကြည့်



နေရာမှ သတိဝင်လာပြီး ပြောသည်။

"အစ်ကို .... အစ်ကို အရိပ်နီသိုင်းသမား .... "

"ညီလေး .... မင်း .... မင်း မသေဘူးနော် .... အစ်ကိုက ညီလေး သေပြီအောက်မေ့နေတာ .... ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်တော့မလို့ .... "

တိန့်ထောက်က ခပ်ဖြည်းဖြည်း ထရပ်သည်။ အရိပ်နီသိုင်းသမားကို လက်ဖမိုးနှစ်ဖက်ယှက်၍ ဦးညွှတ်ကာ ....

"ကျွန်တော် မသေပါဘူး အစ်ကို .... "

"သူတို့က ညီလေး သေပြီဆိုပြီး မြေကြီးထဲ မြှုပ်ခဲ့ကြတာ၊ အစ်ကိုက ပြန်ဖော်ပြီး ဒီကိုသယ်လာတာ .... "

"ဟုတ်လား အစ်ကို .... ဒါဆို အစ်ကိုဟာ ကျွန်တော့်အသက်ကို ကယ်လိုက်တာပါပဲ .... မြေကြီးထဲမှာ ဆိုရင်တော့ ကျွန်တော်လည်း တကယ်သေမှာ .... "

အရိပ်နီသိုင်းသမားက တိန့်ထောက်အနီးကို အံ့သြတကြီး လှမ်းလျှောက်လာပြီး တိန့်ထောက်ကိုယ်ခန္ဓာကို သေချာစမ်းသပ်ကြည့်သည်။

"သိပ်ပြီး အံ့သြစရာကောင်းပါလား ညီလေး .... သေပြီးမှ အသက်ပြန်ရှင်လာတဲ့ အဖြစ်မျိုး အစ်ကို့တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် .... ဘယ်လိုဖြစ်တာပါလိမ့် .... "

"ကျွန်တော် .... မသေပါဘူး အစ်ကို .... ကျွန်တော်ဟာ ကျွန်တော့်ဆရာဆီက လိပ်အသက်ရှူရပ်နည်းပညာကို သင်ကြားတတ်မြောက်ခဲ့ပါတယ် .... လူသေလို ဖြစ်သွားအောင် လုပ်နိုင်တဲ့ပညာရပ်မျိုး ဆိုပါတော့ .... ဒီနည်းကို အသုံးပြုပြီး ကျွန်တော် သေချင်ယောင်

ဆောင်လိုက်ရတာပါ .... နို့မို့ သူတို့က ကျွန်တော် တကာ·ပ်သေတဲ့ အထိ နှိပ်စက်ကြဦးမှာ .... ”

“ထူးဆန်းတဲ့ နည်းပညာပါလား .... ဒီနည်းကို သိုင်းလောကမှာ ဖော်ထုတ်အသုံးပြုတဲ့လူဆိုလို့ ညီလေးတစ်ယောက်ပဲ ရှိသေးတယ်လို့ အစ်ကိုထင်တယ် .... ”

အရိုပ်နီသိုင်းသမားက တိန့်ထောက်လက်ကို ဆုပ်ကိုင်၍ ဝမ်းသာအားရ ပြောသည်။ ပြီးမှ ဆက်မေးသည်။

“ဒါနဲ့ .... ညီလေးက ဒီလိုအခြေအနေမျိုး ဘယ်လိုရောက်ခဲ့တာလဲ .... ”

တိန့်ထောက်ကလည်း သူဖြစ်ပျက်ခဲ့သမျှကို **အမှန်အတိုင်း** ပြန်ပြောပြလိုက်၏။ သူသည် ကြာကြာ မတ်တတ်မရပ်နိုင်သဖြင့် ထိုင်ချလိုက်ရ၏။ သူ့တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ များလွန်းသဖြင့် နာကျင်ကိုက်ခဲနေသည်။

“ညီလေးရဲ့ ဒဏ်ရာဒဏ်ချက်တွေက အတော်များနေတယ်၊ ညီလေး လမ်းလျှောက်နိုင်ပါ့မလား .... ”

“အမှန်အတိုင်းပြောရရင် ကျွန်တော့်ဒဏ်ရာတွေက သိပ်များနေလို့ .... လောလောဆယ်တော့ လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး အစ်ကို .... ”

“ကိစ္စမရှိပါဘူး .... ညီလေးကို ကျုပ် ထမ်းခေါ်သွားပါ့မယ်၊ ညီလေးက ဘယ်ကိုသွားမှာလဲ .... ”

“ဒီကနေ ဆက်သွားမယ်ဆိုရင် စေ့ကျားကြည့်ရွာ ရှိပါတယ်၊ အဲဒီရွာကို ကျွန်တော့်ကို လိုက်ပို့ပေးပါလား .... ”

အရိုပ်နီသိုင်းသမားက မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီး



“အင်း .... စေ့ကျားကြည့်ရွာဟာ ဝမ်ရဲ့ ရဲတိုက်ရဲ့ ဩဇာလွှမ်းမိုးမှုအောက်မှာ ရှိနေတယ် ညီလေး .... ညီလေးမှာကလည်း ဒဏ်ရာတွေ ရထားတော့ ရန်သူတွေရောက်လာရင် ဒုက္ခဖြစ်လိမ့်မယ် .... ဒီတော့ ညီလေးအနေနဲ့ လောလောဆယ် အဲဒီရွာမှာ သွားမတည်းရင် ကောင်းမယ် .... အစ်ကိုနဲ့ပဲ လိုက်ခဲ့ပါ .... ညီလေးမှာ ရထားတဲ့ဒဏ်ရာတွေ ပျောက်သွားတဲ့အထိ အစ်ကို ပြုစုစောင့်ရှောက်ပါ့မယ် .... ”

“အစ်ကိုက ဘယ်မှာနေလို့လဲ .... ”

“လီငါးဆယ်လောက် သွားရင် .... အစ်ကိုနေတဲ့ နေရာကို ရောက်မှာပါ .... ရေအိုင်ကြီးအလယ်က ကျွန်းကလေးပေါ်မှာ အစ်ကိုက အေးအေးချမ်းချမ်း နေတဲ့သူပါ .... ဟိုရောက်ရင် ညီလေးလည်း စိတ်ချမ်းသာမှာပါ .... ”

“ဟုတ်ကဲ့ .... ကျေးဇူးတင်ပါတယ် အစ်ကို .... ကျွန်တော် လိုက်ခဲ့ပါ့မယ် .... ”

အရိုပ်နီသိုင်းသမားလည်း တိန့်ထောက်ကိုထမ်းကာ ဆက်လက် ခရီးထွက်ခွာသွားလေသည်။

## အခန်း (၁)

## သိမ်းငှက်သခင်မ

နောက်ထပ် ငါးရက်ခန့်အကြာတွင် တိန့်ထောက်သည် မြို့ငယ်ကလေးတစ်မြို့သို့ ဆိုက်ရောက်လာသည်။ ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ပြီး သူသည် ထမင်းစား၏။

ယခုအခါ .... သူ့ကိုယ်မှ ဒဏ်ရာဒဏ်ချက်များမှာ အတော်ကလေး ပျောက်ကင်းသွားပြီဖြစ်၏။

သူသည် အရိပ်နီသိုင်းသမား နေထိုင်ရာ အိမ်ဂေဟာသို့ လိုက်ပါသွားခဲ့၏။ အရိပ်နီ သိုင်းသမား၏ အိမ်ဂေဟာမှာ ကျယ်ဝန်းသော ရေကန်ကြီးအလယ်ရှိ ကျွန်းကြီးတစ်ကျွန်းပေါ်တွင် ရှိနေသည်။ သူသည် ခြွေရံသင်းပင်း များစွာဖြင့် ချမ်းချမ်းသာသာ နေထိုင်နိုင်သူဖြစ်၏။

အရိပ်နီသိုင်းသမားက တိန့်ထောက် ဒဏ်ရာများကို ဂရုတစိုက် ကုသပေးသည်။ ပြုစုစောင့်ရှောက်၍လည်း ဧည့်ဝတ်ကျေပွန်စွာ ထားသည်။ အရိပ်နီသိုင်းသမား၏ မျိုးနွယ်မှာ 'ခုံ'မျိုးနွယ်ဟု တိန့်ထောက် သိရ၏။



တိန့်ထောက် ထွက်မလာခင် တစ်ရက်က အရိပ်နီသိုင်းသမားသည် တိန့်ထောက်ကို အဖိုးတန် သိုင်းကျမ်းကြီးတစ်စောင်ကို ထုတ်ပြသည်။ သိုင်းကျမ်းကြီးအမည်မှာ 'ရွှင်ရှန်း' ဖြစ်၏။ ၎င်း ရွှင်ရှန်းသိုင်းကျမ်းကြီးထဲမှ သိုင်းပညာရပ်များကို တိန့်ထောက် သင်ကြားလေ့ကျင့်ရန် အရိပ်နီသိုင်းသမားက တိုက်တွန်းသည်။

ရွှင်ရှန်းသိုင်းကျမ်းမှ သိုင်းပညာရပ်များကို လေ့ကျင့်သူမှာ အသက်နှစ်ဆယ်ထက် မကျော်စေရ၊ အသက်နှစ်ဆယ်ကျော်သူများ လေ့ကျင့်လျှင် အန္တရာယ်တွေ့နိုင်ကြောင်း သတ်မှတ်ချက်ရှိသဖြင့် အရိပ်နီသိုင်းသမားက တိန့်ထောက်ကို လေ့ကျင့်နိုင်းခြင်း ဖြစ်၏။

တိန့်ထောက်က လောလောဆယ် ဆောင်ရွက်စရာကိစ္စ ရှိနေသေးကြောင်း၊ အသက်နှစ်ဆယ်မပြည့်မီ အချိန်မီ ပြန်လာမည်ဖြစ်ကြောင်းပြော၍ အရိပ်နီသိုင်းသမား၏ အိမ်ဂေဟာမှ ထွက်ခွာလာခဲ့ခြင်းဖြစ်၏။

သူသည် လောလောဆယ်တွင် သူ့ကို စောင့်မျှော်နေမည်ဖြစ်သော အားလုံးသိ ချမ်းကြည်တို့နှင့် တွေ့ဆုံရပေလိမ့်မည်။

တိန့်ထောက်က ထမင်းစားသောက်ပြီးနောက် .... မြို့ငယ်ကလေးမှ ခွာထွက်ခဲ့သည်။ စားပွဲထိုးလေး၏ လမ်းညွှန်ချက်ဖြင့် ခပ်သွက်သွက်လာခဲ့ရာ မိုးချုပ်စအချိန်တွင် ထင်းရှူးတောကြီးထဲမှ ရေကျားကြည့်ရွာသို့ ရောက်လာခဲ့၏။

လောလောဆယ် အားလုံးသိ သိုင်းသမားကြီး ချမ်းကြည်တို့နှင့် မတွေ့ခင် မည်သူ့ကိုမှ တွေ့ရန်မဖြစ်သောကြောင့် သူသည် ရွာအနောက်ဘက်မှလှည့်၍ ရွာထဲသို့ ဝင်လာခဲ့သည်။

ရွာသူကြီး၏အိမ်မှာ ခြံကျယ်ကြီးထဲတွင် ကြီးမားစွာ ရှိနေသဖြင့် မည်သူ့ကိုမျှ မေးမြန်းစရာမလိုဘဲ တိန့်ထောက် အလွယ်တကူ သိနိုင်လေသည်။ သူသည် အိမ်ကြီး၏ နောက်ဘက်မှ ဥယျာဉ်ကိုဖြတ်၍ ဝင်လာခဲ့၏။

မီးလင်းနေသော အခန်းတစ်ခန်းထဲမှ ဟောင်ဖွာ ဟောင်ဖွာနှင့် စကားပြောလိုက်သော အားလုံးသိ ချမ်းကြည်၏အသံကို တိန့်ထောက် ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။

"ဟိုကောင်လေး ပျောက်နေတာ သင်းတို့တွေရဲ့ လက်ချက်ဖြစ်မှာပဲ .... ကျုပ်တို့တွေ ဒီတိုင်းနေကြလို့တော့ မဖြစ်တော့ဘူး"

တိန့်ထောက်က တံခါးပေါက်နားတွင် ရပ်ပြီး ခပ်အုပ်အုပ်အသံပြုလိုက်သည်။

"ကျွန်တော် ရောက်လာပါပြီ ဦးကြီးချမ်း .... "

အတွင်းဘက်မှ လူသုံးယောက် ခပ်သွက်သွက် ထွက်လာကြသည်။



နှစ်ယောက်မှာ အားလုံးသိ ချမ်းကြည်နှင့် ဟိုအိလောက်တို့ဖြစ်ကြပြီး၊ နောက်တစ်ယောက်မှာ တိန့်ထောက် မမြင်ဘူးသော မျက်နှာ ခပ်ဝိုင်းဝိုင်းရှိသူဖြစ်၏။

အားလုံးသိ ချမ်းကြည်နှင့် ဟိုအိလောက်တို့သည် ရုတ်တရက် တိန့်ထောက်ကို မြင်လိုက်ကြရသောအခါ အံ့သြဝမ်းသာသွားကြ၏။

"ဟင် တိန့်ထောက် .... မင်း .... မင်း ရောက်လာပြီ"

"တော်ပါသေးရဲ့ကွာ .... တို့ဖြင့် အရမ်းစိတ်ပူနေကြတာ"

အားလုံးသိ ချမ်းကြည်က တိန့်ထောက်နှင့် မျက်နှာဝိုင်းဝိုင်းလူကြီးကို မိတ်ဆက်ပေးသည်။ ထိုသူမှာ စေကျားကြည့်ရွာသူကြီးလို့လန်းဖြစ်ကြောင်း တိန့်ထောက် သိရ၏။ ရွာသူကြီး လို့လန်းကလည်း တိန့်ထောက်ကို ဝမ်းပန်းတသာ နှုတ်ဆက်စကားဆိုသည်။

"တူမောင် ရောက်မလာလို့ .... ကျုပ်တို့တစ်တွေ အတော်ကလေးစိတ်ပူနေကြတာ.... အခုလို ရောက်လာတော့ ဝမ်းသာစရာပဲ"

အားလုံးသိ ချမ်းကြည်က ....

"ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျနေရတာလဲ တိန့်ထောက် .... ဘယ်လိုအန္တရာယ်မျိုးနဲ့ တိုးနေလို့လဲ .... "

"မသေရုံတမည် အန္တရာယ်မျိုးနဲ့ ကြုံနေရလို့ပေါ့ ဦးကြီးချမ်း"

"ကဲ .... လာကြပါလေ .... အထဲမှာ အေးအေးဆေးဆေး သွားပြောကြရအောင် .... "

ရွာသူကြီး လို့လန်းက ဖိတ်ခေါ်သဖြင့် တိန့်ထောက်တို့တစ်တွေ ဧည့်ခန်းဆောင်ထဲကို ဝင်လာကြသည်။ ဧည့်ခန်းဆောင်ထဲတွင် ထိုင်ကြပြီးသည်နှင့် တိန့်ထောက်က သူ တွေ့ကြုံခဲ့ရသမျှကို ပြောပြသည်။

အားလုံးသိ ချွမ်းကြည်တို့မှာ ပါးစပ်အဟောင်းသားဖြင့် နား ထောင်နေကြသည်။ ရှင်းလင်းပြောပြချက်ဆုံးမှ တိန့်ထောက်က အားလုံးသိ ချွမ်းကြည်ကို မေးမြန်းသည်။

"ဦးကြီးချွမ်းကတော့ သိုင်းလောကသားတွေရဲ့အကြောင်း အတော်များများ သိထားသူပဲ .... အရိပ်နီ သိုင်းသမားကိုကော သိပါ သလား .... "

အားလုံးသိ ချွမ်းကြည်က မျက်မှောင်ကြုတ် စဉ်းစားပြီးမှ

"မင်းပြောတဲ့ နေရာက ဒီကနေ လီငါးဆယ်ကျော်လောက် ဝေးတဲ့အရပ်က ရေအိုင်ကြီးပဲ ဖြစ်မှာပဲ .... အဲဒီရေအိုင်ကြီး အလယ်မှာ ကျွန်းတစ်ကျွန်းရှိတယ် .... ဝင်းနံ့ရဲ့အနီနဲ့ ခမ်းနားတဲ့ အိမ်ကြီးတစ် ဆောင်လည်း ရှိတယ် .... "

"ဟုတ်ပါတယ် ဦးကြီးချွမ်း .... အဲဒီနေရာပါပဲ .... အဲဒီမှာ ကျွန်တော် လေးရက်ကျော်ကျော် နေခဲ့ရပါတယ် .... "

"အဲဒီကျွန်းက 'ဝိညာဉ်ပြန်'ကျွန်းပဲ .... မင်းဟာ ဟိုလူထူး ဆန်းကြီးနဲ့ တွေ့ခဲ့ရတာပဲဖြစ်မယ် .... ဒီကျွန်းရဲ့ အရှင်သခင်ဟာ လွန် ခဲ့တဲ့ နှစ်ခြောက်ဆယ်လောက်ကတည်းက နာမည်ကြီးနေတဲ့သူပဲ .... သိုင်းလောကသားတွေဟာ သူ့ကျွန်းပေါ်ကို ဘယ်သူမှ မကျူးကျော် ဝံ့ဘူး၊ မသွားရဲကြဘူး .... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က နာမည်ကျော် ခဲ့တဲ့ မဟူရာသိုင်းသမားကြီးနဲ့ သိုင်းပညာအဆင့် တူညီကြတယ်လို့ တောင် ပြောသံကြားဖူးတယ် .... ခုဆို သူ့အသက် တစ်ရာနီးနီး ရှိနေ ရောပေါ့ .... "

"ဟာ မဟုတ်ဘူး ဦးကြီးချွမ်း .... "

"ဘယ်လိုမဟုတ်တာလဲ .... "



"အရိပ်နီသိုင်းသမားက အသက်ဆုံးဆယ် ပတ်ဝန်းကျင်ပဲ ရှိ ပါသေးတယ် .... "

"ဟေ .... "

အားလုံးသိ သိုင်းသမားကြီးချွမ်းကြည် အံ့သြသွားသည်။

တိန့်ထောက်က ဆက်ပြောသည်။

"အရိပ်နီ သိုင်းသမားဟာ အဲဒီကျွန်းရဲ့အရှင်သခင်ပဲ ...

တော့ သူဟာ ဆွေမျိုးသားချင်း မိဘမဲ့ တစ်ယောက်တည်းသ ဘဲကို

အစေခံ လူယုံတပည့်တွေနဲ့ပဲ နေတယ် .... "

"ဒါဆို အရိပ်နီသိုင်းသမားဟာ အစက ဒီကျွန်းကို ဖြင့်ခဲ့ရ

တဲ့ သခင်ကြီးရဲ့အမွေခံ တပည့်တစ်ယောက်ပဲ ဖြစ်ရမယ် ... ကျောက်

ထိုစဉ် ရွာလူကြီး လို့လန်း၏ အစေအပါး သုံးယော

အစားအသောက်များကို သယ်ယူလာပြီး တည်ခင်းပြင်ဆင်ပေးလေ သည်။

သလ

တိန့်ထောက်တို့သည် စားရင်းသောက်ရင်း စကားပြောကြ

သန်းခေါင်ကျော်မှ အိပ်စက်ကြသည်။

ဝေးတဲ့အ နေ့ကျ ားကြည့်ရွာတွင်ပင်နေပြီး အဘိုးကြီးကြောင်နက်

ကျွန်းတ ဓလာကို စောင့်ကြ၏။ ရွာသူကြီးလို့လန်း၏ တပည့်များက

ဝ ျုး မြို့ထဲကို နေ့စဉ်သွားပြီး အဘိုးကြီးကြောင်နက်ကို စောင့်ကြ၏။

ဆယ်ရက်ခန့် အချိန်ကုန်လာသောအခါ တိန့်ထောက်တို့သည် အဘိုးကြီး ကြောင်နက်အတွက် စိုးရိမ်ပူပန်လာကြလေသည်။

တိန့်ထောက်သည် စိတ်ပူလွန်းသဖြင့် ဤညမှ အဘိုးကြီး ကြောင်နက် ရောက်မလာလျှင် ဝမ်ရဲ့ရဲတိုက်သို့ သူကိုယ်တိုင် သွား ရောက်စုံစမ်းမည်ဟု ဆုံးဖြတ်ချက် ချထားသည်။

ထိုည ထမင်းဝိုင်းတွင် တိန့်ထောက်သည် သူ့အကြံအစည်ကို ဖွင့်ဟပြောဆိုသည်။

အားလုံးသိ ချွမ်းကြည်နှင့် ဟိုအိလောက်တို့က တစ်ရက် နှစ်ရက် ဆက်ပြီးစောင့်ပါရန် ဖျောင်းဖျလေသည်။

ထိုစဉ် ရွာလူကြီးလို့လန်း၏ တပည့်တစ်ယောက် ဖျာဖျာ သလဲ ဝင်လာပြီး အဘိုးကြီးကြောင်နက် ရောက်လာပြီဖြစ်ကြောင်း အကြောင်းကြားလေသည်။



တိန့်ထောက်တို့အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ သည်။

မကြာမီ အဘိုးကြီးကြောင်နက် ရယ်ရယ်မောမောနှင့် ဧည့် ခန်းဆောင်ထဲ ဝင်လာသည်။ ရောက်ရောက်ချင်း ဘာမှမပြောသေးဘဲ အရက်ကိုသာ အဆက်မပြတ် ဝအောင်သောက်သည်။

နောက်မှ သူသည် ဝမ်ရဲ့ရဲတိုက်တွင် သူ စုံစမ်းခဲ့ရသမျှကို ပြောပြသည်။

"ညဘက်တွေမှာ .... ဆယ်ညလုံးလုံး ဝမ်ရဲ့ရဲတိုက်ထဲကို တိတ်တဆိတ်ဝင်ပြီး ကျုပ် စနည်းနာခဲ့တယ် .... ကျုပ် သိခဲ့ရ မြင်ခဲ့ရ သလောက် ပြောရမယ်ဆိုရင် ဝမ်ရဲ့ရဲတိုက်ထဲမှာ တိမ်နဂါးကျောက် ယွင်စိမ်း လုံးဝ ရှိမနေတာတော့ သေချာတယ် .... "

တိန့်ထောက် စိတ်ပျက်သလို ဖြစ်သွားပြီး ....

"ဟင် .... ဒါဆို ကျောက်ယွင်စိမ်းဟာ ဘယ်ကိုရောက်နေပါ လိမ့် .... ရဲတိုက်ကြီးရဲ့ မြေအောက်ခန်းမှာများ ပုန်းနေလေရော့ သလား .... "

အဘိုးကြီးကြောင်နက်က တိန့်ထောက်ကို စူးစူးစိုက်စိုက် ကြည့်ပြီး ....

"တိန့်ထောက် .... သိပ်ပြီး အံ့ဩစရာကောင်းတဲ့ သတင်း တစ်ခုကို ငါပြောပြမယ် .... "

"ဘယ်လိုသတင်းထူးလဲ အဘ .... "

"ဂိုဏ်းကြီးကိုးဂိုဏ်းက .... နဂါးကိုးကောင် ရွှေတံဆိပ်တုံး အကြောင်းကို မင်း ကြားဖူးသလား .... "

"ဟုတ်ကဲ့ ကြားဖူးပါတယ် .... "

"အေး .... အဲဒီနဂါးကိုးကောင် ရွှေတံဆိပ်တုံးဟာ ဝမ်ရဲ့ ရဲတိုက်ရဲ့ လျှို့ဝှက်မြေအောက်ခန်းထဲမှာ ရှိနေတယ် ...."

"ဗျာ ...."

တိန့်ထောက်သာမက ကျန်လူများလည်း အံ့သြတကြီး ဖြစ်သွားကြ၏။ တိန့်ထောက်ကမူ သူ့ဆရာ မဟူသိုင်းသမားနှင့် အဓိက ပတ်သက်ခဲ့သော ရွှေတံဆိပ်တုံး ဖြစ်နေသဖြင့် ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်မိလေ၏။



အားလုံးသိ သိုင်းသမားကြီး ချမ်းကြည်ကလည်း စိတ်လှုပ်ရှားစွာဖြင့် ဝင်မေးသည်။

"နောင်ကြီး ကြောင်နက် .... ဒီသတင်းက သေချာရဲ့လား၊ မသေချာဘဲနဲ့တော့ စိတ်မှန်းနဲ့ ရမ်းမပြောနဲ့နော် .... နဂါးကိုးကောင် ရွှေတံဆိပ်တုံး ပျောက်ဆုံးနေတာကို ဂိုဏ်းကြီးကိုးဂိုဏ်းဟာ သဲသဲမဲမဲ လိုက်ပြီး လိုက်ပြီးစုံစမ်းရှာဖွေနေကြတုန်းပဲ .... အဲဒီသတင်းသာ သိုင်းဂိုဏ်းကိုးဂိုဏ်းရဲ့နားကို ပေါက်ကြားသွားမယ်ဆိုရင် ပြဿနာတွေ ရှုပ်လာနိုင်တယ် ...."

"ဒါကိုတော့ ကျုပ်က သေချာလွန်းလို့ ပြောတာပါ ...."

"ဒါဆို .... ဒီရွှေတံဆိပ်တုံးကို နောင်ကြီးကြောင်နက် ဘာဖြစ်လို့ ခိုးယူမလာသလဲ ...."

အဘိုးကြီးကြောင်နက် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ဘယ်ဖြစ်ပါ့မလဲ .... အားလုံးသိတဲ့ ဒီလိုပစ္စည်းမျိုးကို ဘယ်လိုလုပ်ပြီး ကျုပ် ယူလာရဲပါ့မလဲ .... ဒီပစ္စည်းသာ ကျုပ်လက်ထဲမှာ တွေ့ရင် ကျုပ်ဟာ တရားခံဖြစ်သွားမှာပေါ့ ...."

အားလုံးသိချမ်းကြည်က ပြုံး၍ ....

"အင်း .... နောင်ကြီးကတော့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့

အတွေးအခေါ်တော့ ရှိပါပေရဲ့ .... "

"မရှိလို့ ဘယ်ဖြစ်မလဲ .... ဒီလိုဘေးမျိုးကို ရှောင်တတ်လို့လည်း ဒီနေ့အထိ ဘယ်လိုအန္တရာယ်မျိုးမှ ကျုပ် မဖြစ်ခဲ့တာပေါ့ .... ခင်ဗျားအဖြစ်ကို ကြည့်ပါလား .... ကိုယ့်ဘေးကို ကိုယ်မမြင်တတ်လို့ မျက်နှာအေး သီလရှင်ရဲ့ အချုပ်အနှောင်ကို ဆယ်နှစ်တောင် ခံခဲ့ရတယ် မဟုတ်လား .... "

အားလုံးသိချွမ်းကြည်က သဘောကျစွာ တဟားဟား ရယ်လိုက်သည်။

တိန့်ထောက်မှာ အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်က မျက်နှာအေး သီလရှင်ကြီးကို မည်သည့်အကြောင်းရပ်ကို ပြောမိ၍ အချုပ်ခံရကြောင်း ယခုထက်ထိ မသိသေးချေ။ ထို့ကြောင့် မေးမြန်းမိသည်။

"ဦးကြီးချွမ်းက မျက်နှာအေး သီလရှင်ကြီးအကြောင်းကို ဘာများ ပြောမိလို့လဲ .... "

အားလုံးသိ ချွမ်းကြည်က ပြုံးပြီး ....

"ဒီမှာ သူစိမ်းလူဆိုလို့ တစ်ယောက်မှမရှိဘူး .... ကျုပ် ပြောပြပါ့မယ် .... ဒီမှာ တိန့်ထောက် မျက်နှာအေးသီလရှင်ကြီးဟာ ကွယ်လွန်သွားတာ ကြာပြီကွ .... အခု သိုင်းလောကမှာ လှုပ်ရှားနေတဲ့ မျက်နှာအေး သီလရှင်က သူ့ရဲ့တပည့်မတစ်ယောက်ပဲ .... သူ့တပည့်မက သူ့မျက်နှာဖုံးကိုစွပ်ပြီး လှုပ်ရှားနေတာ .... "

"ဟင် .... "

"ဒါကြောင့်မို့ မျက်နှာအေး သီလရှင်ကြီးရဲ့မျက်နှာဟာ အမြဲတမ်း အေးစက်စက်နဲ့ ခံစားမှု မရှိသလို ဖြစ်နေတာပေါ့ .... "



"ဦးကြီးချွမ်းက သူ့ကို မျက်နှာအေးသီလရှင်ကြီး အစစ်မဟုတ်ဘူးလို့ ပြောမိတာနဲ့ အချုပ်ခံရတာပေါ့ ဟုတ်လား .... "

"ဒါတင် ဘယ်ကမလဲ .... ငါက သူ့ရဲ့ဇာစ်မြစ်ကိုပါ ပြောမိလို့ ပိုပြီး စိတ်ဆိုးသွားတာပေါ့ .... "

"သူက ဘယ်သူလဲ .... "

"သူဟာ .... တစ်ချိန်တုန်းကတော့ အလှမယ်ကလေးတစ်ယောက်ပါပဲ .... အစက သူ့နာမည်က စူချင်းချင်းတဲ့ .... "

"ဗျာ .... "

တိန့်ထောက် အံ့သြတကြီး ဖြစ်သွားရပြန်သည်။

ဝါးရုံတောဘိုးဘိုး၏ ပြောပြချက်အရ တစ်ချိန်က အလှမယ်ကလေး စူချင်းချင်းသည် မိမိ၏ဖခင်ကို တစ်ဖက်သတ် ချစ်ခဲ့သူဖြစ်၏။ ဖခင်ဖြစ်သူက သူမကို မယူဘဲ မိခင်ဖြစ်သူကို လက်ထပ်လိုက်သောအခါ လူ့ဝတ်ကြောင်ကိုစွန့်ပြီး မျက်နှာအေးသီလရှင်ထံ တပည့်ခံသွားခြင်း ဖြစ်၏။

ထိုအကြောင်းကို တိန့်ထောက် ဆက်မမေးချင်တော့ပါ။ စကားလမ်းကြောင်း ပြောင်း၍သာ မေးမိ၏။

"ဒါနဲ့ အဘ .... ရုပ်ဆိုးအဘိုးကြီးတစ်ယောက်ကိုတော့ ဝမ်ရဲ့ရဲတိုက်မှာ တွေ့ခဲ့ရပါသလား .... "

"ဟာ တွေ့ခဲ့တာပေါ့ .... သူဟာ လျှို့ဝှက်အဆောင်တစ်ဆောင်ထဲမှာ လျှို့ဝှက်သိုင်းပညာတစ်ရပ်ကို လေ့ကျင့်နေတယ်လေ"

"အဲဒီရုပ်ဆိုးအဘိုးကြီးဟာ ဘယ်သူလဲလို့ သိကြပါသလား"

တိန့်ထောက်အမေးကို အားလုံးတ ခေါင်းခါယမ်းပြ၍ ဖြေကြ၏။

တိန့်ထောက်က တစ်လုံးချင်း ဆက်ပြောသည်။

"အဲဒီ ရုပ်ဆိုးအဘိုးကြီးဟာ တခြားလူ မဟုတ်ဘူး .... ရုပ်ဖျက်ထားတဲ့ ဘီလူးရုပ်ဖော်ထဲက အဆိပ်ဘီလူးပဲ .... "

"ဟင် ဟုတ်လား .... "

"ဘယ်လို .... ဒီရုပ်ဆိုးကြီးက အဆိပ်ဘီလူး .... "

"သေချာလို့လား .... "

အားလုံးသိ ချွမ်းကြည်တို့တစ်တွေ အံ့သြတကြီး ဖြစ်သွားကြသည်။

"သေချာပါတယ် .... ဒီအဘိုးကြီးဟာ အဆိပ်ဘီလူးလို့ မျက်နှာအေး သီလရှင်ဆီက သိခဲ့ရတာ .... "

"ဟာ .... ဒါဆိုရင်တော့ ဝမ်ရဲ့ရဲတိုက်မှာ တကယ့်ထိတ်ထိတ်ကြံ ဒုစရိုက်သမားကြီးတွေ ရောက်နေတာပေါ့ .... "

"ဟုတ်ပါတယ် ဦးကြီးချွမ်း .... ကျွန်တော့်အနေနဲ့ တိမ်နဂါးကျောက်ယွင်စိမ်းရယ်၊ သံတောင်ပံငှက် သိုင်းသမားရယ်၊ အသည်းမည်းဟူဖေးရယ်ကို တွေ့ရမှ ဖြစ်ပါလိမ့်မယ် .... လောလောဆယ် တိမ်နဂါးကျောက်ယွင်စိမ်း ဝမ်ရဲ့ရဲတိုက်မှာ မရှိဘူးဆိုတော့ ခက်သွားတာပေါ့"

အားလုံးသိ ချွမ်းကြည်က ဖြတ်မေးသည်။

"မင်းက သူတို့တစ်တွေကို ဘယ်လိုအကြောင်းကြောင့် တွေ့ချင်တာလဲ .... "

ထိုအခါမှ တိန့်ထောက်လည်း ကွယ်ဝှက်မနေတော့ဘဲ သူ့မိဘ ဇာတ်မြစ်နှင့် အဖြစ်သနစ်ကို ဝါးရုံတောဘိုးဘိုးထံမှ သိရသမျှအကုန်လုံး ပြောပြလိုက်လေတော့သည်။

အားလုံးသိ ချွမ်းကြည်တို့တစ်တွေ အံ့သြသွားကြသည်။



"ဪ .... လက်စသတ်တော့ မင်းက သိုင်းသမားကြီး တိန့်ရောင်ရှမ်းရဲ့သားကိုး .... "

အဘိုးကြီးကြောင်နက်ကလည်း ဝင်ပြောသည်။

"သိုင်းသမားကြီး တိန့်ရောင်ရှမ်းကို .... ကျုပ်ဟာ သိပ်ပြီး လေးစားခဲ့တာပေါ့ .... ကျုပ်နဲ့လည်း ကောင်းကောင်းရင်းနှီးပါတယ်၊ ဪ .... မောင်ရင်က ဒါကြောင့်မို့ တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစုကို တွေ့ချင်နေတာကိုး .... မင်းတို့မိသားစုကို လုပ်ကြံသတ်ဖြတ်ခိုင်းတာကော တကယ်ပဲ ချီယွင်ဂေဟာ သခင်ကြီးလား .... "

တိန့်ထောက်က ....

"ဒါကတော့ ကျောက်ယွင်စိမ်းတို့ အပြောပါ .... ချီယွင်ဂေဟာကို ကျွန်တော် ရောက်ခဲ့ပါပြီ .... ချီယွင်ဂေဟာသခင်ကြီးကို အကဲခတ်ရတာကတော့ ဒီကိစ္စနဲ့ ပတ်သက်ပုံ မရပါဘူး .... "

"ငါနဲ့ ချီယွင်ဂေဟာသခင်ကြီးနဲ့ ခင်မင်ရင်းနှီးပါတယ် .... ငါကိုယ်တိုင် ချီယွင်ဂေဟာကိုသွားပြီး လေ့လာစုံစမ်းကြည့်ပါဦးမယ်"

"ဒါဆိုရင်တော့ ကောင်းတာပေါ့ အဘ .... အဲဒီအရပ်မှာ တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးနဲ့လည်း တွေ့နိုင်ပါလိမ့်မယ်"

"တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကို ငါသိပါတယ် .... "

အဘိုးကြီးကြောင်နက်က ဟိုအိလောက်ကို လှည့်ကြည့်ပြီး ဆက်ပြောသည်။

"ခင်ဗျားလည်း ကျုပ်နဲ့ လိုက်ခဲ့ပါလား .... "

ဟိုအိလောက်ကလည်း လိုက်ရန် သဘောတူသည်။

အားလုံးသိ ချွမ်းကြည်က တိန့်ထောက်ကို မေးသည်။

"မင်းကော ဘယ်ကိုခရီးဆက်မလဲ တိန့်ထောက် .... "

"ကျွန်တော်တော့ ဝမ်အုစန်းတောင်ကို တစ်ခေါက်သွားပြီး ဝါးရုံတောဘိုးဘိုးနဲ့ တွေ့လိုက်ဦးမယ် .... "

ထိုစဉ် မိုးပေါ်မှ ငှက်တစ်ကောင်၏ 'ဂီး'ခနဲ အော်မြည်လိုက်သံ ပေါ်လာ၏။ သိမ်းငှက်တစ်ကောင်၏အော်သံ ဖြစ်ကြောင်း အားလုံး သိလိုက်ကြ၏။

တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် ကြည့်မိကြ၏။

အဘိုးကြီးကြောင်နက်က'မျက်နှာပျက်သွားပြီး နောက်ဘက်ကို ထွက်သွားရန်ပြင်သည်။ အားလုံးသိ ချွမ်းကြည်က သူ့လက်ကို ဖမ်းဆွဲထား၏။

"အားလုံးသိ .... ကျုပ်ကို ဆွဲမထားပါနဲ့၊ ကျုပ်သွားမယ်"

"ထိုင်သာနေပါ နောင်ကြီးကြောင်နက် .... ဒီတစ်ခါတော့ ရင်ဆိုင်တွေ့လိုက်စမ်းပါဗျာ .... ကျွန်တော် ထွက်တွေ့လိုက်ပါ့မယ်"

အဘိုးကြီးကြောင်နက်က ပြန်ထိုင်သည်။ အားလုံးသိချွမ်းကြည်လည်း တံခါးပေါက်ဝကို ထွက်သွားပြီး အော်ပြောလိုက်၏။

"သိမ်းငှက်သခင်မကြီး မဟုတ်လား .... ကြွပါ ခင်ဗျာ .... ကြွပါ.... "

သိမ်းငှက်သခင်မကြီးဟူသော နာမည်ကို ကြားရသောအခါ တိန့်ထောက်လည်း အလွန်အမင်း အံ့သြသွားလေတော့၏။

အခန်း (၂)

## ကြောက်မက်ဖွယ်များ

"ဟိတ် အဘိုးကြီး .... အပြင်ကို ထွက်လာခဲ့စမ်း .... "

အပြင်ဘက်မှ သိမ်းငှက်သခင်မကြီး အော်ဟစ်အမိန့်ပေးသံလည်း ပေါ်ထွက်လာသည်။

တိန့်ထောက်က ထိုင်နေရာမှ အပြင်ဘက်ကို လှမ်းကြည့်ရာ အိမ်ရှေ့မြေကွက်လပ်တွင် ရပ်နေသော သိမ်းငှက်သခင်မကြီးကို တွေ့ရလေသည်။ သူမ၏လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားပြီး မျက်လုံးအစုံကိုမူ မှိတ်ထားသည်။

သိမ်းငှက်သခင်မကြီးနှင့် အဘိုးကြီးကြောင်နက်တို့မှာ မည်ကဲ့သို့ ပတ်သက်ခဲ့ကြောင်း တိန့်ထောက် မသိချေ။

အားလုံးသိ ချွမ်းကြည်က လက်ဖမိုးနှစ်ဖက်ကိုယှက်ပြီး သိမ်းငှက်သခင်မကြီးကို ပြောပြန်သည်။

"အသက်အရွယ်တွေလည်း ကြီးကုန်ကြပါပြီ အစ်မကြီးရယ်၊ တစ်ဦးနဲ့တစ်ဦး အာဃာတတွေလည်း ထားမနေကြပါနဲ့တော့ .... "

"ရှင့်ပါးစပ် ပိတ်ထားစမ်းပါ .... "

သိမ်းငှက်သခင်မကြီးက အားလုံးသိချမ်းကြည်ကို အော်ဝေါက်လိုက်သည်။ ပြီး .... သူမသည် တောင်ဝှေးကို တစ်ချက်ဆောင့်ပြီး အော်ပြန်သည်။

"အဘိုးကြီး ထွက်မလာသေးဘူးလား .... ကျွန်မစိတ်ကို ရှင်သိတယ်နော် .... "

အဘိုးကြီးကြောင်နက် ထိုင်ရာမှ စိတ်မသက်မသာ ထရပ်သည်။

ရှာသူကြီးလို့လန်းလည်း အိမ်ပြင်ကိုထွက်သွားပြီး သိမ်းငှက်သခင်မကြီးကို နှုတ်ဆက်ဂါရဝပြုသည်။

"သခင်မကြီးကို ကျွန်တော်လို့လန်းက နှုတ်ဆက်ဂါရဝပြုပါတယ် .... "

သိမ်းငှက်သခင်မကြီးက တောင်ဝှေးကို မြေတွင် တစ်ချက်ဆောင့်ပြီး ပြန်အော်သည်။

"ရှင် နောက်ဆုတ်နေစမ်းပါ .... "

လို့လန်းလည်း နောက်ပြန်ဆုတ်လာရသည်။

ဟိုအိလောက်က တိန့်ထောက်ကို နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။

"တိန့်ထောက် .... သူတို့အခြေအနေကို စောင့်ကြည့်ပါဦး၊ သူတို့ပြဿနာက ဘယ်လိုလဲမှမသိတာ .... "

တိန့်ထောက်လည်း ခေါင်းညိတ်၍ ထိုင်ရာမှပင် လှမ်းကြည့်နေသည်။



အဘိုးကြီးကြောင်နက် အပြင်ကိုထွက်သွားပြီး လေသံမာမာဖြင့် ပြောသည်။

"မျက်ကန်းမကြီး .... မင်းက ငါနဲ့ ဘယ်လိုစာရင်းရှင်းချင်လို့လဲ .... "

သိမ်းငှက်သခင်မကြီးက ပြန်အော်ပြန်သည်။

"ကျွန်မရဲ့သား ဘယ်မှာလဲ .... "

"အနှစ်နှစ်ဆယ်တောင် ကြာခဲ့ပြီပဲ .... သူ့ကို ခုထိ မင်း မ[illegible]သေးဘူးလား .... "

"ကျွန်မသေတောင် မမေ့နိုင်ဘူး .... "

"သားပျောက်သွားတာ ငါ့မှာ အပြစ်မရှိဘူး .... သူ ထွက်သွားတာ .... ငါက ဘယ်တတ်နိုင်မှာလဲ .... "

"တော်စမ်းပါ .... သားထွက်သွားတာ ရှင့်ရဲ့အပြစ်ပဲ .... ရှင်က သူခိုးကြီး ဖြစ်နေတော့ သား ရှက်ပြီး ထွက်သွားတာပေါ့"

"အဘွားကြီး .... လူကြားမကောင်း သူကြားမကောင်း အော်မနေနဲ့ .... "

"ဩော် .... ရှင်က ရှက်သလား .... သူခိုးကြီး လုပ်နေတာတော့ မရှက်ဘူးလား .... "

"အဲဒီတုန်းက မင်း မျက်စိမကန်းသေးပါဘူး .... ငါ့ကို ဘာဖြစ်လို့ လက်ထပ်ယူသလဲ .... "

ထိုစကားသံများကို ကြားရမှ အဘိုးကြီးကြောင်နက်နှင့် သိမ်းငှက်သခင်မကြီးတို့မှာ တစ်ချိန်က ဇနီးမောင်နှံ ဖြစ်ခဲ့ကြကြောင်းကို

တိန့်ထောက် အံ့သြတကြီး သိရလေတော့၏။

သိမ်းငှက်သခင်မကြီး၏ အော်ပြောသံ ပေါ်လာပြန်သည်။

"ဟုတ်တယ် .... ဒီတုန်းက ကျွန်မ မျက်စိမကန်းသေးဘဲနဲ့ ရှင့်ကို ယူခဲ့မိတာ ကျွန်မအမှားပါပဲ .... ကဲပါ .... ပြီးခဲ့တာတွေ ပြောမနေပါနဲ့ .... ကျွန်မသားကိုသာ ရှာပေး .... "

"အို .... ကျုပ်က ဘယ်လိုရှာပေးရမှာလဲ .... "

သည အားလုံးသိ ချွမ်းကြည်က ဖျောင်းဖျသောလေသံဖြင့် ဝင်ပြော

သခင်မ( "အစ်မကြီးရယ် .... နောင်ကြီးနဲ့ အစ်မကြီးတို့ဟာ တစ်ချိန်က ခင်ခင် နေခဲ့ကြသူတွေပဲ .... အေးအေးဆေးဆေး ဆွေးနွေးကြတပ်... "

"တော်စမ်းပါ .... ရှင်လည်း လူကောင်းတစ်ယောက် မဟုတ်ဘူး .... ဝင်မပြောနဲ့ .... "

အဘိုးကြီး ကြောင်နက် ခနဲ့တဲ့တဲ့ ဝင်ပြောသည်။

"ဟုတ်ပါတယ် ဟုတ်ပါတယ် .... တစ်လောကလုံးမှာ မင်းတစ်ယောက်တည်း လူကောင်းပါ .... ကဲ ဘာလုပ်ချင်သလဲ .... "

သိမ်းငှက်သခင်မကြီးက တောင်ဝှေးကို မြေတွင် တစ်ချက်ဆောင့်လိုက်ပြန်ပြီး ....

"ကျွန်မသားကို ရှာပေးမလား မပေးဘူးလား တစ်ခွန်းတည်းပြော .... နို့မို့ ရှင့်ကို ကျွန်မ သတ်မိလိမ့်မယ် .... "

"သားဟာ မင်းတစ်ယောက်တည်းရဲ့သား မဟုတ်ပါဘူး ....



ငါလည်း ပိုင်ဆိုင်တာပါပဲ .... ငါဟာ သူ့ရဲ့အဖေ၊ ငါလည်းပဲ ငါ့သားကို လိုက်ရှာနေတာပဲ .... နေရာကို နှံ့နေပြီ ... ဒါပေမယ့် ရှာလို့မှ မတွေ့တာ၊ ဘယ်လိုတတ်နိုင်မှာလဲ .... ခုလောက်ဆို အသက်ရှင်လျက်တောင် ရှိသေးရဲ့လား မသိဘူး .... "

"ကျွန်မသားသာ သေရင် ရှင့်ကိုလည်း ကျွန်မသတ်မယ်"

"အဘွားကြီး .... မျက်စိမမြင်တဲ့မင်းကို ငါတိုက်မယ်ဆိုရင် လွယ်လွယ်ကလေးနဲ့ နိုင်နိုင်တယ် .... ငါ့ကို ဟောက်လား ဟိန်းလား လာလုပ်မနေနဲ့ .... "

သိမ်းငှက်သခင်မကြီးက ရယ်လိုက်ပြီး သူမ၏ မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်လိုက်လေသည်။ သူမ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပြောင်နေသည်။

"ဟင် .... မင်းမျက်လုံး ပြန်ကောင်းသွားပြီလား .... "

အဘိုးကြီးကြောင်နက် အံ့သြစွာ ရေရွတ်လိုက်ပြီး နောက်ကို ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်သည်။ သိမ်းငှက်သခင်မကြီးက ရယ်လိုက်ပြီး ....

"ကျွန်မကို ရှင်က လွယ်လွယ်လေး အနိုင်ယူမယ်ဆို .... တိုက်လေ တိုက် .... "

အဘိုးကြီးကြောင်နက် မလှုပ်မယှက် ရပ်မြဲရပ်နေသည်။

သိမ်းငှက်သခင်မကြီးက စိတ်မရှည်ဟန်ဖြင့် ....

"ရှင် မတိုက်ဘူးဆိုရင် ကျွန်မတိုက်မယ် .... "

သူမက ပြောပြောဆိုဆို တောင်ဝှေးရိုက်ချက်များဖြင့် အဘိုးကြီးကြောင်နက်ကို စတင်တိုက်ခိုက်တော့၏။ အဘိုးကြီးကြောင်နက်က ထိတ်လန့်တကြီး ရှောင်တိမ်းနေရ၏။

"သည်းခံပါ အစ်မကြီးရယ် .... သည်းခံပါ .... ကျွန်တော် တောင်းပန်ပါတယ် .... "

အားလုံးသိ ချမ်းကြည်က ကြားမှ တောင်းပန်စကား ပြော နေသော်လည်း သိမ်းငှက်သခင်မကြီးက ဂရုမစိုက်ဘဲ တောင်ဝှေးဖြင့် အဘိုးကြီးကြောင်နက်ကို လွှဲရိုက်နေသည်။

တိန့်ထောက်လည်း မနေသာတော့ဘဲ ထိုင်ရာမှ ထရပ်ပြီး အိမ်ပြင်ကိုထွက်ရန် ခြေလှမ်းသည်။ ဟိုအိလောက်က တိန့်ထောက် လက်ကိုဆွဲပြီး ငိုမဲ့စိတ်ဖြင့် ပြောသည်။

"ဘယ် သွားမလို့လဲ တိန့်ထောက် .... မင်း မသွားနဲ့"

"ကျွန်တော်သွားမှ ဖြစ်မယ် .... နို့မို့ သေကုန်ကြလိမ့်မယ်"

တိန့်ထောက် အပြင်ကို ထွက်လာသည်။ သူက သိမ်းငှက် သခင်မကြီးကိုကြည့်၍ ပြောလိုက်၏။

"ကျွန်တော် တိန့်ထောက်က ဘွားဘွားကို နှုတ်ဆက်ပါတယ်၊ တိုက်ပွဲကို ရပ်လိုက်ပါဦး .... "

သိမ်းငှက်သခင်မကြီးက တိန့်ထောက်ကို အံ့သြတကြီး လှည့် ကြည့်ပြီး တိုက်ခိုက်မှုကို ရပ်လိုက်တော့သည်။

ပြီးမှ မျက်လုံးအပြူးသား ပြန်မေး၏။

"ဟင် တိန့်ထောက်ပါလား .... မင်း မသေဘူး ဟုတ်လား၊ ဘယ်လိုလုပ် ဒီလူစုထဲကို ရောက်နေတာလဲ .... "

"ဘွားဘွား .... ကျွန်တော့်ကို မှတ်မိတယ်နော် .... "

"မင်း အသံကို ငါ ကောင်းကောင်းကြီး မှတ်မိနေတုန်းပါ"

"ဘွားဘွား မျက်စိပြန်မြင်တဲ့အတွက် .... ကျွန်တော် ဝမ်းသာ ...ယ် .... "



"အင်း .... ငါလည်း မင်းကိုရှာရင်း သစ်ခုတ်သမားတစ် ယောက်က ငါလိုချင်တဲ့ ဆေးမြက်ပင်ကိုယူပေးလို့ မျက်စိပြန်မြင်ခဲ့တာ ပဲ .... အဲဒီတုန်းက မင်းကို ချောက်ထဲကျသေသွားပြီလို့ ငါက အောက် မေ့ပြီး အတော်စိတ်မကောင်း ဖြစ်ခဲ့ရတယ် .... "

"တကယ်လည်း ကျွန်တော် ချောက်ထဲကိုကျခဲ့ပါတယ် .... သေကံမရောက်လို့သာ မသေခဲ့တာပါ .... အိမ်ထဲကို ကြွပါဦး ဘွားဘွား၊ စားသောက်ရင်း အေးအေးဆေးဆေး စကားပြောဖို့ .... ကျွန်တော် တောင်းပန်ပါတယ် .... "

သိမ်းငှက်သခင်မကြီးက ခဏမျှ စဉ်းစားပြီးမှ ခေါင်းညိတ် လိုက်၏။

"အေး .... မင်းပြောလို့ ငါ လက်ခံရမှာပဲ .... တကယ်တော့ မင်းဟာ သက်စွန့်ဆံဖျား ကူညီဖူးတယ်မဟုတ်လား .... "

"ကြွပါ ဘွားဘွား .... "

တိန့်ထောက်က ဖိတ်ခေါ်လိုက်ရာ သိမ်းငှက်သခင်မကြီး လည်း ဧည့်ခန်းဆောင်ထဲ ဝင်လာသည်။ တိန့်ထောက်က နေရာထိုင် ခင်း ပေးသည်။

အဘိုးကြီးကြောင်နက်ကိုလည်း အားလုံးသိ ချမ်းကြည်က ဆွဲခေါ်လာကာ မူလနေရာတွင် ပြန်ထိုင်စေသည်။

အဘိုးကြီးကြောင်နက်နှင့် သိမ်းငှက်သခင်မကြီးတို့မှာ စားပွဲ တွင် မျက်နှာချင်းဆိုင် ထိုင်မိကြသော်လည်း တစ်ဦးကိုတစ်ဦး မကြည့် ကြချေ။

တိန့်ထောက်က သိမ်းငှက်သခင်မကြီး၏ မျက်နှာရိပ် မျက်နှာ ကဲကိုကြည့်ပြီးမှ မေးမြန်းသည်။

"ဘွားဘွားနဲ့ အဘကြောင်နက်တို့ ဘယ်လို အဆင်မပြေ ဖြစ်ခဲ့ကြတာလဲ .... "

သိမ်းငှက်သခင်မကြီးက အဘိုးကြီးကြောင်နက်ကို မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်ပြီးမှ တိန့်ထောက်ကို ပြန်ပြောသည်။

"ဘယ်လို ဖြစ်ခဲ့ရမှာလဲကွယ် .... ငါတို့မှာ သားကလေးတစ်ယောက် ရခဲ့ကြတယ် .... သား ကြီးလာတော့ သူ့အဖေဟာ သိုင်းလောကမှာ သူခိုးကြီးဖြစ်နေတာကို သိပြီး ထွက်သွားတာပဲ .... ပြဿနာက အဲဒီက ပတာပေါ့ .... "

"ဘွားဘွားရဲ့သားက အခုဆို အသက်ဘယ်လောက် ရှိနေပြီလဲ .... "

"သူ အိမ်ကထွက်သွားတော့ ဆယ့်ခြောက်နှစ်သား .... အိမ်က ထွက်သွားဟာ အနှစ်နှစ်ဆယ် ရှိနေပြီဆိုတော့ အခုဆို သုံးဆယ့်ခြောက်နှစ် ရှိနေပြီပေါ့ .... သူ့သတင်းကို ခုထိ မကြားရတော့ပါဘူး"

"ဩော် .... သူ့နာမည်က ဘယ်သူလဲ .... "

"ဖေးလို့ယီ .... "

ထိုအခါမှ တိန့်ထောက်သည် အဘိုးကြီးကြောင်နက်၏ မျိုးနွယ်မှာ 'ဖေး'ဖြစ်ကြောင်း သိရတော့၏။

"ကျွန်တော်လည်း .... အတတ်နိုင်ဆုံး ကူရှာပေးပါ့မယ် ဘွားဘွား .... "

"အေးကွယ် .... ကျေးဇူးပါပဲ .... "

"လောလောဆယ် .... ဘွားဘွားကို တစ်ခုတော့ တောင်းပန်



ပါရစေ .... ဘွားဘွားနဲ့ အဘကြောင်နက်တို့ တကွဲတပြားစီ သားမျက်ကို ရှာနေတာထက် နှစ်ယောက်ပေါင်းပြီး ရှာမယ်ဆိုရင် ပိုပြီး ထိရောက်မှု ရှိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ် .... "

သိမ်းငှက်သခင်မကြီးက ခေါင်းကို ခါယမ်းပြီး ....

"သူနဲ့ ပြန်တွဲလို့ ဘယ်လိုမှဖြစ်မှာမဟုတ်ဘူး တိန့်ထောက်"

"ဘာဖြစ်လို့လဲ ဘွားဘွား .... "

"ဟိုမှာ ကြည့်ပါလား .... ဒီလောက် မျက်နှာထားတင်းနေတဲ့ သူ့ကို ငါက ဘယ်လိုလုပ် ပြန်ပေါင်းလို့ ဖြစ်ပါ့မလဲ .... "

တိန့်ထောက် ပြုံးလိုက်ပြီး ....

"ဩော် .... ဒါတော့ အဘကြောင်နက် ကိုယ်တိုင်ခံစားနေ လို့ မျက်နှာမကောင်းဖြစ်နေတာပါ .... ဘွားဘွားကသာ ပြန်ပေါင်းမယ်လို့ ကျွန်တော့်ကို ကတိပေးပါလား .... အဘ ပြုံးပြုံးရွှင်ရွှင် ဖြစ်တာကို မြင်ရပါလိမ့်မယ် .... "

အဘိုးကြီးကြောင်နက်က တိန့်ထောက်ကို ဖျတ်ခနဲကြည့်၍

"ဟေ့ တိန့်ထောက် .... အဘွားကြီးက ကျုပ်ပြုံးရင် ပြန်ပေါင်းမတဲ့လား .... ဟား ဟား ဟား .... ဒါဆိုရင် ပြုံးပြီဟေ့ .... ပြုံးပြီ .... "

အဘိုးကြီးကြောင်နက်က လူရွှင်တော်တစ်ယောက်လို လိုက် လိုက်လှဲလှဲ ပြုံးပြလေတော့သည်။ သူ၏အမူအရာကြောင့် စားပွဲတွင် ထိုင်နေသူများက ရယ်မောလိုက်၏။

သိမ်းငှက်သခင်မကြီးလည်း ပြုံးပြုံးရယ်ရယ် ဖြစ်လာသည်။

တိန့်ထောက်က ထိုင်ရာမှ ထရပ်ပြီး အရက်ခွက်မြှောက်၍ ပြောသည်။

"အားလုံးပဲ ခင်ဗျာ .... ဒီနေ့ ဒီအချိန်မှာ သိမ်းငှက်သခ
ကြီးနဲ့ အဘကြောင်နက်တို့ ပြန်ပေါင်းလုပ်တဲ့အတွက် ဝမ်းသာ
အထိမ်းအမှတ်အဖြစ် အရက်တစ်ခွက်စီ ထပ်သောက်ကြပါစို့ ခင်ဗျ

အားလုံးပင် ပြုံးရွှင်ရယ်မောၛ် အရက်တစ်ခွက်စီ ထပ်သော
ကြသည်။

ထို့နောက် တိန့်ထောက်တို့သည် သူတို့တစ်တွေ လူခွဲ၍
ထွက်မည့်အစီအစဉ်ကို တိုင်ပင်ကြသည်။ သိမ်းငှက်သခင်မကြီး
လည်း သူတို့ ရှာဖွေနေသည့် လူများအဲကြောင်းကို ပြောပြလိုက်သည်

သိမ်းငှက်သခင်မကြီး မျက်မှောင်ကြုတ်သွားကာ ပြောသည်

"တိန့်ထောက် .... ဟို လွန်ခဲ့တဲ့ တစ်နှစ်လောက်က
အသည်းခြေ်း ဟူဖေးတို့ တွေ့ခဲ့ကြသေးတယ် .... "

"ဟင် .... ဘယ်နေရာမှာ တွေ့ခဲ့ကြတာလဲ ဘွားဘွား"

"မင်းနဲ့ငါ တွေ့ခဲ့ကြတဲ့ တောင်ကုန်းပေါ်မှာပဲပေ့ါ ....
သူနဲ့ တိုက်ခိုက်ခဲ့ကြရသေးတယ် .... ဒီတုန်းက ငါ့ဘက်က သိမ်း
ကြီး ဝင်ကူလို့ပေ့ါ .... အခု သူဟာ ဒီတောင်ကုန်းမှာပဲ ရှိနေလို
မယ်လို့ ငါထင်တယ် .... "

တိန့်ထောက် အံတင်းတင်းကြိတ်လိုက်ပြီး ....

"ဒါဆို .... သူ့ကို ကျွန်တော် သွားရှာမှဖြစ်မယ် .... "

ဟိုအိလောက်က ....

"တို့တစ်တွေလည်း မင်းနဲ့ လိုက်ခဲ့မယ်လေ .... "

"ကျွန်တော်တစ်ယောက်တည်း သွားပါ့မယ် .... အသည်း
မည်း ဟူဖေးရဲ့ ပုံသဏ္ဍာန်ကိုသာ ပြောပြပါ .... "

သိမ်းငှက်သခင်မကြီးက ....



"အသည်းမည်းဟူဖေးဟာ မျက်နှာထား သုန်သုန်မှုန်မှုန်နဲ့
စကားပြောတတ်တယ် .... သူ့ရဲ့ဓားကလည်း ထူးခြားတယ် .... နှစ်
ဘက်သွားဓား ဖြစ်ပေမယ့် တစ်ဘက်က ရိုးရိုးဓားသွားမျိုး၊ တစ်ဘက်
က ခွေးသွားစိပ် အချွန်တွေနဲ့ .... "

"အင်း .... သူ့ရဲ့ဓားက သိုင်းလောကသားထဲမှာ ဘယ်သူမှ
မကိုင်တဲ့ဓားမျိုးပဲ .... ဓားကိုမြင်တာနဲ့ သူ့ကို သိနိုင်ပါတယ် .... "

## အခန်း (၃)

## မဟူရာလော•• အသည်းမည်းလော

နောက်တစ်နေ့တွင် တိန့်ထောက်တို့သည် လူစုခွဲကာ သတင်းထောက်လှမ်းရန် အသီးသီး ထွက်ခွာသွားကြသည်။

တိန့်ထောက်လည်း တစ်ယောက်တည်း စီးစန်းတောင်သို့ ထွက်လာခဲ့သည်။

ရက်အနည်းငယ် ကြာသောအခါ သူသည် စီးစန်းတောင်သို့ ရောက်လာခဲ့လေသည်။ စီးစန်းတောင်ပေါ်သို့ ရောက်လာသောအခါ လွန်ခဲ့သော နှစ်နှစ်ကျော်က ဒုက္ခရောက်ပြီး ဤနေရာသို့ ရောက်လာခဲ့ပုံကို ပြန်သတိရမိ၏။

ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီးကိုလည်း တောင်ပေါ်သို့ရောက်တုန်း တွေ့ဆုံလိုစိတ် ပေါ်ပေါက်မိ၏။

သူသည် ချောက်နက်ကြီးထဲသို့ဆင်း၍ မဟူရာသိုင်းသမားကြီးကို တွေ့ဆုံလျှင် ကောင်းလေမည်လားဟု စဉ်းစားနေမိ၏။ သို့သော် ကိစ္စမပြီးမြောက်ဘဲ သူ့ကို လာမတွေ့နှင့်ဟု မှာကြားထားသော စကားကို ပြန်၍သတိရမိသဖြင့် သွားတွေ့ရန် ခက်နေသည်။



တိန့်ထောက်သည် အသည်းမည်း ဟူဖေးကိုသာ ရှာဖွေရန် တောင်ကုန်းပေါ် တက်လာခဲ့သည်။

မိုးချုပ်စအချိန်တွင် သူသည် တစ်ချိန်က သိမ်းငှက်သခင်မကြီး နေထိုင်ခဲ့သော ကျောက်ဂူအနီး ရောက်လာသည်။

ထိုကျောက်ဂူထဲတွင်ပင် စခန်းချ၍ အသည်းမည်းဟူဖေးကို ရှာဖွေရန် တိန့်ထောက် စဉ်းစားမိသည်။

ကျောက်ဂူရှေ့သို့ သူ ရောက်လာသောအခါ ဂူထဲမှ မီးရောင်ကိုမြင်သဖြင့် အံ့ဩသွားပြီး ကျောက်တုံးကြီးတစ်တုံးနောက်ကွယ်တွင် ဝင်ပုန်းနေလိုက်မိ၏။ ဂူထဲတွင် မည်သူမည်ဝါ ရောက်နေသည်ကို မသိရသေးဘဲ ရမ်းဝင်သွား၍ မဖြစ်ချေ။

သူသည် ဂူထဲသို့ လှမ်းကြည့်ရာ မီးပုံတစ်ပုံ ဖိုထားသည်ကို တွေ့ရပြီး မီးပုံဘေးတွင် ထိုင်နေကြသည့် လူရိပ်များကိုလည်း လှမ်းတွေ့ရသည်။ စုစုပေါင်း ခုနစ်ယောက် ရှစ်ယောက်ခန့် ရှိကြသည်။

မီးပုံပေါ်တွင် တောကြက်၊ ယုန်နှင့် ငှက်များကို တံစို့ထိုးကင်ထားကြောင်းလည်း တွေ့ရ၏။

မီးပုံတွင် ဝိုင်းထိုင်နေကြသူများ၏ အဝတ်အစားများကို မြင်ရှုဖြင့် ထိုသူများမှာ ဝမ်ရဲ့ရဲတိုက်မှ သိုင်းသမားများဖြစ်ကြောင်းလည်း သိလိုက်၏။ ဤတောင်ကုန်းပေါ်တွင် ဝမ်ရဲ့ရဲတိုက်မှလူများ မည်သည့်ကိစ္စနှင့် ရောက်နေကြောင်းကို တိန့်ထောက် စဉ်းစားမရချေ။

သူသည် ထိုလူစုကို အတန်ကြာအောင် အကဲခတ်ကြည့်နေစဉ် လူရိပ်ဖြူဖြူတစ်ခု ဖြတ်ပြေးသွားသည်ကို မြင်ရပြီး ဂူဝတွင် ရပ်သွားသည်ကို တွေ့ရလေသည်။ ဂူထဲမှ အော်မေးသံလည်း ပေါ်လာသည်။

"ဘယ်သူလဲ ...."

"ကျူပ်ပါ .... "

ဂူဝမှလူက ပြန်ပြောပြီး ဂူထဲကို ဝင်သွားသည်။ မီးရောင်ဖြင့် ထိုသူကို မြင်ရသောအခါ တိန့်ထောက် အံ့သြသွားသည်။ ထိုသူမှာ ရောင်နီသိုင်းသမား ဖြစ်နေလေသည်။

ဂူထဲမှလူများ ထရပ်လိုက်ကြပြီး အသက်သုံးဆယ်အရွယ်ခန့် ရှိ လူက လိုက်လိုက်လှဲလှဲ စကားဆိုသည်။

"အုပ်ချုပ်ရေးမှူးကြီးပါလား .... ကြွပါခင်ဗျာ ကြွပါ"

ရောင်နီသိုင်းသမားက လက်ပြန်မြှောက်၍ ....

"သခင်ကြီးရဲ့အမိန့်နဲ့ ခင်ဗျားတို့ဆီကို ကျူပ်လိုက်လာတာပါ .... ဘယ့်နှယ်လဲ အခြေအနေ ထူးခြားရဲ့လား စိမ်ရေးမှူး .... "

ဂူထဲမှ စိမ်ရေးမှူးက ရိုကျိုးစွာ ပြန်ပြောသည်။

"ကျွန်တော်တို့လည်း ဒီတောင်ပတ်ဝန်းကျင်မှာ စေ့စေ့စပ်စပ် ရှာပြီးကြပါပြီ .... ဒါပေမယ့် ခုထိ မထူးခြားသေးပါဘူး .... "

"ဒါဆို .... အတော့်ကို စဉ်းစားစရာ ဖြစ်နေပြီ .... ကျူပ်တို့တွေ သေသေချာချာ ရထားတဲ့သတင်းပဲ .... မမှားနိုင်ပါဘူး .... ဘာဖြစ်လို့ မတွေ့တာပါလိမ့် .... "

အားလုံးပင် မီးပုံတွင် ဝိုင်းထိုင်လိုက်ကြသည်။ အသားကင်များကိုလည်း မီးပုံပေါ်မှ ဖြုတ်ယူ၍ စားကြသည်။

စားသောက်ရင်းမှ ရောင်နီသိုင်းသမားနှင့် စိမ်ရေးမှူးတို့က အသံကိုနှိမ့်၍ ပြောဆိုနေကြလေရာ တိန့်ထောက် မကြားရချေ။

တိန့်ထောက်လည်း ဂူဝနားသို့ တတ်နိုင်သမျှ တိုးပြီး နားထောင်တော့မှ ရောင်နီသိုင်းသမားနှင့် စိမ်ရေးမှူးတို့၏ စကားသံကို ကြားရပြန်သည်။



"နောက်ထပ်ပြီး စေ့စေ့စပ်စပ် ရှာကြပါဦး .... "

"ဟုတ်ကဲ့ .... အုပ်ချုပ်ရေးမှူးကြီး .... လူတစ်စုကိုတော့ ကျွန်တော် လွှတ်ထားပါတယ် .... သူတို့ရောက်လာရင် သတင်းကောင်း ထူးပါလိမ့်မယ် .... "

"သူတို့ကို ဘယ်နေရာ လွှတ်လိုက်တာလဲ .... "

"ဒီကနေ သိပ်ပြီးမဝေးတဲ့နေရာမှာ ချောက်ကြီးတစ်ချောက် ရှိပါတယ် .... အဲဒီချောက်ကြီးထဲမှာ ကျွန်တော်တို့ မရှာရသေးပါဘူး၊ ဒါကြောင့် .... လွန်ခဲ့တဲ့ ငါးရက်လောက်က လောင်ချိုးတို့လူစုကို အဲဒီ ချောက်ကြီးထဲဆင်းဖို့ ခိုင်းထားပါတယ် .... "

"ဟင် .... သူတို့က ခုထိ ပြန်ရောက်မလာသေးဘူးလား"

"ရောက်မလာသေးပါဘူး .... မိုးလင်းလို့မှ ရောက်မလာရင် ကျွန်တော်တို့အားလုံး လိုက်သွားဖို့ စီစဉ်ပြီးသားပါ .... "

သူတို့နှစ်ဦး၏ စကားကြောင့် တိန့်ထောက် လွန်စွာ စိတ်လှုပ်ရှားသွားသည်။

သူတို့ပြောနေသော ချောက်ကြီးထဲတွင် ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး နေထိုင်သော ကျောက်ဂူရှိနေသည်။

သူတို့တစ်တွေ မည်သို့ ရှာဖွေနေကြသနည်း။

မဟူရာသိုင်းသမားကြီး၏ သတင်းကိုကြား၍ ရှာဖွေနေကြသလော။

ဆရာဖြစ်သူကသာ သတိလက်လွတ် ပေါ့ပေါ့တန်တန် နေထိုင်ပါက ရန်သူ၏လက်ချက် မိသွားနိုင်ကြောင်းကို တိန့်ထောက် တွေးမိပြီး စိုးရိမ်ပူပန်မိလေသည်။

ဂူထဲမှ ရောင်နီသိုင်းသမား၏အသံ ပေါ်လာပြန်သည်။

"ကျုပ်စိတ်ထင် ပြောရရင် လောင်ချုံးတို့လူစု .... ခုထိ ပြ မရောက်သေးတာဟာ အန္တရာယ်တွေ့နေလို့ပဲ ဖြစ်လိမ့်မယ် .... "

"ဒါဆို .... မနက်လင်းတာနဲ့ ကျွန်တော်နဲ့ အုပ်ချုပ်ရေးမှူးတို့ နှစ်ယောက်ပဲ လိုက်သွားကြရင် ကောင်းမယ် .... လူများရင် ရန်သူ့ထောင်ချောက်မှာ မိနေဦးမယ် .... "

"ကောင်းတယ် .... ကျုပ်တို့ ရှာနေတဲ့လူ အဲဒီချောက်ထဲမှာ ပုန်းနေမယ်ဆိုရင် ကျုပ်တို့နှစ်ယောက်နဲ့ပဲ ဖူလုံပါတယ် .... အလွတ်ပေးလို့တော့ မဖြစ်ဘူး .... "

သူတို့တစ်တွေ မိမိ၏ဆရာ မဟူရာသိုင်းသမားကြီးကို ဖမ်းဆီးသုတ်သင်ဖို့ ကြိုးစားနေကြောင်း တိန့်ထောက် သေချာပေါက် တွေးမိလေပြီ။

မိမိဆရာအနေဖြင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ပါက မည်သူ့ကိုမျှ မှုစရာမလိုသော်လည်း အလစ်ချောင်း၍ လုပ်ကြံပါက မည်သို့မျှ တတ်နိုင်လိမ့်မည် မဟုတ်ပါချေ။

တိန့်ထောက်သည် ချောက်ကြီးထဲသို့ဆင်းပြီး ဆရာဖြစ်သူကို သတိပေးရန် ဆုံးဖြတ်ချက် ချလိုက်တော့၏။

ထိုစဉ် ဂူဆီသို့ လူရိပ်တစ်ရိပ် ပြေးနှင်လာသည်ကို လှမ်းမြင်ရသည်။

ဂူဝသို့ ရောက်သည်နှင့် ထိုလူသည် မောဟိုက်စွာ အသက်ရှူရင်း ဝုန်းခနဲ လဲကျသွားသည်။

ဂူဝသို့ ရောင်နီသိုင်းသမားနှင့် စီမံရေးမှူးတို့ ကတိုက်ကရိုက် ထွက်လာကြသည်။

လဲကျသွားသူကိုကြည့်ပြီး စီမံရေးမှူးက စိုးရိမ်တကြီး ပြောလိုက်၏။

"ဟင် .... လောင်ချုံးပါလား .... "

"မင်း ဒဏ်ရာရခဲ့သလား .... "

"ဒဏ် .... ဒဏ်ရာရခဲ့လို့ မဟုတ်ပါဘူး .... ဟောဟဲ .... ဟောဟဲ .... တစ်ရှိန်ထိုး မနားတမ်း ပြေး .... ပြေးခဲ့ရလို့ .... အမောဆို့ပြီး လဲ .... လဲကျသွားတာပါ .... "

"မင်းတစ်ယောက်တည်း ပြန်လာတာလား .... "

"ဟုတ် .... ဟုတ်ကဲ့ .... ကျန် .... ကျန်တဲ့လူတွေအားလုံး သေ .... သေကုန်ကြပါပြီ .... "

"ဟေ .... ဘယ်လိုဖြစ်လို့လဲ .... ပြောစမ်းပါဦး .... "

လောင်ချိုးက မောဟိုက်လွန်းသဖြင့် စကားမပြောနိုင်သေးဘဲ ဖြစ်နေလေရာ ရောင်နီသိုင်းသမားက ရေတစ်ခွက် ခပ်ယူလာစေပြီး သူ့ကိုတိုက်သည်။

ထိုအခါမှ လောင်ချိုး အမောသက်သာသွားပြီး ပြောပြသည်။

"ဒီ .... ဒီလိုပါ .... ကျွန်တော်တို့ငါးယောက် ချောက်ကြီးထဲကို ကြိုးနဲ့ဆင်းသွားကြပါတယ် .... ချောက်ကြီးရဲ့အောက်ခြေကိုရောက်တော့ စမ်းချောင်းတစ်ခုကို တွေ့ပါတယ် .... ဘေးနှစ်ဘက်စလုံး မတ်စောက်ပြီး လမ်းမရှိတာနဲ့ .... ကျွန်တော်တို့လည်း စမ်းချောင်းအတိုင်းလိုက်သွားကြပါတယ် .... ညနေဘက်ရောက်တော့ စမ်းချောင်းကလေး ဆုံးသွားပြီး သဲပြင်ကြီးကို တွေ့ရပါတယ် .... ကျွန်တော်တို့လည်း သဲပြင်ကိုဖြတ်ပြီး ဆင်းသွားကြတော့ ရှေ့ဆုံးက သွားနေတဲ့ နှစ်ယောက်က သဲပြင်ထဲကို ကျွံဝင်သွားကြပါတယ် .... "

"ဟင် .... "

လောင်ချိုးခမျာ အမောဖြေပြီး ဆက်ပြောသည်။

"သဲထဲ ကျွံဝင်သွားတဲ့နှစ်ယောက်ကတော့ တစ်ကိုယ်လုံးမြုပ်ပြီး သေကုန်ကြပါတယ် .... ကျွန်တော်နဲ့ ကျန်နှစ်ယောက်တောင်မှ နောက်ကို ကမန်းကတန်း ပြန်ဆုတ်နိုင်ကြလို့ အသက်မသေတာပါ .... ဒါနဲ့ ကျွန်တော်တို့သုံးယောက် ရှေ့ကို ဆက်မသွားရဲကြတော့ဘဲ နောက်ကြောင်းကို ပြန်လှည့်လာခဲ့ကြပါတယ် .... ဒါပေမယ့် မိုးချုပ်သွားလို့ လမ်းတစ်ဝက်မှာပဲ အိပ်ကြရပါတယ် .... နောက်တစ်နေ့မှာ ကျွန်တော်တို့တစ်တွေဟာ ဇွေဇွေစပ်စပ် ရှာဖွေရင်း ကြိုးတန်းရှိတဲ့



နေရာကို ပြန်လာခဲ့ကြပါတယ် .... ကြိုးတန်းချထားတဲ့နေရာကိုရောက်တော့ ကျွန်တော် ချထားတဲ့ကြိုးတွေ မရှိတော့ပါဘူး .... အဲဒီကနေ ကျွန်တော်တို့ ပြန်တက်ဖို့လမ်းစရှာရင်း အချိန်ကုန်သွားကြပါတယ် .... မိုးချုပ်စမှာ လူတစ်ယောက် တောင်ကုန်းပေါ်က ဆင်းလာတာ တွေ့ရပါတယ် .... အဲဒီလူက ကျွန်တော်တို့ကို တိုက်ခိုက်ပါတယ်၊ သူ့ရဲ့သိုင်းပညာ အဆင့်က ကျွန်တော်တို့နဲ့ အများကြီးမြင့်ပါတယ် .... ဟိုနှစ်ယောက်တော့ သူ့ရဲ့လက်ချက်နဲ့ သေကုန်ကြပါပြီ .... ကျွန်တော်တောင် ကံကောင်းလို့ လွတ်အောင် မနည်းပြေးလာနိုင်ခဲ့တာပါ"

"နေစမ်းပါဦး .... အဲဒီလူရဲ့ ပုံသဏ္ဌာန်က ဘယ်လိုလဲ"

ရောင်နီသိုင်းသမားက ဝင်မေးသည်။ လောင်ချိုးက ခေါင်းကိုခါယမ်းပြီး ....

"မိုးချုပ်နေတာကလည်းတစ်ကြောင်း .... ရုတ်ရုတ်သဲသဲဖြစ်နေတာလည်းတစ်ကြောင်းမို့ သေသေချာချာ ကျွန်တော် မတွေ့ရပါဘူး .... "

"ကဲ .... မင်း အနားယူပေတော့ လောင်ချိုး .... "

ရောင်နီသိုင်းသမားက အမိန့်ပေးလိုက်ရာ ကျန်လူများက လောင်ချိုးကို ဂူထဲခေါ်သွားကြသည်။ ရောင်နီသိုင်းသမားက စိမ်ရေးမှူးကို လှည့်ပြောသည်။

"ကျုပ်တို့နှစ်ယောက် .... မနက်စောစော ချောက်ကြီးဆီကို သွားကြတယ် .... "

"ကျွန်တော့်စိတ်ထင် .... လောင်ချိုးတို့ကို တိုက်တဲ့သူဟာ အသည်းမည်းဟူဖေး ဖြစ်လိမ့်မယ်လို့ထင်တယ် အုပ်ချုပ်ရေးမှူးကြီး"

"အင်းလေ .... သွားကြည့်တော့ သိရမှာပေါ့ .... "

ထို့နောက် နှစ်ယောက်သား ဂူထဲကို ပြန်ဝင်သွားကြ၏။

ထိုအခါမှ သူတို့တစ်တွေမှာ အသည်းမည်း ဟူဖေးကို လိုက်ရှာနေကြခြင်းဖြစ်ကြောင်း တိန့်တောက် သိရပြီး အံ့ဩသွားမိ၏။ ဤအတိုင်းဆိုပါက အသည်းမည်းဟူဖေး ဤဒေသတစ်ဝိုက်တွင် ရှိနေသည်မှာ သေချာနေလေပြီ။

ဝမ်ရဲ့ ရဲတိုက်မှ အသည်းမည်း ဟူဖေးကို အဘယ်ကြောင့် လိုက်ရှာနေသည်ကိုမူ တိန့်တောက် စဉ်းစားမရပါချေ။

လောင်း :တို့တစ်တွေနှင့် တွေ့ခဲ့သူများသည်း မိမိ၏ဆရာ မဟူသိုင်းသမားလား၊ အသည်းမည်း ဟူဖေးလား မသိနိုင်ပါချေ။

ထိုနေရာမှ တိန့်တောက် ထွက်ခွာလာခဲ့လေသည်။

အခန်း (၄)

## ချောက်ချားဖွယ် တိုက်ပွဲ

တိန့်တောက်သည် မိုးကြိုးဓားကို အသုံးပြု၍ ချောက်ကြီးထဲသို့ သွက်လက်စွာ ဆင်းခဲ့သည်။ မိုးကြိုးဓားကို ကျောက်တောင်နံရံတွင် စိုက်၍ စိုက်၍ ထိန်းဆင်းလာခဲ့ခြင်း ဖြစ်၏။

ချောက်အောက်သို့ရောက်မှ သူသည် မဟူရာသိုင်းသမားကြီးနေထိုင်သော ကျောက်ဂူရှိရာ တောင်ကုန်းဘက်သို့ ပြန်တက်ခဲ့၏။

ကျောက်တုံးကြီးတစ်တုံးပေါ်တွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသောအခါ တိန့်တောက် အံ့အားသင့်သွားသည်။ အမျိုးသမီးမှာ အသက်သုံးဆယ်အရွယ်ခန့် ရှိပြီး ခေါင်းတွင် အဖြူရောင် ပန်းပွင့်တစ်ပွင့် ပန်ထားသည်။

ဤလိုနေရာမျိုးတွင် ဤအမျိုးသမီးကို တွေ့ရသဖြင့် တိန့်တောက် စဉ်းစားမရဖြစ်သွားပြီး ကျောက်တုံးတစ်တုံးနောက်ကွယ်တွင် ပုန်းလိုက်ကာ အခြေအနေကို စောင့်ကြည့်နေလေသည်။

အမျိုးသမီးသည် ဆံပင်ကိုဖွလိုက်၊ သပ်တင်လိုက် လုပ်နေသည်။ စမ်းချောင်းဘက်ကိုလည်း မကြာခဏ ကြည့်နေလေသည်။

ဤအမျိုးသမီးကို ဆရာဖြစ်သူ မဟူရာသိုင်းသမားက ခေါ်ထားပြီး အတူတူနေလေသလောဟု တိန့်ထောက် တွေးမိသော်လည်း မိမိဆရာတွင် ဤကဲ့သို့ အမူအကျင့်မျိုး မရှိကြောင်း ချက်ချင်းစဉ်းစားမိပြန်သည်။

ထိုစဉ် လူတစ်ယောက် ခါးကုန်းကုန်းဖြင့် အမျိုးသမီးအနီးသို့ ရောက်လာသည်။ သူ့လက်ထဲတွင်လည်း ငှက်သေနှစ်ကောင်ကို ဆွဲလာသည်။ ထိုသူ့မျက်နှာကို တွေ့ရသောအခါ တိန့်ထောက် အံ့ဩသွားသည်။ ထိုသူမှာ မဟူရာသိုင်းသမားကြီး ဖြစ်နေလေသည်။

သို့သော် မဟူရာသိုင်းသမားကြီး၏ ဟန်ပန်သွင်ပြင်က ခါတိုင်းလို ဝင့်ဝင့်ကြွားကြွား ရှိမနေချေ။ တစ်စုံတစ်ခုကို ကြောက်လန့်နေသလိုလို၊ ခပ်ကုပ်ကုပ် ခပ်ရို့ရို့ ဖြစ်နေလေသည်။

မဟူရာသိုင်းသမားကြီးက အမျိုးသမီး၏အနီးတွင် ခေါင်းငိုက်စိုက်ချ၍ ရပ်သည်။ အမျိုးသမီးက မျက်နှာထား တင်းတင်းဖြင့် မေးသည်။

"အဘိုးကြီး .... ဘယ်နှစ်ကောင်ရခဲ့သလဲ .... "

မဟူရာသိုင်းသမားကြီးက ထိတ်ထိတ်ပျာပျာဖြင့် ပြန်ပြောသည်။

"ငှက်နှစ်ကောင် ရခဲ့ပါတယ် မိန်းကလေး .... "

"ဘာ .... ငှက်နှစ်ကောင်တည်း ရခဲ့တယ် ဟုတ်လား .... ရှင် သိပ်ညံ့ပါလား .... ဒီလောက်တောင် အသုံးမကျရသလား .... ဒီလောက်နဲ့ ဘယ်လိုလုပ် စားလို့ဝမှာလဲ .... "

"မိန်းကလေးပဲ ဝအောင်စားပါ .... ကျုပ်မစားရချင် နေပါစေ .... "



မဟူရာသိုင်းသမားကြီးက တောင်းတောင်းပန်ပန် ပြန်ပြောသည်။

တိန့်ထောက်သည် သူ့ဆရာကြီး၏ ပြောင်းလဲမှုကို စဉ်းစားမရအောင် ဖြစ်သွားမိသည်။ ဆရာဖြစ်သူ မဟူရာသိုင်းသမားလို ပြိုင်ဘက်ကင်းတစ်ယောက်က အဘယ်ကြောင့် ဤအမျိုးသမီးကို ကြောက်နေလေသနည်း။

ဆရာဖြစ်သူအတွက် တိန့်ထောက် ခံပြင်းမိသော်လည်း သည်းခံပြီး ဆက်၍ စောင့်ကြည့်နေလိုက်၏။

အမျိုးသမီးက ဒေါသသံဖြင့် ပြောသည်။

"ရှင်မစားလည်း ကျွန်မ ဒီလောက်နဲ့ မဝနိုင်ဘူး .... နောက်ထပ် လေးငါးကောင်လောက် မရ ရအောင် သွားပြီးဖမ်းခဲ့ဦး .... သွား သွား .... "

"ကောင်းပါပြီ မိန်းကလေးရယ် .... ကောင်းပါပြီ .... ကျုပ်သွားပါ့မယ် .... "

မဟူရာသိုင်းသမားကြီးက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောပြီး လှည့်ထွက်သွားသည်။ တိန့်ထောက်လည်း ကျောက်တုံးကြီးနောက်မှ ခုန်ထွက်လိုက်ပြီး မဟူရာသိုင်းသမားကြီးကို လှမ်းခေါ်သည်။

"ဆရာကြီး .... "

မဟူရာသိုင်းသမားကြီးက လှည့်ကြည့်ပြီး တိန့်ထောက်ကို တွေ့သွား၏။ ရတ်ခြည်းပင် စိုးရိမ်ထိတ်လန့်နေသော သူ၏မျက်နှာက ဝမ်းသာအားတက်သောအသွင်ကို ပြောင်းသွားသည်။

"ဟင် တိန့်ထောက် .... မင်း .... မင်း ပြန်လာသလား"

"ဟုတ်ကဲ့ .... "

အမျိုးသမီးက တိန့်ထောက်ကို စူးစူးရဲရဲကြည့်ပြီးမှ မဟူရာသိုင်းသမားကြီးကို မေးသည်။

"အဘိုးကြီး .... သူက ဘယ်သူလဲ .... "

"သူက ကျုပ်တပည့်ပဲ .... "

အမျိုးသမီးက တိန့်ထောက်ကိုကြည့်၍ မဲ့ပြုံး ပြုံးလိုက်ပြီး

"ဩော် .... မင်းက ဒီလိုအသုံးမကျတဲ့ အဘိုးကြီးရဲ့ တပည့်ကိုး .... "

"ကျုပ်ရဲ့ဆရာကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံပါ"

တိန့်ထောက်က ခံပြင်းဒေါသစိတ်ဖြင့် အော်လိုက်၏။

အမျိုးသမီးက ရယ်လိုက်ပြီး ....

"ဘယ်လို .... ငါက ဒီအဘိုးကြီးကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရမယ် ဟုတ်လား .... ဟား ဟား ဟား .... "

တိန့်ထောက်က မဟူရာသိုင်းသမားကြီးကို ဦးညွှတ် အရိအသေပေး၍ ....

"ဒီမိန်းမက ဘယ်သူလဲ ဆရာကြီး .... "

"သူဟာ အဆိပ်ပျားဘုရင်မဘွဲ့ ရထားတဲ့သူပဲ .... ဆရာတော့ ဒုက္ခရောက်နေပြီ .... ငါ အိပ်ပျော်နေတုန်း သူက အဆိပ်ငွေ့မှိုင်းတိုက်ပြီး ငါ့ရဲ့ပညာမေ့ကြောကို နှိပ်ခဲ့တယ် .... ငါ့ရဲ့ သိုင်းပညာတွေကို သုံးလို့မရတော့ဘူး .... အခု အစေခံတစ်ယောက်လို ငါ လုပ်ပေးနေရတယ် .... "

ထိုအခါမှ တိန့်ထောက်လည်း ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး၏ အခြေအနေမှန်ကို သဘောပေါက်နားလည်သွားတော့၏။ သူသည် အမျိုးသမီးကို ရွံရှာမုန်းတီးစွာဖြင့် တစ်ချက်ကြည့်လိုက်



ပြီး မဟူရာသိုင်းသမားကြီးကို မေးမြန်းသည်။

"ဒီကို ရောက်နေတာ သူတစ်ယောက်တည်းလား .... "

"မဟုတ်ဘူး တိန့်ထောက် .... သူနဲ့အတူ အသည်းမည်းဟူဖေးဆိုတဲ့လူလည်း ပါလာတယ် .... သူတို့နှစ်ယောက်စလုံး ငါ့ကို အနိုင်ကျင့်ပြီး နိုင်းနေကြတာပဲ .... "

အသည်းမည်းဟူဖေး၏ နာမည်ကို ကြားရသောအခါ တိန့်ထောက် ပိုပြီး ခံပြင်းဒေါသ ဖြစ်သွားသည်။

"တောက် .... ဒီလူ ဘယ်မှာလဲ ဆရာကြီး .... သူ့ကို .... ကျွန်တော် တွေ့ချင်နေတာ .... "

"ဂူထဲမှာ ရှိနေတယ် .... "

တိန့်ထောက် ဓားကို ဆွဲထုတ်လိုက်ပြီး အသည်းမည်းဟူဖေးကို ဦးစွာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။ သူသည် အဆိပ်ပျားဘုရင်မကို သိပ်ပြီး ဂရုမစိုက်နိုင်သေးဘဲ ကျော်ခိုင်း၍ ဂူဆီသို့သွားရန် ခြေလှမ်းလိုက်သည်။

"တိန့်ထောက် သတိထား .... "

မဟူရာ သိုင်းသမားကြီး၏ အော်ဟစ်သတိပေးသံ ပေါ်လာသည်။

သူ့နောက်က လေကိုတိုးခွဲဖြတ်သန်းလာသော တဝုစ်ဝုစ်မြည်သံလည်း ပေါ်ထွက်လာသည်။

တိန့်ထောက် ကိုယ်ကို ဆတ်ခနဲလှည့်ပြီး ဓားကို ဝှေ့ယမ်းလိုက်၏။

"ချွင်း .... ချွင်း .... ချွင်း .... ချွင်း .... "

သူ့ထံသို့ ရောက်လာသော အဆိပ်ပျားဘုရင်မ ပစ်လွှတ်လိုက်

သည့် အဆိပ်လက်နက်ပုန်းများကို ဓားဖြင့် ရိုက်ခတ်ပြီး ဖယ်ထုတ်လိုက်နိုင်သည်။ အဆိပ်လက်နက်ပုန်းများက အဆိပ်ပျားဘုရင်မထံ ပြန်ပြေးသွားသည်။ သူမ မျက်လုံးပြူးသွားပြီး ရောင်တိမ်းသော်လည်း မလွတ်တော့ချေ။

"ဝှစ် .... ဝှစ် .... "

"အား .... "

အဆိပ်ပျားဘုရင်မ၏ ခန္ဓာကိုယ်အတွင်း အဆိပ်လက်နက်ပုန်းများ စိုက်ဝင်သွားပြီး မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။

တိန်ထောက်လည်း ဆရာဖြစ်သူ မဟာရာသိုင်းသမားကြီးရှေ့ကို သွား၍ ဒူးထောက်ထိုင်ချကာ ကန်တော့လိုက်၏။

မဟာရာသိုင်းသမားကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး

"တော်ပါသေးရဲ့ တိန်ထောက် .... မင်း ပြန်လာပေလို့သာပေါ့ .... နို့မို့ သူတို့ နှိပ်စက်တာကို ဘယ်လောက်အထိ ငါ ခံရဦးမယ် မသိဘူး .... "

"ညီမလေး ဘာဖြစ်တာလဲ .... "

တောင်ကုန်းပေါ်မှ မေးမြန်းသံနှင့်အတူ လူတစ်ယောက် ခုန်ဆင်းလာသည်။ ထိုသူလက်ထဲတွင် ဓားကြီးတစ်လက် ကိုင်ထားပြီး ဓားသွားနှစ်ဘက်ရှိကာ တစ်ဘက်မှာ ခွေးသွားစိပ်များ ဖြစ်နေသည်ကို တိန်ထောက် တွေ့ရ၏။

ထိုသူကား အသည်းမည်း ဟူဖေး ဖြစ်ကြောင်း မေးနေစရာ မလိုချေ။

အသည်းမည်းဟူဖေးသည် ဝတ်စုံပြာကို ဝတ်ဆင်ထားပြီး အသက်ငါးဆယ်ရွယ်ခန့် ရှိကာ မျက်နှာတွင် မုတ်ဆိတ်၊ နှုတ်ခမ်းမွေး



များ ထူလပျစ် ဖြစ်နေသည်။

သူသည် အဆိပ်ပျားဘုရင်မအဖြစ်ကိုမြင်ပြီး အသားတဆတ်ဆတ် တုန်သွားကာ တိန်ထောက်ကို ဒေါသဖြင့်မေး၏။

"သူ့ကို မင်း သတ်လိုက်တာလား .... "

"ဟုတ်တယ် .... သူ့ကိုတင် မဟုတ်ဘူး .... ခင်ဗျားကို သတ်ဖို့လည်း ကျုပ် ရောက်လာတာ .... "

"မင်း ဘယ်သူလဲ .... "

"ကျုပ်နာမည် တိန်ထောက် .... ကျုပ်အဖေနာမည် တိန်ရောင်ရှမ်း .... ခင်ဗျားတို့လူစုတွေ လုံးစန်းတောင်ပေါ်မှာ ကျုပ်ရဲ့မိသားစုကို တိုက်ခိုက်ပြီး ကျုပ်အဖေကို သတ်သွားကြတယ် .... ဒါကြောင့် ခင်ဗျားနဲ့ စာရင်းရှင်းရမယ် .... "

အသည်းမည်း ဟူဖေး မျက်နှာကွက်ခနဲ ပျက်သွားသည်။

မဟာရာသိုင်းသမားကြီးကလည်း အံ့ဩတကြီး ဝင်မေးသည်။

"ဟင် တိန်ထောက် .... မင်းဟာ သိုင်းသမားကြီး တိန်ရောင်ရှမ်းရဲ့ သားလား .... အစက ဘာဖြစ်လို့ ငါ့ကိုမပြောသလဲ .... ငါ့ဟာမင်းအဖေ တိန်ရောင်ရှမ်းကို ခင့်မင်လေးစားခဲ့သူပါ .... "

"ကျွန်တော်လည်း ဆရာကြီးဆီက ခွဲထွက်သွားမှ ဒီအဖြစ်မှန်ကို သိရတာပါ ဆရာကြီး .... "

ထိုစဉ် အသည်းမည်းဟူဖေးသည် သူ၏ဓားကြီးကို ဝှေ့ယမ်း၍ စတင်တိုက်ခိုက်လေရာ တိန်ထောက်လည်း စကားမဆက်နိုင်တော့ဘဲ ပြန်လည် တိုက်ခိုက်ရတော့၏။

အသည်းမည်း ဟူဖေးမှာ သိုင်းပညာ အဆင့်မြင့်လှသူ ဖြစ်၏။

တိန်ထောက်ကလည်း ခံပြင်းစိတ်ဖြင့် ပညာကုန်ထုတ်၍

တရကြမ်း တိုက်ခိုက်၏။

"ထန်း .... ထန်း .... ထန်း .... ထန်း .... "

ကျယ်လောင်စွာ ဓားချင်းထိသံ ဆက်တိုက်ပေါ်လာပြီး နှစ်ဦးစလုံး နောက်ကို ခြေလှမ်းငါးလှမ်းစီ ဆုတ်ယိုင်သွားကြသည်။ နှစ်ယောက်စလုံး အတွင်းအားကိုထုတ်၍ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သဖြင့် ချက်ချင်းပင် နောက်ကို ယိုင်ဆုတ်သွားကြခြင်း ဖြစ်၏။

အသည်းမည်း ဟူဖေး၏မျက်နှာမှာ ရှုံ့မဲ့နေကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီး ရင်ဘတ်ကိုလည်း လက်တစ်ဖက်ဖြင့် ဖိထားသည်။

"ဝေါ့ .... ဝေါ့ .... "

သွေးပါးစပ်မှ သွေးများလည်း အန်ထွက်လာသည်။

တိန့်ထောက်က သူ့ကို စေ့စေ့ကြည့်ပြီး ....

"ခင်ဗျားကို မေးစရာရှိတယ် .... မှန်မှန်ပြောပါ .... ကျုပ်တို့ မိသားစုကို ဘယ်သူက လုပ်ကြံခိုင်းတာလဲ .... "

"ငါ မဖြေနိုင်ဘူး .... သတ်ချင် သတ်ပစ်လိုက် .... "

အသည်းမည်း ဟူဖေးက အံကြိတ်၍ ပြန်ပြောသည်။

တိန့်ထောက် ခုန်ဝင်လိုက်ပြီး ဓားနှင့်လွှဲခုတ်သည်။ အသည်းမည်း ဟူဖေးက သူ့ဓားဖြင့် ဆီးခံသည်။

သို့သော် တိန့်ထောက်၏ဓားချက်က ပြင်းသဖြင့် အသည်းမည်း ဟူဖေးလက်မှ ဓားလွင့်သွားကာ လူလည်း ဖင်ထိုင်လျက် လဲကျသွားသည်။

"ခင်ဗျား .... ကျုပ်မေးတာကို ဖြေမလား မဖြေဘူးလား။ မဖြေရင် ခင်ဗျားမျက်လုံးနှစ်လုံးကို အရင်ဖောက်ထုတ်ရပါလိမ့်မယ်"



တိန့်ထောက်က ဓားကို မြှောက်ရွယ်လိုက်သည်။ အသည်းမည်း ဟူဖေး ထိတ်လန့်သွားပြီး လက်နှစ်ဖက်ကိုကာ၍ ....

"မ .... မလုပ်ပါနဲ့ ပြောပါ့မယ် .... "

"ပြော .... ကျုပ်တို့မိသားစုကို လုပ်ကြံသတ်ဖြတ် ခိုင်းတာ ဘယ်သူလဲ .... "

"ကျုပ် .... ကျုပ်တို့ကို ခိုင်း .... ခိုင်း .... "

"ဂွစ် .... ဒုတ် .... "

"အား .... "

အသည်းမည်း ဟူဖေး ကျောကော့သွားပြီး မှောက်လျက် လဲကျသွားသည်။

သူ့ကျောတွင် ဓားသွားတစ်ခုလုံးမြုပ်အောင် ဓားမြှောင်တစ်လက်က စိုက်ဝင်နေသည်။ တစ်စုံတစ်ယောက်က နှုတ်ပိတ်သတ်ဖြတ် လိုက်လေပြီ။

တိန့်ထောက် ဓားမြှောင်လာရာ လမ်းကြောင်းကို ကြည့်လိုက်သည်။ ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်ကို မြင်ရသည်။

ထိုသူနှစ်ယောက်မှာ ရောင်နီသိုင်းသမားနှင့် စိမ်ရေးမှူးတို့ ဖြစ်ကြလေသည်။ ရောင်နီသိုင်းသမားက တိန့်ထောက်ကို မှုန်တေတေ ပြန်ကြည့်၍ ပြောသည်။

"မင်းက မသေသေးဘဲကိုး .... "

"မသေသေးလို့ တွေ့ရပြီပဲ .... "

"ခုတော့ .... မင်း သေရမှာပါ .... "

ရောင်နီသိုင်းသမားက ဓားကို ဆွဲထုတ်သည်။ စီမံရေးမှူးကလည်း ဓားကိုဆွဲထုတ်သည်။

ဘေးမှ ကြည့်နေသော မဟူရာသိုင်းသမားကြီးမှာ ယခုအချိန်တွင် တိန့်ထောက်ကို မည်သို့မျှ မကူနိုင်သဖြင့် စိုးရိမ်တကြီးသာ ကြည့်နေရသည်။

ရောင်နီသိုင်းသမားနှင့် စီမံရေးမှူးတို့က တိန့်ထောက်ကို ရှေ့နောက်ညှပ်၍ ဝိုင်းတိုက်ကြသည်။

တိန့်ထောက်လည်း တရကြမ်း ပြန်တိုက်သည်။

ချောက်ကြီးထဲတွင် အော်ဟစ်မာန်သွင်းသံများ၊ ရှောင်တိမ်းခုတ်ထစ်သံများ ပွဲတင်ထပ် ပေါ်ထွက်လျက်ရှိနေသည်။

သို့သော် ခဏနှင့် ရောင်နီသိုင်းသမားတို့ဘက်မှ အသာစီးရလာ၏။

တိန့်ထောက်မှာ သူ့လောက်နီးနီး သိုင်းပညာအဆင့်မြင့်သူနှစ်ယောက်ကို တစ်ပြိုင်တည်း တိုက်ခိုက်နေရသဖြင့် တိုက်စစ်ကို မသုံးနိုင်ဘဲ ခံစစ်ဖြင့်သာ နောက်ဆုတ်နေရသည်။

ထိုစဉ် တိုက်ပွဲကို ရပ်ကြည့်နေသော မဟူရာသိုင်းသမားက ဘေးမှ အော်ဟစ်အားပေးသည်။

"တိန့်ထောက် .... သူတို့ကို နိုင်အောင်တိုက်ပါ .... မင်းရှုံးရင် တို့နှစ်ယောက်စလုံးကို သူတို့က သတ်လိမ့်မယ် .... "

တိန့်ထောက်လည်း ဆရာ၏အသံကို ကြားရသောအခါ အားတက်လာပြီး သိုင်းကွက်ကိုပြောင်း၍ အရှိန်အဟုန်မြင့်ကာ တရကြမ်းတိုက်ခိုက်လေတော့သည်။

'အ .... "



စီမံရေးမှူး၏ပခုံးကို သွေးဓားချက် ထိသွားပြီး နောက်ကို ခုန်ဆုတ်သွားသည်။

ရောင်နီသိုင်းသမားလည်း တစ်ဦးတည်း မယှဉ်ပြိုင် မတိုက်နိုက်ရဲတော့သဖြင့် နောက်ကိုခုန်ဆုတ်ပြီး ထွက်ပြေးသွား၏။ တိန့်ထောက်မှာ မောဟိုက်လွန်း၍ သူတို့နောက်ကို မလိုက်နိုင်ချေ။

ထိုအခါမှ မဟူရာသိုင်းသမားကြီးလည်း သက်ပြင်းချနိုင်တော့၏။

တိန့်ထောက်က မဟူရာသိုင်းသမားကြီး အပိတ်ခံထားရသော ပညာမေ့ကြောကို ပြန်ဖွင့်ပေးလိုက်သည်။

ပြီးမှ ဆရာဖြစ်သူကိုတွဲကာ တောင်ကုန်းမှ ကျောက်ဂူဆီကို လာခဲ့သည်။

ဂူထဲသို့အရောက်တွင် တိန့်ထောက်ကိုယ်တိုင် စီစဉ်ချက်ပြုတ်ပြီး ညစာစားကြသည်။

မဟူရာသိုင်းသမားကြီးက သူ၏ဇာစ်မြစ်နှင့် ဖြစ်ရပ်ကို မေးသဖြင့် တိန့်ထောက်လည်း သူ သိသရွေ့ အမှန်အတိုင်း ပြောပြလိုက်၏။

မဟူရာသိုင်းသမားကြီးက သက်ပြင်းတစ်ချက်ချပြီး

"အင်း .... ကံကြမ္မာဂြိုဟ်ဆိုး ဝင်လာရင် ဒီလိုပဲပေါ့ကွယ်၊ ဆရာကြီးလည်း တစ်ဦးတစ်ယောက်ရဲ့ လုပ်ကြံမှုကြောင့် နာမည်ပျက်ခဲ့ရတယ် မဟုတ်လား .... "

"ဆရာကြီး .... နဂါးကိုးကောင် ရွှေတံဆိပ်တုံး ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် သိရပြီ .... ဝမ်ရဲ့ရဲတိုက်ရဲ့ လျှို့ဝှက်မြေအောက်ခန်းထဲမှာ ရှိတယ်လို့ ကျွန်တော် တိတိကျကျ သိထားရပြီ"

"ဟင် ဟုတ်လား .... သေချာရဲ့လား .... "

"သေချာပါတယ် .... "

"ဟုတ်တယ် ဖြစ်နိုင်တယ် .... ခုမှ ငါလည်း သိရတယ် ... အဲဒီတုန်းက ကျင့်စန်းကျန်းကို ငါကိုယ်တိုင် မတော်မတရားတဲ့ အလုပ်တွေမလုပ်ဖို့ .... လူကောင်းတွေကို မနှိပ်စက်ဖို့ သွားပြီးသတိပေးခဲ့သေးတယ် .... ငါ့စကားကို နားမထောင်ရင် ဝမ်ရဲ့ ရဲတိုက်ကို ဖြိုဖျက်ပစ်မယ်လို့လည်း ခြိမ်းခြောက်ခဲ့ဖူးတယ် .... "

"ဒါဆိုရင် .... ဆရာကြီးကို ကြံစည်တာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းပဲ ဖြစ်ရမယ် .... "

"ဒါပဲ ဖြစ်မှာပေါ့ .... ဒါနဲ့ အဖြစ်မှန်ပေါ်အောင် မင်း ဘယ်လိုလုပ်မလဲ .... "

"သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းနဲ့ ဆက်သွယ်ပြီး အမှန်အတိုင်း ဖွင့်ပြောရင်ကောင်းမယ် ဆရာကြီး .... သူတို့နဲ့ စုံစမ်းသင့် စုံစမ်းရမှာပဲ .... "

"ကောင်းပါတယ်လေ .... ငါ့တပည့် သင့်တော်သလိုသာ ဆောင်ရွက်ပါ .... ဆရာကြီး ပြောရဦးမယ် .... မန်းစန်းတောင်ပေါ်မှာ ဆရာကြီးကို ဝိုင်းတိုက်ခဲ့တဲ့ လူတွေကိုလည်း မင်း လိုက်တွေ့မနေနဲ့တော့ .... သူတို့ကို ဆရာကြီး ခွင့်လွှတ်လိုက်ပါပြီ .... "

တိန့်ထောက် ဝမ်းသာသွားပြီး ....

"ကောင်းပါပြီ ဆရာကြီး .... ကျွန်တော်လည်း ဒီလိုပဲ ဆန္ဒရှိပါတယ် .... "

ထို့နောက် တိန့်ထောက်သည် မဟူရာသိုင်းသမားကြီးထံမှ ထွက်ခွာသွားပြီးနောက် တွေ့ကြုံခဲ့ရပုံများကို ပြောပြနေပြန်သည်။



ဆရာတပည့်နှစ်ယောက် မိုးလင်းသည်အထိ စကားကောင်းခဲ့ကြသည်။

နေမြင့်ချိန်တွင် တိန့်ထောက်သည် ဆရာဖြစ်သူ၏ ခွင့်ပြုချက်ဖြင့် ချောက်ကြီးထဲမှ ပြန်တက်ခဲ့သည်။

အရိပ်နီသိုင်းသမားထံတွင်ရှိသော ရှင်ရှန်း လျှို့ဝှက်သိုင်းကျမ်းမှ သိုင်းပညာရပ်များကို လေ့ကျင့်ရန် မဟူရာသိုင်းသမားကြီးက ခွင့်ပြုလိုက်သဖြင့် သူသည် အရိပ်နီသိုင်းသမားနေထိုင်ရာ ဝိညာဉ်မြစ်ကျွန်းကို သွားရပေလိမ့်မည်။

ယခုထက် ပိုပြီး သိုင်းပညာကိုတတ်ပါမှ ဒုစရိုက်သမားများ စုဝေးရာ ဝမ်ရဲ့ရဲတိုက်ကို ကောင်းစွာ ချေမှုန်းနိုင်ပေလိမ့်မည်။

သူသည် နှစ်ရက်မြောက်တွင် တောအုပ်တစ်အုပ်အနီးသို့ ရောက်လာသည်။

တောအုပ်ထဲမှ မြင်းဟီသံကို ကြားရသဖြင့် ချောင်းကြည့်ရာ ဝမ်ရဲ့ရဲတိုက်မှ လူများကို တွေ့ရသဖြင့် အံ့သြသွားသည်။ ပို၍ အံ့သြစရာကောင်းသည်မှာ ထိုလူစုကို ဦးစီးဦးဆောင် လုပ်သူနှစ်ဦးမှာ အဆိပ်ဘီလူးနှင့် ကျင့်ရဲ့ဝှာတို့ ဖြစ်နေခြင်းပင်။

သူတို့သည် မြင်းများကို အေးအေးလူလူ စီးပြီးသွားနေကြခြင်း ဖြစ်၏။ အဆိပ်ဘီလူးက ကျင့်ရဲ့ဝှာနှင့် မြင်းကိုယှဉ်၍စီးရာမှ ပြောသည်။

"ရောင်နီသိုင်းသမားအတွက် သိပ်လည်း စိတ်ပူမနေပါနဲ့ မိန်းကလေးရယ် .... သူ့ရဲ့ သိုင်းပညာက အသည်းမည်းဟူဖေးကို မှီစရာမလိုပါဘူး .... "

ထိုစကားကို ထောက်ချင့်၍ သူတို့လူနှင့် ရောင်နီသိုင်းသမား

တို့လူစု မတွေ့သေးကြောင်း ထင်ရှားလေသည်။

ထိုစဉ် သူတို့ရှေ့သို့ ဝတ်စုံဖြူနှင့် လူရိပ်တစ်ရိပ် ရောက်လာသည်။ ထိုသူများမှာ မျက်နှာအေးသီလရှင်ကြီးပင် ဖြစ်လေသည်။

အဆိပ်ဘီလူးသည် အံ့ဩထိတ်လန့်သွားသော်လည်း ဟန်လုပ်၍ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ဟား .... ခင်ဗျား ရောက်လာပြန်ပြီလား၊ ဒီတစ်ခါတော့ ခင်ဗျားကို ကျုပ် မညှာနိုင်ဘူး .... "

မျက်နှာအေးသီလရှင်က အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"အဆိပ်ဘီလူး .... နဝရတ်ဓားကို ပြန်ပေးပါ .... "

"နဝရတ်ဓားလား .... ဟား ဟား ဟား ဟား .... ရှိပါတယ်၊ ကျုပ်ဆီမှာ ရှိနေပါတယ် .... ဟောဒီမှာ .... "

အဆိပ်ဘီလူးက သူ့ဝတ်ရုံကြီးကို လှစ်ပြလိုက်ရာ ခါးတွင် ဓားတစ်လက် ထိုးထားသည်ကို မြင်နိုင်လေသည်။ သူက ဓားကို ဆွဲထုတ်ကိုင်လိုက်၏။

ဓားမှာ နှစ်ပေခန့်သာ ရှည်သည်။ ထိုဓားမှာ အရောင်အသွေးတောက်ပခြင်း အလျဉ်းမရှိချေ။

ဓားကိုမြင်သည်နှင့် သီလရှင်ကြီးမှာ စိတ်လှုပ်ရှားသွားပြီး

"ဓားကို အေးအေးဆေးဆေး ပြန်အပ်ပါ .... ဒါမှမဟုတ်ရင်တော့ တိုက်ပြီးယူရမှာပဲ .... "

"ဟား ဟား ဟား .... ကျုပ်က လွယ်လွယ်နဲ့ ဘယ်ပြန်ပေးနိုင်ပါ့မလဲ .... တိုက်ပြီးယူနိုင်ရင် ယူပေါ့ .... "

"ကောင်းပြီ .... "



မျက်နှာအေးသီလရှင်ကြီးက သူ့လက်ထဲမှ သားမြီးယပ်ကို ဝှေ့ယမ်းလိုက်သည်။

ချင့်ရဲ့ဝှာနှင့် ဝမ်ရဲ့ရဲတိုက်အဖွဲ့သားများ နောက်ကို ထိတ်လန့်တကြီး ဆုတ်သွားကြသည်။

အဆိပ်ဘီလူးက နဝရတ်ဓားကို သူ့ညာဘက်လက်တွင် ကိုင်ပြီး အတွင်းအားကို စုစည်းနေသည်။

ချောင်းကြည့်နေသော တိန့်ထောက်သည် ထူးဆန်းသော အဖြစ်ကို မြင်တွေ့ရလေသည်။

အဆိပ်ဘီလူးလက်ထဲတွင် ကိုင်ထားသော အရောင်အသွေးမရှိသည့် နဝရတ်ဓားမှ မီးခိုးငွေ့ကလေးများ ထွက်လာပြီး အရောင်မြိုးမြိုးပြက်ပြက် လင်းလက်လာလေသည်။

မျက်နှာအေးသီလရှင် မျက်နှာကွက်ခနဲ ပျက်သွားပြီး နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်သည်။

"ဟင် .... ရှင် နဝရတ်ဓားကို အသုံးပြုနည်း လျှို့ဝှက်ချက်ကို သိနေပါလား .... "

"ဟား ဟား ဟား .... ဟုတ်တယ်လေ .... သိနေပါပြီ .... ကျုပ် ဆယ်ရက်လောက်ပဲ လေ့ကျင့်ခဲ့တာနဲ့ ဒီဓား အသုံးပြုနည်း လျှို့ဝှက်ချက်ကို ရခဲ့ပါတယ် .... "

မျက်နှာအေးသီလရှင်မှာ ရှေ့ကို မတိုးရဲတော့အောင် ဖြစ်နေသည်။ သူမသည် အဆိပ်ဘီလူး၏ လက်ထဲမှ နဝရတ်ဓားကို ယှဉ်ပြိုင်ရဲပုံ မရပါချေ။

မျက်နှာအေးသီလရှင်၏ အမူအရာကို အကဲခတ်ကြည့်ပြီး အဆိပ်ဘီလူးလည်း သဘောကျသွားသည်။

"ဟား ဟား ဟား .... ဒီနဝရတ်ဓားကို သိုင်းလောကမှာ ဘယ်လက်နက်မှ ယှဉ်လို့မရဘူးဆိုတာ ခင်ဗျား အသိဆုံးပါလေ ... ဒီဓား ကျုပ်လက်ထဲမှာ ရှိနေသရွေ့ ခင်ဗျားလည်း ကျုပ်ကို မနိုင်ပါဘူး၊ ဒီတော့ .... ကျုပ်တို့ ဆွေးနွေးကြရအောင် .... "

"ဘာဆွေးနွေးမှာလဲ .... "

"ဒီနဝရတ်ဓားမှာ လျှို့ဝှက်နည်းပညာ ဆယ်ချက်တိတိ ရှိတယ်ဆိုတာ ကျုပ်သိတယ် .... ကျုပ်ဟာ ဆယ်ချက်ထဲက ကိုးချက်ကိုပဲ လေ့လာတတ်မြောက်ခဲ့တယ် .... ကျန်တစ်ချက်ကို သဘောမပေါက်ဘူး ဖြစ်နေတယ် .... ဒါပေမယ့် ကျုပ် လေ့လာထားတဲ့ နည်းပညာကိုးချက်နဲ့ပဲ ခင်ဗျားကို သေအောင်တိုက်ခိုက်နိုင်တယ်ဆိုတာ ခင်ဗျားလည်း သိမှာပါ .... ဒါပေမယ့် ကျန်တဲ့နည်းပညာရပ် တစ်ရပ်ကို ခင်ဗျား ထုတ်ဖော်ပြောပြမယ်ဆိုရင် ခင်ဗျားကို ကျုပ် အသက်ချမ်းသာ ပေးလိုက်မယ် .... ဒါမှမဟုတ်ရင်တော့ ခင်ဗျားကို ကျုပ် သတ်ရလိမ့်မယ် .... "

မျက်နှာအေး သီလရှင်ကြီး နောက်ကို ခြေသုံးလှမ်း ဆုတ်လိုက်ပြီး ....

"ရှင်လိုလူမျိုးကို နည်းပညာတစ်ခု ပိုတတ်အောင် ကျုပ် ပြောမပြနိုင်ဘူး ...., အဆိပ်ပင် ရေလောင်းသလို ဖြစ်လိမ့်မယ် .... ကျုပ် အသက် သေချင် သေပေ့စေ .... "

အဆိပ်ဘီလူးမျက်နှာ ခက်ထန်ကြမ်းကြုတ်သွားပြီး

"ခင်ဗျား မပြောတော့ .... ခင်ဗျားအသက်ကို ကျုပ်က သတ်ရုံပဲ ရှိတယ် .... ကျန်တဲ့ နည်းပညာတစ်ရပ်ကို ကျုပ်ဘာသာ လေ့လာယူလည်း ရပါတယ် .... ကိုင်း သေပေတော့ .... "



အဆိပ်ဘီလူးက နဝရတ်ဓားကို ဝှေ့ယမ်းလိုက်သည်။

အရောင်ကိုးမျိုး ဖြာထွက်လာပြီး အဆိပ်ဘီလူးပင်လျှင် ၎င်းဓားရိပ်အရောင်များထဲတွင် ပျောက်ကွယ်နေသည်။

မျက်နှာအေး သီလရှင်ကြီးက ထိတ်လန့်တကြား နောက်ကို ခုန်ဆုတ်လိုက်၏။

အဆိပ်ဘီလူးက ရှေ့ကို ခုန်လိုက်ပြီး နဝရတ်ဓားကို ဝှေ့ယမ်းကာ မျက်နှာအေးသီလရှင်ကို တိုက်ခိုက်တော့၏။

"ဟူး .... ဝှစ် ဝှစ် .... "

"ထန်း .... "

မျက်နှာအေး သီလရှင်က သားမြီးယပ် ဝှေ့ယမ်း၍ ပြန်တိုက်ပါသော်လည်း သူမသည် နောက်ကို ဒယီးဒယိုင် ဖြစ်သွားသည်။ သူမတစ်ကိုယ်လုံးလည်း ထုံကျဉ်သွားကာ မျက်လုံးအပြူးသား ဖြစ်သွားလေတော့၏။

## အခန်း(၅)

## အဖေးအယူ

မျက်နှာအေးသီလရှင်ကြီးသည် အခြေအနေမဟန်တော့မှန်း သိသဖြင့် နောက်ကိုခုန်ဆုတ်ကာ လှည့်ပြေးလေတော့သည်။

ချောင်းကြည့်နေသော တိန်ထောက်မှာ ထိုအဖြစ်ကိုမြင်ပြီး လွန်စွာအံ့သြတကြီး ဖြစ်သွားသည်။ သူသည် မျက်နှာအေးသီလရှင်ကြီး ထွက်ပြေးသွားသည်ကို မြင်ရ၍ အံ့သြမိခြင်း ဖြစ်၏။

အဆိပ်ဘီလူးကလည်း မျက်နှာအေးသီလရှင်ကြီးနောက်သို့ ဒေါသတကြီးဖြင့် အော်ဟစ်ရင်း လိုက်သွားသည်။

တိန်ထောက်သည် မျက်နှာအေးသီလရှင်ကြီးကို စိုးရိမ်စိတ်ဖြင့် လိုက်သွားရန် စိတ်ကူးမိသော်လည်း လောလောဆယ်ကျင့်ရဲဂွာနှင့် ပြဿနာရှင်းရန် ဆုံးဖြတ်လိုက်သည်။ ကျင့်ရဲဂွာ၏ နိုင်းစေချက်ဖြင့် သူမ၏လူများက မိမိကိုသေအောင် ရိုက်နှက်ခဲ့ကြသည် မဟုတ်ပါလား။

တိန်ထောက် သစ်ပင်ကွယ်မှ ထွက်လိုက်သည်။

ကျင့်ရဲဂွာသည် တိန်ထောက်ကို ရုတ်တရက်တွေ့လိုက်သည်နှင့် မျက်လုံးအပြူးသား ဖြစ်သွားသည်။ တုန်လှုပ်ချောက်ချားစွာဖြင့် နောက်ကိုလည်း ခြေသုံးလှမ်း ဆုတ်လိုက်၏။



"ဟင် .... တိန် .... တိန်ထောက် .... မင်း .... မင်း မသေဘူးလား ...."

တိန်ထောက် မခိုးမခန့်နှင့်တစ်ချက်ရယ်လိုက်ပြီး ....

"ဟင်း .... ဟင်း .... ဟင်း မသေလို့ ခင်ဗျားတွေ့ရတာပေါ့ ကျုပ်ကို လွယ်လွယ်နဲ့ သတ်လို့မရဘူးဆိုတာ ခင်ဗျားသိဖို့ ကောင်းပါပြီ ...."

ဝမ်ရဲ့ အဖွဲ့သားများလည်း ထိတ်လန့်တကြီး ဖြစ်နေကြသည်။ သို့သော်လည်း သူတို့၏ သခင်မကို ကာကွယ်ရန်အတွက် ဓားများကို အသီးသီး ဆွဲထုတ်၍ ကိုင်လိုက်ကြသည်။

တိန်ထောက်ကလည်း ဓားကို ဆွဲထုတ်ကိုင်လိုက်သည်။

"ကျုပ်ကို သေလောက်အောင် ရိုက်နှက်ခဲ့တဲ့အတွက် ခင်ဗျားကို ပြန်ပြီး ပညာပေးရမယ် .... ခင်ဗျားကို ချုပ်ပြီး တုတ်နဲ့ပြန်ရိုက်ရမယ် .... နောက် မြေတွင်းတူးပြီး မြှုပ်မယ် ...."

"ဩော် .... မင်းက ငါ့ကို လက်စားပြန်ချေမှာပေါ့ ...."

"ကျုပ် ခံစားသလို ခင်ဗျား ခံစားစေရမယ် ...."

စကားအဆုံးတွင် ကျင့်ရဲဂွာထံ တိန်ထောက် ခုန်လိုက်၏။ ကျင့်ရဲဂွာ နောက်ကို ခုန်ဆုတ်သည်။

ဝမ်ရဲ့အဖွဲ့သားလေးယောက် ခုန်ဝင်လာပြီး ကြားမှ တိန်ထောက်ကို တိုက်ခိုက်ကြသည်။

"ဟိုင်း ...."

"ယား ...."

"ဂွစ် .... ဂွစ်"

"ထန်း .... ထန်း"

"အီ .... အား"

ဝမ်ရဲ့အဖွဲ့သားနှစ်ယောက် လဲကျသွားပြီး ကျန်နှစ်ယောက် လက်ထဲမှ ဓားလွတ်ကျ လွင့်စဉ်သွားကာ နောက်ကို ပြန်ခုန်ဆုတ်သွားကြသည်။

ကျင့်ရဲ့ဟွာအခြေအနေမဟန်တော့မှန်းသိဖြင့် နောက်ကို လှည့်ပြေးသည်။

တိန့်ထောက် နောက်မှ ခုန်ပြီးလိုက်သည်။ ခဏနှင့်ကျင့်ရဲ့ဟွာ ရှေ့ကို ခုန်လိုက်နိုင်ပြီး ပြေးလမ်းကို ပိတ်ထားလိုက်လေသည်။

ပြေး၍မလွတ်တော့သဖြင့် ကျင့်ရဲ့ဟွာ ဓားကိုဆွဲထုတ်ကိုင်ပြီး တိန့်ထောက်ထံ ဓားချက်သုံးချက် ဆင့်ခုတ်သည်။

တိန့်ထောက်က ဓားချက်သုံးချက်စလုံးကို ရှောင်တိမ်းပြီး ကျင့်ရဲ့ဟွာကို ပြန်၍တိုက်သည်။ ကျင့်ရဲ့ဟွာမှာ တိုက်စစ်ကိုပြန်၍ မသုံးနိုင်တော့ချေ။ ခံစစ်ဖြင့်သာ ခဲခဲယဉ်းယဉ်း ခုခံနေရသည်။

အဆိပ်ဘီလူး အမြန်ပြန်ရောက်လာပါစေဟုသာ သူမ စိတ်ထဲမှ ဆုတောင်းနေမိသည်။ သူမအနေဖြင့် တိန့်ထောက်၏ တိုက်စစ်ကို ကြာကြာခုခံနိုင်လိမ့်မည် မဟုတ်ပါချေ။

သိုင်းကွက်ဆယ်ကွက်သို့အရောက်တွင် ကျင့်ရဲ့ဟွာ၏ဓားကို တိန့်ထောက်က ခတ်ထုတ်လိုက်နိုင်သည်။ သူမ၏လက်မှ ဓားလွင့်ကျသွားသည်။

တိန့်ထောက်က ဓားပြားဖြင့် သူမ၏တင်ပါးကို ခပ်ပြင်းပြင်း ရိုက်လိုက်၏။

"ဖြန်း .... "

"အား .... "



ကျင့်ရဲ့ဟွာမှာ နာကျင်လွန်းသဖြင့် စူးစူးဝါးဝါး အော်ဟစ်သည်။

တိန့်ထောက်က ဆက်တိုက်ပင် ဓားပြားဖြင့် သူမ၏ပခုံးကို နှက်လိုက်ပြန်၏။

"အားရီး"

ကျင့်ရဲ့ဟွာ ညည်းတွားရင်း ဖင်ထိုင်လျက် လဲကျသွားသည်။

လက်နက်ကိုယ်စီ ကိုင်ထားကြသော ဝမ်ရဲ့အဖွဲ့သား သုံးယောက်သည် တိန့်ထောက်၏ သိုင်းပညာများ သူတို့ထက်မြင့်ကြောင်း သိကြသဖြင့် ဝင်မတိုက်ရဲကြဘဲ ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေကြ၏။

တိန့်ထောက်လည်း သူတို့သုံးယောက်ကို မျက်နှာထားတင်းတင်းနှင့် ကြည့်၍ ပြောလိုက်၏။

"ခင်ဗျားတို့ မသေချင်ရင် နောက်ဆုတ်ကြ .... ရှေ့တိုးလာလို့ကတော့ ကျုပ်ရဲ့ဓားချက်အမိပဲ .... "

ဝမ်ရဲ့အဖွဲ့သားသုံးယောက် ထိတ်လန့်၍ နောက်ကိုဆုတ်ကြသည်။ ထိုအခါမှ တိန့်ထောက်က ဖင်ထိုင်လျက် လဲကျသွားသော ကျင့်ရဲ့ဟွာထံ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ကျင့်ရဲ့ဟွာ၏မျက်နှာမှာ သွေးဆုတ်နေပြီး တုန်လှုပ်ချောက်ချားသော အသွင်အပြင်ဖြင့် တိန့်ထောက်ကို ကြည့်နေသည်။

"တိန့် .... တိန့်ထောက် .... မင်း .... မင်း ငါ့ကို သတ်မလို့လား .... "

"ဟား .... ဟား .... ဟား .... ဟား"

တောအုပ်ထဲမှ ရယ်မောသံကြီး ပေါ်ထွက်လာသည်။ အဆိပ်

ဘီလူး၏ ရယ်မောသံဖြစ်ကြောင်း တိန့်ထောက် သိလိုက်သည်။ မျက်နှာအေးသီလရှင်ကို လိုက်မီသွား၍ ရယ်မောလိုက်ခြင်း ဖြစ်နိုင်လိမ့်မည်ဟုလည်း တွေးမိသည်။ သီလရှင်ကြီးအတွက်လည်း စိုးရိမ်တကြီး ဖြစ်သွားမိ၏။

တိန့်ထောက် တွေဝေမနေဘဲ ရတ်တရက် ကျင့်ရဲ့ဂှာ၏သွေးကြောကို ထိုးပိတ်၍ ထိန်းချုပ်လိုက်သည်။ ထို့နောက် ကျင့်ရဲ့ဂှာကို သူ၏ပခုံးပေါ် ကောက်ထမ်းကာ အသံလာရာတောအုပ်ထဲသို့ တရှိန်ထိုး ပြေးလာခဲ့တော့သည်။

ကိုယ်ဖော့ပညာကိုသုံး၍ တရကြမ်းပြေးခဲ့ခြင်း ဖြစ်သောကြောင့် ခဏနှင့်အဆိပ်ဘီလူးရပ်နေသော နေရာသို့ ရောက်လာသည်။ အဆိပ်ဘီလူး လက်ထဲတွင် အရောင်လက်နေသော နဝရတ်ဓားကို ဆုပ်ကိုင်ထားသည်။

တိန့်ထောက် ရောက်သွားချိန်တွင် မျက်နှာအေးသီလရှင်မှာ ဖင်ထိုင်လျက် လဲကျနေရာမှ ပြန်ထနေသည်။ သူမ၏မျက်နှာမှာ မည်သို့ခံစားနေရကြောင်း မည်သူမှ မသိကြချေ။ သူမမျက်နှာတွင် မျက်နှာဖုံးစွပ်ထားသောကြောင့် ဖြစ်၏။ မျက်နှာဖုံးအောက်မှ ပေါ်ထွက်နေသော မျက်လုံးအစုံကမူ ဝင်းလက်တောက်ပနေလေသည်။

တဟားဟား ရယ်နေသော အဆိပ်ဘီလူးက အရယ်ရပ်လိုက်ပြီး ....

"ဘယ့်နှယ်လဲ သီလရှင်ကြီးရဲ့ .... ကျုပ်သိချင်တာကို မပြောဘူးလား ...."

မျက်နှာအေး သီလရှင်ကလည်း ခက်ထန်စွာ ပြန်ပြောသည်။

"ငါ့အသက်သာ အသေခံမယ်ဟေ့ .... ဘယ်တော့မှ မပြောဘူး ...."



"ဒါဖြင့်လည်း ခင်ဗျားရဲ့အသက်ကို ကျုပ်သတ်ရမှာပဲ ...."

အဆိပ်ဘီလူးက သူ့လက်ထဲမှ နဝရတ်ဓားကို မြှောက်ရွယ်လိုက်သည်။

"ရပ်လိုက် ...."

တိန့်ထောက်က လှမ်းအော်လိုက်သည်။

အဆိပ်ဘီလူး သံလာသို့ကြည့်ပြီး ကျင့်ရဲ့ဂှာကို ထိန်းချုပ်၍ ထမ်းထားသော တိန့်ထောက်ကို မြင်ရသောအခါ အံ့သြထိတ်လန့်သွားသည်။

တိန့်ထောက်က သွေးကြောပိတ်ခံထားသော ကျင့်ရဲ့ဂှာကို သူ့ရှေ့သို့ တွန်းပို့ပြီး လေသံမာမာဖြင့် ပြောသည်။

"အဆိပ်ဘီလူးကြီး ခင်ဗျားတို့ ဝမ်ရဲ့ရဲတိုက်က သခင်မလေး မသေစေချင်ရင် .... နောက်ကို ဆုတ်လိုက်ပါ ...."

အဆိပ်ဘီလူးက မျက်စိပျက် မျက်နှာပျက်ဖြင့် နောက်ကို ခြေသုံးလေးလှမ်း ဆုတ်လိုက်သည်။ ကျင့်ရဲ့ဂှာနှင့် သူ့ကို အဖော်အဖြစ် ထည့်လိုက်ခြင်း ဖြစ်လေရာ ကျင့်ရဲ့ဂှာသာ တစ်ခုခုဖြစ်သွားပါက သူ့အခြေအနေမှာလည်း ဆိုးရွားသွားနိုင်လေသည်။

"မင်း သူ့ကို ဓားစာခံလုပ်ပြီး ငါ့ကိုခြိမ်းခြောက်နေတာလား"

"ဟုတ်တယ် .... ဒီအတိုင်းပဲ ...."

"သူ့ကိုလွှတ်လိုက်ပါ ...."

"ကျုပ်ရဲ့အပေးအယူကို ခင်ဗျား လက်ခံမယ်ဆိုရင်တော့ လွှတ်မယ် ...."

"မင်းက ဘာအပေးအယူလုပ်မှာလဲ ...."

"ခင်ဗျားလည်း မျက်နှာအေးသီလရှင်ကြီးကို လွှတ်လိုက်ပါ
သွားလိုရာကို သွားပါစေ .... ဒါဆို သူ့ကိုလည်း ကျုပ် လွှတ်လိုက်မယ်
ခင်ဗျားနဲ့ ရန်ငြိုးရန်စဆိုတာတော့ နောက်မှပဲ ထပ်ရှင်းတော့မယ်"

ယခုအချိန်တွင် မျက်နှာအေးသီလရှင်ကြီး အသက်အန္တရာယ်မဖြစ်ရန်သာ အရေးကြီးသဖြင့် ထိုသို့တိန့်ထောက်က ပြောလိုက်ခြင်းဖြစ်၏။ သူက နဝရတ်ခွားကို ပြန်၍ပေးအပ်နိုင်းပါလျှင် အဆိပ်ဘီလူးသည် လက်ခံလိမ့်မည် မဟုတ်ချေ။ နဝရတ်ခွားကို မက်မောစိတ်ဖြင့် ကျင့်ရဲ့ဝှာ၏ မျက်နှာကိုလည်း ထောက်လိမ့်မည် မဟုတ်ချေ။

အဆိပ်ဘီလူးသည် ကျင့်ရဲ့ဝါကို တစ်ချက်ကြည့်လိုက်ပြီးမှ....

"ကောင်းပြီလေ .... မင်းသာ ကျင့်ရဲ့ဝှာကို လွှတ်လိုက်ပါ... ငါလည်း သီလရှင်ကြီးကို သွားလိုရာ သွားခွင့်ပေးလိုက်ပါ့မယ် .... "

တိန့်ထောက်က သီလရှင်ကြီးကို ကြည့်၍ ပြောသည်။

"ဆရာလေး လမ်းလျှောက်နိုင်ရဲ့ မဟုတ်လား .... လျှောက်နိုင်ရင် ဆရာလေး လိုရာခရီးကို သွားပါတော့ .... "

မျက်နှာအေးသီလရှင်က အဆိပ်ဘီလူးကို စူးစူးရဲရဲ ကြည့်၍

"အဆိပ်ဘီလူး ကျုပ်ရဲ့ခွားကို တစ်နေ့နေ့မှာ မရ ရအောင် ပြန်ယူမယ်ဆိုတာ ရှင် စွဲစွဲမြဲမြဲ မှတ်ထားဦး .... "

မျက်နှာအေးသီလရှင်ကြီးသည် ချာခနဲလှည့်၍ထွက်သွားတော့သည်။

"ကောင်လေး ကျင့်ရဲ့ဝှာကို လွှတ်လိုက်တော့လေ .... "

အဆိပ်ဘီလူးက လှမ်းပြောသဖြင့် တိန့်ထောက်လည်း ကတိအတိုင်း ကျင့်ရဲ့ဝှာကို လွှတ်ပေးလိုက်သည်။

"အဆိပ်ဘီလူးကြီး ခင်ဗျားနဲ့ကျုပ် နောင်တစ်ကြိမ်ဆုံကြရင်



တော့ ခင်ဗျားကို ကျုပ်သတ်မယ် .... "

တိန့်ထောက်က အေးစက်စက်ပြောပြီး လှည့်၍ထွက်ခဲ့သည်။

သူသည် မျက်နှာအေးသီလရှင်ကြီး ထွက်သွားရာဆီသို့ ပြေးလိုက်ခဲ့သည်။ မကြာမီ မျက်နှာအေး သီလရှင်ကြီးကို မီလာသည်။

မျက်နှာအေးသီလရှင်က နောက်မှ တိန့်ထောက်လို
သည်ကို သိလိုက်သည်နှင့် ရပ်ပြီးစောင့်နေသည်။ သူမအနား
ထောက် ရောက်လာမှ သူမ၏အသက်ကို ကယ်တင်ခဲ့သ
ကျေးဇူးတင်စကား ပြောသည်။

တိန့်ထောက်က ....

"နဝရတ်ခွားကို ပြန်အပ်ဖို့ အဆိပ်ဘီလူး
ပြောတာက ခွားကို မက်မောစိတ်နဲ့ သူ လ
တ တွေးမိလို့ပါပဲ ဆရာလေး .... ဒါဆို ဆ
ဘသည့်တော်ကိုလည်း တိုက်မှာပဲ .... ဒ
ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ပစ္စည်း ဖြစ်

အခု
ပဖေကတော့
မေမေကတော့
ကိုယ်ကို သတ်သေ
ပင် စိတ်မကောင်းဟန်ဖြင့်
ည်။

မျက်နှာအေးသီလရှင်ကြီး
"ငါ သဘောပေါက်ပါတ
"နဝရတ်ခွားကို ခုခံက
သလား .... "

ဆရာလေးဟာ .... တစ်ချိန်က
နတဲ့ အလှမယ်စုချင်းချင်းပဲ မဟုတ်ပ

"ငါ သိသလောက်
ခွားကို ခုခံနိုင်မှာ မဟုတ်ဘူး

ရှင်ကြီးက ....
.... စုချင်းချင်းက ငါ့ရဲ့ဆရာပါ .... "
က်လား"

"အင်း .... ဒီလိုဆို
ဒီက အမြန်ဆုံး ပြန်ယူနိုင်
ဝရတ်ခွားရှိနေတာ မကျေ

းထားသကဲ့သို့ မဟုတ်သဖြင့် တိန့်ထော
ည်။ ယခုလက်ရှိ မျက်နှာအေးသီလရှင်နာမ

တိန့်ထောက် မျက်နှာအေးသီလရှင်တို့ စကားတပြောပြော
နှင့် လျှောက်လာခဲ့ကြသည်။ သူသည် အားလုံးသိ သိုင်းသမားကြီး
ချမ်းကြည်၏ ပြောစကားကို အမှတ်ရပြီး မျက်နှာအေးသီလရှင်၏
မြစ်အမှန်ကို မေးကြည့်ရလျှင် ကောင်းလေမည်လားဟု စဉ်းစားမိ
မဖြစ်ရ
ဖြစ်၏။ သ ယခုလို အခြေအနေမျိုးတွင် မေးကြည့်ရန်သင့်လျော်ကြောင်း
သည် လက် သည်။
ကျင့်ရဲ့ဝှာ၏ လေးကို တပည့်တော် သိချင်တာလေး မေးမြန်းပါရ
အဆိ ပါတယ် ....

"ကောင်း ာ .... ဖြေသင့်တဲ့စကားမျိုးဆိုရင် ငါဖြေပေးမယ်"
ငါလည်း သီလရှင်ကြီး ရဲ့ ဇာစ်မြစ်ကို တပည့်တော်သိချင်လို့ ...."
တိန့်ထောက် စ်ယောက်ရဲ့ ဇာစ်မြစ်ဆိုတာ အရမ်းပြောလို့

"ဆရာလေး လ က် .... ငါ့ရဲ့ဇာစ်မြစ်ဟာ လျှို့ဝှက်ချက်
နိုင်ရင် ဆရာလေး လိုရာခရီး ပြောနိုင်ဘူး ...."
မျက်နှာအေးသီလရှင် မြစ်ကို သိရရင် ဆရာလေးရဲ့ဇာစ်မြစ်ကို

"အဆိပ်ဘီလူး ကျုပ်ရဲ့ ကြည်ပါတယ် ...."
ပြန်ယူမယ်ဆိုတာ ရှင် စွဲစွဲမြဲမြဲ မှတ် လှမ်းကို တဲ့ခနဲ ရပ်လိုက်ပြီး တိန့်
မျက်နှာအေးသီလရှင်ကြီး လုံးစုံဖြင့် စူးစမ်းအကဲခတ်ကြည့်
တော့သည်။

"ကောင်းလေး ကျင့်ရဲ့ဝှာကို ဝင်စားမယ်ထင်လို့လား ...."
အဆိပ်ဘီလူးက လှမ်းပြောသ င်စားလာပါလိမ့်မယ် ...."
အတိုင်း ကျင့်ရဲ့ဝှာကို လွှတ်ပေးလိုက်သ

"အဆိပ်ဘီလူးကြီး ခင်ဗျားနဲ့က ိုင်းသမားကြီး တိန့်ရော်



ရှမ်းပါ ...."

"ဟင် .... မင်း .... မင်း၊ တိန့်ရောင်ရှမ်းရဲ့သားလား၊ ...."

"ဟုတ်ပါတယ် ...."

"အခု မင်းရဲ့အဖေကော ...."

"တပည့်တော်ရဲ့ မိသားစုဟာ ကံဆိုးခဲ့ပါတယ် .... အခု တပည့်တော်ဟာ တစ်ကောင်ကြွက်ဖြစ်နေပါပြီ ...."

"ဟင် .... မင်း ဖေဖေဆုံးသွားပြီလား ...."

"ဖေဖေရော မေမေပါ ဆုံးသွားကြပါပြီ .... ဖေဖေကတော့ မသမာသူတွေ ဝိုင်းဝန်းတိုက်ခိုက်လို့ ဆုံးရတာပါ .... မေမေကတော့ ဝမ်းရဲရဲတိုက်သခင်ကြီး ယုတ်မာမှုကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားပါတယ် ...."

"ဖြစ်ရလေကွယ် ...."

မျက်နှာအေးသီလရှင်က တကယ်ပင် စိတ်မကောင်းဟန်ဖြင့် ပြောသည်။

တိန့်ထောက်က မေးသည်။

"တပည့်တော် သိချင်တာ ဆရာလေးဟာ .... တစ်ချိန်က သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ အလှမယ်စုချင်းချင်းပဲ မဟုတ်ပါလား ...."

မျက်နှာအေးသီလရှင်ကြီးက ....

"မဟုတ်ပါဘူး .... စုချင်းချင်းက ငါ့ရဲ့ဆရာပါ ...."

"ဟင် .... ဟုတ်လား"

သူ သတင်းကြားထားသကဲ့သို့ မဟုတ်သဖြင့် တိန့်ထောက် အံ့သြတကြီးဖြစ်သွားမိသည်။ ယခုလက်ရှိ မျက်နှာအေးသီလရှင်နာမည်

ဖြင့် လှုပ်ရှားနေသော သီလရှင်ကြီးမှာ ရူချင်းချင်း၏ တပည့်ဖြစ်နေ သည်။

မျက်နှာအေးသီလရှင်က လမ်းဆက်လျှောက်ပြီး ပြောသည်။

"လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က အဆိပ်ဘီလူးဦးဆောင်တဲ့ သိုင်းဘီလူးရှစ်ဖော်ဟာ ငါတို့နေတဲ့ ဖန်းလို သီလရှင်ကျောင်းတော်ကြီး ကို ရောက်လာပြီး တိုက်ခိုက်ကြတယ် .... ငါ့ရဲ့ဆရာ ရူချင်းချင်းဟာ ရန်သူတွေနဲ့ တိုက်ခိုက်ရင် ချောက်ထဲကျပြီး ကွယ်လွန်ခဲ့ရတယ် .... နဝရက်ဓားလည်း ဘီလူးရှစ်ဖော်လက်ထဲကို ပါသွားတယ်၊ ဒါကြောင့် နဝရတ်ဓားကို ပြန်ရအောင် ငါလိုက်နေတာပေါ့ .... "

"ဒါဆို အားလုံးသိ သိုင်းသမားကြီးကို သချိုင်းဂူ မြေအောက် ခန်းထဲမှာ ဖမ်းချုပ်ထားခဲ့တဲ့ သူကကော ဆရာလေးပဲလား .... "

"ငါမဟုတ်ပါဘူး .... အားလုံးသိ သိုင်းသမားကြီးကို ချုပ်ထား ခဲ့တဲ့သူကတော့ ငါ့ရဲ့ဆရာ ရူချင်းချင်းပါ .... အင်း .... အားလုံးသိ သိုင်းသမားကြီးလည်း ခုတော့ သနားစရာဖြစ်နေပြီ .... သံကြိုးတွေကို ဖြတ်နိုင်တဲ့ နဝရတ်ဓားကလည်း အဆိပ်ဘီလူးလက်ထဲမှာရှိတော့ ခက်တော့တာပါပဲကွယ် .... "

"အားလုံးသိ သိုင်းသမားကြီး အချုပ်အနှောင်ကလွတ်မြောက် သွားပါပြီ .... "

မျက်နှာအေး သီလရှင်က အံ့သြသွားသော မျက်လုံးအစုံဖြင့် တိန့်ထောက်ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး ....

"ဘယ်လို အားလုံးသိ သိုင်းသမားကြီး လွတ်မြောက်သွားပြီ ဟုတ်လား .... ဘယ်လိုလုပ် လွတ်မြောက်သွားတာလဲ .... သံကြိုးတွေ ကို ဘယ်လိုဖြတ်နိုင်ခဲ့တာလဲ .... "



"မိုးကြိုးသိုင်းသမားကြီး ယီခုံးချီရဲ့ မိုးကြိုးဓားကို တပည့်တော် ရရှိအောင် သွားပြီးယူနိုင်ခဲ့လို့ ဒီမိုးကြိုးဓားနဲ့ပဲ သံကြိုးတွေကို အလွယ် တကူ ဖြတ်ပေးနိုင်ခဲ့ပါတယ် .... "

မျက်နှာအေး သီလရှင်သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အင်း တော်ပါသေးရဲ့ကွယ် .... သူ့ကို အချုပ်က လွှတ်ပေး ဖို့တာဝန် ငါ့အတွက် ငြိမ်းသွားတာပေါ့ .... နို့မို့ ငါ့အတွက် တာဝန်ကြီး တစ်ခု ဖြစ်နေတာ .... ငါ့ရဲ့ဆရာက သူ ချုပ်နှောင်ခဲ့တဲ့အားလုံးသိ သိုင်းသမားကြီးကို ရှစ်နှစ်ပြည့်တဲ့နေ့မှာ လွှတ်ပေးဖို့ ငါ့ကို မှာထားတာ"

"ဆရာလေးဟာ မျက်နှာအေး သီလရှင်ကြီးရဲ့ သုံးဆယ် မြောက် အမွေဆက်ခံသူပေါ့နော် .... "

"မဟုတ်ပါဘူး .... ငါက လေးဆက်မြောက်ပါ .... ငါတို့ဟာ မျက်နှာအေး သီလရှင်ကြီးရဲ့ ဘွဲ့နာမည်ကိုခံယူပြီး ဖန်းလို့ကျောင်း တော်ကြီးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတယ် .... ငါသေသွားရင် ငါ့တပည့်ဟာလည်း ဒီအမွေကို ဆက်ခံရမှာပဲ၊ တာဝန် ယူမယ့် တပည့်ဟာ ဒီလိုပဲ မျက်နှာဖုံးစွပ်ပြီး ဖန်းလို့ကျောင်းတော်ကြီး က မျက်နှာအေးသီလရှင်အဖြစ် လှုပ်ရှားရလိမ့်မယ် .... "

ယခုမှ တိန့်ထောက်လည်း သဘောပေါက် နားလည်သွား သည်။ မိမိလည်း မိမိ၏ဆရာ မဟူရာသိုင်းသမားကြီး၏သားရေမျက်နှာ ဖုံးကို စွပ်၍ လှုပ်ရှားနေရသည် မဟုတ်ပါလား။

"ဒါနဲ့ ဒကာလေးဘယ်ကို ခရီးဆက်မှာလဲ .... "

"မိတ်ဆွေရင်းတစ်ယောက်နဲ့ ချိန်းထားလို့ သွားရပါ့မယ် .... "

အရိပ်နှိုသိုင်းသမား၏အမည်ကို ထုတ်ဖော်မပြောချင်သဖြင့် ဤသို့သာ ပြောလိုက်ရသည်။ မျက်နှာအေးသီလရှင်က ဆက်မမေးဘဲ

သတိပေးစကားသာ ပြောကြားသည်။

"အဆိပ်ဘီလူးနဲ့တွေ့ရင်တော့ မင်းသတိထားပါ .... သူ့ဆီမှာ နဝရတ်စားရှိနေတော့ သူ့ကိုယှဉ်ဖို့ လွယ်မှာမဟုတ်ဘူး .... "

"တပည့်တော် သတိထားပါ့မယ် .... အခွင့်အရေးပေးလာရင်လည်း သူ့လက်ထဲက နဝရတ်စားကို ပြန်ယူပါ့မယ် .... "

"အေးကွယ် .... ကျေးဇူးတင်ပါတယ် .... ကဲ သွားလိုရာကို သွားပေတော့ ဒကာလေး .... ဒကာလေးကို နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်ပါစေကွယ် .... "

တိန့်ထောက်လည်း မျက်နှာအေးသီလရှင်ကို နှုတ်ဆက်စကားဆိုပြီး လှည့်ထွက်ခဲ့လေတော့သည်။

အခန်း(၆)

# သိုင်းညီအစ်ကို

မွန်းတည့်ချိန်တွင် .... တိန့်ထောက်သည် ကျယ်ဝန်းသော ရေအိုင်ကြီးဆီသို့ ရောက်လာလေသည်။

ရေအိုင်ကြီး၏အလယ်တွင် ကျွန်းကြီးတစ်ကျွန်း ရှိနေသည်။ အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်၏ ဆိုစကားအရ ထိုကျွန်းမှာ ဝိညာဉ်ပြန်ကျွန်းပင် ဖြစ်သည်။

ဤနေရာသို့ တိန့်ထောက်သည် ဒုတိယအကြိမ် ရောက်လာခြင်း ဖြစ်၏။ ဝိညာဉ်ပြန်ကျွန်းပေါ်တွင် အရိပ်နီသိုင်းသမား နေထိုင်သည်။

တိန့်ထောက်က အရိပ်နီသိုင်းသမား ရေးပေးထားသော ဤနေရာဒေသ၏ မြေပုံညွှန်းစာရွက်ကို ထုတ်ယူကြည့်လိုက်ပြီး မြေပုံညွှန်းတွင်ပါသည့်အတိုင်း ရေကန်စပ်မှ လျှောက်လာခဲ့သည်။

တောင်ကုန်းကလေး အောက်ခြေနားတွင် ယန်လျှိုသစ်ပင်ကြီးတစ်ပင်ကို မကြာမီ တွေ့ရသည်။ သစ်ပင်ကြီးအောက်တောင်ကမ်းပါးယံတွင် ဂူပေါက်ကလေးတစ်ပေါက်ကို တွေ့ရသည်။

တိန့်ထောက်က ဂူပေါက်မှ အတွင်းသို့ကြည့်လိုက်ရာ လှေ

ကလေးတစ်စီးကို တွေ့ရသည်။ သူသည် လှေကလေးကို ထုတ်ယူပြီး ရေကန်ထဲသို့ချကာ ရေလယ်ကျွန်းကြီးဆီသို့ လှော်ခတ်လာခဲ့သည်။

ကျွန်းဆီသို့ လှေကပ်မိသည့်တိုင်အောင် လူရိပ်လူခြည်ကို မမြင်ရသေးချေ။ သူသည် အိမ်ကြီးရှိရာသို့ လျှောက်လာခဲ့သည်။

ခေတ်နှင့်ကြီးမားသော အိမ်ကြီးကို ရောက်လာသည်။ ခြံဝင်းတံခါးပေါက်နားတွင် အင်္ကျီအနီနှင့် ဂါဝန်ပန်းရောင်ဝတ်ထားသော မိန်းကလေးနှစ်ယောက်ကို တိန့်ထောက် တွေ့ရသည်။

မိန်းကလေးနှစ်ယောက်က တိန့်ထောက်ကို မြင်မြင်ချင်း မှတ်မိကြပြီး လက်ဖမိုးနှစ်ဖက်ကိုယှက်၍ ပြုံးရယ်ပြကြသည်။ တိန့်ထောက်ကလည်း ရင်းနှီးဖော်ရွေသည့် အပြုံးမျိုးဖြင့် ပြုံး၍ ....

"မင်းတို့ရဲ့သခင်ကြီး ရှိပါသလား .... "

မိန်းကလေးတစ်ယောက်က ....

"သခင်ကြီး ခရီးထွက်သွားတာ သုံးရက်လောက် ရှိသွားပါပြီ ရှင် .... ဒီကရက်နှစ်ရက်အတွင်း ပြန်ရောက်လာပါလိမ့်မယ် .... သခင်လေး ရောက်လာရင် သူပြန်လာတဲ့အထိ စောင့်နေပါလို့ မှာကြားသွားပါတယ် .... "

အရိပ်နီ သိုင်းသမားက မိမိကို ဂရုတစိုက်ရှိသည့်အတွက် တိန့်ထောက် ကျေနပ်ဝမ်းသာသွားသည်။ အရိပ်နီသိုင်းသမားသည် မိမိရောက်အလာကို စောင့်မျှော်နေကြောင်းလည်း သိနိုင်လေသည်။ ခရီးထွက်သွားသည့်တိုင်အောင် အိမ်ဂေဟာအမှုထမ်းများကို မှာကြားသွားခဲ့သေးသည်။

အိမ်ဖော်မိန်းကလေးနှစ်ယောက်က တိန့်ထောက်ကို အိမ်ဂေဟာကြီးအတွင်းသို့ ကြိုဆိုခေါ်ဆောင်လာခဲ့သည်။



အစစ လိုလေသေးမရှိအောင်လည်း ဧည့်ခံကျွေးမွေးကြသည်။ တိန့်ထောက်အတွက် ကောင်းမွန်သည့် သန့်ရှင်းသော အိပ်ခန်းတွင်လည်း နေရာချထားပေးသည်။ ရေမိုးချိုးရန်လည်း ပြင်ဆင်ပေးကြသည်။

အသက် ဆယ့်ခြောက်နှစ်ရွယ်ခန့်ရှိ ဖုန်းစူးဆိုသော လူငယ်ကလေးသည် တိန့်ထောက်အနီးတွင် အမြဲတမ်းနေပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိ၏။ ဤအိမ်ဂေဟာသို့ တိန့်ထောက် ပထမတစ်ခေါက် ရောက်လာခဲ့စဉ်ကတည်းက ဖုန်းစူးနှင့် ခင်မင်သွားခဲ့သည်။

တိန့်ထောက် ရေချိုးပြီး ထိုင်၍အနားယူနေစဉ် ဖုန်းစူးက ရှင်ရှန်း ဘုရှိဖုက်သိုင်းကျမ်းကို စာဖတ်ခန်းမှ သွားရောက်ယူလာပြီး တိန့်ထောက် လက်ထဲသို့ ပေးအပ်သည်။

"သခင်ကြီးက မှာသွားပါတယ် .... သခင်လေးရောက်လာလို့ရှိရင် ဒီသိုင်းကျမ်းကို လေ့လာဖတ်ရှုဖို့ ပေးထားရမယ်တဲ့ .... သခင်လေးအနေနဲ့ လေ့လာဖတ်ရှုပြီးရင် ဒီကျမ်းစာအုပ်ထဲက နည်းစနစ်တွေအတိုင်း လေ့ကျင့်ပါလို့လည်း မှာကြားသွားပါတယ် ...."

တိန့်ထောက်က သိုင်းကျမ်းစာအုပ်ကိုယူပြီးမှ ဖုန်းစူးကိုကြည့်ပြီး မေးသည်။

"နေပါဦး ဖုန်းစူး .... မင်းတို့တတွေအားလုံး ငါ့ကို ဘာဖြစ်လို့ သခင်လေးလို့ ခေါ်နေကြရတာလဲ .... "

"သခင်ကြီးက ကျွန်တော်တို့အားလုံးကို မှာသွားလို့ပါ .... သခင်လေးရောက်လာရင် သခင်လေးကို သခင်လေးလို့ပဲ ခေါ်ရမယ်တဲ့ .... ဘာဖြစ်လို့လဲဆိုတော့ .... သခင်လေးဟာ သခင်ကြီးနဲ့သိုင်းညီအစ်ကို ဖြစ်ကြတော့မှာမို့တဲ့ .... ပြီးတော့ .... ဒီအိမ်ဂေဟာကိုလည်း

သခင်လေးပိုင်ဆိုင်တဲ့ အိမ်ဂေဟာလို့ပဲ သဘောထားရမယ်တဲ့ ...."

အရိပ်နိမိတ်ဆိုင်းသမား၏ သဘောထားကို သိရသောအခါ တိန့်ထောက် ကြည်နူးဝမ်းသာမိပါ၏။

"ဖုန်းစူး ထိုင်ကွာ .... မင်းကိုမေးစရာကလေးရှိနေလို့"

တိန့်ထောက်က သူ့ဘေးမှခုံကို လက်ဖြင့်ပုတ်ပြပြီး ပြောသည်။

"သခင်လေး သိလိုတာကို မေးပါ .... ကျွန်တော် ခုလိုပဲ မတ်တတ်ရပ်ပြီး ပြောပါရစေ .... "

တိန့်ထောက်က ဖုန်းစူးလက်ကိုဆွဲပြီး အတင်းထိုင်ခိုင်းလိုက်ရသည်။ ထိုအခါမှ ဖုန်းစူးလည်း မငံ့မရဲနှင့် ထိုင်လေသည်။

"ဖုန်းစူး မင်းတို့သခင်ကြီး ဘာကိစ္စနဲ့ ခရီးထွက်သွားတာလဲ"

ဖုန်းစူးက သက်ပြင်းတစ်ချက်ချ၍ ....

"အထူးကိစ္စရယ်လို့ မရှိပါဘူး သခင်လေး .... သခင်ကြီးဟာ ဒီလိုပဲ စိတ်ပြေလက်ပျောက်ဆိုသလို ခရီးထွက်တတ်ပါတယ် .... လေးငါးရက်ကြာချင်လည်း ကြာတတ်ပါတယ် .... "

"ဒီကျွန်းပေါ်ကို အပြင်လူတွေက အနှောင့်အယှက်လာပေးကြသေးသလား .... "

"ဘယ်သူမှ သခင်ကြီးရဲ့ ခွင့်ပြုချက်မရှိဘဲ မလာရဲကြပါဘူး.... ခွင့်ပြုချက်မရှိဘဲ ကျူးကျော်လာတဲ့လူဆိုရင်လည်း ဒီကျွန်းပေါ်ရောက်ဖို့ မလွယ်ပါဘူး .... ဒီကျွန်းပတ်ပတ်လည်ရေအောက်မှာ လျှို့ဝှက်လက်နက်ယန္တရားတွေ စီစဉ်ထားပါတယ်၊ ဟိုဘက်ကမ်းကနေ ကျွန်းကို ကူးလာတဲ့လူဆိုရင် ဒီအိမ်ကနေတွေ့နိုင်ပါတယ် .... ကျူးကျော်လာတဲ့လူဟာ ရေကန်ကြီးဒွဲမှာ အသက်ဆုံးရှုံးရမှာ မလွဲပါဘူး .... "



"ခုလို မင်းတို့ရဲ့သခင်ကြီး အိမ်မှာမရှိတဲ့အချိန်မှာ ဒီအိမ်ကို ဘယ်သူက အုပ်ချုပ်သလဲ ဖုန်းစူး .... "

"ကြီးကြီးဘွန်းက အုပ်ချုပ်ပါတယ် .... "

"ကြီးကြီးဘွန်းဆိုတာက ဘယ်သူလဲ ဖုန်းစူးဟူး .... ပထမတစ်ခေါက် ငါလာတုန်းက မတွေ့ပါလား .... "

"ကြီးကြီးဘွန်းဟာ သခင်ကြီးရဲ့လူယုံတော်ကြီးတစ်ယောက်ဆိုတော့ .... ပထမတစ်ခေါက် သခင်လေးလာတုန်းက ကြီးကြီး ခရီးထွက်နေလို့ သခင်လေးမတွေ့တာပါ .... "

"သြော် .... ဒါကြောင့်ကိုး .... "

တိန့်ထောက်က စကားကိုဖြတ်ပြီး .... သိုင်းကျမ်းစာအုပ်ကို ဟိုလှန် ဒီလှန်ပြီး ကြည့်ရှုလေ့လာသည်။

ခဏနေမှ ဖုန်းစူးကိုကြည့်လိုက်ပြီး ....

"မင်းတို့သခင်ကြီးက ငါ့ကို ဘာများ မှာသွားသေးလဲ ဖုန်းစူး"

"ဒီသိုင်းကျမ်းကို သခင်လေး လေ့လာဖတ်ကြည့်ပြီးရင် လက်တွေ့ လေ့ကျင့်မှုကို လုပ်ပါတဲ့ .... လေ့ကျင့်မှုလုပ်ဖို့လည်း စာဖတ်ဆောင်ကို ကျွန်တော် ရှင်းလင်းထားပြီးပါပြီ .... "

ထိုစဉ် အသက်လေးဆယ်အရွယ်ခန့်ရှိ မိန်းမကြီးတစ်ယောက်က ပြုံးရွှင်စွာဖြင့် အခန်းထဲသို့ ဝင်လာလေသည်။ ဖုန်းစူး ကမန်းကတန်း ထရပ်လိုက်ပြီး တိန့်ထောက်ကို ပြောသည်။

"သခင်လေး .... ကြီးကြီးဘွန်း လာနေပါတယ် .... "

တိန့်ထောက်လည်း ထရပ်လိုက်ပြီး လက်ဖမိုးယှက်ကာ ဦးညွှတ်နှုတ်ဆက်လိုက်၏။ ကြီးကြီးဘွန်းကလည်း လက်ဖမိုးယှက်၍ တိန့်ထောက်ကို ပျူငှာလိုက်လှဲစွာ ပြန်ပြီးနှုတ်ဆက်သည်။

"သခင်လေး စားသောက်ဖို့အတွက် အခန်းထဲမှာပဲ စီစဉ်ပေးရမလား .... သခင်လေး စိတ်ကြိုက်သာပြောပါ .... "

"ကြီးကြီးဘွန်းတို့ အဆင်ပြေသလိုသာ စီစဉ်ပါခင်ဗျာ .... "

"သခင်ကြီးမရှိပေမယ့် ဘာမှ အားနာစရာမလိုပါဘူး .... သခင်ကြီးက သခင်လေးကိုလည်း ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပါလို့ မှာသွားပါတယ် .... သခင်လေးအလိုရှိတာမှန်သမျှ ဘာမဆိုဖြစ်ရပါစေမယ် .... "

ထို့နောက် ကိန့်ထောက် စားသောက်ရန်အတွက် အခန်းထဲမှာပင် ပြင်ဆင်ပေးကြသည်။ စားကောင်းသောက်ဖွယ်ရာများကို သေချာစွာ စီမံချက်ပြုတ်ထားသည်။

တိန့်ထောက်သည် စားသောက်ချိန်မှလွဲပြီး ကျန်အချိန်များတွင် သိုင်းကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာရာ အတော်ကလေး နားလည် သဘောပေါက်လာသည်။

အရိပ်နီသိုင်းသမားကား ပြန်ရောက်မလာသေးချေ။

စတုတ္ထနေ့တွင် တိန့်ထောက်သည် စာကြည့်ဆောင်ထဲဝင်ပြီး ရှင်ရှန်းသိုင်းကျမ်းပါ လေ့ကျင့်ခန်းများကို စတင်လေ့ကျင့်တော့၏။ သူသည် ဓားသိုင်းကို အထူးအလေးထားပြီး လေ့ကျင့်သည်။

ဆယ်ရက်ခန့် လေ့ကျင့်ပြီးသောအခါ သိုင်းကျမ်းပါ ဓားသိုင်းကွက်များမှာ အထူးပင်နက်နဲလှကြောင်း၊ထက်မြက်လှကြောင်း သိလာရသည်။

သူသည် သိုင်းကျမ်းပါ လေ့ကျင့်မှုများကို စိတ်ပါဝင်စားစွာ လေ့ကျင့်နေသဖြင့် နေ့ရက်များ ကုန်ဆုံးသည်ကိုပင် သတိမထားမိတော့ချေ။ နေ့စဉ်နေ့တိုင်း အချိန်ပြည့် ကြိုးကြိုးစားစား လေ့ကျင့်သည်။



ရက်ပေါင်းရှစ်ဆယ်ကျော် လေ့ကျင့်ပြီးသောအခါ သူသည် ရှင်ရှန်းသိုင်းကျမ်းထဲမှ လေ့ကျင့်ခန်းများ ကုန်ဆုံးသလောက်ပင် ရှိလာသည်။ သုံးလမပြည့်ခင် ဤမျှအဆင့်ထိ လေ့ကျင့်နိုင်ခဲ့သဖြင့် တိန့်ထောက် သူ့ကိုယ်သူ လွန်စွာ ကျေနပ်အားရနေသည်။

နေ့လယ်စာ စားရန်အတွက် တိန့်ထောက် အနားယူနေစဉ်မှာပင် သူ့ဆီသို့ ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းဝင်လာသော အရိပ်နီသိုင်းသမားကို တွေ့ရသဖြင့် တိန့်ထောက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး ဝမ်းသာအားရဖြင့် ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။

"အစ်ကိုကြီး အခုမှပဲ ပြန်လာသလား .... "

အရိပ်နီသိုင်းသမားက ရယ်မော၍ ....

"ဟား .... ဟား .... ဟား .... အိမ်ကို အစ်ကိုကြီး ပြန်ရောက်နေတာ တစ်လကျော်ကျော်ရှိနေပါပြီ .... ညီလေး သိုင်းလေ့ကျင့်နေတာကို အနှောင့်အယှက်ဖြစ်နေမှာစိုးလို့ တိတ်တိတ်ကလေးနေခဲ့တာ၊ အစ်ကိုကြီးရောက်နေတဲ့အကြောင်း ညီလေးကို မပြောဖို့ အားလုံးကိုလည်း နှုတ်ပိတ်ထားခဲ့တယ်လေ .... အခု ညီလေးရဲ့ သိုင်းလေ့ကျင့်မှုဆုံးခန်းတိုင်သလောက် ဖြစ်နေတာမို့ အစ်ကိုကြီးလည်း ညီလေးနဲ့ လာတွေ့တာ .... "

တိန့်ထောက် အံ့သြတကြီးဖြစ်ရသလို သူ့အပေါ် ဂရုစိုက်လွန်းသော အရိပ်နီသိုင်းသမားကိုလည်း ကျေးဇူးတင်ပြီးရင်း တင်ရလေသည်။

"အစ်ကိုကြီး ကျွန်တော့်အပေါ် သိပ်ပြီး စေတနာထားတာပဲ

နော် .... ကျွန်တော် အစ်ကိုကြီးစေတနာကို ဘယ်လိုတုံ့ပြန်ကျေးဇူး ဆပ်ရမှန်းတောင် မသိတော့ပါဘူး .... "

"ကဲ .... တို့ညီအစ်ကိုနှစ်ယောက် နေ့လယ်စာ အတူစားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့ .... "

အရိပ်နီသိုင်းသမားက တိန့်ထောက်လက်ကိုဆွဲပြီး စားသောက်ဆောင်ထဲသို့ ခေါ်လာခဲ့သည်။ စားသောက်ဆောင်တွင် သူတို့နှစ်ယောက်အတွက် စားသောက်ဖွယ်ရာများကို အသင့်ပြင်ဆင်ထားပြီး နေလေပြီ။

အိမ်ဖော်မိန်းကလေးနှစ်ယောက်ကလည်း စားပွဲကြီးနှင့် မလှမ်းမကမ်းတွင် ရပ်နေကြသည်။

တိန့်ထောက်နှင့်အရိပ်နီသိုင်းသမားတို့နှစ်ယောက် စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပြီး စားရင်းသောက်ရင်း စကားပြောကြသည်။

"ဒီတစ်ခေါက် အစ်ကိုကြီးခရီးထွက်သွားတာ ဘာသတင်းထူးများ ကြားခဲ့ရသေးသလဲ .... "

"တခြားလူရဲ့ သတင်းထူးကိုတော့ မကြားခဲ့ပါဘူး၊ ဒါပေမယ့် အစ်ကိုကြီးကိုယ်တိုင် တွေ့ကြုံခဲ့တဲ့ ထူးထူးဆန်းဆန်းဖြစ်ရပ်တစ်ခုကိုတော့ ညီလေးကို ပြောပြရဦးမယ် .... ဒါနဲ့ ညီလေးတစ္ဆေသရဲကို ယုံသလား .... "

"အမှန်အတိုင်းပြောရရင် ကျွန်တော်တော့ မယုံဘူး အစ်ကိုကြီး .... "

"သြော် .... ညီလေးက မယုံကြည်ဘူးကိုး .... အစ်ကိုကြီးလည်း အစက အယုံကြည်ပါဘူး .... ဒါပေမယ့် အခုတစ်ခေါက် အစ်ကိုကြီး တွေ့ကြုံခဲ့တဲ့အဖြစ်အပျက်က ယုံကြည်ရမလို ဖြစ်နေတယ် ...."



"ဟင် .... အစ်ကိုကြီးက ဘယ်လိုအတွေ့အကြုံမျိုး တွေ့ကြုံခဲ့လို့လဲ .... "

"ပြောပြမယ်ညီလေး .... နားထောင်ပြီး .... ညီလေးလည်း ဝေဖန်ကြည့်ပါ .... အဲ အစ်ကိုကြီး ကျောင်းဟန်မြို့ကိုသွားတော့ လမ်းခရီးမှာ လုံဟိုက်စန်းတောင်ကို ဖြတ်ကျော်ရတယ်လေ .... ကျောင်းဟန်မြို့ကို သွားဖို့အတွက် အနီးဆုံးဖြတ်လမ်းဖြစ်နေလို့ပဲ ဆိုပါတော့"

## အခန်း(၇)

## အိပ်မက်လေလော

အရိပ်နီသိုင်းသမား လုံဟိုက်စန်းတောင်ပေါ်သို့ ရောက်တော့ နေဝင်မိုးချုပ်နေလေပြီ။

သို့သော် သူသည် အနားယူခြင်းမရှိ။ တောင်ပေါ်ခရီးကို ဆက်၍ နှင်လာခဲ့သည်။

သန်းခေါင်ယံအချိန်တွင်မူ သူသည် သစ်ပင်ကြီးတစ်ပင်အောက်တွင် နားနေလိုက်ရတော့၏။ ဤနေရာမှာပင် ညအိပ်၍မိုးလင်းမှ ခရီးဆက်ရပေလိမ့်မည်။

အရိပ်နီသိုင်းသမား ထိုင်နားနေ၍မှ မကြာမီ မီးလုံးကလေးတစ်လုံး သူ့ဆီကိုလာနေသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ မီးလုံးကလေးမှာ သူ့ထံသို့ နီးကပ်လာသည်။ သူသည် အံ့သြတကြီးဖြင့် မီးလုံးကလေးကို မျက်တောင်မခတ်ကြည့်နေမိသည်။

အနီးကိုရောက်လာမှ မီးလုံးကလေးမှာ မီးပုံးတစ်လုံး ဖြစ်ကြောင်း မြင်ရ၏။ ၎င်းမီးပုံးကို လှပချောမောသော မိန်းကလေးတစ်ယောက်က ကိုင်ဆောင်လာခြင်း ဖြစ်၏။ မိန်းကလေးသည် နန်းတွင်းသူကဲ့သို့ ဝတ်ဆင်ထားသည်။



ဤကဲ့သို့ သန်းခေါင်ယံအချိန်တွင် ဤကဲ့သို့ပုံစံမျိုးဖြင့် မိန်းမချောကလေးကို တွေ့လိုက်ရသဖြင့် အရိပ်နီသိုင်းသမား စဉ်းစားမရအောင် ဖြစ်သွားမိသည်။

လူနေအိမ်ခြေနှင့် မနီးသော ဤလိုနေရာ ဤလိုအချိန်မျိုးတွင် သူတွေ့ရသော မိန်းကလေးမှာ လူသားစင်စစ်မှ ဟုတ်ပါလေရဲ့လား ဟူ၍လည်း တွေးမိသည်။ တစ္ဆေသရဲနာနာဘာဝများ ဖြစ်လေမလားဟုလည်း စဉ်းစားမိသည်။

သူသည် သတိဖြင့် မိန်းကလေးကို အကဲခတ်ကြည့်နေလေရာ မိန်းကလေးက သူ့ကို ပျူငှာစွာ ပြုံးပြ၍ နန်းတွင်းသူတို့ နှုတ်ဆက်ပုံအတိုင်း ရိုကျိုးစွာ နှုတ်ဆက်သည်။ ကျိုးနွံစွာဖြင့်လည်း စကားကို ဆိုသည်။ သူမ၏အသံမှာ ချိုလွင်ကြည်အေးလှသည်။

"သခင်ကြီးကို ကျွန်တော်မျိုးမ ဦးညွတ်ပါတယ်၊ ကျွန်တော်မျိုးမရဲ့ အရှင်သခင်မကြီးက သခင်ကြီးကို တွေ့ဖို့လိုတဲ့အတွက် လေးလေးစားစား ဖိတ်ခေါ်နိုင်းလိုက်ပါတယ် .... ကျွန်တော်မျိုးမနဲ့အတူ သခင်ကြီးက နန်းဆောင်ကို ကြွလှမ်းဖို့ တောင်းပန်ပါရစေ .... "

မိန်းကလေး၏ ဖိတ်ခေါ်ချက်ကြောင့် အရိပ်နီသိုင်းသမား ပိုမို၍ အံ့သြနေသည်။

စဉ်းစားမရအောင် ဖြစ်ရသည်။ ဤနေရာ ဤဒေသတစ်ဝိုက်တွင် ရိုးရိုးအိမ်ခြေများပင်မရှိကြောင်း သူသိထားသည်။ နန်းဆောင်ကဲ့သို့ ကြီးကျယ်ခမ်းနားသော အဆောက်အအုံရှိသည်ကိုလည်း မကြားဘူးချေ။

ရန်သူက ပရိယာယ်ဆင်ပြီး ခေါ်ယူခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် မကောင်းဆိုးဝါးများက လာရောက်လှည့်ဖြားနေခြင်းလည်း

ဖြစ်နိုင်ကြောင်း အရိပ်နီ သိုင်းသမားစဉ်းစားမိသဖြင့် လိုက်သွားလိုစိတ် မရှိချေ။

အရိပ်နီသိုင်းသမားက ကောင်းကောင်းမွန်မွန်ပင် ပြန်ပြော လိုက်သည်။

"အခုလို ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ် .... ဒါပေမယ့် ငါ့အနေနဲ့ အရေးတကြီး ခရီးဆက်စရာရှိနေလို့ မလိုက်နိုင်တော့ပါဘူး၊ အပြန်ကျမှပဲ အခွင့်သင့်ရင် ဖိတ်ခေါ်ချက်ကို လက်ခံပြီး လိုက်လည်ပါ့ မယ် .... "

မိန်းကလေးက ပြုံးရယ်လိုက်ပြီး ....

"ဟင်း .... ဟင်း .... ဟင်း .... ဟင်း .... သခင်ကြီးက ကျွန်တော်မျိုးမနဲ့ လိုက်ရမှာ စိုးရိမ်နေတယ်နဲ့တူတယ် .... စိတ်ချပါရှင် သခင်ကြီးမှာ ဘယ်လိုအန္တရာယ်မျိုးမှ မပေါ်ပေါက်စေရပါဘူးလို့ .... ကျွန်တော်မျိုးမရဲ့ အရှင်သခင်မကြီးက ကတိပေးလိုက်ပါတယ် .... ကျွန်တော်မျိုးမကလည်း ကတိပေးပါတယ် .... ကျွန်တော်မျိုးမရဲ့ အရှင်သခင်မကြီးက အင်မတန်မှ စိတ်ထားသဘောထား ပြည့်ဝတဲ့ ပုဂ္ဂိုလ်ပါ .... "

အရိပ်နီ သိုင်းသမား၏စိတ်ထဲတွင် မိန်းကလေးဖိတ်ခေါ်ရာ သို့ လိုက်သွားပါက ထူးခြားသော အတွေ့အကြုံများကို တွေ့ကြုံရလိမ့် မည်ဟု တွေးမိသဖြင့် လိုက်သွားလိုစိတ်လည်း ပေါ်ပေါက်လာသည်။ သူ၏ လုံခြုံရေးကိုပါ တာဝန်ယူကတိပေးသဖြင့် စိုးရိမ်စရာ မလိုချေ။

"ကောင်းပြီလေ .... ဒီလိုဆိုလည်း ခဏဖြစ်ဖြစ် လိုက်လာခဲ့ပါ့ မယ် .... "



မိန်းကလေးက ဝမ်းသာအားရဖြင့် ရှေ့မှ ဦးဆောင်လမ်းပြ ကာ အရိပ်နီသိုင်းသမားကို ခေါ်သွားသည်။ အရိပ်နီသိုင်းသမားလည်း နောက်မှ သတိထားလျက် လိုက်သွားသည်။

မိန်းကလေးသည် ကိုယ်ဖော့ပညာကို သုံး၍ ရှေ့မှအပြေးနှင် နေသည်။ အရိပ်နီသိုင်းသမားပင်လျှင် မီအောင် မနည်းလိုက်ရသည်။ မိန်းကလေး၏အဆင့်မြင့်သော ကိုယ်ဖော့ပညာကို စိတ်ထဲမှ အံ့သြ ချီးကျူးမိလေသည်။

လရောင်ပင် အရိပ်မထိုးနိုင်အောင် သစ်ပင်များအုပ်ဆိုင်းစွာ ပေါက်ရောက်နေသော တောအုပ်ကြီးထဲသို့ ရောက်လာသည်။ မီးပုံ၏ အလင်းရောင်ကြောင့်သာ သွားလာ၍ အဆင်ပြေသည်။ သို့မဟုတ်ပါက ဤမျှ အပြေးနှင်နေသော အရှိန်အဟုန်ကြောင့် ကမူများ ချိုင့်များကို နင်းမိနိုင်လေသည်။

တောအုပ်ထဲတွင် ကွေ့ကွေ့ကောက်ကောက်ဖြင့် အတန် ကြာအောင် သွားမိကြပြီးနောက် မြက်လပ်ဆီသို့ ရောက်လာသည်။ မြက်လပ်အလယ်တွင် ဝေါယာဉ်တစ်စီးရပ်ထားသည်ကို မီးရောင် ဖြင့် လှမ်းတွေ့ရသည်။ ဝေါယာဉ်အနီးတွင် မင်းမှုထမ်းဝတ်စုံဖြင့် ရပ်နေ ကြသည့် ဝေါယာဉ်ထမ်းလူသန်ကြီးနှစ်ယောက်ကိုလည်း မြင်ရသည်။

မိန်းကလေးနှင့် အရိပ်နီသိုင်းသမားတို့နှစ်ယောက် ဝေါယာဉ် အနီးသို့ ရောက်လာသည်။ ဝေါယာဉ်မှာ အမိုးအကာလုံခြုံစွာရှိပြီး ဝေါယာဉ်တံခါးကို အဆင်သင့်ဖွင့်ထားသည်။

မိန်းကလေးက အရိပ်နီသိုင်းသမားကို ဦးညွှတ်၍ပြောသည်။

"ဝေါယာဉ်ပေါ်ကို ကြွပါ သခင်ကြီး"

ယခုအခြေအနေရောက်လာမှ နောက်ဆုတ်၍ မဖြစ်တော့

သဖြင့် အရိပ်နီသိုင်းသမားလည်း ဘာမှ ပြန်မေးမနေတော့ဘဲ ဝေါယာဉ်ထဲကို ဝင်ထိုင်လိုက်သည်။

လူသန်ကြီးတစ်ယောက်က ဝေါယာဉ်တံခါးကို ပိတ်လိုက်သည်။

အရိပ်နီသိုင်းသမားရှိနေသော ဝေါယာဉ်ထဲတွင် အမှောင်ထုဖုံးသွားသည်။ သူသည် အပြင်ဘက်ကိုလည်း မမြင်ရတော့ချေ။

ဝေါယာဉ်မြောက်တက်သွားသည်ကို သူသိရသည်။ ဝေါယာဉ်မှာ အနည်းငယ်ယိမ်းလှုပ်နေရာ ဝေါယာဉ်ထမ်းသမားများက ဝေါယာဉ်ကို ထမ်းပြေးနေကြပြီဖြစ်ကြောင်း အရိပ်နီသိုင်းသမား သိရပြန်သည်။

သူသည် ဤခရီးစဉ်ကို လိုက်ပါမိသည်မှာ မှားလေပြီလားဟု တွေးမိသည်။ သို့သော် ယခုတွေ့ရသော မိန်းကလေးနှင့် လူသန်ကြီးနှစ်ယောက်၏ ဝတ်စားဆင်ယင်ပုံများမှာ ဤလိုအရပ်ဒေသတွင် ထူးခြားနေသဖြင့် ထူးခြားဆန်းကြယ်မှုကို တွေ့နိုင်ကြောင်း စဉ်းစားမိပြန်ပြီး ခရီးဆုံးအထိ လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အချိန်အတော်ကြာအောင် ဝေါယာဉ်သည် သွားလျက်ရှိသည်။ အပြင်ဘက်ကို မမြင်ရသဖြင့် မည်သည့်အရပ်ဒေသသို့ ရောက်နေကြောင်းလည်း အရိပ်နီသိုင်းသမား မသိချေ။

နောက်တော့ ဝေါယာဉ်ရပ်သွားပြီး နိမ့်ခနဲ ဖြစ်သွားသည်ကို အရိပ်နီသိုင်းသမား ခံစားလိုက်ရ၏။ ဝေါယာဉ်တံခါးလည်း ပွင့်သွားသည်။

ဝေါယာဉ်အပြင်ဘက်တွင် မီးပုံးကိုင်ထားသော မိန်းကလေးပေါ်လာပြီး အရိပ်နီသိုင်းသမားကို အပြင်ဘက်ထွက်ပါရန် ပြောသည်။



အရိပ်နီသိုင်းသမားလည်း ဝေါယာဉ်ထဲမှ ထွက်လိုက်သည်။

အပြင်ဘက်အရောက်တွင် မြင်ရသော မြင်ကွင်းကြောင့် .... အရိပ်နီသိုင်းသမား အံ့သြတကြီး ဖြစ်သွားမိလေသည်။

မီးရောင်တွေ ထိန်ထိန်လင်းနေသော၊ ခမ်းနားကြီးကျယ်သော နန်းဆောင်ကြီးတစ်ဆောင်ကို တွေ့ရသောကြောင့် ဖြစ်သည်။

နန်းဆောင်ကြီး၏ ပတ်လည်တွင် ရောင်မျိုးစုံသော ပန်းပင်များ ရှိသည်။ ပန်းရနံ့တို့က ကြိုင်လှိုင်မွှေးပျံ့နေသည်။

နန်းဆောင်တံခါးပေါက်ဝအထိ ကျောက်ပြားဖြူများကို လမ်းခင်းထား၏။

"ကျွန်တော်မျိုးမရဲ့နောက်က လိုက်လာခဲ့ပါ သခင်ကြီး ...."

မီးပုံးကိုင် မိန်းကလေးက ပြောပြောဆိုဆိုဖြင့် ရှေ့မှ ဦးဆောင်ထွက်ခွာသွားသဖြင့် အရိပ်နီသိုင်းသမားလည်း လိုက်လာလေသည်။

ဤကဲ့သို့ တောကြီးမျက်မည်းထဲတွင် ဤမျှခမ်းနားထည်ဝါသော နန်းဆောင်ရှိသဖြင့်လည်း စဉ်းစားမရအောင် ဖြစ်မိသည်။

နန်းဆောင်တံခါးပေါက်သို့ အရောက်တွင် မီးပုံးကိုင် မိန်းကလေးက ရပ်လိုက်ပြီး အသံကိုမြှင့်၍ အော်ပြောလိုက်၏။

"ဧည့်သည်တော် ရောက်လာပါပြီ ...."

မိန်းကလေး၏ စကားသံဆုံးသွားပြီး မရှေးမနှောင်းပင် တံခါးမကြီးလည်း တဖြည်းဖြည်း ပွင့်သွားသည်။ နန်းဆောင်ထဲမှ ထိန်ထိန်လင်း ထွန်းညှိထားသော မီးရောင်တွေလည်း အပြင်ကို လျှံထွက်လာသည်။

မီးပုံးနှင့် မိန်းကလေးက ရှေ့မှ ဝင်သွားရာ အရိပ်နီသိုင်းသမားလည်း နန်းဆောင်ထဲ လှမ်းဝင်ခဲ့သည်။

ခန်းမကျယ်ကြီးထဲသို့ရောက်လာပြီး အရိပ်နီသိုင်းသမား၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင် ဒေါင်းမွေးယပ်တောင်များကို ကိုင်၍လည်းကောင်း၊ တုတ်တံရှည် သားမြီးယပ်တောင်များကို ကိုင်၍လည်းကောင်း တန်းစီရပ်နေကြသော မိန်းမလှကလေးများကို တွေ့ရသည်။ အားလုံးပင် နန်းတွင်းသူ အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။

လှေတန်းနှစ်တန်း၏ တစ်ဘက်ထိပ်အလယ်တည့်တည့်တွင် စင်မြင့်ကလေးတစ်ခုရှိပြီး စင်မြင့်ပေါ်တွင် ကုလားထိုင်ကြီးသုံးလုံးရှိနေသည်။ အလယ်ကုလားထိုင်ကြီးပေါ်တွင် ဘုရင်မတစ်ပါး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမျိုးဖြင့် အမျိုးသမီးတစ်ယောက် ထိုင်နေသည်။

သူမသည် ထိုင်နေခြင်းဖြစ်သော်လည်း သူမ၏ အချိုးအစားကျလှသော ခန္ဓာကိုယ်မှာ ပေါ်လွင်လှ၏။ သူမ၏မျက်နှာကိုမူ အမည်းရောင် ပဝါစဖြင့် ဖုံးအုပ်ထားသဖြင့် မမြင်ရချေ။

မျက်နှာပဝါဖုံးထားသော သူမက အရိပ်နီသိုင်းသမားကို မြင်သည်နှင့် ထိုင်ရာမှထရပ်ပြီး ကြိုဆိုဖိတ်ခေါ်လိုက်သည်။

“ကြွပါရှင် .... ကြွပါ .... ဒီထိုင်ခုံမှာလာပြီး ထိုင်ပါ ....”

အရိပ်နီသိုင်းသမားလည်း ရွံ့တွန့်တွန့်လုပ်မနေဘဲ စင်မြင့်ဆီကို လျှောက်သွားသည်။ စင်မြင့်ပေါ်ကိုတက်ပြီး မျက်နှာပဝါဖုံးထားသော အမျိုးသမီးညွှန်ပြသော ထိုင်ခုံတွင် ရဲရဲဝံ့ဝံ့ဝင်ထိုင်လိုက်သည်။

အမျိုးသမီးက ကြည်လင်ချိုမြသော လေသံဖြင့် မေးမြန်းသည်။

“ရှင်က သိုင်းလောကသားတစ်ယောက်ပဲ မဟုတ်လား”

အရိပ်နီသိုင်းသမားမှာ ခေည့်သည်တစ်ယောက် ဖြစ်နေသောကြောင့် အိမ်ရှင်က ပျူငှာစကားဆိုလာသောအခါ ကောင်းကောင်းမွန်



မွန်ပင် ပြန်ဖြေသည်။

“ဟုတ်ပါတယ် .... ကျွန်တော်ဟာ သိုင်းလောကသားတစ်ယောက်ပါပဲ ....”

“ရှင့်ရဲ့ဘွဲ့နာမည်ကကော ....”

“ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် သိပါရစေဦး”

“ကျွန်မက ဝေလင်းသခင်မပါ .... ရှင့်ဆီက သိုင်းလောကရဲ့ အခြေအနေကို သိချင်ပါတယ် .... ကျွန်မကို ပြောပြဖို့ တောင်းပန်ပါတယ် ....”

သိုင်းလောက အခြေအနေကို သူသိသမျှ ပြောပြရန်မှာ မည်သူ့ကိုမှ မထိခိုက်နိုင်သဖြင့် အရိပ်နီသိုင်းသမားလည်း ပြောပြလိုက်သည်။ သိုင်းလောကတွင် နာမည်ကြီးနေသော သိုင်းအကျော်အမော်ကြီးနှစ်ဦးသုံးဦး၏ အကြောင်းကိုလည်း ပြောပြလိုက်သည်။

ဝေလင်းသခင်မက စိတ်ပါဝင်စားစွာ ဂရုစိုက်နားထောင်သည်။ သူမ ရှင်းလင်းသည့်အချက်ကို ကြားဖြတ်မေးမြန်းသည်။

ထိုအချိန်မှာပင် သူတို့၏ရှေ့တွင် စားပွဲရှည်တစ်လုံး လာခင်းပြီး မွှေးကြိုင်သင်းပျံ့သော စားကောင်းသောက်ဖွယ်များကိုလည်း မိန်းမချောကလေးများက လာရောက်ချပေးကြသည်။

“ရှင်လည်း ပြောပြရတာ အာခြောက်နေရောပေါ့ .... အားပါးတရ စားလိုက်သောက်လိုက်ပါဦးရှင် .... ခုလို ကျွန်မသိချင်တာတွေကို ပြောပြတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်လှပါတယ် ....”

အရိပ်နီသိုင်းသမားလည်း ဗိုက်ဆာနေသဖြင့် ဟန်ဆောင်မနေတော့ဘဲ အရက်ကိုလည်းသောက်၊ အစားကိုလည်းစားတော့သည်။

အရက်မှာ ချိုအေးပြီး မွှေးနေသည်။ ဤကဲ့သို့အရက်မျိုးကို အရိပ်နီသိုင်းသမားမသောက်ဘူးချေ .... ။ သူသည် သောက်ကောင်းကောင်းနှင့် အရက်သုံးခွက်ဆင့် သောက်လိုက်သည်။

အရက်သုံးခွက်ဝင်သွားသည်နှင့်အရိပ်နီသိုင်းသမားမှာအတော်မူးဝေသွားပြီ ဖြစ်၏။ အဝင်ကောင်းသလောက် အမူးကြမ်းသောအရက်ပင်ဖြစ်၏။ သူသည် စကားတွေကို တွင်တွင်ပြောနေသော်လည်း မည်သည့်စကားများကို ပြောနေကြောင်း မသိတော့ချေ။

နောက်ဆုံးတွင် သတိလစ်သွားသည်။ ဘာဆို ဘာမှမသိတော့ချေ။

အခန်း(၈)

## ဝိညာဉ်ပြန်ကျွန်း

အရိပ်နီသိုင်းသမား၏ ရှင်းလင်းပြောပြချက်ကို စိတ်ဝင်တစားနားထောင်နေသော တိန့်ထောက်က စိုးရိမ်စိတ်ဖြင့် ကြားဖြတ်ဝင်မေးလိုက်၏။

“ဟင် .... သူတို့က အစ်ကိုကြီးကို ထောင်ချောက်ဆင် ဖမ်းလိုက်ကြတာလား ....”

အရိပ်နီသိုင်းသမားက ခေါင်းကို ခါယမ်း၍ ....

“ဒီလိုတော့ မဟုတ်ဘူးညီလေးရဲ့ .... ပြောပြမယ်လေ .... အစ်ကိုကြီး သတိရလာတော့ နေရောင်ကို ဦးဆုံးစပြီး မြင်ရတယ် ....” ပြီးတော့ အစ်ကိုကြီးက နန်းဆောင်ထဲမှာ မဟုတ်တော့ဘူး ....”

“ဟင် .... ဘယ်ကိုရောက်နေသလဲ အစ်ကိုကြီး ....”

“ညတုန်းက အစ်ကိုကြီးစခန်းချ အနားယူမယ်ဆိုတဲ့ သစ်ပင်ကြီးအောက် ပြန်ရောက်နေတယ် .... မီးပုံးကိုင် မိန်းကလေးနဲ့ စပြီးတွေ့တဲ့နေရာပေါ့ .... အစ်ကိုကြီးစိတ်ထဲမှာ အတော်ကလေး ဇဝေဇဝါဖြစ်သွားတယ် .... အစ်ကိုကြီး ထူးထူးဆန်းဆန်းတွေ့ဆုံရတာတွေဟာအိပ်မက်များ ဖြစ်နေမလားလို့လည်း စဉ်းစားမိတယ် ....”

"အိပ်မက်များလား အစ်ကိုကြီး ...."

"သက်သေခံပစ္စည်းနှစ်ခုကိုသာ မတွေ့ရင် အိပ်မက်လို့ပဲ သတ်မှတ်မိမှာပဲ ညီလေး .... ခုတော့ အစ်ကိုကြီးရဲ့အနားမှာ ထူးခြားတဲ့ ပစ္စည်းလေးနှစ်ခုကို တွေ့ရလို့ အိပ်မက်မဟုတ်ဘဲ တကယ်ပဲ ကြုံတွေ့ခဲ့တာရလို့ သိရတာပဲ ...."

"ဘယ်လို သက်သေခံပစ္စည်းနှစ်ခုလဲ အစ်ကိုကြီး ...."

အရိပ်နီသိုင်းသမားက သူ့ရင်ဖုံးအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး ဆွဲထုတ်လိုက်ရာ ငါးလက်မခန့်အရှည်ရှိသော ကျောက်ဆစ်ရုပ်ကလေးနှစ်ရုပ် ပါလာလေသည်။ တိန့်ထောက်ကို လှမ်းပေးရာ တိန့်ထောက်က ယူပြီး သေသေချာချာ ကြည့်သည်။

ကျောက်ဆစ်ရုပ်နှစ်ရုပ်မှာ နန်းတွင်းသူဝတ်စုံ ဝတ်ထားသော မိန်းကလေး၏ပုံပင် ဖြစ်၏။

သေးသော်လည်း လက်ရာမြောက်လှသဖြင့် မျက်နှာအနေအထားကအစ အသက်ဝင်လှသည်။

"အတော့်ကို အနုစိတ်ထုလုပ်ထားတဲ့ အရုပ်ကလေးနှစ်ရုပ်ပဲ အစ်ကိုကြီး ...."

"အစ်ကိုကြီးတွေ့ခဲ့တဲ့ .... နန်းတွင်းသူ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဟာ ဒီကျောက်ဆစ်ရုပ်တွေအတိုင်းပဲညီလေး"

"အင်း .... အစ်ကိုကြီး တွေ့ကြုံခဲ့ရတာတော့ အတော့်ကို ထူးဆန်းတဲ့ဖြစ်ရပ်ပဲ .... တောကြီးတောင်ကြီးထဲမှာ ဘယ်လိုလုပ်ပြီး ခမ်းနားလှတဲ့ နန်းဆောင်ရှိနိုင်မှာလဲ .... ပြီးတော့ အစ်ကိုကြီးဆီမှာ ဒီကျောက်ဆစ်ရုပ်တနှစ်ရုပ်ကို ထားခဲ့တာလည်း အတော့်ကို ဆန်းနေတယ် .... ပြီးတော့ အစ်ကိုကြီးကိုခေါ်ပြီး သိုင်းလောကရဲ့အကြောင်း



ကို မေးရုံသက်သက်ဆိုတာလည်း စဉ်းစားစရာပဲ ...."

"အစ်ကိုကြီးလည်း ခုထက်ထိ ဒီကိစ္စကို စဉ်းစားလို့မရအောင်ဖြစ်နေသေးတယ် ညီလေး ...."

"အစ်ကိုကြီး ဝေလင်းသခင်မရဲ့နာမည်ကို သိုင်းလောကမှာ ကျွန်တော်တော့ မကြားဖူးဘူး .... အစ်ကိုကြီးကောကြားဖူးသလား"

"မကြားဖူးပါဘူး .... ကြားဖူးမှတော့ သူတို့ကို တန္တေသရဲ့ဖြစ်လိမ့်မယ်လို့ အစ်ကိုကြီး ဘယ်တွေးပါ့မလဲ ...."

"ကျွန်တော့်မှာ .... မိတ်ဆွေကြီးတစ်ယောက်တော့ရှိတယ် အစ်ကိုကြီး .... သူက သိုင်းလောကသားတွေအကြောင်းကို ရှေ့မီနောက်မီဆိုသလို သိထားတယ် ...."

"ညီလေးရဲ့ မိတ်ဆွေကြီးက ဘယ်သူလဲ ...."

"အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်ပဲ.... ဝေလင်းသခင်မကို သူသိမလား မသိဘူး ...."

"ဒါပေမယ့် .... အားလုံးသိသိုင်းသမားဟာ သိုင်းလောကမှာ ပျောက်ကွယ်နေတာ ဆယ်နှစ်လောက်ရှိသွားပြီ ညီလေး .... သူ ဘယ်မှာ ဇာတ်မြှုပ်နေတယ်ဆိုတာလည်း ဘယ်သူမှမသိကြဘူး ...."

တိန့်ထောက်လည်း ခေါင်းတစ်ချက်သာ ညိတ်လိုက်ပြီး .... စကားကြောရှည်နေမည်စိုးသဖြင့် အားလုံးသိချွမ်းကြည်၏အကြောင်းကို ဆက်မပြောတော့ချေ။

"အစ်ကိုကြီးကို ကျွန်တော် တစ်ခုလောက် မေးမြန်းပါရစေခင်ဗျာ ...."

"တို့တစ်တွေဟာ သိုင်းညီအစ်ကိုတွေဖြစ်နေကြပြီပဲ ညီလေး

ရယ် .... ခွင့်တောင်းနေရော မလိုပါဘူး .... မေးစရာရှိတာသာ မေးပါ"

"ကျွန်းဟာ ဝိညာဉ်ပြန်ကျွန်းလို့ ခေါ်သလား အစ်ကိုကြီး"

အရိုပ်နီသိုင်းသမား အံ့သြသယောင် ဖြစ်သွားပြီးမှ ခေါင်းကို ညိတ်၍ ....

"ဟုတ်တယ်ညီလေး .... ဒီကျွန်းဟာ ဝိညာဉ်ပြန်ကျွန်းပဲ .... ညီလေးကို ဘယ်သူကပြောသလဲ .... "

"စကားစပ်မိလို့ မိတ်ဆွေတစ်ယောက်က ပြောပြတာပါ .... အစ်ကိုကြီးဟာ ဝိညာဉ်ပြန်ကျွန်းသခင်ကြီးရဲ့ အမွေဆက်ခံခဲ့တဲ့ တပည့်ပဲလား .... "

"အင်း .... တပည့်လို့တော့ ပြောလို့မရဘူးညီလေး ဝိညာဉ်ပြန်ကျွန်းသခင်ကြီး ကွယ်လွန်သွားတော့ .... သူ့ရဲ့အမွေအနှစ်တွေကို အစ်ကိုကြီးကပဲ ထိန်းသိမ်းလာခဲ့ရတယ်လေ .... သူနဲ့အစ်ကိုကြီးနဲ့ ဆွေမျိုးသားချင်း တော်တယ်ဆိုပါတော့ .... "

အရိုပ်နီသိုင်းသမားက စကားကိုဖြတ်ပြီး အရက်တစ်ခွက်ကို ငုံ့သောက်သည်။ အသားကင်တစ်တုံးကို တူဖြင့်ညှပ်၍ အရသာခံစားနေ၏။ နောက်အရက်ကို သောက်နေပြန်သည်။

ဝိညာဉ်ပြန်ကျွန်းနှင့်ပတ်သက်သော ကိစ္စအဝဝကို သိပ်ပြီးပြောလိုပုံမရသဖြင့် တိန့်ထောက်လည်း မမေးမြန်းတော့ပါချေ။

ထိုစဉ် အရိုပ်နီသိုင်းသမား၏ ခန္ဓာကိုယ် ဆတ်ခနဲတစ်ချက်တုန်သွားပြီး သူ့အမူအရာမှာလည်း ချက်ချင်းပြောင်းသွားသည်။

သူ့မျက်လုံးအစုံမှာလည်း ရီဝေမှေးမှိန်လာပြီး တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်လာသည်။ မျက်စိမျက်နှာလည်း ပျက်နေသည်။

တိန့်ထောက်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး စိုးရိမ်တကြီး



နှင့် မေးလိုက်မိ၏။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး .... "

အရိုပ်နီသိုင်းသမားက တိန့်ထောက်ကို လက်ကာပြလိုက်ပြီး အိမ်ဖော်မိန်းကလေးနှစ်ယောက်ကို လှမ်းပြောသည်။ သူ့အသံက တုန်ယင်နေသည်။

"ငါ့ကို မြန်မြန်ဆွဲခေါ်ကြစမ်း .... "

အိမ်ဖော်မိန်းကလေးနှစ်ယောက်လည်း ထိတ်ထိတ်ပျာပျာဖြင့် အရိုပ်နီသိုင်းသမားထံ ရောက်လာကာ ဝဲယာတစ်ဖက်တစ်ချက်ဆီမှ တွဲထူကာ ခေါ်သွားကြ၏။

တိန့်ထောက်လည်း လိုက်သွားရကောင်းမလား .... ၊ နေခဲ့ရကောင်းမလား ဝေခွဲမရ ဖြစ်နေသည်။

အရိုပ်နီသိုင်းသမား မည်ကဲ့သို့ဖြစ်သွားသည်ကိုလည်း စဉ်းစားမရချေ။

ဖုန်းသူးလည်း တိန့်ထောက်အနီးရောက်လာသည်။ သူ၏မျက်နှာမှာလည်း သိပ်ပြီး မကောင်းလှချေ။ တိန့်ထောက်က မေးသည်။

"ဖုန်းစူးတို့သခင်ကြီး ဘယ်လိုဖြစ်သွားတာလဲ .... "

ဖုန်းစူးက စိတ်မချမ်းမြေ့စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"သခင်လေးကိုတော့ .... ဖုံးကွယ်ထားစရာ မလိုပါဘူး .... ကျွန်တော်တို့ သခင်ကြီးမှာ ရောဂါဆန်းတစ်မျိုး ရှိနေပါတယ် .... အခုဆို သူ့ရဲ့ရောဂါ ထလာလို့ပါပဲ .... အဲဒီရောဂါဖြစ်လာပြီဆိုရင် သခင်ကြီး

ကို အလုံပိတ်ထားတဲ့ အခန်းထဲမှာ သွင်းထားရပါတယ် .... "

"ဘယ်လိုရောဂါဆန်းမျိုးလဲ ဖုန်းစူး .... "

"အင်း .... ရောဂါနာမည်ကို ဘယ်လိုခေါ်ရမယ်တောင် မသိပါဘူး သခင်လေးရယ် .... အရှင်းဆုံးပြောရရင်တော့ အရူးရောဂါမျိုးဆိုပါတော့ .... အခုလိုဆောင်းရာသီကို ရောက်လာပြီဆိုရင် သခင်ကြီးဟာ ခုလိုပဲ ရောဂါဖြစ်လာတတ်ပါတယ် .... အကောင်းဆုံးနေရင်းက ဖြစ်လာတာပါ .... စိတ်ဖောက်သွားတဲ့သဘောပါပဲ .... ဒီရောဂါဖြစ်နေချိန်မှာ ဘယ်သူ့ကိုမှလည်း မမှတ်မိတော့ဘူး .... တွေ့တဲ့လူတိုင်းကို တိုက်ခိုက်သတ်ဖြတ်တတ်တယ် .... ဒါကြောင့် ခိုင်ခံ့လုံခြုံတဲ့အခန်းထဲမှာချည်ပြီး ပိတ်ထားရပါတယ် .... "

တိန့်ထောက် စိတ်မကောင်းဖြစ်သွားပြီး ....

"ဒီလို ခဏခဏ ဖြစ်တတ်သလား ဖုန်းစူး .... "

"ခဏခဏတော့ မဖြစ်တတ်ပါဘူး .... တစ်နှစ်မှာတစ်ခါပဲ ဖြစ်တတ်ပါတယ် .... ဒီရောဂါဖြစ်ရင် တစ်ခါတလေလည်း နှစ်ရက်သုံးရက်လောက်နဲ့ ပြန်ပျောက်သွားတတ်တယ် .... တစ်ခါတလေလည်း ဆယ့်လေးငါးရက်လောက် ကြာတတ်တယ် .... ပျောက်သွားရင်တော့ သူ့အလိုလို ပျောက်သွားတတ်ပါတယ် .... "

"ဒီရောဂါဖြစ်နေတုန်း သူစားဖို့သောက်ဖို့ကော ဘယ်လိုစီစဉ်ပေးရသလဲ .... "

"အလုံပိတ်ထားတဲ့အခန်းထဲမှာ မလွယ်ပေါက်ကလေးတစ်ပေါက်ရှိပါတယ် .... ကြီးကြီးဘွန်းက အစားအသောက်ကို စီစဉ်ပြီး သွားပို့ရပါတယ် .... ကျန်တဲ့လူပို့လို့ မရပါဘူး .... "

တိန့်ထောက် သက်ပြင်းချပြီး ခေါင်းကိုခါယမ်းကာ ....



"အတော့်ကို စိတ်မကောင်းစရာပဲ .... သူ့ကိုငါသွားကြည့်ချင်တယ် .... လိုက်ပို့ပါလား .... "

ဖုန်းစူးက. ခေါင်းကို ဘွင်တွင်ခါယမ်း၍ ....

"သွားမကြည့်ပါနဲ့ သခင်လေး .... အခုဆိုရင် သခင်လေးကိုလည်း သူ မှတ်မိတော့မှာ မဟုတ်ပါဘူး .... လူများများမြင်ရင် သူ့ရောဂါ ပိုဆိုးတတ်ပါတယ် .... "

"အေးလေ .... ဒါဆိုလည်း သွားမကြည့်တော့ပါဘူး .... ငါမြင်ရရင်လည်း ပိုပြီးစိတ်မကောင်းဖြစ်မိလိမ့်မယ် .... ဒါနဲ့ မင်းတို့သခင်ကြီးရဲ့ ရောဂါအမြစ် ပျောက်ကင်းအောင် သမားတော်ကြီးတွေကို မပြဘူးလား .... မကုသဘူးလား .... "

ဖုန်းစူးက သက်ပြင်းချ၍ ....

"သခင်ကြီးကိုယ်တိုင် သမားကောင်းဆရာကောင်းတွေကိုရှာပြီး သူ့ရောဂါကို လုံးလုံးပျောက်အောင် ပြသပါတယ် .... သခင်ကြီးပြောတော့ သူ့ရောဂါအမြစ်ပြတ်ဖို့အတွက် ရှားပါးလှတဲ့ သတ္တဝါမျိုးကိုရမှ ဆေးဖော်လို့ ရမယ်တဲ့ .... "

"ဘယ်လိုသတ္တဝါမျိုးလဲ .... "

"ခြေသုံးချောင်းရှိတဲ့ ဖားကြီးမျိုးတဲ့ .... ကျွန်တော့်တစ်သက်တစ်ကိုယ်တော့ ခြေသုံးချောင်းရှိတဲ့ဖားဆိုလို့ ကြားတောင် မကြားဖူးပါဘူး .... "

တိန့်ထောက်လည်း မျက်မှောင်ကြုတ်သွားသည်။ စဉ်းစားမရဖြစ်သွားသည်။ သူ့တစ်သက်တွင်လည်း ခြေသုံးချောင်း ဖားကြီးမျိုးကို ရှိသည်ဟု မကြားဘူးပါချေ။

"ဖုန်းစူး ဒီဖားကြီးမျိုးရမှ ဆေးဖော်လို့ရမယ်လို့ ဘယ်သမား

တော်ကြီးက ပြောလိုက်တာလဲ ....”

ဖုန်းရူး စဉ်းစားလိုက်ပြီး ....

“သခင်ကြီး ကျောင်းယန်မြို့ကို သွားတာ သူ့ရောဂါကုသမယ့် သမားတော်ကြီးဆီကို သွားတာပါ .... ဒီသမားတော်ကြီးကလည်း သိုင်းလောကသားတစ်ယောက်ပဲ .... သူ့ရဲ့ဘွဲ့နာမည်က အရိပ်မဲ့နတ်ကြီးတဲ့ ....”

တိန့်ထောက် ခေါင်းတဆတ်ဆတ်ညိတ်၍ ....

“အင်း .... ဒီအတိုင်းဆို ငါကိုယ်တိုင် အဲဒီသမားတော်ကြီးဆီကို သွားပြီး သေသေချာချာ မေးမြန်းကြည့်မယ် .... မင်းတို့သခင်ကြီးရဲ့ ရောဂါဝေဒနာအမြစ်ပြတ်ဖို့အတွက် ဘယ်လိုတိရစ္ဆာန်မျိုးကို လိုတယ်ဆိုတာ တိတိကျကျမေးရမယ် ....”

“အရိပ်မဲ့နတ်ကြီးကို တွေ့ဖို့ သိပ်တော့ .... မလွယ်လှဘူးလို့ သခင်ကြီးကတော့ ပြောဖူးတာပဲ .... ဒါပေမယ့် သခင်လေးဆန္ဒရှိရင်တော့ သွားရှာကြည့်ပေါ့ .... သခင်ကြီးတောင် အခုနောက်ပိုင်းမှာ အရိပ်မဲ့နတ်ကြီးကို ရှာလို့ မတွေ့ဘူးလို့ သိရပါတယ် .... အခုတစ်ခေါက် ကျောင်းယန်မြို့ကို သခင်ကြီးသွားတာတောင် အရိပ်မဲ့နတ်ကြီးကို တွေ့မလာဘူးတဲ့ .... စုံစမ်းလို့လည်း မရခဲ့ဘူးတဲ့ ....”

“ငါ သွားရှာကြည့်မယ်လေ ....”

“သခင်လေး ဘယ်တော့သွားမှာလဲ ....”

“သွားဆို အခုပဲ သွားမယ် ....”

“ဒီလိုဆိုရင် ကြီးကြီးဘွန်းကို ကျွန်တော်သွားပြီး အကြောင်းကြားလိုက်ပါရစေဦး သခင်လေး ....”

စကားဆုံးသည်နှင့် ဖုန်းရူး စပ်သွက်သွက် ထွက်သွားသည်။



ခဏနှင့်ကြီးကြီးဘွန်းလည်း တိန့်ထောက်ဆီ ရောက်လာလေသည်။

“သခင်လေး ကျောင်းယန်မြို့ကို သွားပြီး .... အရိပ်မဲ့နတ်ကြီးကို ရှာမလို့ဆိုတာ ဟုတ်ပါသလား ....”

“မှန်ပါတယ် ကြီးကြီးဘွန်း ....”

“သခင်ကြီးရဲ့ရောဂါ သက်သာသွားမှပဲ သူ့ကိုပြောပြီး သွားပါလား ....”

“မစောင့်တော့ပါဘူး ကြီးကြီးဘွန်း .... အရိပ်မဲ့နတ်ကြီးကို စောစောတွေ့ရင် ဆေးဝါးဖော်စပ်ဖို့ လိုအပ်တဲ့ တိရစ္ဆာန်ကို ကျွန်တော် သွားရှာနိုင်တာပေါ့ ....”

ထိုစဉ် ဝတ်စုံနီဝတ်ထားသော မိန်းကလေးတစ်ယောက် ထိတ်ထိတ်ပျာပျာဖြင့် ပြေးဝင်လာသည်။ သူမက စိုးရိမ်ကြောက်ရွံ့စွာဖြင့် ပြောသည်။

“ကြီးကြီးဘွန်း ကိစ္စတော့ များကုန်ပါပြီ ....”

ဝတ်စုံနီမိန်းကလေး၏စကားကြောင့် တိန့်ထောက်နှင့် ကြီးကြီးဘွန်းတို့နှစ်ယောက်စလုံး အရိပ်နီသိုင်းသမားအတွက် စိုးရိမ်သွားကြ၏။

ကြီးကြီးဘွန်းက မျက်စိမျက်နှာပျက်လျက် ....

“ဟဲ့ .... ဘာဖြစ်လာတာတုန်း .... သခင်ကြီး ဘာဖြစ်လို့လဲ”

ဝတ်စုံနီမိန်းကလေးက အသံတုန်တုန်ယင်ယင်ဖြင့် ....

“သခင်ကြီး ဘာမှမဖြစ်ပါဘူး .... အခုတစ်ဘက်ကမ်းကနေ သတင်းပို့လိုက်လို့ပါ .... ကျွန်မတို့သခင်ကြီးနဲ့တွေ့ဖို့ တောင်းဆိုနေကြ

ပါတယ် .... "

ကြီးကြီးဘွန်း မျက်နှာထားတင်းမာသွားပြီး ....

"ဘယ်ဖြစ်မလဲ .... ဒီကျွန်းပေါ်ကို သင်းတို့တတွေ အလာမခံနိုင်ဘူး .... "

"ဒီလိုဆိုရင် သူတို့လက်ထဲမှာ အဖမ်းခံထားရတဲ့ ကျွန်မတို့လူနှစ်ယောက်ကို ဒုက္ခပေးကြပါလိမ့်မယ် ကြီးကြီးဘွန်း .... "

တိန့်ထောက်လည်း ထိုင်ရာမှ ထရပ်လိုက်ပြီး ....

"ကြီးကြီးဘွန်း ဘာမှ မစိုးရိမ်ပါနဲ့.... ဒီပြဿနာကို ကျွန်တော်သွားပြီး ရှင်းလိုက်ပါ့မယ် .... "

တိန့်ထောက်လည်း သူ့အခန်းကို ချက်ချင်းပြန်လာပြီး ခရီးဆောင်အိတ်နှင့် ဓားကိုယူလိုက်သည်။ တစ်ခါတလေ ရည်ရွယ်ထားသည်ထက် ခရီးဝေးဝေးကို ရောက်ကာ သွားရတတ်သော အတွေ့အကြုံမျိုးကို တိန့်ထောက်ရရှိနေပြီဖြစ်သဖြင့် အိမ်ပြင်ကိုထွက်သည်နှင့် ခရီးဆောင်အိတ်ကို ယူတတ်သည်မှာ သူ့အကျင့်ဖြစ်နေလေသည်။

ဖုန်းစူးလည်း တိန့်ထောက်ကို တစ်ဘက်ကမ်းသို့ ပို့ပေးရန် လိုက်လာခဲ့၏။

သူတို့နှစ်ယောက် ကျွန်းအနောက်ဘက်ဆီသို့ လာခဲ့ကြသည်။

အနောက်ဘက်ကမ်းစပ်ဆီသို့ အရောက်တွင် ဖုန်းစူးကျောက်ဆောင်ကြီးတစ်ဆောင်၏ အောက်ခြေနားတွင်ရှိသော မောင်းတံကို ဆွဲလိုက်သည်။

ထိုအခါ ရေကန်ထဲမှ သစ်သားတိုင်များ အစီအရီပေါ်လာသည်။ ရေပြင်ထက်နိမ့်၍ ပေါ်လာခြင်းဖြစ်၏။ ရေမှာကြည်လင်လှသဖြင့် သစ်သားတိုင်များ၏ ထိပ်ကို မြင်နေရသည်။ ဟိုဘက်ကမ်းနှင့်



သည်ဘက်ကမ်းကို တံတားသဖွယ် ဖြစ်နေသည်။

တိန့်ထောက်သည် ပထမအကြိမ် အရိပ်နီသိုင်းသမားနှင့် ဤကျွန်းကို လာစဉ်ကလည်း ယခုကဲ့သို့ပင် ရေထဲမှပေါ်နေသော သစ်သားတိုင်များကို နင်း၍လာခဲ့ဖူးသည်။

ဖုန်းစူးက ဦးစွာတိုင်ထိပ်များကို ခုန်ကျော်နင်း၍ ရေပြင်ပေါ်ဖြတ်သွားသည်။ တိန့်ထောက်လည်း နောက်မှခုန်ကူး၍ လိုက်သွားသည်။ သူတို့နှစ်ဦးကို အဝေးမှ လှမ်းကြည့်မည်ဆိုလျှင် ရေပြင်ပေါ်လမ်းလျှောက်နေသကဲ့သို့ ထင်မှတ်ရသည်။

ခဏနှင့်တစ်ဘက်ကမ်းသို့ ရောက်လာကြသည်။

"ဖုန်းစူးပြန်တော့ .... တိုင်တွေကိုလည်း ပြန်သိမ်းလိုက်"

ဖုန်းစူး ကျွန်းများဆီသို့ ခုန်းကူးသွားသည်။ တစ်ဘက်ကမ်းသို့ ဖုန်းစူးရောက်သွားပြီး တိုင်လုံးများ ရေအောက်ကို ပြန်မြုပ်သွားမှ တိန့်ထောက်လည်း အရှေ့ဘက်ကမ်းကို ပြေးနှင်လာခဲ့သည်။

အရှေ့ဘက်ကမ်းစပ်ကိုရောက်လျှင် ဝတ်စုံနက်များ ဝတ်ဆင်ထားကြသည့် ဝမ်ရဲ့ ရဲတိုက်အဖွဲ့ဝင်များကို တွေ့ရသည်။ အားလုံးလူနှစ်ဆယ်ခန့်ရှိသည်။ အမျိုးသမီးနှစ်ယောက်ကို ဖမ်းထားကြ၏။

ဝမ်ရဲ့ရဲတိုက်အဖွဲ့သားများကို ဦးဆောင်လာသူမှာ စီစန်းတောင်တွင် တိန့်ထောက်ကို တွေ့ခဲ့သော စီမံရေးမှူးဆိုသူပင် ဖြစ်လေသည်။

ဝမ်ရဲ့ အဖွဲ့သားများက ကျွန်းဆီသို့ကူးရန် ဝါးများကို ခုတ်၍ ဖောင်ဖွဲ့နေကြသည်။

တိန့်ထောက်လည်း ကျွန်းဆီသို့ ကြည့်လိုက်သည်။

ကျွန်းပေါ်တွင် အရိပ်နီသိုင်းသမား၏ အိမ်ဂေဟာမှ အမှုထမ်း

များက ဓားလှံလက်နက်များကို အသင့်ကိုင်ပြီး ရပ်နေကြကြောင်း တွေ့ရသည်။

တိန့်ထောက် အချိန်ဆွဲမနေတော့ဘဲ ဝမ်ရဲ့အဖွဲ့သားများထံ ပြေးသွားလေသည်။

## အခန်း(၉)

## အများသိမြင် အမှန်ပြင်

တိန့်ထောက်ကိုမြင်လျှင် ဝမ်ရဲ့အဖွဲ့သားများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ တိုက်ခိုက်ရန်အသင့်ပြင်ကြ၏။

စီမံရေးမှူးကမူ တိန့်ထောက်ကို တွေ့ရသောအခါ အံ့ဩတုန်လှုပ်သွားသည်။ သူသည် တိန့်ထောက်၏ သိုင်းပညာထက်မြက်မှုကို လက်တွေ့သိထားရပြီး ဖြစ်လေသည်။

"ဟင် .... ရောင်ခြည်သိုင်းသမား ...., မင်း .... မင်း ဘယ်လို ရောက်လာတာလဲ .... "

တိန့်ထောက်ကလည်း စီမံရေးမှူး၏မျက်နှာကို စူးစူးဝါးဝါး ကြည့်ပြီး ....

"ဒုစရိုက်သမားတွေ လူဆိုးတွေ ရောက်လေရာအရပ်ကို ကျွပ်လည်း နှိမ်နင်းဖို့ ရောက်လာစမြဲပဲ .... အခု ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ .... "

စီမံရေးမှူးက ဘာမှပြန်မပြောတော့ချေ ....။ သူ့လူများကို အချက်ပြလိုက်သည်။ ချက်ချင်းပင် ဝမ်ရဲ့ရဲတိုက် အဖွဲ့ဝင်များ.က တိန့်

ထောက်ကို ဝိုင်းလိုက်ကြသည်။ ဆက်တိုက်ပင် တိန့်ထောက်ကို ဝိုင်းဝန်း တိုက်ခိုက်ကြသည်။

"ယား .... "

"ဝှစ် .... ဝှစ် .... ဝှစ်"

"ထန်း .... ထန်း .... ခြွမ်း"

"ဟိတ် .... ဟိုင်း"

"အား .... အီး"

"အင့် .... "

အော်ဟစ်မာန်သွင်းသံများ၊ ခုတ်ထစ်သံများ၊ ရှောင်တိမ်းသံများ၊ ညည်းတွားသံများ တခဲနက် ပေါ်ထွက်လာသည်။

အများနှင့်တစ်ယောက်ဖြစ်နေသဖြင့် တိန့်ထောက်ကလည်း မြင်မြင်သမျှ ဝတ်စုံနက်ကို ညှာမနေနိုင်တော့ဘဲ အတင်းထိုးခုတ်တိုက်ခိုက်သည်။

ဝတ်စုံနက်တွေ ဇွေ့ခနဲ ဇွေ့ခနဲ လဲကျကုန်ကြသည်။

စိမ်ရေးမှူးကိုယ်တိုင် တိန့်ထောက်ကို တရကြမ်း ဝင်တိုက်သည်။ သို့သော် သူ၏တိုက်ကွက်က တိန့်ထောက်ကို မထိရောက်လှချေ။

သူ၏လက်မောင်းနှင့် ပေါင်တွင် တိန့်ထောက်၏ဓားချက်ရပြီး ဇွေ့ခနဲ လဲကျသွားသည်။

မြေပေါ်တွင် မတ်တတ်ရပ်ပြီး ကျန်နေသူဆို၍ ဝတ်စုံနက်သုံးယောက်သာ ရှိတော့၏။ သူတို့လည်း သူတို့၏စိမ်ရေးမှူး ဒဏ်ရာရသွားသည်နှင့် တိန့်ထောက်ကို မတိုက်ခိုက်ရဲတော့ဘဲ ပြေးကြတော့သည်။



တိန့်ထောက်က လဲကျနေသော စိမ်ရေးမှူး၏ ရင်ဘတ်ကို ဓားဦးဖြင့် ထောက်ထားလိုက်သည်။ စိမ်ရေးမှူးမှာ ဒဏ်ရာလည်းရထားသဖြင့် မလှုပ်ရဲတော့ချေ။

တိန့်ထောက်က လေသံတင်းတင်းဖြင့် ပြောလိုက်၏။

"ခင်ဗျားကို ကျုပ်မေးခွန်းတွေ မေးမယ် .... မှန်မှန်ဖြေပါ၊ မှန်မှန်မဖြေဘူးဆိုရင်တော့ သေတာထက်ဆိုးတဲ့ ဝေဒနာမျိုးကို ခံစားရအောင် ကျုပ် လုပ်ရလိမ့်မယ် .... "

စိမ်ရေးမှူးက အံကိုတင်းတင်းကြိတ်၍ ....

"မင်း ဘာပဲမေးမေး ငါမဖြေဘူး .... "

တိန့်ထောက်က စိမ်ရေးမှူး၏ ရင်ဘတ်ရှိ သွေးကြောကို ဓားဦးဖြင့် အနည်းငယ်ထိုးလိုက်သည်။

"အား .... အီး .... အီး"

စိမ်ရေးမှူးမှာ နာကျင်လွန်းသဖြင့် မျက်နှာရှုံ့မဲ့သွားကာ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်သွားသည်။ မျက်နှာတွင်လည်း ချွေးပြိုက်ပြိုက်ကျလာသည်။ သူသည် နာကျင်သော ဝေဒနာကို မချိမဆံ့ ခံစားနေရာမှ ပြောသည်။

"ရောင်ခြည်သိုင်းသမား ကျုပ်ကိုမနှိပ်စက်ပါနဲ့ .... သတ်လိုက်ပါ .... "

"ခင်ဗျားတို့က ဘာဖြစ်လို့ ဝမ်ရဲ့ရဲတိုက်အပေါ် ဒီလောက်သစ္စာရှိနေကြတာလဲ.... ခင်ဗျားလို အဆင့်မြင့်သိုင်းသမားတစ်ယောက်က ဘာဖြစ်လို့ ဒုစရိုက်အလုပ်တွေသာ လုပ်နေတဲ့ ဝမ်ရဲ့အဖွဲ့ထဲ ဝင်ရတာလဲ .... "

"ရောင်ခြည်သိုင်းသမား ကျုပ်ကိုသာ သတ်လိုက်ပါ .... ကျုပ်

ဟာ အနှစ် နှစ်ဆယ်နီးပါး သိုင်းပညာကို သင်ခဲ့ပြီး .... မကြာခင်ကမှ
ဝမ်ရဲ့အဖွဲ့ထဲ ဝင်မိတာပါ .... ဝမ်ရဲ့အဖွဲ့ထဲဝင်မိတာ မှားပြီဆိုတဲ့ အသိ
ဝင်ချိန်မှာ ထွက်လို့မရတော့ပါဘူး .... သစ္စာဖောက်လို့ မရတော့ပါ
ဘူး .... ဒီတော့ ကျုပ်ကိုသာ မြန်မြန်သတ်လိုက်ပါ .... ”

စိမ်ရေးမှူး၏စကားကြောင့် တိန့်ထောက် စိတ်ထဲတွင် ခံပြင်း
ဒေါသစိတ် အတော်ကလေး ပြေပျောက်သွားသည်။

“ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား .... ”

“ကျုပ်က ငယ်ငယ်ကတည်းက လူဆိုး သူခိုးဖြစ်မှာကို သိပ်
ပြီး ကြောက်တဲ့သူပါ .... ဒါကြောင့်လည်း ကျုပ် အိမ်က ထွက်ပြေးခဲ့ပါ
တယ် .... ဒါပေမယ့် အပေါင်းအသင်းမှားပြီး ဝမ်ရဲ့ရဲတိုက်အဖွဲ့ထဲဝင်မိ
တယ် .... လူဆိုး သူခိုးမဖြစ်ချင်တဲ့ ကျုပ်က လူဆိုး သူခိုးပဲ ဖြစ်ရတယ်၊
ကျုပ်ရဲ့ဘဝက လမ်းဆုံးနေပါပြီ .... ဒီတော့ သတ်လိုက်ပါ .... ”

“ဟုတ်တယ် .... လူဆိုးလူမိုက် ဖြစ်တဲ့သူမှန်သမျှ အသက်
ရှင်နေပေမယ့် ဘဝဆုံးနေတဲ့ လူမျိုးတွေပဲ .... လမ်းဆုံးရောက်နေကြ
တဲ့ သူတွေပဲ .... ”

တိန့်ထောက်က စိမ်ရေးမှူး၏သွေးကြောကို ထောက်ထားမြဲ
ထောက်ထားရင်းမှ ရေရွတ်လိုက်သည်။ စိမ်ရေးမှူးမှာ သွေးကြောကို
ထောက်ထားသဖြင့် ရုန်းကန်ခြင်းလည်း မပြုနိုင်ဘဲ နာကျင်စွာ ညည်း
တွားလျက် ရှိနေသည်။

“အမေ .... အမေရယ် .... သား သေရပါတော့မယ် ....
သား အခုလို လမ်းမှားကိုရောက်ခဲ့တာ အဖေ့ကြောင့်ပါ .... အဖေသာ
သူခိုးကြီးမဟုတ်ရင် သားလည်း အိမ်က ထွက်ပြေးဖြစ်မှာ မဟုတ်ပါဘူး၊
အခုလို လူဆိုးတစ်ယောက်လည်း ဖြစ်မှာ မဟုတ်ပါဘူး .... ”



စိမ်ရေးမှူး၏ ညည်းတွားသံကို ကြားရသော တိန့်ထောက်
စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ သူက ကမန်းကတန်း မေးမိသည်။

“ခင်ဗျားမိဘတွေက ဘယ်သူလဲ .... ”

“ကျုပ် .... ကျုပ် ပြောပါ့မယ် .... ပြောပြီးရင်သာ ဒီလို
ဝေဒနာမျိုး မခံစားနေရအောင် ကျုပ်ကိုသတ်လိုက်ပါ .... ”

“ကောင်းပြီ .... ”

“ကျုပ်အဖေက သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သူခိုး
ကြီး ကြောင်နက်ပါ .... ကျုပ်အမေကတော့ လူကောင်းတစ်ယောက်
ပါ .... သိမ်းငှက်သခင်မဆိုရင် သိုင်းလောကသားတွေ အကုန်လုံးသိကြ
ပါတယ် .... ”

“ဟင် .... ”

တိန့်ထောက် အလွန်အမင်း အံ့ဩသွားသည်။

အဘိုးကြီးကြောင်နက်နှင့် သိမ်းငှက်သခင်မတို့၏ ပျောက်ဆုံး
နေသော သားကို သူသည် လာတွေ့နေရလေပြီ။

“ကျုပ်အမေကို ကျုပ်ရှာနေတာကြာပါပြီ .... ကျုပ်အမေက
လည်း ကျုပ်ကို ရှာနေဦးမှာပါ .... ကျုပ် အခု သေသွားရင် ကျုပ်အမေ
လည်း သိမှာမဟုတ်ဘူး .... ဒီတော့ တစ်ခုတော့ မင်းကူညီပါ ....
ကျုပ်သေသွားရင် ကျုပ်အမေကို မင်းကရှာပြီး ပြောပြလိုက်ပါ ....
အရက်ကြီး ရက်ပြီး အိမ်က ထွက်ပြေးတဲ့သားဟာ အခုတော့ လူဆိုးကြီး
ဘဝနဲ့ အမိုက်ဇာတ်သိမ်းသွားပါပြီလို့ .... ”

“ခင်ဗျားနာမည် ဖေးလို့ယီ မဟုတ်လား .... ”

တိန့်ထောက်က အကြောထောက်ထားသည်ကို လွှတ်၍
မေးလိုက်ရာ စိမ်ရေးမှူးလည်း အံ့အားသင့်သွားပြီ ....

"ဟင် .... ကျုပ်နာမည်ကို မင်းဘယ်လိုလုပ် သိသလဲ"

"ဖေးလို့ယီပျောက်သွားလို့ သိမ်းငှက်သခင်မနဲ့ အဘိုးကြီး ကြောင်နက်တို့ လိုက်ရှာနေလို့ သိကျွမ်းတာပါ .... "

"ဟင် .... ဟုတ်လား .... ဖြစ်မှဖြစ်ရလေ .... "

"ခင်ဗျားရဲ့အမေသာ အခုလိုခင်ဗျားလူဆိုးတစ်ယောက် ဖြစ်နေတာသိရင် စိတ်ကောင်းနိုင်တော့မှာ မဟုတ်ပါဘူး .... ဖျက်အစဉ်ပြင်ခဏဆိုတဲ့ စကားလည်းရှိသားပဲဗျာ .... ခင်ဗျားရဲ့စိတ်ကို ခင်ဗျားပြင်လိုက်ရင် လူကောင်းတစ်ယောက် ပြန်ဖြစ်သွားမှာပါ .... ခင်ဗျားမှာ သေရဲတဲ့သတ္တိတောင်ရှိနေမှတော့ အမှန်ဘက်က ရပ်ရဲတဲ့သတ္တိရှိရမှာပေါ့ .... သစ္စာတရားဆိုတာ လူဆိုး လူမိုက်တွေအပေါ်မှာ ထားနေစရာ မလိုပါဘူးဗျာ .... "

ဖေးလို့ယီက တွေဝေပြီး နားထောင်နေသည်။ သူ့မျက်နှာသွင်ပြင်က နောင်တရနေကြောင်းလည်း ပေါ်လွင်သည်။

"ဖေးလို့ယီ .... ခုဆို ခင်ဗျားအဖေလည်း လူကောင်းတစ်ယောက်ဖြစ်နေပြီ .... မကောင်းတဲ့လုပ်ရပ်တွေကို စွန့်ပယ်လိုက်ပြီ.... ဒါကြောင့် ခင်ဗျားအမေကလည်း ခင်ဗျားအဖေနဲ့ ပြန်ပေါင်းပြီး သူတို့နှစ်ယောက်စလုံး ခင်ဗျားကို တွေ့ချင်လွန်းလို့ ရှာနေကြတယ် .... "

"ဟင် .... ဟုတ်လား .... ဖြစ်ရလေ .... ကျုပ်မိဘတွေကို တော့ မသေခင် တွေ့ချင်ပါသေးတယ် .... သူတို့ ဘယ်မှာရှိတယ်ဆိုတာ မင်းသိတယ်နော် .... "

"သိပါတယ် .... တွေ့ဖြစ်အောင် ကျွန်တော် စီစဉ်ပေးပါ့မယ် .... "

ထိုစဉ် အဝေးမှ လူသုံးယောက်ပြေးလာကြသည်ကို တိန့်



ထောက် လှမ်းတွေ့ရသည်။

"ဟိုမှာ ဝမ်ရဲ့ရဲတိုက်က လူတွေလာနေကြပြီ .... ဒီတော့ ဖေးလို့ယီ ခင်ဗျား ဝမ်းရဲ့ရဲတိုက်မှာနေမြဲတိုင်း ဆက်နေပါ .... ခင်ဗျား အမြင်မှန်ရနေပြီဆိုရင်တော့ .... သိုင်းလောကအတွက် အရေးကြီးတဲ့ ကိစ္စရပ်ကြီးတစ်ခုကို ဆောင်ရွက်ဖို့ရှိနေတယ် .... အဲဒါ ခင်ဗျားရဲ့ အကူအညီလိုတယ် .... "

"ကောင်းပါပြီ .... "

ဖေးလို့ယီလည်း ဒဏ်ရာရသဖြင့် မထနိုင်ဟန်ဖြင့် မြေတွင် ပြန်လှဲနေလိုက်သည်။

တိန့်ထောက်က ဖေးလို့ယီအနီးမှခွာ၍ လာနေသူများကို စောင့်နေလိုက်သည်။

လာနေသူများက စောစောက ထွက်ပြေးသွားသူ သုံးယောက်နှင့် အဆိပ်ဘီလူးပင် ဖြစ်လေသည်။

အဆိပ်ဘီလူးက တိန့်ထောက်ကိုမြင်သည်နှင့် မဲ့ပြုံး ပြုံးပြီး ပြောသည်။

"ရောင်ခြည်သိုင်းသမားပါလား .... မင်းကို ငါတွေ့ချင်နေတာနဲ့ အတော်ပဲ .... အခုလို ထပ်တွေ့ရတော့ မင်းကိုသတ်ချင်တဲ့ ငါ့ရဲ့ဆန္ဒ ပြည့်ဝသွားပြီပေါ့ .... "

အဆိပ်ဘီလူးလက်ထဲတွင် နဝရတ်ဓားရှိနေသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်လျှင် နိုင်မှနိုင်ပါ့မလားဟု တိန့်ထောက် တွေးနေမိသည်။ သို့သော် မိမိထံတွင်ရှိသော ဓားမှာလည်း ဆရာဖြစ်သူမဟူရာ သိုင်းသမားကြီး၏ ရှေးဟောင်းဓားကောင်းတစ်လက် ဖြစ်လေရာ မှုစရာတော့ လိုလိမ့်မည် မဟုတ်ဟု စဉ်းစားမိပြန်သည်။

"လက်စသတ်တော့ မင်းဟာ ဝိညာဉ်ပြန်ကျွန်းကအဖွဲ့သား တစ်ယောက်ကိုး .... ခုမှပဲ သိရတော့တယ် .... "

"အဆိပ်ဘီလူးကြီး ခင်ဗျားတို့တတွေ ဝိညာဉ်ပြန်ကျွန်းကို ကျူးကျော်တိုက်ခိုက်မယ်ဆိုရင် အကုန်လုံးသေကုန်ကြမယ်ဆိုတာ ..တိထားပါ .... "

"ဘယ်သူသေမလဲဆိုတာ သိကြသေးတာပေါ့ .... "

အဆိပ်ဘီလူးက အတွင်းအားကို စုစည်းကာ သူ့လက်ထဲမှ နဝရတ်ဓားကို ရှေ့သို့ဝှေ့ယမ်း၍ တိန့်ထောက်အား တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ ဓားရောင်က အရောင်ကိုးမျိုး ဖြာထွက်လာသည်။

တိန့်ထောက်ကလည်း သူ့ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး အဆိပ်ဘီလူးထံ ခုန်လွှား၍ တိုက်ခိုက်တော့သည်။

'ထန်း'ခနဲ ဓားဓားချင်း ထိမိသံ ကျယ်လောင်စွာ ပေါ်ထွက်လာပြီး နောက်ကိုလည်း အသီးသီးယိုင်ဆုတ်သွားကြသည်။

အဆိပ်ဘီလူးချက်ချင်းသဘောပေါက်သွားသည်။ သူ့ထံတွင် နဝရတ်ဓားသာမရှိပါက တိန့်ထောက်ကို ယှဉ်နိုင်လိမ့်မည် မဟုတ်ချေ။ သူသည် မျက်မှောင်ကြုတ်၍ စဉ်းစားပြီးမှ နည်းလမ်းတစ်ခုကို ရသွားသဖြင့် တိန့်ထောက်ကို ပြောလေသည်။

"ရောင်ခြည်သိုင်းသမား .... မင်းနဲ့ငါနဲ့ ကတိတစ်ခုထားပြီး ယှဉ်ပြိုင်ကြရအောင် ဘယ့်နှယ်လဲ .... "

တိန့်ထောက်ကလည်း သိုင်းကွက်ကို နင်းထားရာမှ ပြန်မေးသည်။

"ဘယ်လို ကတိစကားလဲ .... "

"မင်းက တကယ်တော့ အဆင့်မြင့်သိုင်းသမားတစ်ယောက်



ပါ.... မင်းရဲ့ အသက်အရွယ်လောက်နဲ့ ဒီလောက်သိုင်းပညာထက်မြက်တဲ့ လူစားမျိုးကို ငါတစ်သက်မှာ မတွေ့ဖူးသေးဘူး .... "

"ကျုပ်ကို မြှောက်ပြောစရာ မလိုပါဘူး .... ခင်ဗျားပြောချင်တာသာ ပြောပါ .... "

"မင်းနဲ့ ငါ သိုင်းကွက်တစ်ရာတိတိ ယှဉ်ပြိုင်တိုက်ခိုက်ကြရင် ရှုံးတဲ့သူဟာ သိုင်းလောကကနေ ထွက်သွားရမယ် .... ငါ ရှုံးရင် ဟောဒီ နဝရတ်ဓားကိုပါ မင်းကို ပေးခဲ့မယ် .... သိုင်းလောကထဲလည်း မဝင်တော့ဘူး .... သေတဲ့အထိ ဓာတ်မြုပ်နေလိုက်မယ် .... ငါ ကတိပေးတယ် .... မင်း ရှုံးရင်လည်း မင်းရဲ့ဓားကို ချိုးပြီး သိုင်းလောကမှာ မလှုပ်ရှားတော့ပါဘူးလို့ ကတိပေးပါ .... ဘယ့်နှယ်လဲ .... "

"ခင်ဗျား တကယ်ပြောတာလား အဆိပ်ဘီလူးကြီး .... ခင်ဗျားရဲ့ ကတိစကားကိုကော ကျုပ်က ယုံရမှာလား .... "

"ငါဟာ ဒုစရိုက်အလုပ်တွေကို လုပ်နေပေမယ့် ပေးပြီးသား ကတိတစ်ခုကို ဘယ်လို အကြောင်းကြောင့်နဲ့မှ မဖျက်တတ်ဘူး .... ကတိစကားကို ငါ အသက်ထက် တန်ဖိုးထားတယ် .... "

တိန့်ထောက် စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်၍ ....

"ကောင်းပြီလေ .... ခင်ဗျား ကတိတည်ပါစေ .... ကျုပ်ကလည်း ကတိပေးတယ် .... "

"နောက်တစ်ခုတော့ ပြောရဦးမယ် .... "

"ပြော .... "

"အခု တို့တွေ ယှဉ်ပြိုင်တိုက်ခိုက်တာ ပညာချင်း ယှဉ်တဲ့ပွဲမျိုးဆိုတော့ အသက်အန္တရာယ် ဖြစ်လောက်တဲ့အထိ မယှဉ်ပြိုင်ကြကြေး"

"ဖြစ်ပါတယ် .... "

"ဒီနေရာမှာလည်း မယှဉ်ပြိုင်နိုင်ဘူး .... ဝိညဉ်ပြန်ကျွန်းက မင်းလူတွေ ရောက်လာရင် တို့အစီအစဉ်က တစ်မျိုး ဖြစ်သွားလိမ့်မယ် .... အရိပ်နီသိုင်းသမား ငါ့ကို ဝင်တိုက်ရင် ခက်နေလိမ့်မယ်"

"ကောင်းပြီလေ .... ခင်ဗျားက ဘယ်နေရာမှာ ယှဉ်ချင်သလဲ .... "

အဆိပ်ဘီလူးက မြောက်ဘက်ကို လက်ညှိုးထိုးပြပြီး ....

"ဟိုဘက်မှာ ဖုံးဟိုတောင်ကုန်းဆိုတာ ရှိတယ် .... အဲဒီတောင်ကုန်းပေါ်မှာ သွားပြီး ယှဉ်ပြိုင်ကြမယ် .... "

"ဖြစ်ပါတယ် .... သွားကြမယ်လေ .... "

အဆိပ်ဘီလူးက သူ့ လူသုံးယောက်ကို လှည့်ပြောသည်။

"ဟေ့ .... မင်းတို့တတွေ စီမံရေးမှူးကို သယ်ပြီး ရဲတိုက်ကို ပြန်ကြတော့ .... ဟို မိန်းကလေးနှစ်ယောက်ကိုလည်း ထားခဲ့ကြ၊ ရောင်ခြည်သိုင်းသမားနဲ့ ငါ ယှဉ်ပြိုင်ပြီးရင် ပြန်လာခဲ့မယ်လို့ ရဲတိုက်သခင်ကြီးကို ပြောလိုက် .... "

ဝတ်စုံနက် သုံးယောက်လည်း ဒဏ်ရာရထားသော ဖေးလိုယီကို မွေ့ချီထမ်းခေါ်၍ ထွက်ခွာသွားကြသည်။

ထို့နောက် အဆိပ်ဘီလူးနှင့်တိန့်ထောက်တို့လည်း ဖုံးဟိုတောင်ကုန်းဆီသို့ ပြေးနှင်လာခဲ့ကြလေသည်။

## အခန်း (၁၀)

## အရိုးခေါင်းအဘိုးအို

ဖုံးဟို တောင်ကုန်းပေါ်တွင် အော်ဟစ်မာန်သွင်းသံများ၊ ဓားစားချင်းထိသံများ ညံ့စီလျက်ရှိနေသည်။

တိန့်ထောက်နှင့်အဆိပ်ဘီလူးတို့ နှစ်ယောက် သဲသဲမဲမဲတိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

နှစ်ဦးစလုံး အတွင်းအားကို ထုတ်၍ ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်း ဖြစ်သဖြင့် လွန်စွာ ပင်ပန်းနွမ်းနယ်နေကြသည်။ ချွေးများ ရွှဲရွှဲစိုနေကြသည်။ ခြေလှမ်းများ ယိမ်းယိုင်နေကြသည်။

ယခုဆိုလျှင် သူတို့တတွေ တိုက်ခိုက်ခဲ့ကြသည်မှာ သိုင်းကွက်ခုနစ်ဆယ့်ငါးကွက်ပင် ပြည့်နေလေပြီ။

အတွင်းအားကိုထုတ်၍ သိုင်းကွက်တစ်ကွက် တိုက်ပြီးတိုင်း နှစ်ယောက်စလုံး နောက်ကို ယိုင်လဲ ကျသွားတတ်သည်။ နောက်မှ အားယူကြပြီး ထပ်မံ တိုက်ခိုက်ကြပြန်သည်။

"ခုနစ်ဆယ့်ကိုး .... "

"ထန်း .... "

နှစ်ဦးစလုံးနောက်ကိုယိုင်၍ လဲကျသွားကြသည်။ နောက်ပြန် ထ၍ ဆက်ခုတ်ကြသည်။

အတွင်းအားကို ထုတ်ညှစ်၍ တိုက်ခိုက်နေကြသဖြင့် သူတို့သည် အရှုံးအနိုင် မပေါ်သေးသော်လည်း အတွင်းဒဏ်ရာ အနည်းငယ်စီ ရနေကြပြီဖြစ်၏။

နေရောင်ပင် ပျောက်ကွယ်သွားပြီး အမှောင်ထု ကြီးစိုးလာလေပြီ။

နှစ်ယောက်စလုံး သိုင်းကွက် တစ်ကွက်ပြီးတစ်ကွက် ယှဉ်ပြိုင်လာခဲ့ကြရာ ခြေလက်များကို မသယ်ချင်အောင်ပင် ဖြစ်လာကြသည်။ တတ်နိုင်လျှင် မြေတွင်ပစ်လှဲ၍ နားလိုက်ချင်ကြသည်။

သို့သော် အစကတည်းက သိုင်းကွက်တစ်ရာတိတိ ပြည့်အောင် ယှဉ်ပြိုင်တိုက်ခိုက်ကြမည်ဟု သတ်မှတ်ထားကြလေရာ နား၍ မဖြစ်ချေ။ သိုင်းကွက် တစ်ရာမပြည့်ခင် နားသူက အရှုံးပေးရမည် ဖြစ်၏။

နှစ်ယောက်စလုံး သိုင်းကွက်များကို စိတ်ထဲမှသာ ရေတွက်နေကြ၏။

"ကိုးဆယ့်ရှစ် .... "

"ထန်း .... "

"ကိုးဆယ့်ကိုး .... "

"ထန်း .... "

နှစ်ယောက်စလုံး ဖင်ထိုင်လျက်လဲကျသွားကြသည်။ အသက်ပြင်းပြင်း ရှူပြီး မောဟိုက်နေကြသည်။ တစ်ကိုယ်လုံး ရေချိုးထားသကဲ့သို့ ချွေးတွေ ရွှဲရွှဲစိုနေသည်။ ရင်ဘတ်ထဲမှလည်း အောင့်နေကြ၏။



အဆိပ်ဘီလူးက အားယူ၍ ယိမ်းယိမ်းယိုင်ယိုင် ပြန်ထရပ်ပြီး မောဟိုက်စွာ ပြောသည်။

"နောက်ဆုံးတစ်ကွက်ပဲ ကျန်တော့တယ် .... "

တိန့်ထောက်ကလည်း ဒယီးဒယိုင်ဖြင့် ထရပ်၍ ....

"ဟုတ် .... ဟုတ်တယ် .... ဒီအတိုင်းဆို အနိုင်အရှုံး ရှိမှာမဟုတ်တော့ဘူး .... ဒါဆို ဘယ်လိုလုပ်မလဲ .... "

အရှုံးအနိုင်မရှိရင်တော့ မင်းနဲ့ငါ နောက်တစ်ကြိမ်ထပ်ပြီး တွေ့ကြသေးတာပေါ့ .... အခုဆက်ပြီးပြိုင်ရင် အတွင်းဒဏ်ရာကြောင့် နှစ်ယောက်စလုံး သေကြမှာပဲ .... '

"ကောင်းတယ် .... "

"ဟိုင်း .... "

"ယား .... "

"ထန်း .... "

နှစ်ယောက်စလုံး အော်ဟစ်မာန်သွင်းလိုက်ကြပြီး နောက်ဆုံးတစ်ကွက်ကို ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသည်။

ဓားဓားချင်း ထိသံမှာ ပဲ့တင်ထပ်မျှ ကျယ်လောင်စွာ ပေါ်ထွက်လာပြီး မီးပွင့်မီးပွားကလေးများလည်း မှာခနဲ ထွက်သွားသည်။

တိန့်ထောက်၏ဓားမှာ ဆရာဖြစ်သူ မဟာရာသိုင်းသမားကြီး၏ ရှေးဟောင်းဓားကောင်းတစ်လက် ဖြစ်၍သာ ကျိုးမသွားခြင်းဖြစ်၏။ အခြားဓားတစ်လက်သာဆိုပါက နဝရတ်ဓား၏ ခုတ်ချက်ကို ခံနိုင်လိမ့်မည် မဟုတ်ချေ။

နှစ်ဦးစလုံး တုန်ခါသွားပြီး နောက်ကို ခြေသုံးလှမ်းစီ ယိုင်သွားကာ လဲကျသွားကြသည်။ ပြန်၍မထချင်လောက်အောင် အတွင်း

ဒဏ်ရာ ရထားသော်လည်း ပြန်မထလျှင် ရှုံးနိမ့်သွားနိုင်သဖြင့် စိတ်အားတင်းပြီး ပြန်ထကြသည်။ သို့သော် မတ်မတ်မရပ်နိုင်ကြဘဲ လဲကျမတတ် ယိမ်းယိုင်နေကြသည်။ ရင်ဘတ်ကိုလည်း လက်နှင့်ဖိထားကြ၏။

တိန့်ထောက်မှာ အဆိပ်ဘီလူးထက်အတွင်းအား ကောင်းသူဖြစ်သော်လည်း အဆိပ်ဘီလူးကမူ နဝရတ်ဓားကြောင့် ဤမျှအထိ ခံနိုင်ရည်ရှိခြင်း ဖြစ်လေသည်။

အတွင်းဒဏ်ရာ ရထားကြပြီဖြစ်သဖြင့် နှစ်ယောက်စလုံး ရင်ထဲတွင် အောင့်နေကြ၏။ သွေးအန်မထွက်ရန် ထိန်းထားကြရသည်။

ယခုလို အချိန်မျိုးတွင်သာ သိုင်းပညာ အဆင့်နိမ့်သူ တစ်ယောက်က သူတို့ကို လာရောက်တိုက်ခိုက်မည်ဆိုလျှင် မည်သို့မှ ခုခံနိုင်ကြလိမ့်မည် မဟုတ်ချေ။

အဆိပ်ဘီလူးက မောဟိုက်စွာ ပြောသည်။

"ကဲ .... ဘယ်သူမှ အရှုံးအနိုင်မရှိဘူး .... မင်း ကျေနပ်ရဲ့လား .... "

တိန့်ထောက်ကလည်း မောဟိုက်စွာ ပြန်ပြောသည်။

"ကျေနပ်ပါတယ် .... "

"ဒါဖြင့် ငါ သွားပြီ .... နောက်တစ်ခါ တွေ့ကြသေးတာပေါ့"

အဆိပ်ဘီလူးပြောပြီး နောက်ကိုလှည့်ကာ ဒယီးဒယိုင်နှင့်ထွက်သွားလေသည်။ တိန့်ထောက်ကလည်း မတားမြစ်ပါချေ။

သူကိုယ်တိုင်လည်း ရင်ထဲမှာအောင့်ပြီး လွန်စွာ မောပန်းလွန်းနေပြီ ဖြစ်သဖြင့် အနားယူလိုလှပြီ။ သူသည် ခန္ဓာကိုယ်ကို လဲမကျစေရန် အနိုင်နိုင်ထိန်း၍ လှည့်ထွက်ခဲ့သည်။



ရင်ထဲမှ ပျို့ပျို့တက်ပြီး သွေးအန်ချင်နေသည်။ သူသာ အတွင်းအားမကောင်းသူ ဖြစ်ပါက ဤလိုအတွင်းဒဏ်ရာမျိုးရလျှင် သွေးအန်၍ သေဆုံးသွားနိုင်လေသည်။

တောင်ကုန်းပေါ်မှ သူသည် ယိမ်းယိမ်းယိုင်ယိုင်နှင့်ဆင်းလာခဲ့သည်။ တောင်ကုန်းတစ်ဝက် ဆင်ခြေလျှောသို့အရောက်တွင် သူသည် မည်သို့မှ မထိန်းနိုင်ဘဲ လဲကျသွားပြီး တောင်ကုန်းပေါ်မှ လိမ့်ဆင်းကျလာခဲ့သည်။

တစ်ကိုယ်လုံး နာကျင်သွားသည်မှာ ရောင်နီသိုင်းသမားတို့လူစု သူ့ကို တုတ်နှင့်ဝိုင်းရိုက်ကြစဉ်ကထက် ပိုမိုနာကျင်လေသည်။

တောင်ကုန်းအခြေသို့ ရောက်ပြီး ရပ်သွားသောအခါ သူသည် လုံးဝ ပြန်မထနိုင်တော့ချေ။ နားထဲမှလေမျး တဟူးဟူးထွက်နေသည်။ မျက်စိထဲတွင် မီးပွင့်မီးပန်းများသာ တဖျပ်ဖျပ် ပွင့်ထွက်နေသည်ကိုသာ မြင်ရသည်။ ခေါင်းတွေမူးပြီး လောကကြီးတစ်ခုလုံး ချာချာလည်နေသည်ဟု ထင်မှတ်ရသည်။

သူသည် မျက်လုံးအစုံကို မှိတ်ထားလိုက်ပြီး အသက်ပြင်းပြင်း ရှူနေမိသည်။ အိပ်ပျော်သလိုလို သတိလစ်သလိုလိုလည်း ဖြစ်နေမိ၏။ သူ့နားထဲတွင် လေတိုက်သံကို ကြားနေရလေသည်။

အတော်ကြာအောင် အနားယူလိုက်ပြီးမှ သူသည် အနည်းငယ် နေသာ ထိုင်သာ ရှိလာသည်။ သို့သော် မတ်တပ်ရပ်နိုင်လောက်အောင် အင်အားမပြည့်သေးချေ။

ဤကဲ့သို့အဖြစ်မျိုး လွန်ခဲ့သော နှစ်နှစ်ကျော်က သူဖြစ်ခဲ့ပုံကို ပြန်လည် သတိရမိသည်။

ထိုစဉ်က သူသည် သိုင်းပညာ လုံးဝမတတ်ချေ။ ဝမ်ရဲ့ရဲတိုက်

အဖွဲ့သားများက သူ့ကို သေလုမတတ် ရိုက်နှက်ပြီး မြေခွေးများ ပေါ်များက အရပ်တွင် လာပစ်ထားကြ၏။ မြေခွေးစာ ကျွေးကြ၏။ မိုးတိမ်သိုင်းသမားကြီးချင်ကန့် အချိန်မီရောက်လာ၍ ကယ်တင်ခဲ့ခြင်းသာ အသက်ဘေးမှ သီသီကလေးလွတ်မြောက်ခဲ့ရခြင်းသာ ဖြစ်သည်။

ယခုလည်း ထိုစဉ်ကလို သူသည် အားအင် ကုန်ခန်းနေသည်။ အတွင်းဒဏ်ရာလည်း ရထားသည်။ မြေခွေးအုပ်သာ ပေါ်လာပါက မည်သို့မှ ခုခံနိုင်လိမ့်မည် မဟုတ်ချေ။

ထိုစဉ် လူရိပ်တစ်ရိပ် တောင်ကုန်းပေါ်သို့ ပြေးတက်လာသည်။ ထိုလူရိပ်သည် တောင်ကုန်းအတိုင်း ပြေးတက်လာရာမှ တိန့်ထောက်လဲကျနေသည့် ဆင်ခြေလျှောသို့ အရောက်တွင် ရပ်တန့်လိုက်သည်။

တိန့်ထောက်လည်း ပက်လက်လန်လဲကျနေရာမှ မျက်လုံးဖွင့်ထားလေရာ လရောင်ဖြင့် ထိုသူ့ကို မြင်ရသည်။

ထိုသူမှာ မျက်နှာထားဆိုးဆိုးနှင့် အဘိုးကြီးတစ်ဦးဖြစ်ပြီး ခေါင်းမှာ ဖြူနေသော ဆံပင်များလည်း ပွရှုပ်နေသည်။ မျက်နှာမှာ မုတ်ဆိတ်မွေးလည်း ဆွတ်ဆွတ်ဖြူနေသည်။

ထိတ်လန့်ဖွယ်ရာကောင်းသည်မှာ သူ့ လည်ပင်းနှင့်ခါးတွင် လူအရိုးခေါင်းခွံများကို ချိတ်ဆွဲထားခြင်း ဖြစ်လေသည်။ အရိုးခေါင်းများကို ကြိုးဖြင့်သီ၍ လည်ပင်းတွင်လည်း ဆွဲထားသည်။

ခါးတွင်လည်း ပတ်ထား၏။ အရိုးခေါင်းများအားလုံး နှစ်ဆယ်ခန့် ရှိသည်။

၎င်းအဘိုးကြီး၏ပုံပန်းသဏ္ဌာန်က စိတ်မမှန်သော အရူးကြီးကဲ့သို့ ဖြစ်နေသည်။



"ဒီနေရာကပဲ စောင့်နေမယ် .... သူလာရင် ဒီလမ်းကပဲ လာမှာပဲ .... "

အဘိုးကြီးက သူ့ကိုယ်သူ ရေရွတ်လိုက်ပြီး မြေအနည်းငယ်ညီနေသော နေရာတွင် ထိုင်ချလိုက်သည်။ ပြီးနောက် သူ့လည်ပင်းမှ အရိုးခေါင်းများကိုလည်း ဖြုတ်ပြီး မြေတွင် တစ်လုံးချင်း ဖြုတ်၍ မြေတွင် စီချသည်။

အရိုးခေါင်းခွံများကို သူ့ပတ်ပတ်လည်တွင် ဝိုင်း၍ ချထားခြင်း ဖြစ်၏။

ပြီးနောက် လူထူးဆန်းအဘိုးကြီးသည် မျက်စိကို စုံမှိတ်ပြီး ထိုင်နေသည်။ သူ့ ဟန်ပန်က တစ်ဦးတစ်ယောက်ရောက်အလာကို စောင့်နေပုံနှင့်တူလေသည်။

တိန့်ထောက်မှာ အသက်ပြင်းပြင်းမရှူရဲဘဲ ငြိမ်နေရသည်။ ယခုလို အချိန်မျိုးတွင် သူသည် မည်သူကိုမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ချေ။ အခြားသူများ၏အနိုင်ကျင့်သမျှ ခံရပေလိမ့်မည်။

ခဏအကြာတွင် လူထူးဆန်းအဘိုးကြီး၏ မျက်လုံးများ ပွင့်လာပြီး အသံတစ်သံကို ကြားရ၍ နားစွင့်ထောင်သည်။ သူ ကြားရသော အသံမှာ တိန့်ထောက်၏ အသက်ရှူသံပင် ဖြစ်လေ၏။

တိန့်ထောက်သည် အသက်ကိုထိန်း၍ ရှူသော်လည်းအတွင်းဒဏ်ရာရပြီး မောပန်းနွမ်းနယ် နေသဖြင့် လိုသလို မထိန်းနိုင်ချေ။ ထို့ကြောင့် သူ့အသက်ရှူသံကို လူထူးဆန်းအဘိုးကြီး ကြားသွားခြင်း ဖြစ်၏။

သူသည် အသက်ရှူသံကြားရာသို့ လျှောက်လာခဲ့သည်။ ဤတွင် လဲကျနေသော တိန့်ထောက်ကို မြင်ရတော့၏။

"ဒီကောင်လေးက ဒီမှာလာပြီး ဘာဖြစ်လို့ အိပ်ပျော်နေတာလဲ .... သူနဲ့ချိန်းထားလို့သာ စောင့်နေတာပဲ ဖြစ်မယ် .... သူ့အကျင့်ကလည်း ဒီလိုကောင်မျိုးကို ဆိုရင်အတော် ဖွဲဖွဲမက်မက်ရှိတာ ... အင်း .... ဒီနေ့တော့ ငါနဲ့ လာတိုးတာ ဒီကောင် ကံဆိုးတာပဲ ... ငါ့ကိုယ်မှာ နောက်ထပ်အရိုးခေါင်း တစ်လုံးတော့ ချိတ်ဆွဲရဦးတော့မှာပဲ .... "

လူထူးဆန်းအဘိုးကြီးက သူ့ဘာသာ တီးတိုးရေရွတ်ပြီး တိန့်ထောက်အနီးသို့ ခြေကို ဖော့နင်းကာ ချဉ်းကပ်လာသည်။

တိန့်ထောက်ကမူ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။

လူထူးလူဆန်းအဘိုးကြီးက တိန့်ထောက်အနီးတွင် အသာအယာ ဒူးထောက်ထိုင်လိုက်ပြီး ညာလက်ဘက်လက်ဝါးကို အားကုန်မြှောက်ရွယ်လိုက်သည်။ သူသည် တစ်ချက်တည်းဖြင့် တိန့်ထောက်၏ လည်ပင်းကို အသေခုတ်ရန် ရွယ်လိုက်ခြင်း ဖြစ်လေသည်။

လူထူးလူဆန်းကြီး၏ လက်ဝါးကို တိန့်ထောက်လည်ပင်းဆီ ဗိုးခနဲကပ်လာသည်။

တိန့်ထောက်မှာ မည်သို့မျှ မရှောင်တိမ်းနိုင်ပါချေ။

"ဖြောင်း"

လူထူးဆန်းအဘိုးကြီး၏ လက်ဝါးက တိန့်ထောက်လည်ပင်းကို မရိုက်မိခင် မည်းနက်တောက်ပြောင်သော တုတ်တစ်ချောင်းကို ရိုက်မိသွားသည်။ တုတ်က လူထူးဆန်းကြီး၏ လက်ဝါးနှင့် တိန့်ထောက် လည်ပင်းကြားကို ရုတ်တရက် ကန့်လန့်ဖြတ် ဝင်လာခြင်း ဖြစ်၏။



လူထူးဆန်းကြီး မျက်နှာကွက်ခနဲ ပျက်သွားပြီး မော့ကြည့်သည်။

"မလုပ်နဲ့ ဖယ်ပါ ....

အမျိုးသမီးတစ်ယောက်၏အသံ ဟန့်တားသံလည်း ပေါ်ထွက်လာသည်။

"ဩော် .... မင်းလည်း ရောက်လာပြီကိုး .... "

လူထူးဆန်းအဘိုးကြီးက မဲ့ပြုံးပြုံး၍ ပြောလိုက်ပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။

အမျိုးသမီးမှာ အသက်လေးဆယ်အရွယ်ခန့်ရှိပြီး တစ်ကိုယ်လုံး အမည်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ ခေါင်းတွင်လည်း ပဝါကို စည်းထားသည်။ သူမ၏ လက်တွင် ကိုင်ထားသော တုတ်မှာလည်း အမည်းရောင်ပင် ဖြစ်လေသည်။

လူထူးဆန်းအဘိုးကြီးက တိန့်ထောက်ကို တစ်ချက်ကြည့်လိုက်ပြီး အမျိုးသမီးကို မေးသည်။

"ဒီကောင်လေးက ဘယ်သူလဲ .... သူလည်း မင်းကို စောင့်နေတာပဲလား .... "

"ဟုတ်တယ် .... "

ဝတ်စုံနက်ဝတ် အမျိုးသမီးက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"ဒီလိုဆိုရင် ဒီည ကျုပ်က ပြန်ရတော့မှာပေါ့ .... "

"ပြန်ပေါ့ .... "

"မင်း ကောင်လေးကလည်း အိပ်လှချည်လား .... သေများနေပြီလား ကြည့်ပါဦး .... "

"ရှင်နဲ့မဆိုင်ပါဘူး .... ရှင်သွားမှာသာ သွားပါ .... "

အမျိုးသမီးက ဒူးထောက်ထိုင်လိုက်ပြီး တိန့်ထောက်ကို ကြည့်သည်။ ချက်ချင်းပင် အကြောပိတ်လိုက်သည်။

"ကျုပ်တို့နှစ်ယောက်ရဲ့ ပြဿနာကိုတော့ အပြတ်ရှင်းရလိမ့်ဦးမယ် .... "

"ရှင်းလေ .... ဖြစ်ပါတယ် .... ခုတော့ ရှင် သွားတော့"

လူထူးဆန်း အဘိုးကြီးလည်း အရိုးခေါင်းများ ထားရာသို့ သွားပြီး အရိုးခေါင်းများကို ကြိုးနှင့်သွက်လက်စွာ ပြန်သီသည်။ ပြီးနောက် လည်ပင်းနှင့်ခါးတွင် ပြန်၍ ချိတ်ဆွဲပြီး တောင်ကုန်းပေါ်မှ ပြေးဆင်းသွားလေတော့သည်။

အခန်း (၁၀)

မိန်းမ မာယာ

သူနားထဲတွင် စကားပြေသံများကို ကြားရသော်လည်း တိန့်ထောက်မှာ အိပ်မက်လိုလို ဖြစ်နေသည်။ ယခုမှ ကောင်းစွာ သတိဝင်လာပြီး သူသည် မျက်လုံးအစုံကို ဖွင့်ကြည့်သည်။

သူသည် အကြောပိတ်ခံထားရသဖြင့် သူ့တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တော့ချေ။ တိန့်ထောက် လန့်သွားသည်။

ဝတ်စုံနက်အမျိုးသမီးက တိန့်ထောက်ကိုမွေ့ထူပြီး ထိုင်စေသည်။

တိန့်ထောက်မှာ အမျိုးသမီးကိုကြည့်ပြီး အံ့ဩနေမိသည်။ အမျိုးသမီးမှာ အရွယ်တင်ပြီး နုပျိုနေတုန်း ဖြစ်၏။

"ကျွန်တော့် သွေးကြောကို ပိတ်ထားတာ ခင်ဗျားလား"

တိန့်ထောက်သည် ခန္ဓာကိုယ်ကို မလှုပ်ရှားနိုင်သော်လည်း စကားပြောနိုင်သေးသဖြင့် မေးမြန်းလိုက်သည်။ အမျိုးသမီးက လှိုက်လှိုက်လှဲလှဲ ပြုံး၍ ခေါင်းညိတ်ပြီး ....

"ဟုတ်တယ် .... ဒါပေမယ့် အချိန်တန်တော့ မင်း သိရမှာပေါ့ကွာ .... မင်းဘယ်သူလဲ ဆိုတာတော့ မမ သိတယ် .... မင်းက

ရောင်ခြည်သိုင်းသမား မဟုတ်လား .... ”

တိန့်ထောက် အံ့အားသင့်သွားသည်။ ဝတ်စုံနက်အမျိုးသမီးကို မိမိတစ်ခါမှ မတွေ့ဘူးသော်လည်း သူမက မိမိကို မည်ကဲ့သို့ သိနေလေသနည်း။ တိန့်ထောက်လည်း ဖုံးကွယ်နေစရာမလိုသဖြင့် ....

“ဟုတ်ပါတယ် .... ကျွန်တော် ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ .... ”

“မင်းကို မမ ခေါ်သွားရလိမ့်မယ် .... ”

“ဗျာ .... ဘယ်ကို ခေါ်သွားမှာလဲ .... ”

“မင်းမှာ အတွင်းဒဏ်ရာကော အပြင်ဒဏ်ရာပါ ရထားတယ် မဟုတ်လား .... ပြီးတော့ အင်အားလည်း သိပ်နည်းနေတယ် .... မင်းကို မမ ပြုစုရမှာပေါ့ .... မမဆီမှာ အေးအေးဆေးဆေးပဲ အနားယူပေါ့ .... ”

ဝတ်စုံနက် အမျိုးသမီးက နောက်ဘက်ကို လှည့်၍ လက်မြှောက် အချက်ပေးလိုက်သည်။

အမှောင်ထဲမှ လူရိပ်တစ်ရိပ် ထွက်လာသည်။

အနီးသို့ရောက်မှ အဘွားကြီးတစ်ယောက် ဖြစ်နေကြောင်း တိန့်ထောက် မြင်ရသည်။ အဘွားကြီး၏ခန္ဓာကိုယ်မှာ သန်မာထွားကျိုင်းလှသည်။

“သူ့ကို ကျွန်မတို့နဲ့ ခေါ်သွားမယ် .... ”

ဝတ်စုံနက် အမျိုးသမီးက ပြောလိုက်ရာ အဘွားကြီးက တိန့်ထောက်ကို ပွေ့ချီပြီး ပခုံးပေါ်ထမ်းလိုက်သည်။

ဝတ်စုံနက် အမျိုးသမီးနှင့်အဘွားကြီးတို့ တောင်ကုန်းပေါ်မှ ဆင်းခဲ့ကြသည်။ ခြေလှမ်းနှစ်ဆယ်ခန့် အရောက်တွင် သစ်ပင်ကွယ်မှ လူရိပ်တစ်ရိပ် ထွက်လာသည်။



လူထူးလူဆန်း အဘိုးကြီး ဖြစ်နေလေသည်။

ဝတ်စုံနက်အမျိုးသမီး မျက်နှာဖုံးခြက်ခနဲ ပျက်သွားပြီး လေသံမာမာဖြင့် မေးမြန်းလိုက်သည်။

“ရှင် မသွားသေးဘူးလား .... ”

“ဟုတ်တယ် မေလျှန်း .... မင်းနဲ့ကျုပ်ရဲ့ ပြဿနာကို ဒီည မှာ ရှင်းကြမှ ဖြစ်မယ် .... မင်းဆီက စကားကို ပြတ်ပြတ်သားသား သိချင်တယ် .... ဒါကြောင့် ကျုပ် မသွားသေးတာ .... ”

ဝတ်စုံနက် ဝတ်ထားသော အမျိုးသမီးက လေသံကို လျှော့လိုက်ပြီး ....

“စန့်ကွမ်းအောက်ရယ် ရှင့်ကို ကျွန်မတောင်းပန်ပါတယ် .... ကျွန်မကိုလည်း မနှောင့်ယှက်ပါနဲ့တော့ .... နောက်ထပ်လည်း တွေ့ဖို့ မကြိုးစားပါနဲ့တော့ .... ဒါ ကျွန်မရဲ့အဖြေပါပဲ .... ရှင် သွားပါတော့”

“ဘာကွ .... ”

လူထူးဆန်း အဘိုးကြီး ဒေါသတကြီး ပြန်အော်လိုက်သည်။ ပြီးမှ ခံပြင်းစိတ်ဖြင့် ဆက်ပြောသည်။

“မင်းက ဒီစကားတစ်ခွန်း ပြောလိုက်တာနဲ့ မင်းနဲ့ကျုပ် ပြတ်သွားပြီပေါ့ ဟုတ်လား မေလျှန်း .... ”

“ဟုတ်တယ် .... ကျွန်မကတော့ ပြတ်တယ် .... ”

လူထူးဆန်းအဘိုးကြီး သံကို တင်းတင်းကြိတ်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ပြီးမှ ဒေါသကို ထိန်းချုပ်၍ လေသံပျော့ပျော့ဖြင့် ဖျောင်းဖျစကားဆိုသည်။

“ဒီလောက်ထိ ပြတ်ပြတ်သားသားတော့ မပြောသင့်ပါဘူး

မေလျှန်း .... သေသေချာချာ စဉ်းစားပါဦးကွာ .... ”

“အို .... ဘာမှ စဉ်းစားနေစရာ မလိုဘူး .... အချိန်ကုန်တယ် ရှင် သွားတော့ .... ကျွန်မကို လမ်းဖယ်ပေး .... ”

စန့်ကွမ်းအောက်ဆိုသည့် အဘိုးကြီးက လမ်းဖယ်မပေးဘဲ ရပ်မြဲအတိုင်းရပ်နေသည်။

“ရှင် မဖယ်ဘူးလား .... ”

ဝတ်စုံနက်အမျိုးသမီးက ဒေါသဖြင့် အော်လိုက်ရာ အဘိုးကြီး စန့်ကွမ်းအောက်လည်း ဒေါသထွက်သွားပြီး မျက်နှာတင်းတင်း လေသံမာမာနှင့် ပြန်ပြောသည်။

“ကဲကွာ .... ငါ ဖယ်ပေးမပေးရင် မင်းက ဘာလုပ်မလဲ၊ ငါ့ကို တိုက်ခိုက်မလို့လား .... ”

“ကျွန်မကို ရှင် စိတ်တိုအောင်လုပ်နေရင်တော့ ကျွန်မက တိုက်ရလိမ့်မယ် .... ”

“ဩော် .... မင်းက ဒီစကားမျိုးတောင် ပြောတတ်တယ် ပေါ့ .... ဟုတ်လား မေလျှန်း .... ကောင်းပြီလေ .... ငါ့ကို မင်းယှဉ်နိုင်မလားဆိုတာ စမ်းကြည့်ပေါ့ .... ”

အဘိုးကြီးစန့်ကွမ်းအောက် သူ့လည်ပင်းမှ အရိုးခေါင်းများကို သွက်လက်စွာ ဖြုတ်ယူလိုက်သည်။ လက်တစ်ဖက်တွင် အရိုးခေါင်း တစ်လုံး ဆုပ်ကိုင်ပြီးလည်း ဖြစ်နေသည်။

တိန့်ထောက်ကို ထမ်းထားသော အဘွားကြီးလည်း ထိတ်လန့်ကြောက်ရွံ့စိတ်ဖြင့် နောက်ကို ကတိုက်ကရိုက် ဆုတ်လိုက်သည်။ ဝတ်စုံနက်အမျိုးသမီးနှင့်စန့်ကွမ်းအောက်တို့ တိုက်ခိုက်လျှင် စက်ကွင်းမှ လွတ်စေရန် ဖယ်နေလိုက်ခြင်းဖြစ်၏။ သူမသည် တိန့်ထောက်ကို



မြေပေါ်တွင် မတ်တတ်ရပ်စေကာ လဲကျမသွားစေရန် တွဲထားလိုက်၏။

ဝတ်စုံနက် အမျိုးသမီးက မခိုးမခန့် ရယ်မောလိုက်သည်။

“စန့်ကွမ်းအောက် .... ရှင်က ကျွန်မနဲ့ တကယ်ပဲ တိုက်ခိုက်တော့မလို့ပေါ့လေ .... ”

“ဟုတ်တယ် .... မင်းလို မိန်းမမျိုးကို သတ်ပစ်မှအေးမယ်၊ မင်း အသက်ရှင်နေသမျှ ငါ့စိတ်ထဲမှာ ခံစားနေရဦးမယ် .... ”

“ဩော် .... ရှင်က .... ကျွန်မကို သတ်ချင်နေတာကိုး .... ကောင်းပါပြီလေ .... ”

ဝတ်စုံနက် အမျိုးသမီးက နောက်ကို ခြေနှစ်လှမ်းခန့် ဆုတ်လိုက်သည်။ စန့်ကွမ်းအောက်၏ မျက်လုံးအစုံကိုလည်း အကဲခတ်ကြည့်သည်။ စန့်ကွမ်းအောက်၏ မျက်လုံးအစုံတွင် သတ်ဖြတ်လိုသည့် အရိပ်အယောင်များ လွှမ်းမိုးလျက် ရှိနေသည်ကို တွေ့ရသည်။

အဘိုးကြီးစန့်ကွမ်းအောက်၏အမူအရာ အသွင်အပြင်က ရက်စက်ကြမ်းကြုတ်တော့မည့်ဟန်မျိုး ပေါ်လွင်နေလေသည်။

ဝတ်စုံနက်အမျိုးသမီး၏ တင်းမာနေသောမျက်နှာ ချက်ချင်း ပျော့ပျောင်းသွားသည်။ သူမသည် စိတ်ကိုလျှော့ပြီး သက်ပြင်းရှည်ကြီးကို ချလိုက်၏။ သူမ၏နှုတ်ခမ်းအစုံမှာ တဆတ်ဆတ်တုန်လာပြီး ဝမ်းနည်းကြေကွဲမှု အသွင်ကို ဆောင်လာသည်။ ပြီးမှ ညိုးငယ်သော လေသံဖြင့် စကားဆိုသည်။

“ရှင် .... ရှင် ကျွန်မကို တကယ်ပဲ သတ်ရက်သလားဟင်၊ တကယ်ပဲ သတ်ရက်သလား .... စန့်ကွမ်းအောက်ရယ် .... ”

“အေး .... မင်းလို မိန်းမမျိုးကို ဒီည ငါ သတ်ပြီးမှ ပြန်မယ်”

“တကယ်တော့ ရှင်က ကျွန်မရဲ့စကားကို နားမထောင်လို့

ကျွန်မလည်း ဒေါသနဲ့ပြောမိတာပါ .... တကယ်တော့ ရှင့်ကို ကျွန်မ ဘယ်ပြတ်နိုင်မှာတဲ့လဲ .... ရှင့်ကို တိုက်ခိုက်ဖို့ဆိုတာတော့ ဝေးပါသေး တယ် .... ဒါပေမယ့် ရှင်က ကျွန်မကို သတ်ဖို့အထိ မုန်းတီးနေတယ် ဆိုတော့ ကျွန် .... ကျွန်မ သိပ်ပြီး ဝမ်းနည်းမိပါတယ်ရှင် .... ”

အဘိုးကြီး စန့်ကွမ်းအောက်၏ တင်းမာနေသော မျက်နှာမှာ တစ်မုဟုတ်ချင်း ပျော့ပျောင်းသွားသည်။ အရိုးခေါင်းကိုင်၍ မြှောက် ရွယ်ထားသော သူ့ လက်ကိုလည်း ပြန်ချလိုက်သည်။ ပြီးမှ သက်ပြင်း ရှည်ကြီး တစ်ချက်ကိုချပြီး စိတ်မချမ်းမြေ့စွာဖြင့် ပြောသည်။

“မေလျှန်းရယ် .... တကယ်တော့ ငါဟာ မင်းအပေါ်ကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ မင်း အသိဆုံးပါ .... မင်း က ရက်ရက်စက်စက် ပစ်ပစ်ခါခါ ပြောနေလို့ ငါလည်း ဒေါသဖြစ်သွား မိတာပါ .... အချစ်ကြီးလို့ အမျက်ကြီးရတာမျိုးပေါ့ .... ပြီးခဲ့တဲ့ ပြဿနာတွေကို ငါ မေ့ပစ်လိုက်ပါ့မယ် .... ခု နောက်ပိုင်းတော့ ငါ့ အပေါ်မှာ မင်း သစ္စာရှိရလိမ့်မယ်နော် .... ”

“အင်းလေ .... ရှင့်အပေါ်မှာ ကျွန်မရဲ့စိတ်ထား ဘယ်လိုရှိ တယ်ဆိုတာ မကြာခင် သိရတော့မှာပေါ့ .... ရှင် စိတ်ချမ်းသာရတော့ မှာပါ .... ”

“မေလျှန်း မင်းရဲ့စကားကို ငါ တကယ်ပဲ ယုံရတော့မှာလား ကွ .... ”

“ယုံပါလို့တော့ ကျွန်မ မပြောချင်ဘူး .... အဲ .... ရှင် မယုံ ဘူးဆိုရင်တော့ ကျွန်မကို ရှင့်လက်နဲ့ သတ်လိုက်ပါ .... ကျွန်မ ကျေ ကျေနပ်နပ်ကြီး အသတ်ခံပါ့မယ် .... ”

ဝတ်စုံနက်အမျိုးသမီးက မျက်လုံးကို စုံမှိတ်ပြီး ရင်ကိုကော့



ထားလိုက်၏။ တကယ်ပင် အသေခံတော့မည့် ပုံစံမျိုးဖြစ်၏။

အဘိုးကြီး စန့်ကွမ်းအောက်၏ရင်ထဲတွင် မချိတင်ကဲ ဖြစ် သွားသည်။ ဝတ်စုံနက်အမျိုးသမီးအပေါ် ဖြစ်ခဲ့သော ဒေါသများမှာ လည်း လွင့်စဉ်ပျောက်ကွယ်သွားသည်။ သူက အသံတုန်တုန်ယင်ယင် ဖြင့် ပြောသည်။

“မေလျှန်းရယ် .... မင်းကို ငါ မသတ်ရက်ပါဘူးကွယ် .... ဒါပေမယ့် ငါ ယုံအောင်တော့ မင်းရဲ့ ဟိုသေတ္တာဘူးကလေးကို ငါ့ ပေးထားပါလား .... ”

ဝတ်စုံနက်အမျိုးသမီးက ခဏမျှစဉ်းစားပြီး ခေါင်းညိတ်သည်။

“ကောင်းပါပြီ .... ”

သူမ၏ ရင်ဖုံးအိတ်ထဲမှ လက်တစ်ဝါးခန့်ရှိသော ဘူးကလေး ကို ထုတ်ယူပြီး အဘိုးကြီး စန့်ကွမ်းအောက်လက်သို့ အသာတကြည် ဖြင့် ပစ်ပေးလိုက်သည်။

အဘိုးကြီး စန့်ကွမ်းအောက်က သေတ္တာဘူးကလေးကို ဖမ်း ယူပြီး သေချာစွာကြည့်ကာ ကျေကျေနပ်နပ် ခေါင်းညိတ်လိုက်သည်။

ဝတ်စုံနက် အမျိုးသမီးက ....

“ကဲ .... ရှင် ကျေနပ်ပြီ မဟုတ်လား .... ဒါဖြင့်လည်း သွား ပေတော့နော် .... နောက်မှ ရှင်နဲ့ကျွန်မ တွေ့ကြတာပေါ့ .... ”

အဘိုးကြီး စန့်ကွမ်းအောက်က ထွက်မသွားသေးပဲ ....

“မေလျှန်း .... ငါ ယုံကြည်အောင် နောက်ထပ် သက်သေ တစ်ခုလောက် ပြပါလား .... ဒါဆို ကျေကျေနပ်နပ်နဲ့ ငါသွားပါတော့ မယ် .... ”

“ဘယ်လို သက်သေပြရမှာလဲ .... ”

စန္ဒကွမ်းအောက်က တိန့်ထောက်ကို လက်ညှိုးထိုးပြပြီး ဝတ်စုံနက် အမျိုးသမီးကို ပြောသည်။

"ဟိုကောင်လေးကို ငါ့ရှေ့မှာ အခုပဲ သတ်ပြပါ .... ဒါဆိုရင် ငါ ယုံပါပြီ .... "

တိန့်ထောက် ထိတ်လန့်တုန်လှုပ်သွားသည်။ ယခုအချိန်ထိ သူ့အနေနှင့် မည်သို့မျှ ခုခံနိုင်လိမ့်မည်မဟုတ်ဘဲ ပြုသမျှနုရပေလိမ့်မည်။

ဝတ်စုံနက် အမျိုးသမီးက ခေါင်းကို ခါယမ်း၍ ....

"ဒါကတော့ စန္ဒကွမ်းအောက်ရယ် .... ရှင် ယုံကြည်ဖို့အတွက် လူတစ်ယောက်ရဲ့အသက်ကို သတ်ပြရမယ်ဆိုတာတော့ တစ်ဘက်လူ အဖို့ ပိုပြီး နစ်နာရာကျနေပါတယ .... ရှင် မယုံဘူးဆိုရင် သူ့ကို လွှတ်လိုက်မယ်လေ .... "

"ဟား .... ဟား .... ဟား .... မေလျှန်းရယ် .... ခုမှ မင်းက ဘာဖြစ်လို့ ကြင်နာသနားတဲ့ စကားမျိုးတွေကို ပြောနေတာလဲ၊ လူတစ်ယောက်ရဲ့အသက်ကိုသတ်ဖို့ ဘယ်တုန်းကမှ မင်း ဝန်မလေးဘူးဆိုတာ ငါ အသိဆုံးပါ .... သူ့ကို လွှတ်ပေးလိုက်လို့တော့ မင်းနဲ့ ပြန်တွေ့နိုင်သေးတာပေါ့ .... ဒီတော့ ငါ ယုံအောင် သူ့ကို သတ်လိုက်၊ ဒါဆိုရင် မင်းရဲ့စကားကို ငါ နားထောင်ပါ့မယ် .... "

ဝတ်စုံနက်အမျိုးသမီးက ခဏမျှ စဉ်းစား၍ သက်ပြင်းချကာ

"ကောင်းပြီလေ .... ရှင်က ဒီလိုလုပ်မှ ယုံကြည်မယ် ဆိုရင်တော့ ကျွန်မကလည်း ရှင့်ဆန္ဒအတိုင်းပဲ လုပ်ရတော့မှာပေါ့ .... "

ကယ်မည့်သူ ဝေးသွားပြီဖြစ်၍ တိန့်ထောက် လွန်စွာ တုန်လှုပ်သွားသည်။ သူသည် လူထူးဆန်းကြီးနှင့် ဝတ်စုံနက်အမျိုးသမီးတို့၏ စာတ်ရှုပ်ကြီးထဲတွင် ကြားမှ မြေစာပင် ဖြစ်ရပေတော့မည်။ ဝတ်



ုံနက်အမျိုးသမီးက တိန့်ထောက်ရှေ့ကို ရောက်လာသည်။ ပြီးနောက် ဘွားကြီးက အမိန့်ပေးသည်။

"သူ့ကို လွှတ်လိုက် .... "

အဘွားကြီးက တိန့်ထောက်ကို ဆွဲပြီး ထားရာမှ လွှတ်လိုက်ပြီး နောက်ကို ဆုတ်သွားသည်။ တိန့်ထောက်မှာ ဒယီးဒယိုင်ဖြစ်နေသော်လည်း သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ချေ။ သူသည် ဝတ်စုံနက်အမျိုးသမီး၏ လက်ချက်ကြောင့် မလွဲမသွေ သေရပေတော့မည်။

"ဟိုင်း .... "

ဝတ်စုံနက်အမျိုးသမီးထံမှ အော်ဟစ်မာန်သွင်းသံ ပေါ်လာပြီး သူမ၏ လက်နှစ်ဖက်ကလည်း တိန့်ထောက်ထံ ရောက်လာသည်။

တိန့်ထောက်မှာ သူ့ခန္ဓာကိုယ် မြောက်ခနဲ ဖြစ်သွားသည်ကို ခံစားလိုက်ရ၏။

"ဗိုး .... "

"ဖြောင်း .... "

"အား .... "

အဘွားကြီး၏ ညည်းတွားအော်ဟစ်သံကိုလည်း တိန့်ထောက် ကြားလိုက်ရ၏။ ဘာတွေ ဖြစ်ကုန်ပြီလည်းဟူ၍ စဉ်းစားမရချေ။

တကယ်တော့ ဝတ်စုံနက်အမျိုးသမီးသည် တိန့်ထောက်ကို ရိုက်သတ်ဟန်ဆောင်၍ ရုတ်တရက် ထမ်းပြေးခြင်း ဖြစ်လေသည်။

ဤအဖြစ်ကို အဘိုးကြီး စန္ဒကွမ်းအောက်မြင်ပြီး ဒေါသတကြီး ဖြစ်သွားကာ လက်ထဲမှ လူရိုးခေါင်းနှင့်ပစ်ပေါက်လိုက်သည်။

အဘွားကြီးမှာ ကြားမှဝင်၍ လူရိုးခေါင်းကို ပုတ်ထုတ်ရာ

ဟန်ချက်လွဲသွားကာ သူမ၏ မျက်နှာကို ပြင်းထန်စွာထိပြီး လဲကျသွားခြင်း ဖြစ်၏။

တိန့်ထောက်နားထဲတွင် လေတိုးသံကိုသာ တဟူးဟူးကြားနေရသည်။

ဝတ်စုံနက် အမျိုးသမီးက တိန့်ထောက်ကို အတန်ကြာအောင် ထမ်းပြေးလာသောအခါ ကျောက်တောင် နံရံကြီးတစ်ခုဆီသို့ ရောက်လာသည်။ သူမက နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး နောက်တွင် မည်သူမျှ ပါမလာကြောင်း သေချာသွားမှ တောင်နံရံအနီး ပပ်ကြားအက်တစ်ခုအတွင်းသို့ လက်ကို ထိုးနှိုက်လိုက်၏။ လျှို့ဝှက်ခလုတ်ကို ဆွဲလိုက်ခြင်းသာ ဖြစ်၏။

ကျောက်တောင် နံရံကြီးတွင် ဝင်ပေါက်တစ်ပေါက်ပေါ်လာသည်။

လူနှစ်ယောက်ယှဉ်ပြီး ဝင်သာအောင် တံခါးပေါက်က ကျယ်ဝန်းလေသည်။

ဝတ်စုံနက်အမျိုးသမီးက တိန့်ထောက်ကိုထမ်း၍ အတွင်းသို့ဝင်လိုက်ပြီး အတွင်းဘက်နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ဂူပေါက်တံခါးသည် ပြန်ပိတ်သွားလေတော့သည်။

အခန်း (၁၂)

## ရမ္မက်သခင်

ဂူကြီးထဲတွင် မီးရောင်မှိန်မှိန် လင်းနေသည်။ အတွင်းဘက်သို့ ဝင်သော ဂူပေါက်သုံးပေါက်လည်း ရှိနေသည်။

ဝတ်စုံနက်အမျိုးသမီးက တိန့်ထောက်ကို မြေပေါ်သို့ အသာအယာချပြီး ပိတ်ထားသော သွေးကြောကို ပြန်ဖွင့်ပေးလိုက်သည်။

"စုယွင်း .... စုချင်း .... လာကြစမ်း ...."

ဝတ်စုံနက်အမျိုးသမီးက ဂူအတွင်းဘက်သို့ လှမ်း၍ ခေါ်လိုက်ရာ အတွင်းဘက်မှ အသက်နှစ်ဆယ်အရွယ် ပတ်ဝန်းကျင်ခန့်ရှိ ဝတ်စုံနက် ဝတ်ထားသော မိန်းကလေးနှစ်ယောက် ပြေးထွက်လာကြသည်။

ဝတ်စုံနက်အမျိုးသမီးက မိန်းကလေးနှစ်ယောက်ကို တစ်ချက် ကြည့်လိုက်ပြီး ပြောသည်။

"စုယွင်း စားသောက်ဖို့ မြန်မြန်စီစဉ်လိုက်စမ်း .... ဧည့်သည်ပါလာတယ် .... စုချင်းက လောလောဆယ် ရေနွေးကြမ်းနဲ့ မုန့်ကို ပြင်ဆင်ပေး .... သွားကြတော့ ...."

မိန်းကလေးနှစ်ယောက်လည်း ဦးညွှတ်ပြီး အတွင်းခန်းကို ပြန်ဝင်သွားကြသည်။

ဝတ်စုံနက်အမျိုးသမီးက တိန့်ထောက်ကို အတွင်းခန်းသို့ ခပ်ဖြည်းဖြည်း တွဲခေါ်လာသည်။ အတွင်းခန်းမှာ ကျယ်ဝန်းလှပြီး အဖိုးတန်သော အိမ်ထောင်ပရိဘောဂ ပစ္စည်းပစ္စယများလည်း ပြည့်ပြည့်စုံစုံ ရှိနေသည်။ မီးရောင်တွေကလည်း ထိန်ထိန်လင်းနေသည်။

တိန့်ထောက်သည် အမော့ပြေသွားပြီ ဖြစ်သဖြင့် အနည်းငယ် လမ်းလျှောက်နိုင်သည်။ အတွင်းဒဏ်ရာ ရထားသော ရင်ဘတ်ကမှ နာကျင်နေတုန်းဖြစ်၏။

သူတို့ရောက်လာသော အခန်းကျယ်ကြီးထဲတွင် အတွင်းသို့ဝင်သော တံခါးတစ်ပေါက်ရှိပြီး အပြာရောင်ခန်းဆီးကိုကာရံထားသည်။

အခန်းလယ်တွင် ကျောက်စားပွဲကြီးတစ်လုံးရှိပြီး ကျောက်ထိုင်ခုံများ ဝန်းရံ၍ ရှိနေကြ၏။

ဝတ်စုံနက်အမျိုးသမီးက တိန့်ထောက်ကို ကျောက်ထိုင်ခုံတစ်လုံးတွင် ထိုင်စေသည်။ တိန့်ထောက်လည်း ပင်ပန်းနွမ်းနယ်နေသဖြင့် ထိုင်ချလိုက်သည်။ ဝတ်စုံနက်အမျိုးသမီးကလည်း တိန့်ထောက်အနီးရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။

သူတို့ထိုင်ပြီးသည်နှင့် ဝတ်စုံနက်ဝတ်ထားသော စုချင်းက ရေနွေးကြမ်းအိုးနှင့်မုန့်များကို လင်ဗန်းကြီး တစ်ချပ်ထဲတွင်ထည့်၍ ရောက်လာသည်။

ဝတ်စုံနက်အမျိုးသမီးကိုယ်တိုင် တိန့်ထောက်ကို ရေနွေးကြမ်းတစ်ခွက် ငှဲ့ထည့်ပေးသည်။ ရေဆာနေသော တိန့်ထောက်က ခွက်ထဲမှ ရေနွေးကြမ်းအကုန်လုံးကို မော့သောက်လိုက်သည်။ ရင်ထဲ



တွင် နွေးသွားပြီး အတော်ကလေး နေသာထိုင်သာ ရှိသွားသည်။

ယခုမှ တိန့်ထောက်လည်း ဝတ်စုံနက်အမျိုးသမီးကို မေးမြန်းရတော့၏။

“အစ်မကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ .... ”

အမျိုးသမီးက ပြုံးရယ်လျက် ....

“မမနာမည်က စီမေလျှန်းပါ .... ဘွဲ့နာမည်ကတော့ .... နတ်ဒေဝီ စီမေလျှန်းပေါ့ကွယ် .... ”

“ကျွန်တော့်ကို ဒီနေရာခေါ်လာတာ ဘယ်လိုအကြောင်းကိစ္စရှိလို့လဲ .... ”

“ဟင်း .... ဟင်း .... ကိစ္စထူးရယ်တော့ မရှိပါဘူးကွယ်၊ မမပြောပြီးပါပကော .... မင်းကို စေတနာနဲ့ ပြုစုဖို့ ခေါ်လာတာပါလို့၊ ဟိုအဘိုးကြီးရဲ့လက်ထဲကတောင်မမရဲ့အသက်ကိုစွန့်ပြီး မင်းကို ကယ်တင်လာခဲ့သေးတာပဲ .... ”

နတ်ဒေဝီ စီမေလျှန်းက ဆေးလုံးဖြူဖြူကလေး တစ်လုံးကို ပေးပြီး ရေနွေးကြမ်းတစ်ခွက်ကိုလည်း ထည့်ပေးသည်။

“ဒီဆေးကိုသောက်လိုက် မောင်လေး .... မင်းရဲ့အတွင်းဒဏ်ရာ သက်သာသွားလိမ့်မယ် .... ”

မိမိ၏အသက်ကိုပင် ကယ်တင်လာသူက မိမိကို လုပ်ကြံသတ်ဖြတ်လိမ့်မည်မဟုတ်ဟု ယုံကြည်သောကြောင့် တိန့်ထောက်လည်း တွေဝေစဉ်းစားမနေတော့ဘဲ ဆေးလုံးကို ရေနွေးကြမ်းနှင့် မျှောသောက်လိုက်၏။

သူ့ရင်ထဲတွင် ပူခနဲ ဖြစ်သွားပြီး .... ရင်ဘတ်နာနေခြင်းမှာ အတော်ကလေးသက်သာ ပျောက်ကင်းသွားသည်။

နတ်ဒေဝီစီမေလျှန်းက အနီးတွင်ရပ်နေသော စုချင်းကို လှည့်ပြောလိုက်သည်။

"စုချင်းက ဒီညသည်အတွက် ရေမိုးချိုးအဝတ်လဲဖို့ သွားပြင်ပေတော့ ...."

စုချင်းလည်း ဦးညွှတ်ပြီး ထွက်သွားသည်။

စီမေလျှန်းလည်း ထိုင်ရာမှထရပ်ပြီး ....

"ကဲ .... မောင်လေး .... အေးအေးဆေးဆေး ရေနွေးကြမ်းသောက်လိုက်ဦး .... တော်ကြာ စုချင်းလာခေါ်ရင် ရေမိုးချိုး .... အဝတ်အစားလဲ .... မမလည်း ရေချိုးအဝတ်လဲလိုက်ဦးမယ် .... ပြီးတော့မှ မောင်လေးနဲ့ မမ စားရင်းသောက်ရင်း စကားပြောကြသေးတာပေါ့ .... "

စကားဆုံးသည်နှင့် နတ်ဒေဝီ စီမေလျှန်းလည်း ထွက်ခွာသွားသည်။

မကြာမီ စုချင်းရောက်လာပြီး ခေါ်သဖြင့် တိန့်ထောက်လည်း လိုက်သွားသည်။ ကျောက်ခန်းဆောင်တစ်ဆောင်ထဲသို့ ရောက်လာသောအခါ အမည်းရောင်လိုက်ကာကြီး တစ်ချပ်ကာထားသည်ကို တွေ့ရသည်။

"အစ်ကိုလေး .... အထဲမှာ အစ်ကိုလေးရေချိုးဖို့ ရေပူစမ်းရှိပါတယ် .... ရေချိုးပြီးရင် လဲလှယ်ဖို့လည်း အဝတ်အစားအဆင်သင့်ရှိပါတယ် .... "

စုချင်းက ကျိုးနွံစွာပြော၍ ပြန်ထွက်သွားသည်။

ပင်ပန်းနွမ်းနယ်နေသော တိန့်ထောက်လည်း ရေချိုးချင်နေသဖြင့် လိုက်ကာကိုမ,ကာ အတွင်းဘက်သို့ ဝင်လာသည်။ အထဲတွင် ရေငွေ့များထွက်နေသော ရေပူကန်ကလေးတစ်ကန်ကို မြင်ရသည်။ ရေမှာ ခပ်နွေးနွေးသာရှိသည်။



တိန့်ထောက်က အဝတ်များကိုချွတ်ပြီး ရေပူကန်ထဲသို့ ဝင်စိမ်၍ အားပါးတရ ရေချိုးလိုက်၏။ စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းသွား၏။

ရေချိုးပြီးသောအခါ တိန့်ထောက်သည် သူ့ခရီးဆောင်အိတ်ထဲမှ သစ်လွင်သော အဝတ်တစ်စုံကိုသာ ယူဝတ်လိုက်သည်။ လိုက်ကာ အပြင်ဘက်သို့ ပြန်ထွက်လာသောအခါ သူ့ကို စောင့်နေသော စုချင်းကို တွေ့ရသည်။

စုချင်းသည် တိန့်ထောက်ကို ကျောက်ခန်းဆောင်ကြီးတစ်ခန်းထဲသို့ ခေါ်လာသည်။ ကျောက်ခန်းဆောင်ကြီး အောက်တွင် ကျောက်စားပွဲကြီးတစ်လုံးရှိပြီး စားပွဲကြီးပေါ်တွင် စားသောက်ဖွယ်ရာများကို အဆင်သင့် ပြင်ဆင်ထားသည်။

စားပွဲကြီးဘေးရှိ ခုံပေါ်တွင် နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်အလာကို စောင့်မျှော်လျက်ရှိနေသည်။ သူမ၏ ကိုယ်ပေါ်တွင် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

နတ်ဒေဝီ စီမေလျှန်းမှာ မည်သည့် အဖွဲ့အစည်းမှ ဖြစ်ကြောင်း တိန့်ထောက်စဉ်းစားမရချေ။ ဤနေရာနှင့် ဗိညာဉ်ပြန်ကျွန်းမှာ သိပ်ပြီးဝေးလှမည် မဟုတ်ကြောင်းကိုတော့ တွေးမိသည်။

အရိပ်နီသိုင်းသမားသည် ဤကျောက်လိုဏ်ဂူကြီးအကြောင်းနှင့်နတ်ဒေဝီ စီမေလျှန်း၏ အကြောင်းကို သိချင် သိနေနိုင်သည်။

နတ်ဒေဝီ စီမေလျှန်းသည် တိန့်ထောက်ကိုမြင်လျှင် လှိုက်လှိုက်လှဲလှဲ ပြုံး၍ ဖိတ်ခေါ်သည်။

"လာဟေ့ မောင်လေး .... မင်းအလာကို မမစောင့်နေတာကွယ် .... ပျော်ပျော်ပါးပါးစားရင်း သောက်ရင်း စကားစမြည် ပြောကြတာပေါ့ .... "

"ကျေးဇူးတင်ပါတယ် အစ်မကြီး .... "

တိန့်ထောက်လည်း ဗိုက်ဆာနေသဖြင့် လက်ဖမိုးယှက် ပြန်ပြောပြီး နတ်ဒေဝီ စီမေလျှန်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကဲ .... မောင်လေး .... ဘာမှ အားနာစရာမလိုဘူး .... မောင်လေး စိတ်ကြိုက်သာ စားသောက်ပေတော့ .... "

နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်အတွက် အရက်တစ်ခွက်ငှဲ့ထည့်ပေးသည်။

တိန့်ထောက်ကလည်း ဟန်ဆောင်မနေတော့ဘဲ တူဖြင့်ညှပ်၍ ဟင်းများကို ခပ်များများစားသည်။ အရက်ကိုလည်း သောက်သည်။

ဤနေရာတွင် သူ့အတွက် အန္တရာယ်မရှိကြောင်း တွက်ဆထားမိသဖြင့်လည်း ရဲရဲဝံ့ဝံ့ စားသောက်နေခြင်း ဖြစ်၏။

စီမေလျှန်းကလည်း အရက်တစ်ခွက်ကို ငှဲ့သောက်သည်။

အရက်မှာ ချိုမွှေးပြီး အေးနေသည်။ ဟင်းများကလည်း မွှယ်မွှယ်ရရနှင့်စား၍ ကောင်းလှသည်။

နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်ကို အားမနာတမ်း သောက်ရန် တိုက်တွန်းစကား ပြောနေသည်မှအပ အခြားမည်သည့် စကားကိုမှ မပြောချေ။

အရက်သုံးလေးခွက် သောက်ပြီးသည်နှင့် တိန့်ထောက် အတော်ကလေး မူးလာသည်။ သူ့မျက်လုံးထဲတွင် နတ်ဒေဝီစီမေလျှန်း



မှာ နှစ်ကိုယ် ဖြစ်သွားလိုက် သုံးကိုယ် ဖြစ်သွားလိုက် ဝေဝါးနေသည်။

နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်ကို ပြုံး၍ ကြည့်ပြီး ရွှင်လွှင်စွာ စကားဆိုသည်။

"ဟင်း .... ဟင်း .... ငါ့မောင်ကလည်း အမူးမြန် မှချည်လား .... ဒီလိုဆိုရင်လည်း သွားပြီး အနားယူလိုက်ပါကွယ် .... မနက်ကျမှပဲ တို့တစ်တွေ စကားစမြည် ပြောကြသေးတာပေါ့ .... ကဲ .... ထထ .... မင်းကို မမကိုယ်တိုင် လိုက်ပို့ပေးမယ် .... "

စီမေလျှန်းက တိန့်ထောက်အနီးသို့ လာကာ အသာအယာ ဆွဲထူပေး၏။

တိန့်ထောက်မှာ မူးဝေနေပြီဖြစ်သဖြင့် အိပ်စက်အနားယူလိုနေပြီ ဖြစ်၏။ စီမေလျှန်း ခေါ်ရာနောက်သို့ အသာလိုက်ခဲ့သည်။

အိပ်ခန်းတစ်ခန်းထဲသို့ ရောက်လာသောအခါ နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်ကို ခုတင်ပေါ် အသာအယာ လှဲသိပ်သည်။

"ဒီအရက်က မမတို့ကိုယ်တိုင် စိမ်ထားတဲ့ အရက်ပဲကွယ့်၊ အဝင်ကောင်းသလောက် အမူးတော့ နည်းနည်းကြမ်းတယ် .... မမကတော့ သောက်နေကျဆိုတော့ နည်းနည်းခံနိုင်ရည်ရှိတာပေါ့ .... နေဦး မောင်လေးသိပ်ပြီး မူးနေမယ်ဆိုရင် အမူးပြေအောင် ဆေးတစ်ခွက် တိုက်မယ် .... "

တိန့်ထောက်က အာလေး လျှာလေးကြီးဖြင့် ပြန်ပြောသည်။

"နေပါစေ မမရယ် .... မသောက်တော့ပါဘူး .... အိပ်ပျော်သွားရင် အမူးပြေသွားမှာပါ .... "

သို့သော် နတ်ဒေဝီ စီမေလျှန်းက စုချင်းကို ဆေးတစ်ခွက် ယူခိုင်း၏။

စုချင်းက ပန်းကန်လုံးတစ်လုံးနှင့် ဆေးရည်ကို ထည့်ယူလာသောအခါ နတ်ဒေဝီ စီမေလျှန်းက တိန့်ထောက်ကို တိုက်၏။ တိန့်ထောက်က ငြင်းသေးသော်လည်း နတ်ဒေဝီ စီမေလျှန်းက ချော့မော့တိုက်သဖြင့် သောက်လိုက်ရတော့သည်။

ထို့နောက် ဒီမေလျှန်းက တိန့်ထောက်ကို အိပ်ရာပေါ်လှဲသိပ်သည်။

တိန့်ထောက် အိပ်ပျော်သလိုလို ဖြစ်သွားသည်။ သူ့ ခန္ဓာကိုယ်ထဲမှ သေးတွေဆူပွက်နေသလို ခံစားနေရသည်။

အချိန်မည်မျှ ကြာသွားသည်မသိချေ။

သူ့ကို တစ်ဦးတစ်ယောက်က ဖက်ထားကြောင်း ဦးစွာ သတိထားမိလာ၏။

တိန့်ထောက် သတိကို ထိန်းချုပ်ပြီး ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်သည်။

မီးရောင်ဖြင့် နတ်ဒေဝီ စီမေလျှန်းကို အနီးကပ်မြင်တွေ့ရသည်။

ပထမတော့ တိန့်ထောက် စိတ်လှုပ်ရှားသွားမိသည်။

နတ်ဒေဝီ စီမေလျှန်း၏မျက်နှာက ရမ္မက်ဆန္ဒအပြည့်ဖြင့် တိန့်ထောက် မျက်နှာကို မိုးအုပ်လာသည်။

တိန့်ထောက် စိတ်ကို ထိန်းလိုက်ပြီး ဆတ်ခနဲ ထထိုင်ကာ နတ်ဒေဝီ စီမေလျှန်းကို တွန်းဖယ်လိုက်သည်။ ရုတ်တရက် ပြုမူလိုက်ခြင်း ဖြစ်သဖြင့် နတ်ဒေဝီ စီမေလျှန်းလည်း ခုတင်ပေါ်မှ အောက်အထိ ကျသွားသည်။



စီမေလျှန်းချက်ချင်းထရပ်သည်။ သူမ၏မျက်နှာမှာ နီမြန်းနေပြီး မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။ သူမက တိန့်ထောက်ကို ရှုးရားရား ကြည့်လိုက်ပြီးနောက် ချာခနဲ လှည့်၍ ထွက်သွားသည်။

တိန့်ထောက်သည် ဤနေရာမှ ချက်ချင်းပင် ထွက်သွားချင်သော်လည်း သူ့မျက်ခွံများက လေးလံလွန်းနေသဖြင့် မနက်စောစောမှ ထွက်သွားတော့မည်ဟု ဆုံးဖြတ်ချက်ချကာ ပြန်အိပ်လိုက်၏။

ချက်ချင်းပင် သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။

## အခန်း (၁၃)

# အကျဉ်း၌ မွေးလျှော်သူ

တိန့်ထောက် အိပ်ပျော်ရာမှ နိုးလာသည်နှင့် မျက်လုံးကို ချက်ချင်းဖွင့်လိုက်သည်။ ဆတ်ခနဲလည်းထလိုက်သည်။ မြင်ရသော မြင်ကွင်းကြောင့် အံ့ဩထိတ်လန့်သွားသည်။

သူသည် ညက အိပ်ခဲ့ရသော အိပ်ခန်းထဲတွင် မဟုတ်တော့ဘဲ အလင်းရောင် မှိန်ဝါးဝါးသာ ရှိသော အခန်းကျဉ်းကလေး တစ်ခန်းထဲသို့ ရောက်နေကြောင်း တွေ့ရသောကြောင့် ဖြစ်၏။ အခန်းမှာ အကျဉ်းခန်းနှင့်တူနေသည်။ လေးဘက်လေးတန် ကျောက်နံရံများ ကာရံထားသည်။

သူသည် ဆတ်ခနဲ ထရပ်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ အခန်းထောင့် တစ်နေရာမှာ ဘာမှ မမြင်ရအောင် မှောင်မည်းနေပြီး အလင်းရောင် အနည်းငယ်ရှိသည့် နေရာတွင် ဖြူဖြူသဏ္ဌာန်များကို တွေ့ရသည်။

သေသေချာချာ ကြည့်လိုက်သောအခါ တိန့်ထောက် မျက်လုံးပြူးသွားသည်။



သူ့နှာခေါင်းထဲတွင်လည်း ပုပ်စော်လိုလို အောက်သိုးသိုးအနံ့လိုလို ရှူရှိုက်မိသည်။

နတ်ဒေဝီ စီမေလျှံန်းမှာ သူ၏ ရန်သူတစ်ယောက် ဖြစ်လိမ့်မည် မဟုတ်ဟု ထင်မှတ်ယုံစားထားရာ အခုတော့ သူသည် နတ်ဒေဝီမေလျှံန်း၏ အကျဉ်းသားဘဝကို ရောက်နေရလေပြီ။

အလင်းရောင် အနည်းငယ်ရှိသည့်ဘက်တွင် ကျောက်နံရံကြီးများ ပိတ်ဆီးနေသဖြင့် အမှောင်ဖုံးနေသောဘက်တွင် တံခါးပေါက်များရှိနေလေမလားဟု တိန့်ထောက် တွေးမိသည်။

ထိုစဉ် တိန့်ထောက် နားထဲတွင် စကားသံတစ်သံကို ကြားလိုက်ရ၏။

“ဟေ့ သူငယ် .... မင်းက ဘယ်သူလဲ .... ”

တိန့်ထောက် အံ့ဩသွားပြီး စကားသံပေါ်လာရာသို့ လှည့်ပတ်ရှာဖွေမိသည်။ အသံမှာ သူ့အပေါ်မှ ပေါ်လာသလိုလို၊ အောက်ဘက်မှ ပေါ်လာသလိုလို၊ ဘေးဘက်မှ ပေါ်လာသလိုလို ဝေခွဲမရ ဖြစ်နေသည်။

အသံမှာ အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ဦး၏အသံဖြစ်ကြောင်းတော့ တိန့်ထောက် ခန့်မှန်းမိသည်။

“ဘယ်သူလဲ ခင်ဗျာ .... ”

တိန့်ထောက်က အသံကိုမြှင့်၍ ပြောလိုက်၏။

“မင်း ဘယ်သူလဲဆိုတာပဲ အရင်ပြောစမ်းပါ .... ”

ဤတစ်ခါတော့ အသံမှာ အမှောင်ရိပ်ကွယ်နေသည့် ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တိန့်ထောက် တွက်ဆမိသွားသည်။ သူ့လိုပဲ အကျဉ်းချ ခံထားရသူတစ်ယောက်က အမှောင်ထဲမှ စကား

ပြောနေခြင်း ဖြစ်လိမ့်မည်ဟုလည်း တွက်ဆမိသည်။

ဘဝတူချင်း ဖြစ်နေသောကြောင့် တိန့်ထောက်ကလည်း ကောင်းမွန်စွာပင် ပြန်ပြောလိုက်သည်။

"ကျွန်တော့်နာမည်က တိန့်ထောက်ပါ ခင်ဗျာ .... သိုင်းလောကသားတွေကတော့ ကျွန်တော့်ကို ရောင်ခြည်သိုင်းသမားလို့ သိကြပါတယ် .... "

"ငါလည်း သိုင်းလောကသား တစ်ယောက်ပဲ .... ဒါပေမယ့် မင်းနာမည်ကိုတော့ မသိဘူး .... အေး .... ဒါပေမယ့် မင်းရဲ့ ဆရာက ဘယ်သူလဲဆိုတာ ပြောပြရင်တော့ မင်းဆရာကို ငါ သိချင် သိလိမ့်မယ် .... "

တိန့်ထောက်က ပြန်ဖြေရခက်သဖြင့် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ထိုအခါ အဘိုးကြီး၏စကားသံက ခပ်ဆတ်ဆတ် ပေါ်လာသည်။

"ဘယ်လိုလဲကွ၊ မင်းရဲ့ဆရာက ဘယ်သူလဲဆိုတာတောင် မင်းက မပြောနိုင်ဘူးလား .... ဒါဆို မင်းဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးနဲ့တူတယ် .... "

သူ့အပေါ် တစ်မျိုးတစ်မည် ထင်သွားမည်စိုးသဖြင့် တိန့်ထောက်ကလည်း ပြန်ပြောလိုက်ရသည်။

"ကျွန်တော့်ဆရာက သူ့နာမည်ကို ဘယ်သူ့မှ မပြောရဘူးလို့ အမိန့်ရှိထားလို့ပါ ခင်ဗျာ .... ဒါကြောင့် ကျွန်တော်က လျှို့ဝှက်ထားရတာပါ .... "

"ဟား .... ဟား .... ဟား .... လျှို့ဝှက် လျှို့ဝှက် .... သေမင်းနိုင်ငံကို ရောက်တဲ့အထိ လျှို့ဝှက်ပေါ့ကွာ .... "



တိန့်ထောက်က သူ့အပေါ် တစ်မျိုးတမည် မထင်စေလိုသဖြင့် ဖခင်ဖြစ်သူ၏နာမည်ကို ထုတ်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော့် ဖေဖေဟာ တစ်ချိန်က သိုင်းလောကမှာ နာမည်ကြီးစိုးခဲ့တဲ့ မိုးကောင်းကင် ဓားသမား တိန့်ရောင်ရှမ်းပါ .... "

"မိုးကောင်းကင် ဓားသမား ဟုတ်လား .... ဒီ နာမည်ကို ငါ မကြားဖူးပါဘူး .... "

တိန့်ထောက် အံ့သြခြင်းလည်း ဖြစ်ရသည်။ ခံပြင်းခြင်းလည်း ဖြစ်ရသည်။

ထို့ကြောင့် အမှောင်ထု စိုးမိုးနေသော ဘက်ဆီသို့ လျှောက်လာသည်။ သူ့နှာခေါင်းထဲမှ အပုပ်နံ့ကို ငိုပြီး ရှူမိသည်။

အမှောင်ထဲတွင် မျက်စိကျင့်သားရနေပြီ ဖြစ်သော တိန့်ထောက်သည် အခန်းထောင့်မှ လူတစ်ယောက်ကို မြင်ရသောအခါ ထိတ်လန့် ချောက်ချားသွားသည်။ နောက်ကိုလည်း ကမန်းကတန်း ပြန်ဆုတ်မိသည်။

ကျောက်နံရံမှီ၍ ထိုင်ကာ သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ရသောကြောင့် ဖြစ်၏။ အလောင်းမှာ ပုပ်ပွ၍ပင် နေလေပြီ။ ၎င်း အလောင်းကြီးကတော့ သူ့ကို စကားပြောခြင်း မဖြစ်နိုင်ပါချေ။

တိန့်ထောက်က နောက်ကို အတော်ရောက်အောင် ဆုတ်လိုက်ပြီးမှ ဘေးဘီဝဲယာကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"ဆရာကြီး .... ကျွန်တော့်ကို ဘယ်နေရာက စကားပြောနေတာလဲ .... "

"ငါက မင်းရဲ့အကျဉ်းခန်းနဲ့ကပ်နေတဲ့ တစ်ဘက်ခန်းထဲက

စကားပြောနေတာပဲ .... ဟား .... ဟား .... ဟား .... ငါလည်း မင်းလို အကျဉ်းသား တစ်ယောက်ပါပဲလေ .... ဒါနေပါဦးကွ မင်းက ဘယ်လိုအကြောင်းနဲ့ အဖမ်းခံရတာလဲ .... "

တိန့်ထောက်က အသံလာရာ ဘက်ဆီကို ကြည့်၍ ....

"နတ်ဒေဝီ စီမေလျှန်းဆိုတဲ့ မိန်းမကြီးက ကျွန်တော့်ကို လှည့်ဖြားခေါ်လာပြီး အခုလို ဖမ်းထားတာပဲ .... "

"ဟား .... ဟား .... ဟား .... ဟား .... ဘာလဲကွ သူ့ရဲ့ လိုအင်ဆန္ဒကို မင်းက မလိုက်လျောလို့လား .... အေး .... မင်းရဲ့အခန်း ထဲမှာ သေသွားကြတဲ့လူတွေ အားလုံးကလည်း မင်းလိုပဲ သူ့ရဲ့ဆန္ဒကို မလိုက်လျောလို့ အဖမ်းခံရပြီး သေသွားကြတဲ့ လူတွေချည်းပဲကွ"

"ဆရာကြီးက ကျွန်တော့်ကို မြင်နေရလို့လား .... "

"ကောင်လေး .... မင်း ရှေ့တည့်တည့်က နံရံမှာ ပက်ကြား အက် သေးသေးကလေး ရှိတယ် .... မင်း ရှာကြည့်စမ်း .... အဲဒီ ပပ်ကြားအက်ကနေ မင်းအခန်းကို ငါ မြင်နိုင်သလို ငါ့အခန်းကိုလည်း မြင်နိုင်တယ် .... "

"ဒီနေရာဟာ ဘယ်နေရာလဲ ဆရာကြီး .... "

"အကျဉ်းခန်းလေကွာ .... "

"ဒါကို မေးတာမဟုတ်ပါဘူး ခင်ဗျာ .... ဒီအရပ်ဒေသကို ဘယ်လိုခေါ်သလဲလို့ မေးတာပါ .... "

"ကို့စုတောင်ကုန်းဒေသလို့ ခေါ်တယ် .... ကဲကွာ စကား များများ ပြောလိုက်ရတာ ငါလည်း မောသွားပြီ .... နားလိုက်ဦးမယ်၊ မင်းလည်း မသေခင် အနားယူထား .... အစာငတ် ရေငတ်ဖြစ်ပြီး ဟိုလူတွေသေသလို မင်းလည်း သေမှာပဲ .... "



အဘိုးကြီး အသံတိတ်သွားသည်။

"သူတို့က အစာရေစာ လာမပို့ကြဘူးလား .... "

တိန့်ထောက်က မေးသော်လည်း ပြန်ဖြေသံ ပေါ်မလာ တော့ချေ။

တိန့်ထောက်လည်း အဘိုးကြီးပြောသည့် ကျောက်နံရံတွင် ပပ်ကြားအက်ကို လိုက်ရှာသေးသည်။ မတွေ့သည့်အဆုံး စိတ်လျှော့ ပြီး ပုပ်နေသော အလောင်းနှင့် ခပ်ဝေးဝေးတွင် သွားထိုင်နေလိုက်၏။

သူသည် ဟိုတွေး သည်တွေးနှင့် အချိန်ကုန်လာသည်။

ဗိုက်ထဲမှလည်း အတော်ကလေး ဆာလောင်လာသည်။

မည်သည့်အချိန်ရောက်နေပြီ ဖြစ်ကြောင်းလည်း မသိချေ။

"ကောင်လေး မင်းဆာနေပြီလား .... "

အဘိုးကြီး၏အသံ ရုတ်တရက် ပေါ်လာပြန်သည်။ တိန့် ထောက် ထိုင်ရာမှ ထရပ်လိုက်ပြီး ....

"ဟုတ်ကဲ့ .... "

"အေး .... အစာငတ် ရေငတ်နဲ့ မင်းသေမှာပဲ .... မင်းရဲ့ အခန်းထဲကို ရောက်လာတဲ့ လူတချို့ကိုတော့ အစာငတ် ရေငတ် ဝေဒနာကို ကြာကြာမခံစားရဘဲ မြန်မြန်သေတဲ့နည်းကို ငါ ပြောပြ ခဲ့တယ် .... မင်းကော မသိချင်ဘူးလား .... "

"ကျွန်တော် မသိချင်ဘူး .... ဒီလောက်အထိ စိတ်မလျှော့ ချင်ဘူး .... လွတ်မြောက်အောင် ကြိုးစားရင်း သေသွားပါစေ .... "

"မင်းမဆိုးပါဘူး .... အေးလေ ငါတောင် ဒီမှာ အကျဉ်းချခံ ထားရတာ အနှစ်နှစ်ဆယ်ကျော် အစိတ်လောက် ရှိနေပြီပဲ .... တစ်ခါ မှ ကိုယ့်ကိုယ်ကို သတ်သေဖို့ မကြံစည်သေးဘူး .... "

"ဗျာ .... ဆရာကြီးက ဒီလောက်တောင် ကြာနေပြီလား၊ ကျွန်တော်ဆိုရင်တော့ ဒီလောက်ထိ ခံနိုင်ရည် ရှိမှာမဟုတ်ဘူး ...."

"ငါ့ကိုယ် ငါ သတ်မသေတာလည်း မျှော်လင့်ချက်တစ်ခု ရှိလို့ပေါ့ကွယ် .... "

"ဆရာကြီးကိုကော သူတို့က အစာရေစာ ကျွေးသလား"

"ဟား .... ဟား .... ဟား .... ငါ့ကိုတော့ ကျွေးပါတယ်၊ ကောင်းကောင်းမွန်မွန်ကို ကျွေးပါတယ် .... ဘာဖြစ်လို့လဲဆိုရင် ငါ သေသွားမှာစိုးလို့ပဲ ပေါ့ကွာ .... ဟား .... ဟား .... ဟား .... ဟား"

"ကျွန်တော်တော့ ဒီကျောက်နံရံတွေကို ထုရိုက်ပြီး ဖောက်ထွက်ရမှာပဲ .... "

"လုပ်မနေနဲ့ ကိုယ့်လူ .... ဘယ်လောက်ပဲ အတွင်းအားကောင်းသူဖြစ်ပါစေ မလွယ်ဘူး .... နံရံတွေ့ တစ်ပေလောက်ထုနေတာ .... နေဦး မင်းဟာ ပင်ပန်းနွမ်းနယ်နေတော့ အတွင်းအားတွေ လျော့နေမှာပဲ .... အတွင်းအားကျင့်စဉ်ကို ကျင့်လိုက်ဦး .... မင်းအတွက် ငါစဉ်းစားလိုက်ဦးမယ် .... "

အဘိုးကြီး၏စကားသံ တိတ်သွားသည်။ မေးမြန်းလျှင် ပြန်ဖြေလိမ့်မည် မဟုတ်သဖြင့် တိန့်ထောက်လည်း တင်ပျဉ်ခွေ ထိုင်လိုက်ပြီး အတွင်းအားကျင့်စဉ်ကို ကျင့်သည်။ သို့မှလည်း အဆိပ်ဘီလူးနှင့် တိုက်ခိုက်ခဲ့စဉ်က ကုန်ခဲ့သော အတွင်းအားများကို ပြန်ရမည်ဖြစ်၏။

အတန်ကြာသွားသောအခါ တိန့်ထောက်တွင် မူလအတွင်းအားများ ပြန်လည်ရရှိလာသည်။

သူသည် ထိုင်ရာမှ ထရပ်လိုက်ပြီး တစ်ဘက်ခန်းမှ အဘိုးကြီးကို အသံပြုလိုက်သည်။



"ဆရာကြီး .... ကျွန်တော့်ရဲ့ ပင်ကိုအတွင်းအား ပြန်ရပါပြီ"

တစ်ဘက်မှ အဘိုးကြီး၏အသံလည်း ပေါ်လာသည်။

"ဟုတ်ပြီ .... ဒါဆိုရင် နံရံဘက်ကို မင်းတိုးလာခဲ့ .... ဒီကနေ ငါ မီးထွန်းလိုက်ရင် ပပ်ကြားအက်ကို မင်းမြင်ရလိမ့်မယ် .... "

တိန့်ထောက်လည်း နံရံဆီသို့ လျှောက်သွားသည်။ ထိုအခါ မီးထွန်းလိုက်ရင် ပပ်ကြားအက်ထဲမှ ထွက်ပေါ်လာနေသော မီးရောင်ကိုလည်း တိန့်ထောက် မြင်ရသည်။ သူသည် ပပ်ကြားအက်မှ တစ်ဘက်ခန်းသို့ ချောင်းကြည့်လိုက်သည်။

တစ်ဘက်ခန်းထဲတွင် ခုတင်နှင့်စားပွဲတစ်လုံးစီကို တွေ့ရပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့်ဆံပင်များ ဆွတ်ဆွတ်ဖြူနေပြီဖြစ်သော အဘိုးအိုကြီးတစ်ဦးကို ခုတင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသည်။

အဘိုးအိုမှာ တိန့်ထောက်ဘက်သို့ မျက်နှာလှည့်၍ ထိုင်နေလေရာ သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ် လက်နေသည်ကို မြင်ရသည်။ အဘိုးအို၏ကိုယ်ပေါ်တွင်လည်း ကောင်းမွန်သပ်ရပ်သော အဝတ်များကို ဝတ်ဆင်ထားသည်။

အိပ်ရာကိုလည်း ကောင်းကောင်းမွန်မွန် ခင်းထားသည်။ သူသည် အကျဉ်းသားတစ်ယောက် ဖြစ်သော်လည်း ကောင်းမွန်စွာ နေထိုင်စားသောက်ရသော အကျဉ်းသားတစ်ယောက်ပင် ဖြစ်လေသည်။

"ဆရာကြီး ကျွန်တော့်ကို စကားပြောခွင့်ပေးပါ .... "

အဘိုးကြီးက တိန့်ထောက်ကို ချောင်းကြည့်နေသော ပပ်ကြားအက်ဘက်ကို စူးစိုက်ကြည့်၍ ....

"ဘာလဲ ကောင်လေး ဆိုစမ်း .... "

"ဆရာကြီးဟာ အဆင့်မြင့် သိုင်းသမားကြီးတစ်ယောက်ပဲ

မဟုတ်လား .... ”

“ဆိုပါတော့ကွာ .... ”

“ဒါနဲ့တောင် ဘာဖြစ်လို့ ဆရာကြီး ဒီ အကျဉ်းခန်းထဲက လွတ်မြောက်အောင် မကြိုးစားတာလဲ .... ”

“မလွတ်မြောက်ချင်လို့ပေါ့ကွ .... ”

အဘိုးကြီး၏အဖြေကြောင့် တိန့်ထောက် အံ့ဩသွားမိသည်။ အကျဉ်းခံထားရသည့် အကျဉ်းသားဘဝမှ မလွတ်မြောက်ချင်သူဆို၍ ယခုမှပဲ ကြားဖူးတော့သည်။

“ဆရာကြီးရဲ့နာမည်ကို သိပါရစေ .... ”

“မသိချင်ပါနဲ့ကွာ .... ငါ့အကြောင်းထက် မင်းလွတ်မြောက်နိုင်မယ့် နည်းလမ်းကို သိရရင် ပိုမကောင်းဘူးလား .... ”

“ဗျာ .... ဘယ်လိုနည်းနဲ့ လွတ်နိုင်မှာလဲ ဆရာကြီး .... ”

“လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီမှာ မြေလျှောက်လှုပ်တော့ လျှို့ဝှက် မြေပုံတစ်ခုကို ငါ ရလိုက်တယ် .... ဒီ အကျဉ်းခန်းတွေကို ပင်နိုင်ထွက်နိုင်တဲ့ လျှို့ဝှက်တံခါးတွေ လျှို့ဝှက်ဥမင်လမ်းတွေ ဘယ်လိုရှိတယ်ဆိုတာ လမ်းညွှန်ပြတဲ့ မြေပုံပဲ ဆိုပါတော့ .... ”

“ဟုတ်လား ဆရာကြီး .... ဒီနေရာကို နတ်ဒေဝီ စီမေလျှန်းက စတွေ့တာလား .... ”

“မဟုတ်ဘူးကွ .... သူတို့က နောက်မှလာနေကြတာ .... ငါက အရင်စပြီး တွေ့တာ .... ဒါတွေကို ထားလိုက်စမ်းပါကွာ .... မင်းလွတ်မြောက်ချင်တယ်ဆိုရင် ငါပြောပြမယ် .... ”

တိန့်ထောက် ဝမ်းသာအားတက်သွားပြီး ....

“ကျွန်တော်လွတ်မြောက်ချင်ပါတယ် ဆရာကြီး .... ”



အဘိုးကြီးလည်း ခုတင်ပေါ်မှ ထလာပြီး တိန့်ထောက်ချောင်းကြည့်နေသော ပပ်ကြားအက်အနီးသို့ ကပ်လာကာ အသံကိုနှိမ့်၍ ပြောသည်။

“ကောင်လေး သေချာနားထောင် .... လျှို့ဝှက်တံခါးပေါက်တစ်ပေါက်ဟာ မင်းရဲ့ညာဘက်နံရံမှာ ရှိတယ် .... အဲဒီ နံရံကို သေချာစမ်းကြည့် .... နံရံဟာ ညီနေသလို ထင်ရပေမယ့် လက်နဲ့ သေသေချာချာ စမ်းကြည့်ရင် ဖုထစ်နေတဲ့ နေရာလေးတစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီဖုနေတဲ့ ဘုကလေးဟာ လျှို့ဝှက်တံခါးကို ဖွင့်တဲ့ လျှို့ဝှက်ခလုတ်လို့ မြေပုံညွှန်းမှာပါတယ် .... မင်း စမ်းကြည့်စမ်းကွာ .... ထူးခြားရင် ငါ့ကိုပြော .... ”

တိန့်ထောက်လည်း ဝမ်းသာအားရနှင့် ညာဘက်နံရံကို လျှောက်သွားပြီး သေချာစွာ လက်နှစ်ဘက်နှင့် စိတ်ရှည်လက်ရှည် စမ်းသပ်ကြည့်သည်။ ခဏနှင့် ဘုကလေးတစ်ခုကို တွေ့ရသဖြင့် ဖိနှိပ်လိုက်ရာ နံရံအောက်ခြေတွင် ကျောက်ချင်း ပွတ်ကြိတ်သံ ပေါ်လာပြီး တံခါးပေါက်တစ်ပေါက် ပွင့်လာသည်။

တံခါးပေါက်မှာ ကြမ်းခင်းပြင်တွင် ပေါ်လာခြင်း ဖြစ်သည်။ ဤ တံခါးပေါက်မှာ မြေအောက်မှ အပြင်ဘက်သို့ ထွက်နိုင်သည့် အပေါက် ဖြစ်လိမ့်မည်ဟု တွေးမိကာ တိန့်ထောက် ဝမ်းသာသွားသည်။

တိန့်ထောက်သည် ပပ်ကြားအက်ကို ပြန်လာပြီး ကျောက်ခင်းထားသော ကြမ်းပြင်မှ တံခါးပေါက်တစ်ပေါက် ပေါ်လာကြောင်း အဘိုးကြီးကို ပြောပြသည်။ အဘိုးကြီးက ....

“အေး .... အဲဒီ တံခါးပေါက်က မင်းဆင်းသွားရင် အပြင်ကို ရောက်သွားမှာပဲ .... ”

"ဒီ အကျဉ်းခန်းထဲက နတ်ဒေဝီ စီမေလျှန်းနေတဲ့နေရာကို ရောက်အောင်သွားနိုင်မယ့် လမ်းကောမရှိဘူးလား .... "

"ဘာလဲ .... သူ့ကို မင်း သွားတိုက်မလို့လား .... "

"မဟုတ်ပါဘူး .... အဲဒီမှာ ကျွန်တော်ရဲ့ အရေးကြီးတဲ့ ပစ္စည်းတစ်ခု ကျန်နေခဲ့လို့ပါ .... "

"ဒါဆို ငါ ပြောပြမယ် .... မင်းရဲ့ ဘယ်ဘက်က နံရံမှာ စောစောကလိုပဲ ဘုကလေးတစ်ခုရှိတယ် .... စမ်းကြည့်ရင် တွေ့လိမ့်မယ်၊ အဲဒီဘုကို နှိပ်လိုက်ရင် တံခါးပေါက်တစ်ပေါက် ပေါ်လာလိမ့်မယ် .... အဲဒီ တံခါးပေါက်ကသွားရင် စီမေလျှန်းနေတဲ့နေရာကို ရောက်သွားလိမ့်မယ် .... "

"ဒါဖြင့် ကျွန်တော် ခဏလောက်စမ်းသပ်ချင်တယ် .... "

တိန့်ထောက်က ဘယ်ဘက်ကို လျှောက်သွားပြီး နံရံကိုစမ်းကြည့်ရာ ဘုကလေးတစ်ဘုကို စမ်းမိပြန်သည်။

ဘုကလေးကို နှိပ်လိုက်သည်နှင့် နံရံမှ တံခါးပေါက်တစ်ပေါက် ပေါ်လာသည်။ သူသည် လူရိပ်လူခြေကို ကြည့်ကာ တံခါးပေါက်မှ ဝင်ခဲ့သည်။

## အခန်း (၁၄)

## လှုတ်မြောက်ခြင်း

တိန့်ထောက်သည် စင်္ကြံလမ်းကလေးတစ်လမ်းထဲသို့ရောက်လာသည်။ စင်္ကြံလမ်းမှ လူရိပ်လူခြေကို ကြည့်ပြီး လျှောက်လာခဲ့ရာ အိပ်ခန်းတံခါး၏တံခါးပေါက်တစ်ခုကို ဦးစွာတွေ့ရ၏။ အတွင်းဘက်ကို ကြည့်လိုက်ရာ ညက သူအိပ်ခဲ့သော အိပ်ခန်းဖြစ်ကြောင်း မှတ်မိလိုက်သည်။

အိပ်ခန်းထဲတွင် မည်သူ တစ်ဦးတစ်ယောက်မျှ မရှိချေ။

သူသည် အိပ်ခန်းထဲသို့ ဝင်လိုက်ပြီး သူ၏ ခရီးဆောင်အိတ်နှင့် ဓားကို ရှာဖွေရာ ခဏနှင့် ပြန်တွေ့ရသည်။ သူသည် ခရီးဆောင်အိတ်နှင့်ဓားကိုယူပြီး အိပ်ခန်းထဲမှ ပြန်ထွက်မည်အပြု အပြင်ဘက်မှ လျှောက်လာသော ခြေသံကို ကြားရသဖြင့် အိပ်ခန်းထဲကို ပြန်ဝင်လိုက်သည်။

ချက်ချင်းပင် သူသည် ခရီးဆောင်အိတ်ထဲမှ ဝတ်စုံနက်ကို ယူဝတ်၍ မျက်နှာဖုံးကိုလည်း စွပ်လိုက်သည်။ အခန်းထောင့်တွင်လည်း ရပ်နေလိုက်၏။

အခန်းထဲသို့ ဝင်လာသူမှာ စုယွင်းဖြစ်ကြောင်း မြင်ရသည်။

တိန့်ထောက်လည်း စုယွင်းရှေ့သို့ လှစ်ခနဲ ထွက်ရပ်လိုက်သည်။

စုယွင်း ထိတ်လန့်သွားပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"ဟင် .... ရှင် ရှင် ဘယ်သူလဲ .... "

သူမ၏ စကားမဆုံးခင် တိန့်ထောက်က သူမ၏အကြောကို ထိုးပိတ်လိုက်သည်။ စုယွင်း စကားဆက်မပြောနိုင်တော့ဘဲ အရုပ်ကြီးလို တောင့်တောင့်ကြီး ဖြစ်သွားသည်။

တိန့်ထောက် မဟူရာသိုင်းသမားကြီး၏ လေသံမျိုးဖြင့် အေးစက်စက် ပြောလိုက်သည်။

"မင်းတို့ရဲ့သခင်မ စီမေလျှန်းကို ပြောလိုက်စမ်း .... မဟူရာသိုင်းသမားကြီး လာသွားတယ်လို့ .... ငါ့တပည့် ရောင်ခြည်သိုင်းသမားကို ကယ်ထုတ်သွားတယ်လို့ .... နောက်တစ်ခေါက် ငါ ထပ်လာခဲ့ဦးမယ် .... သတိထားနေပါလို့လည်း ပြောလိုက် .... "

တိန့်ထောက် ချာခနဲလှည့်ကာ အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

သူသည် အကျဉ်းခန်းဆီသို့ ပြန်လာခဲ့သည်။

အခန်းကျဉ်းထဲသို့ ပြန်ရောက်လာသောအခါ တစ်ဘက်မှ အဘိုးကြီး သူ့ကို မမြင်စေရန် ပက်ကြားအက် တည့်တည့်တွင် မရပ်ဘဲ ကွယ်၍ ရပ်ကာ ပြောလိုက်၏။

"ကျွန်တော်ရဲ့ ပစ္စည်းရခဲ့ပါပြီ ဆရာကြီး .... "

တစ်ဘက်ခန်းမှ အဘိုးကြီးအသံ ပေါ်လာသည်။

"ဒါဆိုလည်း မင်း သွားတော့ပေါ့ကွာ .... "



"ဆရာကြီးလည်း ကျွန်တော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါလား"

"ငါ့ရဲ့ အခန်းထဲမှာ မင်းလို လျှို့ဝှက် တံခါးပေါက်တွေ မရှိဘူးကွ .... ရှိလည်း ငါ မလိုက်ချင်ပါဘူး .... မလွတ်မြောက်ချင်သေးပါဘူး .... မင်းဘာသာ မင်းပဲ သွားပါတော့ .... "

တိန့်ထောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ဒီလိုဆိုလည်း ကျွန်တော် သွားတော့မယ် .... ဆရာကြီး ကျွန်တော့်ကို ဘာမှာဦးမှာလဲ .... "

အဘိုးကြီး စဉ်းစားနေဟန်ဖြင့် ခဏမျှ အသံတိတ်နေပြီး ....

"အေး .... မင်းက မေးမှတော့ ငါကလည်း မင်းကို အကူအညီတစ်ခု တောင်းရဦးမယ် .... မင်း လွတ်မြောက်သွားရင် သိုင်းလောကမှာ လူတစ်ယောက်ကို ရှာဖွေစမ်းပါ .... "

"ဘယ်သူ့ကို ရှာရမှာလဲ ဆရာကြီး .... "

"မိန်းမတစ်ယောက်ပဲ .... အသက်ရှင်လျက် ရှိသေးသလား၊ သေပြီလားဆိုတာတော့ တိတိကျကျ ငါ မပြောနိုင်ဘူး .... သူ့ နာမည် စီချွန်းလျှန်းတဲ့ .... နတ်ဒေဝီ စီမေလျှန်းရဲ့ညီမအရင်း ဆိုပါတော့"

"ကောင်းပါပြီ ဆရာကြီး .... သူ့ကိုတွေ့ရင် ကျွန်တော် ဘာပြောရမလဲ .... "

"ဘာမှ ပြောမနေနဲ့ .... မင်းတွေ့တဲ့ မိန်းမဟာ စီချွန်းလျှန်းသာ မှန်ရင် သူ့ကိုအသေသာ သတ်လိုက် .... "

"ဗျာ .... "

တိန့်ထောက် အံ့သြတကြီး ဖြစ်သွားမိသည်။

အဘိုးကြီး၏အသံက ကတိုက်ကရိုက် ပြန်ပေါ်လာပြန်သည်။

"ဟေ့ .... ဟေ့ .... နေဦး .... မသတ်နဲ့တော့ မသတ်နဲ့၊

မင်း သူ့ကို သတ်လို့မဖြစ်သေးဘူး .... မင်းထက် သူက သိုင်းပညာ အဆင့်မြင့်နေရင် မင်း ဒုက္ခရောက်နေဦးမယ် .... ဒီတော့ ဒီလိုလုပ်၊ စီချွန်းလျှန်းကို မင်း တွေ့ရင် ပြောပြလိုက်ပါ .... ကို့စု ကျောက်ဂူထဲက အဘိုးကြီးက မှာလိုက်တယ်လို့ .... အမြန်ပြန်လာခဲ့ပါ .... ကိစ္စ အားလုံးကို လိုက်လျှော့ပါ့မယ်လို့ .... "

"ဒီလောက် ပြောရုံနဲ့ သူလာပါ့မလား .... "

"ဒါပဲ ပြောလိုက်ပါ .... ဒါဆိုရင် ငါ့ကို မင်းကူညီရာရောက်ပါပြီ .... "

"ကောင်းပါပြီ .... ကျွန်တော် ပြောလိုက်ပါ့မယ် .... ဒါဆို ကျွန်တော် သွားတော့မယ် .... "

"အေး .... သွားပေတော့ .... "

တိန့်ထောက်လည်း အံဝှက်တံခါးပေါက်မှ မြေအောက်ခန်းထဲသို့ ဆင်းလာခဲ့သည်။ လှေကားမှ ဆင်းခဲ့ရာ အတွင်းဘက်တွင် မှောင်နှင့်မည်းမည်း ဖြစ်နေသဖြင့် ဘာကိုမှ မမြင်ရချေ။ သူသည် ခါးဆောင်အိတ်ထဲမှ မီးခတ်တံကို ထုတ်လိုက်ပြီး ခြစ်၍ မီးတောက်ပေါ်လာသောအခါ ငှင်းမီးရောင်ဖြင့် သူ့ရှေ့တွင် ဥမင်လမ်းတစ်လမ်းကို တွေ့ရသည်။

တိန့်ထောက်လည်း မီးတောင်မငြိမ်းခင် ဥမင်လမ်းအတိုင်း ခပ်သွက်သွက် လာခဲ့သည်။ ဥမင်လမ်းမှာ ကွေ့ကွေ့ကောက်ကောက်နှင့် ရှည်လျားလှသည်။ ဥမင်လမ်း ဆုံးသွားသောအခါ သူ့ရှေ့တွင် ကျောက်နံရံကြီး ပိတ်ဆီးလျက် ရှိသည်ကို တွေ့ရသည်။

ကျောက်နံရံကြီးတွင် ဖုထွက်နေသော ကျောက်တုံးကလေးကို တွေ့ရသဖြင့် နှိပ်လိုက်ရာ ကျောက်ချပ်း ပွတ်ကြိတ်သံပေါ်လာပြီး



သူ့ရှေ့တွင် တံခါးပေါက်တစ်ပေါက် ပွင့်သွားသည်။ တံခါးပေါက်မှာ လူတစ်ယောက် ကိုယ်စောင်းတိုက်ပြီး ဝင်သာရုံသာ ကျယ်ဝန်းသည်။

တိန့်ထောက် အပြင်ဘက်သို့ ထွက်လိုက်သည်။

မှောင်ရီပျိုးစအချိန် ဖြစ်နေလေပြီ။ မကြာမီ နေရောင်ပျောက်ပြီး အမှောင်ထု ဖုံးပေတော့မည်။

ဂူပေါက်၏အပြင်ဘက်မှာ တောအုပ်ကြီးဖြစ်သည်။ တိန့်ထောက် နားထဲတွင် မျောက်အော်သံတွေလည်း ဆူဆူညံညံ ကြားနေရသည်။ မျောက်များမှာ သူနှင့်အလှမ်းမဝေးသော နေရာတွင် ရှိနေပြီ။ မျောက်အုပ်ရှိလျှင် စားစရာအသီးအနှံလည်း ရှိနိုင်သည်ဟု တိန့်ထောက် တွေးမိကာ မျောက်အော်သံများ ထွက်ပေါ်လာရာသို့ ပြေးလာခဲ့သည်။

တိန့်ထောက်သည် ခဏနှင့် သစ်ပင်များပေါ်တွင် ခုန်လွှားအော်ဟစ်နေသော မျောက်အုပ်ကြီးဆီသို့ ရောက်လာသည်။ မျောက်များက တိန့်ထောက်ကို မြင်သောအခါ ထိတ်လန့်တကြီးဖြင့် ရှောင်တိမ်းကြသည်။

ပန်းသီးများကိုလည်း တိန့်ထောက်တွေ့ရသည်။ ပန်းသီးအတော်များများမှာ ရဲရဲနီပြီး မှည့်နေကြသည်။

သူသည် အားရဝမ်းသာ ဖြစ်သွားပြီး အပင်ပေါ်သို့ ခုန်တက်၍ ပန်းသီးများကို အားပါးတရ ခူးစားသည်။

ရေငတ်လည်းပြေ၊ အဆာလည်းပြေသွားသည်။

သူသည် ပန်းသီးများကို ဝအောင် စားနေစဉ်မှာပင် နေရောင်ပျောက်ပြီး အမှောင်ထု ဖုံးလွှမ်းသွားသည်။

တိန့်ထောက်စားပြီး၍ သစ်ပင်ပေါ်မှ ပြန်ဆင်းမည်အပြုတွင်

အားပါးတရ ရယ်မောလိုက်သော အသံတစ်သံ ပေါ်ထွက်လာသည်။

"ဟား .... ဟား .... ဟား .... ဟား .... "

ချောက်ချားဖွယ်ရာ ရယ်မောသံကြီးကြောင့် ကွိကွိ ကွကွ နှင့်အော်နေကြသော မျောက်များ၏အသံပင်လျှင် ငြိမ်သက်သွားသည်။

"ဟီး .... ဟီး .... ဟီး .... ဟီး .... ဟား .... ဟား .... ဟား .... ဟား .... "

"အား .... အမယ်လေး ကြောက်ပါပြီ .... "

ရယ်မောသံကြီးနှင့်အတူ မိန်းကလေး တစ်ယောက်၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သံလည်း ပေါ်ထွက်လာ၏။

တိန့်ထောက်သည် ကိုယ်ဖော့ပညာကို သုံး၍ အသံကြားရာဘက်ကိုသို့ ပြေးနှင်လာခဲ့သည်။

"အား .... အား .... "

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား"

မိန်းကလေး၏အော်သံနှင့် လူကြီးတစ်ယောက်၏ရယ်မောသံမှာ အဆက်မပြတ် ပေါ်ထွက်လျက်ရှိနေသည်။

ခဏနှင့်တိန့်ထောက်သည် ရှေ့တွင် မီးပုံတစ်ပုံကို လှမ်းမြင်ရသည်။ မီးပုံမှာ မြေကွက်လပ်ကလေး၏ အလယ်တွင်ရှိနေခြင်း ဖြစ်၏။ မီးပုံဘေးတွင်မူ လူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိနေသည်။

တစ်ယောက်မှာ ဝတ်စုံနက် ဝတ်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး တစ်ယောက်က အရိုးခေါင်းများကို ချိတ်ဆွဲထားသော အဘိုးကြီးစန့်ကွမ်းအောက်ပင် ဖြစ်လေသည်။



အဘိုးကြီး စန့်ကွမ်းအောက်၏ ညာဘက်လက်တွင် အရိုးခေါင်းတစ်လုံးကို ကိုင်မြှောက်ထားသည်။ သူ့ဟန်ပန်က ဝတ်စုံနက်အမျိုးသမီးကို ပစ်တော့မည့် ဟန်မျိုးဖြင့် ချိန်ရွယ်လျက်ရှိသည်။

ဝတ်စုံနက် အမျိုးသမီးမှာ ထိတ်လန့်တကြီး အော်ဟစ်ကာ နောက်သို့ ဆုတ်နေသည်။ သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပြီး ချွေးတွေလည်း ရွဲရွဲစိုနေသည်။

အဘိုးကြီး စန့်ကွမ်းအောက်က ခြိမ်းခြောက်လျက်ရှိသည်။

"ငါ ပစ်လိုက်ရမလား .... ပစ်လိုက်ရမလား .... "

"ကြောက်ပါတယ်ရှင် .... ကြောက်ပါတယ် .... မပစ်ပါနဲ့"

ဝတ်စုံနက်အမျိုးသမီးက တုန်တုန်ယင်ယင်ဖြင့် တောင်းပန်နေသည်။

"ကြောက်ရင် အော်စမ်း .... အသံကုန် အော်စမ်း .... မင်းရဲ့သခင်မ စီမေလျှန်း ကြားအောင် သူ ထွက်လာအောင် အော်စမ်း .... ငါပေါက်လိုက်ရ .... "

"အား .... အမယ်လေး .... ကြောက်ပါပြီ .... "

အဘိုးကြီး စန့်ကွမ်းအောက်က လူရိုးခေါင်းကို မြှောက်ရွယ်လိုက်ပြန်ရာ ဝတ်စုံနက်အမျိုးသမီးက စူးစူးရားရား အော်ပြန်သည်။

တိန့်ထောက်သည် သစ်ပင်ကြီးတစ်ပင် နောက်ကွယ်မှ ချောင်း၍ ကြည့်နေပြီး ပါးစပ်အဟောင်းသား ဖြစ်နေမိသည်။ အဘိုးကြီးသည် စီမေလျှန်းနှင့်တိုက်ခိုက်ရန် စီမေလျှန်း၏အစေအပါး တစ်ဦးကို ခြိမ်းခြောက်နေခြင်း ဖြစ်၏။

ဤအတိုင်းဆိုလျှင် နတ်ဒေဝီ စီမေလျှန်း ရောက်လာနိုင်ကြောင်း တိန့်ထောက် တွေးမိသဖြင့် ဆက်ပြီး စောင့်ကြည့်နေရန်

ဆုံးဖြတ်ချက် ချလိုက်သည်။

အဘိုးကြီး စန့်ကွမ်းအောက်နှင့် နတ်ဒေဝီ စီမေလျှန်းတို့ နှစ်ယောက် တိုက်ခိုက်လိုက်ကတော့ မည်သည့်ဘက်မှ ဝင်မကူဟုလည်း တွေးထားသည်။ နှစ်ဦးစလုံးမှာ စိတ်ထားယုတ်ညံ့သူများ ဖြစ်ပြီး သေသွားပါကလည်း ဝမ်းနည်းစရာမရှိချေ။

အဘိုးကြီး စန့်ကွမ်းအောက်က အရိုးခေါင်းကို မြှောက်၍ မြှောက်၍ ဩမ်းခြောက်နေရာ ဝတ်စုံနက်အမျိုးသမီးမှာလည်း ဆက်တိုက်ပင် ထိတ်လန့်တကြား အော်ဟစ်နေသည်။ အော်ရလွန်းသဖြင့် သူမ၏အသံများပင် ခြောက်ကပ်လာသည်။

ခဏအကြာတွင် မီးပုံဆီသို့ လူရိပ်တစ်ရိပ် ပြေးဝင်လာသည်။ နတ်ဒေဝီ စီမေလျှန်း ရောက်လာလေပြီလားဟု တိန့်ထောက် တွေးလိုက်မိသော်လည်း ရောက်လာသူမှာ စီမေလျှန်း မဟုတ်ချေ။ ဝတ်ရုံနက်ကြီးကို ဝတ်ထားသော အသက်ငါးဆယ်အရွယ်ခန့်ရှိ အဘွားကြီးတစ်ယောက်ပင် ဖြစ်၏။

ထို အဘွားကြီး၏ ခေါင်းတွင် ကြီးမားလှသော အဖြူရောင် ပန်းပွင့်ကြီးတစ်ပွင့်ကို ပန်ထားသည်။ တိန့်ထောက်သည် မီးရောင်ဖြင့် ထို အဘွားကြီး၏မျက်နှာသွင်ပြင်ကို မြင်ရလေရာ ယုတ်မာကောက်ကျစ်သည့် မျက်နှာမျိုး ဖြစ်ကြောင်း အကဲခတ်မိသည်။

အဘွားကြီးမှာ ဝတ်စုံနက်အမျိုးသမီး၏ အော်သံကို ကြား၍ ပြေးလာပုံရသဖြင့် နတ်ဒေဝီ စီမေလျှန်း၏အဖွဲ့မှ ဖြစ်နိုင်ကြောင်း တိန့်ထောက် တွေးမိသည်။ ဝတ်ရုံနက် ဝတ်ထားသော အဘွားအိုကြီးသည် အဘိုးကြီး စန့်ကွမ်းအောက်ကို မြင်ရသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ နောက်ကိုပင် ခြေနှစ်လှမ်း ပြန်ဆုတ်သွားသည်။



ထိုစဉ် အဘိုးကြီး စန့်ကွမ်းအောက်၏ ခက်ထန်သော အမိန့်ပေးသံ ပေါ်လာသည်။

“ရပ်လိုက်စမ်း .... ခင်ဗျား ဆက်ပြီး နောက်ကို ဆုတ်မယ်ဆိုရင် အဝရိုးခေါင်းနဲ့ ကျုပ် ပေါက်လိုက်မယ် .... ”

“အဘိုးကြီးစန့်ကွမ်းအောက်က သူ့လက်ထဲမှ အရိုးခေါင်းကြီးကို အဘွားကြီးထံ ချိန်ရွယ်ထားသည်။ အဘွားကြီး မျက်လုံးပြူးသွားကာ တန့်ခနဲရပ်၍ လက်နှစ်ဖက်ကိုကာပြီး ကြောက်ရွံ့တကြီး ပြန်ပြောသည်။

“မလုပ်ပါနဲ့ သခင်ကြီးရယ် .... မလုပ်ပါနဲ့ ကြောက်ပါတယ်”

“ကျုပ်ကို သခင်ကြီးလို့ ခေါ်စရာ မလိုဘူး .... ကျုပ်ဟာ ခင်ဗျားတို့ရဲ့ သခင်ကြီးမဟုတ်တော့တာ ကြာသွားပြီပဲ .... ကဲ .... ရှေ့တိုးလာစမ်း .... ဟိုကောင်မ ရောက်လာမှ ခင်ဗျားတို့ နှစ်ယောက်ကို ပြန်လွှတ်မယ် .... ”

“သ .... သခင်ကြီးရယ် .... ကျွန်မ .... ကျွန်မ .... သခင်မကြီးကို လာတွေ့ဖို့ သူ့ကို ပြောပေးပါ့မယ် .... ”

အဘွားကြီးက ထိတ်လန့်စွာဖြင့် ပြောလိုက်သော်လည်း အဘိုးကြီး စန့်ကွမ်းအောက်က ခေါင်းကို ခါယမ်းပြီး ....

“မလိုချင်ဘူး .... ကျုပ်ကို လှည့်ပတ်ပြီးတော့ ပြောမနေနဲ့ ခင်ဗျားက ဟိုကောင်မရဲ့ လူယုံတစ်ယောက် ညာလက်ရုံးတစ်ယောက်ပဲ .... ခင်ဗျားကို ကျုပ် ခေါ်ထားရင် ဟိုကောင်မ သေချာပေါက် ထွက်လာမှာပဲ .... ”

အဘွားကြီးက စိုးရိမ်ထိတ်လန့်စိတ်ကို ထိန်းကာ လေသံအေးအေးဖြင့် ဖျောင်းဖျစကားဆိုသည်။

"သခင်ကြီးနဲ့ သခင်မကြီးတို့ဟာ နှစ်ပေါင်းများစွာ ချစ်ချစ်ခင်ခင်နဲ့ ပေါင်းသင်းလာခဲ့ကြတဲ့ အကြင်လင်မယားတွေပါ .... စိတ်အခန့်မသင့်လို့သာ ကွဲကွာခဲ့ကြရတာပါ .... ဒီကိစ္စကို သခင်ကြီးနဲ့ သခင်မကြီးတို့နှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေးကြမယ်ဆိုရင် ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာလည်း ကျွန်မသိထားပါတယ် .... "

အဘိုးကြီး စန့်ကွမ်းအောက်က ခေါင်းကို ခါယမ်းလိုက်ပြီး

"ယီစန်းလျှန်း ကျုပ်ကို ဘာမှ အပိုတွေ ပြောမနေနဲ့ .... ဟိုကောင်မ ဘယ်လောက်အထိ ဖောက်ပြန်ခဲ့တယ်ဆိုတာ ခင်ဗျားလည်း အသိပါ .... "

"သခင်ကြီး .... သခင်မကြီးကို တကယ့်ရန်သူကြီးတစ်ယောက်လိုပဲ သဘောထားတော့မှာလား .... "

"ခင်ဗျားရဲ့သခင်မကမှ ကျုပ်ကို ရန်သူကြီးလို သဘောထားနေတာ .... ကျုပ်ကတော့ ဒီလိုပဲ ပြန်သဘောထားရမှာပဲပေါ့ .... "

အဘွားကြီးယီစန်းလျှန်းက ခေါင်းကို ခါယမ်းပြီး ....

"မဟုတ်သေးပါဘူး သခင်ကြီးရယ် .... သခင်မကြီးက သခင်ကြီးအပေါ်မှာ စေတနာ ထားပါတယ် .... မေတ္တာထားပါတယ် .... သခင်ကြီးက သူ့ကို ဂရုမစိုက်လို့ပါ .... သူက ရွဲ့ပြီး စိတ်ထင်ရာ လုပ်နေတာပါ .... သခင်ကြီးအပေါ်မှာသာ စေတနာမထားရင် မနေ့ညက ဟိုကောင်လေးရဲ့အသက်ကို .... ကယ်တင်ပြေးမှာ မဟုတ်ဘူး .... တကယ်လို့ အဲဒီတုန်းကသာ သခင်မကြီးက ကောင်လေးကို ကယ်တင်မပြေးရင် သခင်ကြီးဒုက္ခအကြီးအကျယ်ရောက်သွားမှာပဲ .... "

အဘိုးကြီးစန့်ကွမ်းအောက် မျက်မှောင်ကြုတ်သွားပြီး ....



"ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ .... "

"ဒီကောင်လေးဟာ ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ၊ ရောင်ခြည်သိုင်းသမား တိန့်ထောက်ဟာ မဟူရာသိုင်းသမားကြီးရဲ့ တပည့်ပါ .... သူ့ကိုသာ သခင်ကြီးကသတ်မိရင် မဟူရာသိုင်းသမားကြီးကလည်း သခင်ကြီးကို ခွင့်လွှတ်မှာ မဟုတ်ပါဘူး .... "

အဘိုးကြီး စန့်ကွမ်းအောက် မျက်စိမျက်နှာ ပျက်သွားလေတော့သည်။

## အခန်း (၁၅)

# နတ်ဒေဝီ၏ ပရိယာယ်

အဘိုးကြီးစန့်ကွမ်းအောက်က မျက်လုံးအပြူးသားဖြင့် မေးသည်။

"မဟူရာသိုင်းသမား ဟုတ်လား .... ဒီ .... ဒီလူက မန်းစန်းတောင်ကို တိုက်ပွဲတုန်းက သေသွားပြီးပြီပဲ .... "

"မသေပါဘူး သခင်ကြီး .... သူ့တပည့် ရောင်ခြည်သိုင်းသမားကို သူ့ရဲ့ပညာအမွေတွေပေးထားလို့ အချိန်ခဏလေးနဲ့ သိုင်းလောကမှာ ထင်ရှားလာတာပါ .... သခင်ကြီးသာ ရောင်ခြည်သိုင်းသမားကို သတ်မိရင် မဟူရာ သိုင်းသမားကြီးလက်ချက်နဲ့ သခင်ကြီးလည်း သေရမှာပါပဲ .... ဒီလို မဖြစ်အောင် သခင်မကြီးက ရောင်ခြည်သိုင်းသမားကို ကယ်သွားတာပါပဲ .... "

"နေပါဦး .... ရောင်ခြည်သိုင်းသမားကို ခင်ဗျားရဲ့သခင်မကြီးက ဘယ်မှာထားသလဲ .... "

"ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုပြီး ပြန်လွှတ်လိုက်ပါပြီ .... "

အဘိုးကြီးစန့်ကွမ်းအောက် တွေဝေသွားပြီးမှ သက်ပြင်းတစ်



ချက်ချကာ လေသံအေးအေးဖြင့် ပြန်ပြောသည်။

"အင်းလေ .... ဒီလိုဆိုတော့လည်း မင်းတို့ သခင်မဟာ ကျုပ်အပေါ်မှာ စေတနာထားသေးတယ်ဆိုတာ လက်ခံနိုင်လောက်စရာရှိပါတယ် .... ဒီလိုလုပ်လေ ခင်ဗျားရဲ့သခင်မကြီးဆီ ခင်ဗျားပဲ သွားအကြောင်းကြားပေးပါ .... ကျုပ်ကတွေ့ဖို့ စောင့်နေပါတယ်လို့ .... နှင်းကောင်မလေးကိုတော့ စကားပြောဖော်အဖြစ် ကျုပ် ခေါ်ထားဦးမယ် .... "

"ကောင်းပါပြီ သခင်ကြီး .... "

အဘွားကြီးယီစန်းလျှန်းက ချက်ချင်းပင် အဘိုးကြီးစန့်ကွမ်းအောက်အနီးမှ ထွက်လာခဲ့သည်။ အဘွားကြီးသည် တိန့်ထောက်ပုန်းကွယ်နေသော သစ်ပင်ကြီးအနီးမှ လှစ်ခနဲ ဖြတ်ပြေးသွားခြင်း ဖြစ်၏။

အဘိုးကြီးစန့်ကွမ်းအောက်ကမူ ဝတ်စုံနက်အမျိုးသမီးကို ဆက်လက် မခြိမ်းခြောက်တော့ဖါချေ။ သူသည် နတ်ဒေဝီ စီမေလျှန်းအလာကိုသာ လည်ပင်းတဆန့်ဆန့်ဖြင့် မျှော်လျက်ရှိနေသည်။

တိန့်ထောက်သည် နတ်ဒေဝီ စီမေလျှန်းနှင့် အဘိုးကြီးစန့်ကွမ်းအောက်တို့ ဖြစ်ရပ်ကို ဆက်ပြီးကြည့်လိုသဖြင့် ကိုယ်ပေါ်မှ ဝတ်စုံနက်နှင့် မျက်နှာပေါ်မှ သားရေမျက်နှာဖုံးကို ချွတ်လိုက်သည်။ သူသည် ရောင်ခြည်သိုင်းသမားတိန့်ထောက်၏အသွင်ကို ပြန်ရောက်သွားပြီး နတ်ဒေဝီ စီမေလျှန်း ရောက်အလာကို စောင့်ကြည့်နေသည်။

အတန်ကြာသွားတော့မှ လူရိပ်တစ်ရိပ် ပြေးလာပြီး တိန့်ထောက် ပုန်းနေသော သစ်ပင်ရှေ့မှ ဖြတ်သွားသည်။ ထိုသူကို မြင်တော့ တိန့်ထောက် ထိတ်ခနဲ ဖြစ်သွားမိသည်။

မိန်းမကြီးတစ်ယောက်ဖြစ်ပြီး သူမ၏မျက်နှာ၊ ခြေ လက်

များမှာ မီးသွေးခဲလို မည်းပြောင်နေသည်။ ဆံပင်များကမူ ဖွေးဖွေးဖြူနေပြီး ဖားလျားချထားသည်။ သူမ၏မျက်နှာမှာလည်း ရုပ်ဆိုးလွန်းလှသည်။

လူမည်းမကြီးက တစ္ဆေသရဲတစ်ကောင်ကဲ့သို့ ခြေထောက်နှင့် မြေကြီး ထိသည်ဟုပင် မထင်ရအောင် လျင်မြန်သော အဟုန်ဖြင့် အဘိုးကြီး စန့်ကွမ်းအောက်ထံ ရောက်သွားလေသည်။

အဘိုးကြီးစန့်ကွမ်းအောက်သည် လူမည်းမကြီးကို မြင်လျှင် ထိတ်လန့်တကြား ဖြစ်သွားပြီး ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ လူမည်းမကြီးကို မျက်လုံးအပြူးသားဖြင့် ကြည့်သည်။

"ဟင် .... မင်း .... မင်း .... "

အဘိုးကြီးစန့်ကွမ်းအောက်သည် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပြီး စကားကို ဆက်မပြောနိုင်ချေ။

လူမည်းမကြီးက နှုတ်ခမ်းနီနီကြီးကိုဖြဲ၍ ဆိုးရွားသောအသံဖြင့် ရယ်မောလိုက်ပြီး ....

"ဟီးဟီးဟီးဟီး ....စန့်ကွမ်းအောက် ....ကျုပ်ကို မှတ်မိသေးရဲ့နော် .... မမေ့သေးဘူးနော် ...."

"မင်း .... မင်း .... လူမည်းမကြီးစီးဆား ...."

အဘိုးကြီးစန့်ကွမ်းအောက်အသံက တုန်တုန်ယင်ယင်ဖြစ်နေသည်။

လူမည်းမကြီးက ခေါင်းကိုဖြည်းလေးစွာညိတ်၍ ....

"ဟုတ်တယ် .... ငါ စီးဆားပဲ .... စီးဆားပဲ .... ငါ့လိုလူမျိုး လောကမှာ နှစ်ယောက်မရှိဘူး ...."

"မ ....မဟုတ်ဘူး ....မဟုတ်ဘူး ....လူမည်းမကြီး စီးဆားက



သေသွားပြီ ...."

"ဟား ....ဟား ....ဟား ....ဟား ....ဟီး ဟီး ဟီး ဟီး .... ငါမသေလို့ အခု နင်တွေ့နေရတာပေါ့ စန့်ကွမ်းအောက်ရဲ့ ...."

"အို ....လူမည်းမကြီးစီးဆားအလောင်းကို ငါကိုယ်တိုင် မြေမြှုပ်ခဲ့တာပဲ ...."

"ဟုတ်တယ် .... ငါ့ကို သေပြီဆိုပြီး နင်က မြေမြှုပ်ခဲ့တယ် ဒါပေမယ့် သေပြီဆိုပြီး မြေမြှုပ်ပြီးမှ ပြန်ရှင်တဲ့လူတွေ အများကြီးပဲ ငါလည်း မသေခဲ့ဘူး ....ဒါကြောင့် နင့်ဆီကို ရောက်လာတာပေါ့ .... ဟား ....ဟား ....ဟား ....ဟား ...."

"မင်း .... မင်း .... ဘာလာလုပ်တာလဲ ...."

"ဘာလာလုပ်တာလဲ ဟုတ်လား ....ဟီး ....ဟီး ....ဟီး.... မေးမှ မေးတတ်ပလေတယ် ....စောစောက နင့်ဆီက ပြန်သွားတဲ့ အဘွားကြီးက ဘယ်သူလဲ ...."

"ယီစန်းလျှန်းလို့ ခေါ်တယ် ....ဘာဖြစ်လို့လဲ ...."

"အေး ....ငါနဲ့တွေ့လို့ သူ့ကို ငါသတ်လိုက်ပြီ ...."

"ဟင် ....ယီစန်းလျှန်းကို မင်းသတ်လိုက်ပြီ ဟုတ်လား"

လူမည်းမကြီးက ခေါင်းကို အားပါးတရညိတ်ပြီး ....

"အေး ငါသတ်လို့ သေပြီ ....ပြီးတော့ စီမေလျှန်းကိုလည်း ငါသတ်ရမယ် ....ငါ့ကို သေတ္တာဘူးလေးထဲက လက်နက်ပုန်းနဲ့ ပစ်တဲ့ ခွေးကောင်မကိုလည်း ငါအရှင်မထားနိုင်ဘူး ....ပြီးတော့ နင့်ကိုလည်း"

"ငါ့ကို မင်းက ဘာလုပ်ချင်လို့လဲ ...."

"ငါ့ရဲ့သိုင်းကွက်ဆယ်ကွက်ကို နင်ခုခံစမ်း ....ခုခံနိုင်ရင် နင့်ကို ငါခွင့်လွှတ်လိုက်မယ် ....အေး ....နင့်ကို ခွင့်လွှတ်လိုက်လို့ ငါက

စီမေလျှန်းကို သွားတိုက်တဲ့အခါမှာတော့ နင်ဝင်မပါရဘူး .... တစ်ခု တော့ရှိတယ် .... ငါ့ရဲ့သိုင်းတွက်ဆယ်ကွက်ကို မင်းခုခံနိုင်ရင်လည်း နင့်ကိုယ်နင် အထင်ကြီးမသွားနဲ့ ....ဆယ်ကွက်ထက်ပိုရင် နင်ရှုံးမှာပဲ"

"ငါကတော့ မတိုက်ချင်ဘူး ...."

"ငါကတော့ တိုက်ရမယ် ...."

"ဒါဖြင့်လည်း ဘယ်တတ်နိုင်မှာလဲ .... ခုခံရမှာပေါ့ ...."

အဘိုးကြီးစနေ့ကွမ်းအောက်က ညည်းညူပြောဆိုသည်။

သူသည် လူမည်းမကြီးစီးဆားကို ကြောက်ရွံ့နေဟန်ရှိလေသည်။

"ကဲ အသင့်ပြင်ထား .... ဟိုင်း ...."

လူမည်းမကြီးက ပြောပြောဆိုဆို အော်ဟစ်မာန်သွင်းလိုက်ပြီး စနေ့ကွမ်းအောက်ထံခုန်လွှားၡ၍ တိုက်ခိုက်လေတော့သည်။ သူမ၏ လှုပ်ရှားမှုမှာ သွက်လက်လွန်းလှသည်။ အားမာန်လည်း အပြည့်ပါသည်။

သူမ၏လက်နှစ်ဖက်ဖြင့် တိုက်ခိုက်ရာတွင် အဘိုးကြီးစနေ့ကွမ်းအောက်ကလည်း လက်နှစ်ဖက်ဖြင့်ပင် ပြန်၍ခုခံတိုက်ခိုက်သည်။ လက်ချင်းရိုက်မိသံတဖြန်းဖြန်း ပေါ်ထွက်နေသည်။

အဘိုးကြီးစနေ့ကွမ်းအောက်က ထိတ်လန့်တကြီးဖြင့် ပြန်၍ ခုခံတိုက်ခိုက်နေရသည်။

ခဏနှင့်ပင် သိုင်းကွက်ဆယ်ကွက်ပြည့်သွားသည်။

လူမည်းမကြီးက ဦးစွာတိုက်ခိုက်မှုကို ရပ်လိုက်ပြီး နောက်ကို ခုန်ဆုတ်လိုက်သည်။

"ဟီးဟီးဟီးဟီး .... နင့်ရဲ့သိုင်းပညာက ဒီနှစ်တွေထဲမှာ



ဓတော်ကလေး တိုးတက်လာပါလား စနေ့ကွမ်းအောက် ....ငါ့ရဲ့သိုင်း ွက်ဆယ်ကွက်ကို ခုခံနိုင်တယ်ဆိုတော့ နင်မဆိုးတော့ဘူး .... နင် ယုံဘူးဆိုရင် ဆက်ပြီး တိုက်ကြမယ်လေ ...."

"မတိုက်တော့ပါဘူး .... မတိုက်တော့ပါဘူး ...."

အဘိုးကြီးစနေ့ကွမ်းအောက်က စိုးရိမ်တကြီးဖြင့် ပြောပြီး ဝတ် နက်အမျိုးသမီးရှိရာသို့ လှည့်ကြည့်လိုက်သည်။ သူမျက်လုံးပြူးသွား သည်။ ဝတ်စုံနက်အမျိုးသမီးမှာ မရှိတော့ချေ။

လူမည်းမကြီးနှင့် အဘိုးကြီးစနေ့ကွမ်းအောက်တို့ ယှဉ်ပြိုင် တိုက်ခိုက်နေစဉ် ထွက်ပြေးသွားခြင်းဖြစ်၏။

"ဟာ ဟိုကောင်မလေး ထွက်ပြေးသွားပြီ .... သူ့နောက်ကို ါလိုက်ရဦးမယ် .... သူလွတ်သွားလို့ မဖြစ်ဘူး ...."

အဘိုးကြီးစနေ့ကွမ်းအောက်က ပြောပြီး ပြေးထွက်သွားသည်။ လူမည်းမကြီးကလည်း မတားဆီးချေ။

အဘိုးကြီးစနေ့ကွမ်းအောက် ပျောက်ကွယ်သွားသည်နှင့် လူ မည်းမကြီးက သူမကိုယ်ပေါ်မှ အထပ်များမည်းနေသော မျက်နှာနှင့် မည်းနေသော ခြေထောက်များကို ချွတ်ချလိုက်သည်။ သားရေမည်း မျက်နှာဖုံးမည်းနှင့်အတူ ဆံပင်များပါ ကွာကျသွားသည်။

ထိုအခါမှ နတ်ဒေဝီစီမေလျှန်း၏ရုပ်သွင်ပေါ်လာသည်။ တိန့် ထောက် အံ့ဩတကြီးဖြစ်သွားသည်။ သူမက ချာခနဲလှည့်ပြေးရင်း ပျောက်ကွယ်သွားသည်။

ထိုစဉ် မီးပုံဆီသို့ အဘိုးကြီးစနေ့ကွမ်းအောက် ဒေါသတကြီးဖြင့် ပြန်ရောက်လာသည်။ သူသည် ဟိုဟိုသည်သည်ကြည့်၍ လူမည်းမကြီး ကိုရှာရာမှ မီးပုံနှင့် မလှမ်းမကမ်းတွင် နတ်ဒေဝီစီမေလျှန်းချွတ်ခဲ့သော

အဝတ်ပုံကို တွေ့တော့၏။

အဘိုးကြီးစန့်ကွမ်းအောက်မှာ အဝတ်ပုံကြီးနားကို လာပြီး သေသေချာချာငုံ့ကြည့်ကာ မျက်စိမျက်နှာပျက်သွားသည်။

"ဟား .... ဟား .... ဟား .... ဟား ...."

အဘိုးကြီးစန့်ကွမ်းအောက် အလှည့်စားခံရသည်ကို အစအဆုံး မြင်နေရသော တိန့်ထောက်လည်း စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ အားပါးတရရယ်မောလိုက်လေသည်။

တိန့်ထောက်ရယ်သံကြောင့် အဝတ်ပုံကြီးကို ငုံ့ကြည့်နေသော အဘိုးကြီးစန့်ကွမ်းအောက်၏မျက်နှာ ကွက်ခနဲပျက်သွားပြီး ကိုယ့်ကို မတ်မတ်ပြန်ရပ်သည်။

"ဘယ်သူလဲ ...."

အဘိုးကြီးစန့်ကွမ်းအောက်က ဟိုဟိုသည်သည်ကြည့်ရင်း လေသံမာမာဖြင့် မေးမြန်းလိုက်သည်။ တိန့်ထောက်လည်း သစ်ပင်နောက်မှ ခုန်ထွက်လာသည်။

"ကျွန်တော်ပါ .... ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ"

"ဩော် .... မင်းကိုး ...."

"ခင်ဗျားတော့ ကောင်းကောင်းကြီး အလိမ်ခံလိုက်ရပြီ .... ဒီအဝတ်ပုံကြီးနဲ့ ပစ္စည်းတွေကိုမြင်ရုံနဲ့ ခင်ဗျားကိုလာတွေ့တာ လူမည်းမကြီး စီးဆားအတုဆိုတာ သိလောက်ပါပြီ ...."

အဘိုးကြီးစန့်ကွမ်းအောက် ခေါင်းညိတ်၍ ....

"ဟုတ်တယ် ....ငါလည်း ဒီလိုပဲ တွေးနေတာပဲ ....ဘယ်သူက လူမည်းမကြီး စီးဆားယောင်ဆောင်လာရတာလဲ ....သူ့ကို မင်း တွေ့လိုက်ရသလား ...."



"တွေ့လိုက်တာပေါ့ .... လူမည်းမကြီးစီးဆား အယောင်ဆောင်လာတာ တခြားလူမဟုတ်ဘူးဗျ ....ခင်ဗျားရဲ့အချစ်တော် နတ်ဒေဝီ စီမေလျှန်းပဲ ...."

"ဟေ ...."

တိန့်ထောက်စကားကြောင့် အဘိုးကြီးစန့်ကွမ်းအောက် မျက်နှာကွက်ခနဲပျက်သွားပြီးမှ သူ့မျက်နှာထားမှာ ခံပြင်းစွာတင်းမာသွားသည်။

"တောက် ဒီကောင်မ ....ငါ့ကိုလှည့်စားသွားပြန်ပြီ .... ဒါကြောင့်လည်း လူမည်းမကြီးစီးဆား ပြန်ရှင်လာတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်ဘူးလို့ ငါစဉ်းစားမိသေးတယ် ....ဒါပေမယ့် သူက အဖြီးအဖြန်း ကောင်းတော့ ကြောက်ရွံ့စိတ်နဲ့ ငါယုံသွားမိတယ် .... ဒါနဲ့ နေပါဦး မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ ....ရောက်နေတာ ကြာပြီလား"

တိန့်ထောက်က ခေါင်းညိတ်၍ ....

"ကြာပါပြီ ....ခင်ဗျားကို အဘွားကြီးယီစန်းလျှန်းက လှည့်ဖြားပြောခဲ့တာတွေကိုလည်း ကျွန်တော်ကြားရတယ် .... ခင်ဗျားက သူ့စကားကိုယုံပြီး ပြန်လွှတ်လိုက်တာကိုး ...."

"မင်းက ရောင်ခြည်သိုင်းသမားတိန့်ထောက်မဟုတ်လား"

"ဟုတ်တယ်လေ ...."

"ပြီးတော့ မင်းက မဟာရာသိုင်းသမားကြီးရဲ့တပည့်ဆို"

"ဆိုပါတော့ ...."

"ဒါဆို ယီစန်းလျှန်းပြောသွားတာ မှန်သားပဲ ...."

"ဒါတွေတော့ မှန်ပါတယ် ....ဒါပေမယ့် ကျွန်တော့်ကို နတ်ဒေဝီစီမေလျှန်းက ခေါ်သွားတာ ခင်ဗျားကို စေတနာရှိလို့လဲ မဟုတ်

ဘူး ....ကျွန်တော့်ကို စေတနာထားလို့လဲ မဟုတ်ဘူး ....ကျွန်တော့်ကို သူ့အလိုဆန္ဒမလိုက်လို့ အကျဉ်းခန်းထဲမှာ ချုပ်ထားခဲ့တယ် .... ကျွန်တော့်ရဲ့ဆရာ မဟူရာသိုင်းသမားကြီးလာကယ်လို့ ကျွန်တော် လွတ်လာခဲ့တာ ....”

“ဟင် .... ဒါဖြင့် မဟူရာသိုင်းသမားကြီး ဘယ်မှာလဲ ....”

“သူ့မှာ အရေးတကြီးဆောင်ရွက်ရမယ့်ကိစ္စရှိနေလို့ သွားပါပြီ ....”

အဘိုးကြီးစန့်ကွမ်းအောက် မျက်ထောင့်နီကြီးဖြင့် အံကိုတင်းတင်းကျိတ်၍ ခံပြင်းစွာပြောသည်။

“တောက် .... စီမေလျှန်းက ငါ့ကို အမျိုးမျိုးလှည့်စားခဲ့တဲ့ မိန်းမပဲ ....သင်းလိုမိန်းမမျိုးကို သတ်ပစ်မှအေးမယ် ....မင်းကိုလည်း သူက ဖမ်းခဲ့တယ်ဆိုတော့ မင်းလည်း သူ့ကို မုန်းနေမှာပဲ ....မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး သူ့ကိုတိုက်မလား ....”

“ဘာဖြစ်လို့လဲ .... သူ့ရဲ့သိုင်းပညာက ခင်ဗျားထက်အဆင့်မြင့်နေလို့လား ....”

“အင်း .... သူ့ဆီက ငါယူလိုက်တဲ့ သေတ္တာဘူးကလေးသာ သူ့ဆီမှာရှိနေဦးမယ်ဆိုရင်တော့ သူ့ကို ယှဉ်လို့ဘယ်လိုမှမလွယ်ဘူး အခုတော့ သေတ္တာဘူးကလေးက ငါ့ဆီမှာရောက်နေတယ်ဆိုတော့ သိပ်ပြီး ပူစရာမလိုပါဘူး ....”

မနေ့ညက နတ်ဒေဝီမေလျှန်းထံမှ အဘိုးကြီးစန့်ကွမ်းအောက် တောင်းယူလိုက်သော သေတ္တာဘူးကလေးကို တိန့်ထောက် သတိရလိုက်သည်။

“အဲဒီသေတ္တာဘူးကလေးက ဘယ်လိုအသုံးဝင်လို့လဲ ....”



“သိပ်ပြီး အသုံးဝင်တာပေါ့ ....ငါပြောရင် မင်းအံ့သြသွားမယ် ဒီသေတ္တာဘူးကလေးကို သေမင်းသေတ္တာလို့ ခေါ်တယ် ....ဒီသေတ္တာကလေးသာ လက်ထဲမှာရှိနေရင် တော်ရုံတန်ရုံသိုင်းသမားတစ်ယောက်ကို ကြောက်စရာမလိုဘူး ....သေတ္တာဘူးကလေးရဲ့ လေးဘက်လေးတန်မှာ အပေါက်တစ်ပေါက်စီရှိတယ် ....ခလုတ်တစ်ခုစီလည်းရှိတယ် .... အရှေ့က ခလုတ်ကို နှိပ်လိုက်ရင် အရှေ့ပေါက်ထဲကလူကို သေစေနိုင်တဲ့ အင်မတန်ပြင်းတဲ့ အဆိပ်ငွေ့တွေ ပန်းထွက်လာလိမ့်မယ် ....ညာဘက်ခလုတ်ကို နှိပ်ရင် ညာဘက်အပေါက်ထဲက မူးမေ့စေတဲ့ အဆိပ်ငွေ့တွေ ထွက်လာမယ် ....ဘယ်ဘက်ခလုတ်ကို နှိပ်လိုက်ရင် ဘယ်ဘက်အပေါက်ထဲက လူကိုအင်အားလျော့စေတဲ့ အဆိပ်ငွေ့မျိုး ထွက်လာမယ် .... နောက်ဆုံးခလုတ်ကို နှိပ်လိုက်ရင်တော့ အပေါက်သုံးပေါက်စလုံးကိုဖိထားတဲ့ သူ့အတွက် အဆိပ်ဖြေဆေးငွေ့တွေ ထွက်လာလိမ့်မယ် ....”

တိန့်ထောက်ကလည်း သေမင်းသေတ္တာကလေး၏ အရေးပါပုံကို သိသွား၏။ အဘိုးကြီးစန့်ကွမ်းအောက်က ရယ်မောလိုက်ပြီး

“ဟား .... ဟား .... ဟား .... အခုဆိုရင် ကျုပ်က သေမင်းသေတ္တာကို ပိုင်ပြီ ....ဟိုကောင်မ စီမေလျှန်းကိုတွေ့ရင် အလွယ်တကူနဲ့ ထိန်းချုပ်နိုင်တော့မယ် ....စောစောက လူမည်းမကြီးစီးဆား ဟန်ဆောင်လာတုန်းက ထိတ်လန့်စိုးရိမ်စိတ်နဲ့ သေမင်းသေတ္တာကို အသုံးပြုဖို့ ငါမေ့သွားတယ် ....”

“ကဲပါလေ .... ဒါဆိုလည်း ခင်ဗျားတို့ကိစ္စကို ခင်ဗျားတို့ဟာသာပဲ ဖြေရှင်းကြပါ .... ကျွန်တော်ကတော့ သွားတော့မယ် .... တကယ်လို့ နတ်ဒေဝီစီမေလျှန်းကို ခင်ဗျားမတိုက်နိုင်မှပဲ နောက်တစ်

ခေါက် ကျွန်တော်ပြန်လာပြီး သူ့ကိုကလဲ့စားချေပေးမယ် ....”

စကားဆုံးသည်နှင့် တိန့်ထောက်လည်း ချာခနဲလှည့်ထွက်လာသည်။ အဘိုးကြီးစန့်ကွမ်းအောက်ကလည်း မတားမြစ်ပါချေ။

တိန့်ထောက်သည် အတော်ဝေးဝေးရောက်အောင် ပြေးလာပြီးမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်၍ အနားယူအိပ်စက်လိုက်လေသည်။

## အခန်း(၁၆)

## ဝမ်ရဲ့ရဲ့တိုက်ကိုယ်စားလှယ်

နောက်တစ်နေ့စောစောတွင် တိန့်ထောက်သည် မြို့ကလေးတစ်မြို့သို့ ရောက်လာသည်။ မနေ့က တစ်နေ့လုံး အစားကောင်းကောင်း မစားရသဖြင့် မြို့ကလေးသို့ရောက်ရောက်ချင်း စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ စားသောက်သည်။

သို့သော် အချိန်စောသေးသဖြင့် ဆန်ပြုတ်သာ ရသေးရာ ဆန်ပြုတ်ပင် သောက်ရတော့၏။

ဆန်ပြုတ်ကိုသောက်ရင်းမှ ကို့စုတောင်ကုန်းလိုဏ်ခေါင်းကြီးထဲတွင် အကျဉ်းချခံထားရသော အဘိုးကြီးကို သတိရမိသည်။ ထိုအဘိုးကြီး၏ မှာကြားချက်အတိုင်း သူသည် နတ်ဒေဝီစီမေလျှန်း၏ညီမ စီချွန်းလျှန်းကို ရှာဖွေရပေဦးမည်။

စီမေလျှန်းနှင့် ပေါင်းသင်းခဲ့ဖူးသော အဘိုးကြီးစန့်ကွမ်းအောက်သည် စီချွန်းလျှန်းမည်သည့်နေရာတွင်ရှိနေကြောင်း သိချင်သိလိမ့်မည်ဟု တိန့်ထောက်တွေးမိပြန်သည်။ အဘိုးကြီးစန့်ကွမ်းအောက်

နှင့် တွေ့ခဲ့ရစဉ်က စိချန်းလျှန်းအကြောင်းကို မမေးခဲ့သည်ကို ယခုမှ နောင်တရမိသည်။

ယခုမှ သူသည် အဘိုးကြီးစန့်ကွမ်းအောက်ကို လိုက်ရှာပြီး မမေးမြန်းချင်တော့ချေ။

စားသောက်ဆိုင်မှာ စောသေးသဖြင့် လူရှင်းနေသည်။

တိန့်ထောက် ဆန်ပြုတ်သောက်နေစဉ်မှာပင် လူတစ်ယောက်စ နှစ်ယောက်စ စားသောက်ရန် ရောက်လာကြသည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ လူငယ်တစ်ယောက်လည်း ဝင်လာသည်။ သူ၏မျက်နှာမှာ မိန်းကလေးတစ်ယောက်လို ချောမောလှပသည်။ လူငယ်က တိန့်ထောက်ကို လှမ်းကြည့်သလို တိန့်ထောက်ကလည်း အကြည့်ဖြင့် မျက်လုံးချင်းဆုံသွားသည်။

တိန့်ထောက် အံ့သြသွားသည်။

ထိုလူငယ်မှာ ယောက်ျားလေးအသွင် ဝတ်စားဆင်ယင်ထားသောအလှမယ်ကလေး ငွေနှင်းဖြူ၏အပါးတော်မြဲကလေး ယီရှမ်းဖြစ်နေလေသည်။

ယီရှမ်းက တိန့်ထောက်စားပွဲဆီသို့ မျက်စိပျက်မျက်နှာပျက်နှင့် ချဉ်းကပ်လာသည်။ တိန့်ထောက်က ပြုံး၍ဦးစွာမေးလိုက်သည်၊

"ဟင် .... မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ .... မင်းရဲ့မမ ငွေနှင်းဖြူကော ...."

ယီရှမ်းက အနည်းငယ်စိတ်သက်သာရာရသွားဟန်ဖြင့် ....

"အစ်ကိုလေးနဲ့ တွေ့လို့ တော်ပါသေးရဲ့ .... နို့မို့ဆို ကျွန်မတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘူး ...."



ယီရှမ်းက တီးတိုးပြန်ပြောရာ တိန့်ထောက်ကလည်း တီးတိုးပြန်မေးသည်။ ဆိုင်ထဲတွင် လူနည်းနေသဖြင့် သူတို့စကားကိုလည်း မည်သူမှ မကြားနိုင်ချေ။

"ဘယ်လိုအရေးကိစ္စပေါ်နေလို့လဲ ...."

"မမငွေနှင်းဖြူ ပျောက်နေတယ် ...."

တိန့်ထောက်ရင်ထဲတွင် စိုးရိမ်ပူပန်သွားပြီး ....

"ဟင် ပျောက်နေတယ် ဟုတ်လား .... ငါသဘောပေါက်အောင် ပြောစမ်းပါဦး ...."

"လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မနဲ့ မမတို့ လုကျိုးမြို့က နေ ရှဲ့ယန်းမြို့ကို သွားခဲ့ကြပါတယ် ....လမ်းမှာ ကျွန်မတို့နောက်ကို လူတစ်ယောက် နောက်ယောင်ခံလိုက်နေတာကို .... သတိထားမိပါတယ် ...."

"ဘယ်လိုလူစားမျိုးလဲ သိသလား ...."

"ဝတ်စုံဝါဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက်ပဲ ....အသက်နှစ်ဆယ်လောက်တော့ရှိမယ် ....မမက ဒေါသထွက်လာပြီး နောက်ကို ချက်ချင်းလှည့်ပြီး အဲဒီဝတ်စုံဝါအမျိုးသမီးဆီလိုက်ခဲ့ယ်အလုပ်မှာ သူလည်း ထွက်ပြေးသွားတယ် .... ကျွန်မတို့တစ်တွေ ဆက်လာတော့ နောက်ယောင်ခံ လိုက်လာပြန်တယ် .... ဒါနဲ့ပဲ ရှဲ့ယန်းမြို့ကို ရောက်လာတော့ ကျွန်မတို့လည်း တည်းခိုခန်းတစ်ခန်းမှာ တည်းခိုကြတယ် အဲဒီညမှာ မမဟာ အထူးသတိထားပြီး ပြတင်းပေါက်နားက စောင့်ကြည့်တယ် .... သန်းခေါင်ကျော်သွားပြီး ဝါးသုံးချက်ခေါက်အချိန်လောက်မှာ တည်းခိုခန်းအပြင်ဘက်က ဝတ်စုံဝါအမျိုးသမီးရဲ့အရိပ်

သဃ္ဃာန်ကို တွေ့ရတယ် ....မမလည်း စားဆွဲပြီး ခုန်လိုက်သွားတာ အဲဒီအချိန်ကစပြီး ပြန်ပေါ်မလာတော့ဘူး ...."

တိန့်ထောက်က သေချာစွာ နားထောင်ပြီးမှ စဉ်းစားလိုက်ကာ ....

"အင်း ....ရဲ့ယန်းမြို့ဟာ ဝမ်ရဲ့အဖွဲ့ လွှမ်းမိုးတဲ့နေရာပဲ .... ဝမ်ရဲ့အဖွဲ့ဝင် အမျိုးသမီးတစ်ယောက်များ ဖြစ်နေမလား ...."

"မဟုတ်ဘူးထင်တယ် အစ်ကိုလေး ...."

"ဘာဖြစ်လို့လဲ ...."

"ဝမ်ရဲ့အဖွဲ့ဝင်ရဲ့အသွင်အပြင်မျိုး မရှိလို့ဘဲပေါ့ .... ကျွန်မလည်း မမကို သုံးရက်လုံးလုံး တည်းခိုခန်းမှာ စောင့်ပါသေးတယ်.... ဘယ်လိုအဆက်အသွယ်မှလည်း မရဘူး ....ဒါကြောင့် အခုလို လိုက်ရှာရင်း အစ်ကိုလေးနဲ့ တွေ့ရတာပါပဲ ...."

တိန့်ထောက်က ခဏမျှ စဉ်းစားလိုက်ပြီး ....

"အင်း ငွေနှင်းဖြူဟာ တခြားအရေးပေါ်ကိစ္စပေါ်လာလို့ ခရီးဆက်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ ....ငါလည်း သူ့ကိုစုံစမ်းရှာဖွေပေးပါ့မယ် ...."

"ကျွန်မလည်း ကျွန်မနည်း ကျွန်မဟန်နဲ့ လိုက်ပြီးစုံစမ်းဦးမယ် .... ကျွန်မသွားလိုက်ဦးမယ် အစ်ကိုလေး ...."

ယီရှမ်းက နှုတ်ဆက်၍ စားသောက်ဆိုင်မှထွက်ခွာသွားရာ မကြာမီ တိန့်ထောက်လည်း ကျသင့်ငွေကို ရှင်းကာ ဆိုင်ထဲမှ ထွက်ခွာလာခဲ့သည်။

ဝတ်စုံဝါနှင့် အမျိုးသမီးမှာ မည်သူမည်ဝါဖြစ်နိုင်ကြောင်း ဖေ



ကျားကြည့်ရွာ၏ ဦးစီးခေါင်းဆောင် ရွာသူကြီးလုံလန်းထံ စုံစမ်းမေးမြန်းရန် စဉ်းစားမိသည်။

သူရောက်နေသော နေရာနှင့် ဇောကျားကြည့်ရွာမှာ တစ်လီခန့်သာ ဝေးလေရာ တိန့်ထောက်လည်း အပြေးနှင့်၍ လာခဲ့သည်။

တိန့်ထောက်သည် မည်သူမှမမြင်အောင် ဈေးကျားကြည့်ရှာထဲသို့ ဝင်ခဲ့သည်။ ရွာသူကြီး လို့လန်း၏ခြံထဲကို ခုန်ပြီး အိမ်နောက်ဘက်သို့ လာခဲ့သည်။ အိမ်ရှေ့တွင် ဧည့်သည်ရောက်နေပါက ပက်ပင်းတိုးမိမည်စိုးသောကြောင့်ဖြစ်သည်။

တိန့်ထောက် နောက်ဖေးဆောင်ထဲသို့ ဝင်လိုက်သည်နှင့် ရွာသူကြီး လို့လန်း၏တပည့်ကလေး တုဖေးနှင့် တွေ့ရသည်။ တုဖေးမှာ အသက်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီး တိန့်ထောက်ကို ခင်မင်လေးစားသူဖြစ်၏။

တုဖေးမှာ မျက်စိမျက်နှာပျက်နေပြီး တိန့်ထောက်ကို မြင်ရသောအခါ ဝမ်းသာအားတက်သွားသည်။

"ဟာ .... အစ်ကိုရောက်လာတာ အတော်ပဲ ...."

"ဘာဖြစ်လို့လဲ တုဖေး .... မင်းရဲ့သခင်ကြီးကော ...."

"ဧည့်ခန်းဆောင်မှာ ဧည့်သည်ရောက်နေတယ် ....သခင်ကြီးက အဲဒီဧည့်သည်ကို ဧည့်ခံစကားပြောနေပါတယ် ...."

"ဘယ်က ဧည့်သည်လဲကွ ...."

"ဝမ်ရဲ့ရဲတိုက်က လွှတ်လိုက်တဲ့ ကိုယ်စားလှယ်တစ်ယောက်ပဲ ...."



တိန့်ထောက် အံ့သြသွားသည်။ ဝမ်ရဲ့ရဲတိုက်ဟူသော အသံကိုကြားရသည်နှင့် ခံပြင်း၍ ဒေါသလည်း ဖြစ်သွားလေသည်။

တုဖေးက ထပ်ပြောသည်။

"ဝမ်ရဲ့ရဲတိုက်ဟာ .... ကျွန်တော်တို့သခင်ကြီးအကြောင်းနဲ့ ဆရာကြီးကြောင်နက်ရဲ့အကြောင်းကို သိသွားပြီ ...."

"ဟင် .... ဘယ်လိုလုပ် သိသွားပါလိမ့် ...."

တိန့်ထောက် တွေဝေသွားပြီးမှ တုဖေးကို ဆက်မေးသည်။

"ဒါနဲ့ ဆရာကြီးကြောင်နက်ကော ဘယ်မှာရှိနိုင်မလဲ ...."

တုဖေးက စဉ်းစားပြီးမှ ပြန်ဖြေသည်။

"ဆရာကြီးကြောင်နက်ဇီတော့ ဒီကိုတစ်ခေါက်ပြန်လာပါသေးတယ် ....နောက် ပြန်ထွက်သွားတယ် ....သူ ဘယ်မှာရောက်နေတယ်ဆိုတာတော့ သတင်းမရဘူး ...."

"သိန်းငှက်သခင်မကြီးကော ရှိသလား ...."

"မရှိဘူး အစ်ကို .... ဆရာကြီးကြောင်နက်က တည်းခိုခန်းတစ်ခန်းမှာ ငှားပေးထားတယ်လို့တော့ ကြားရတာပဲ ...."

"နေစမ်းပါဦးကွ ....ဝမ်ရဲ့ရဲတိုက်ကလူက မင်းတို့သခင်ကြီးဆီကို ဘာဖြစ်လို့ လာရတာလဲ ...."

"ကိစ္စတစ်ခုကို ကျွန်တော်တို့ သခင်ကြီးနဲ့ သူတို့ ဝမ်ရဲ့ရဲတိုက်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လာပြောနေတာပါ ...."

"ဘာကိစ္စတဲ့လဲ ...."

"ဒါတော့ ကျွန်တော်လည်း မသိရသေးပါဘူး အစ်ကို ...."

"လာတဲ့လူကကော ဘယ်သူလဲ ...."

"တောင်ပိုင်နယ် ဓားသွမားကြီး တုန်းဖန်းမင်တဲ့ ...."

"တောင်ပိုင်းနယ်ခံသားသမားကြီး တုန်းဖန်းမင် ....ဒီနာမည်ကို ငါမကြားဖူးပါဘူး ...."

"သူက တောင်ပိုင်းဒေသမှာတော့ နာမည်ကြီးဆိုပဲ ...."

"သူ့ကို ငါကြည့်ချင်တယ် .... မြင်နိုင်တဲ့နေရာကို ပြစမ်းပါ"

"ကျွန်တော့်နောက်ကို လိုက်ခဲ့လေ ...."

တုဖေးက ခေါင်းညိတ်၍ ရှေ့မှခေါ်ဆောင်သွားသည်။

အခြားအခန်းများကို ဖြတ်ကျော်ခဲ့ပြီးနောက် အခန်းကျဉ်းကလေးတစ်ခန်းထဲသို့အရောက်တွင် နံရံမှ အပေါက်ကလေးကို တုဖေးက လက်ညှိုးထိုးပြ၍ လေသံနှိမ့်၍ ပြောလိုက်သည်။

"ဒီအပေါက်က ချောင်းကြည့်ရင် မြင်ရလိမ့်မယ် အစ်ကို"

တိန့်ထောက်လည်း နံရံအပေါက်မှ ချောင်းကြည့်လိုက်လေသည်။

ဧည့်ခန်းဆောင်ကိုမြင်ရပြီး ထိုင်ခုံများပေါ်တွင် ရွာသူကြီးလို့လန်းနှင့် မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုကြီးတစ်ဦးမျက်နှာချင်းဆိုင်ထိုင်နေသည်ကို တိန့်ထောက်မြင်ရလေသည်။ ရွာသူကြီး လို့လန်းမှာ မျက်စိမျက်နှာမကောင်းချေ။

ရွာသူကြီးလို့လန်းက တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်နေသည်။ မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးက ရွာသူကြီးလို့လန်းကို အကဲခတ်ကြည့်နေရာမှ ခဏအကြာတွင် မေးမြန်းလိုက်သည်။

"ဘယ့်နှယ့်လဲ မိတ်ဆွေကြီးလို့လန်း ....စဉ်းစားဆုံးဖြတ်လို့ ရပြီလား ...."

လို့လန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဒီကိစ္စကို ကျွန်တော်တစ်ယောက်တည်း ဆုံးဖြတ်လို့မရပါဘူးဗျာ ....ကျုပ်တို့အဖွဲ့ ခေါင်းဆောင်ကြီးရဲ့ဆုံးဖြတ်ချက်အရပဲ အဖြေ



ပေးနိုင်ပါလိမ့်မယ် ...."

"နေပါဦး မိတ်ဆွေရဲ့အထက်က ခေါင်းဆောင်ဟာ ဘယ်သူလဲ ...."

"သည်းခံပါဗျာ .... ဒါတော့ ကျွန်တော်တို့အဖွဲ့ရဲ့စည်းကမ်းချက်အရ ပြောလို့မဖြစ်ပါဘူး ...."

မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ ....

"ကျုပ်တို့ကတော့ လှည့်ပြားပြီး မပြောစေချင်ဘူးဗျာ .... ကျုပ်တို့ သိထားတာကတော့ ခင်ဗျားဟာ အဖွဲ့ခေါင်းဆောင်ပဲ .... ခင်ဗျားထက်ကြီးတဲ့ခေါင်းဆောင်မရှိဘူးလို့ သိထားတာ ...."

လို့လန်းက ခေါင်းကိုခါယမ်းလိုက်၍ ....

"ကျွန်တော်လိမ်ပြောစရာမလိုပါဘူး .... ဒါမှမယုံလည်း မတတ်နိုင်ပါဘူး ...."

"အေးလေ ....ခင်ဗျားသိအောင်တော့ ပြောပါရစေ ....ကျုပ်တို့ ဝမ်ရဲ့ရဲတိုက်သခင်ကြီးဟာ သူစည်းရုံးလို့မရတဲ့သူမှန်သမျှ ရန်သူလို့ပဲ သဘောထားပါလိမ့်မယ် ....ခင်ဗျားတို့ သေသေချာချာ စဉ်းစားကြပေါ့ ...."

လို့လန်း၏မျက်နှာ အနည်းငယ်တင်းမာသွားပြီး ....

"ခင်ဗျားက ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား ...."

"ကျုပ်ကတော့ စေတနာနဲ့ သတိပေးတာပါ .... ခင်ဗျားက ခြိမ်းခြောက်တယ်လို့ ထင်ရင်တော့လည်း မတတ်နိုင်ဘူး ...."

"ကျွန်တော်တို့ဘက်ကလည်း ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ကြီးရဲ့ဆန္ဒအတိုင်းပဲ ဖြစ်ရမှာပဲ ...."

"ကောင်းပြီလေ ....ဒါဆိုရင် ကျုပ်ပြန်မယ်....သုံးရက်အတွင်း ခင်ဗျားတို့ဆီက အဖြေသိပါရစေ ...."

မီးခိုးရောင်ဝတ်စုံကိုဝတ်ဆင်ထားသော အဘိုးအိုကြီးတုန်းဖန်းမင်က ထိုင်ရာမှထရပ်လိုက်သည်။ လို့လန်းကလည်း ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော် လိုက်ပို့ပါ့မယ် ...."

တောင်ပိုင်းနယ်စားသမားကြီး တုန်းဖန်းမင်နှင့် လို့လန်းတို့ နှစ်ယောက် အိမ်ပြင်ကို ထွက်သွားကြသည်။

ထိုအခါမှ တိန့်ထောက်လည်း ချောင်းကြည့်ပေါက်မှ ခွာလိုက်သည်။ တုဖေးက တိန့်ထောက်ကို မျက်နှာအေးကလေးဖြင့် ပြောလိုက်သည်။

"ဒုက္ခပဲ အစ်ကို ....ဒီအတိုင်းဆို ဝမ်ရဲ့ရဲတိုက်ကတော့ ကျွန်တော်တို့ရွာကို ရန်ပြုကြတော့မှာပဲ ...."

"သိပ်လည်း စိတ်မပူပါနဲ့ဦး တုဖေး ....မင်းတို့ သခင်ကြီးနဲ့ တွေ့ပြီး အခြေအနေမှန်ကို ငါမေးကြည့်ပါဦးမယ် ...."

တိန့်ထောက်လည်း ဧည့်ခန်းဆောင်ထဲကိုဝင်ခဲ့ပြီး လို့လန်းအလာကို ထိုင်၍စောင့်နေသည်။ တုဖေးက တိန့်ထောက်အနီးတွင် ရပ်နေသည်။ မကြာမီ လို့လန်းပြန်ဝင်လာပြီး တိန့်ထောက်ကို မြင်ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟာ ....ညီမောင် တိန့်ထောက် ရောက်နေပါလား .... အတော်ပဲ အတော်ပဲ ....ဒါနဲ့ တုန်းဖန်းမင်လာသွားတာကို တွေ့လိုက်ရဲ့မဟုတ်လား ...."

"ဟုတ်ကဲ့ တွေ့လိုက်ပါတယ် ....ဒါနဲ့ ဆရာကြီးကြောင်နက်ကို ဘယ်မှာတွေ့နိုင်မလဲ ...."



"အင်း ဆရာကြီးကြောင်နက်ရဲ့သတင်းကိုတော့ မရဘူး .... ခရီးဝေးဝေးရောက်နေသလား မသိဘူး ....ခရီးဝေးဝေးရောက်မနေရင်တော့ တစ်ရက် နှစ်ရက်အတွင်း ရောက်လာလိမ့်မယ် ...."

"ဝမ်ရဲ့ရဲတိုက်ဟာ ဘယ်လိုလုပ်ပြီး နောင်ကြီးလို့လန်းတို့ ခုံးမင်အဖွဲ့နောက်ကို ခြေရာခံလိုက်ခဲ့ကြသလဲ မသိဘူး ...."

"ဟုတ်တယ် .... ကျုပ်တို့ ခုံးမင်အဖွဲ့ဟာ လျှို့ဝှက်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ပါ .... အဖွဲ့ဝင်တွေကတော့ ဖော်မှာမဟုတ်ဘူး ....ဒါတောင် ဝမ်ရဲ့ရဲတိုက်ကသိပြီး ကျုပ်ဆီကို လိုက်လာတယ် ....ကျုပ်ကတော့ အဖွဲ့ခေါင်းဆောင်ကြီးနဲ့ တွေ့ပြီးမှပဲ ဆုံးဖြတ်ချက် ပေးနိုင်မှာပဲ ...."

"နောင်ကြီးတို့ဟာ ခုံးမင်အဖွဲ့ကြီးရဲ့ ဦးစီးခေါင်းဆောင်ပဲ မဟုတ်လား ...."

"ညီမောင့်ကိုတော့ ဖုံးကွယ်စရာမရှိပါဘူးလေ .... ကျုပ်က ဒုခေါင်းဆောင်ပါ ....ဦးစီးခေါင်းဆောင်ကြီးက ဆရာကြီးကြောင်နက်ပါ ...."

"ဩော် ...."

တိန့်ထောက် အံ့သြတကြီးဖြစ်သွားရသည်။

ထို့ကြောင့် စေ့ကျားကြည့်ရွာသူကြီး လို့လန်းသည် အဘိုးကြီးကြောင်နက်ကို လေးလေးစားစားရှိနေသည့်အကြောင်းရင်းကို ယခုမှပင် တိန့်ထောက် သိရလေတော့၏။

## အခန်း(၁၇)

## တိမ်းရှောင်ခြင်း

လို့လန်းက တိန့်ထောက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

တိန့်ထောက်က မေးမြန်းသည်။

"ဝမ်ရဲ့ရဲတိုက်ဟာ ဘယ်လိုကိစ္စကို နောင်ကြီးလို့တို့ ခုံးမင်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လာပြောနေတာလဲ ...."

"ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းဟာ သိုင်းလောကအဖွဲ့အစည်းတွေကိုလိုက်ပြီး စည်းရုံးနေတယ် ညီမောင် ....သိုင်းဂိုဏ်းတွေက ကိုယ်စားလှယ်တွေ စေလွှတ်နိုင်းပြီး ဝမ်ရဲ့ရဲတိုက်မှာ ဆွေးနွေးပွဲကြီးတစ်ရပ်ကျင်းပဖို့ စိုင်းပြင်းနေကြတယ် ...."

"ဘယ်လိုအကြောင်းထူးရှိလို့လဲ နောင်ကြီးလို့ ...."

"အကြောင်းထူးတာပေ့ါ ညီမောင် ....ဝမ်ရဲ့ရဲတိုက်ဦးစီးခေါင်းဆောင်ကြီးက မဟူရာသိုင်းသမားကြီးကို ရှာဖွေတိုက်ခိုက်ဖမ်းဆီးကြမယ်လေ ....ဖြစ်နိုင်ရင် အသေသတ်မယ် ....ဒါကြောင့် ကျုပ်တို့ ခုံးမင်အဖွဲ့ကိုလည်း ပါဝင်ဆောင်ရွက်ဖို့ လာပြီးစည်းရုံးနေတာပေ့ါ ...."



တိန့်ထောက်မှာ အံ့ဩထိတ်လန့်သွားရသည်။

"ဒါဟာ ဝမ်ရဲ့ရဲတိုက်က တမင်သက်သက် မဟူရာသိုင်းသမားကြီးကိုသတ်ဖို့ ကြံစည်တာပဲ ....ဘကြီးကြောင်နက်ပြောတဲ့အတိုင်းဆိုဂိုဏ်းကြီးကိုးဂိုဏ်းရဲ့ နဂါးကိုးကောင်ရွှေတံဆိပ်တုံးဟာ ပျောက်နေပြီအခု ဝမ်ရဲ့ရဲတိုက်မှာ ရှိနေတယ် ....ဒီအတိုင်းဆို ဝမ်ရဲ့ရဲတိုက်ဟာ ခဲတစ်လုံးတည်းနဲ့ စာနှစ်ကောင်ကိုပစ်တဲ့သဘောပဲ .... မဟူရာသိုင်းသမားကြီးကိုလည်း သတ်မယ် ....ဒါကိုအကြောင်းပြုပြီး သိုင်းဂိုဏ်းတွေအပေါ်မှာလည်း ဦးစီးခေါင်းဆောင်နေရာရမယ် .... နဂါးကိုးကောင်ရွှေတံဆိပ်တုံးကြီး ပျောက်ဆုံးနေတဲ့ကိစ္စဟာလည်း မဟူရာသိုင်းသမားကြီးကို နှုတ်ပိတ်သတ်ဖြတ်လိုက်တာနဲ့ သူတို့ဘက်ကို မြားဦးလှည့်မလာတော့ဘူး ...."

လို့လန်းလည်း သဘောပေါက်ပြီး ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်၏။

"အင်း ဟုတ်တယ် ညီမောင် ....ညီမောင်ပြောတဲ့အတိုင်းပဲဖြစ်မယ် .... ကျုပ်တို့ကတော့ ဒီအကြံအစည်ထဲမှာ မပါချင်ဘူး ....သဘောလည်း မတူဘူးလေ ....အိုလေ ဝမ်ရဲ့ရဲတိုက်နဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စမျိုးဆိုရင် ဘယ်ကိစ္စကိုမှ မပူးပေါင်းနိုင်ဘူး ...."

"ဒါဆို ဝမ်ရဲ့ရဲတိုက်ကတော့ နောင်ကြီးလို့ရဲ့ အိမ်ဂေဟာကိုလာပြီး ရန်ရှာတိုက်ခိုက်မှာပဲ .... ကျွန်တော့်စိတ်ထင် သုံးရက်ပြည့်အောင်တောင် စောင့်မှာမဟုတ်ဘူး .... သူတို့နဲ့ ခုံးမင်အဖွဲ့ဟာ မပူးပေါင်းချင်ဘူးဆိုတာ တုန်းဖန်းမင် သိသွားတယ် ....ဒီတော့ လူစုပြီးအမြန်ဆုံး ပြန်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ် ....နောင်ကြီးလို့တို့ ဘယ်လိုလုပ်ကြမလဲ ...."

"ကျုပ်တို့အနေနဲ့ ဝမ်ရဲ့ရဲတိုက်ကို ယှဉ်တိုက်နိုင်ဖို့ အင်အားမရှိလေတော့ ရှောင်တိမ်းနေရဦးမှာပဲ ...."

"ပြောင်းဟယ် ရွှေ့ဟယ်နဲ့ဆိုရင် ဝမ်ရဲ့ရဲတိုက်ကလူတွေ စောင့်ကြည့်နေမယ်ဆိုရင် သိကုန်ကြမှာပဲ .... အခုတောင် သူတို့တစ်တွေ ရွာကိုဝိုင်းပြီး စောင့်ကြည့်ချင် ကြည့်နေမှာ ...."

"အရေးကြီးတဲ့ ပစ္စည်းတွေအားလုံးကိုတော့ မြေအောက်ခန်းထဲမှာ သွင်းထားပြီး လူတွေကတော့ ခွဲပြီးထွက်မယ်ဆိုရင် သိနိုင်စရာအကြောင်းမရှိပါဘူး ...."

ထို့နောက် လို့လန်နှင့် တိန့်ထောက်တို့သည် ညစာထမင်းစားကြသည်။

ထမင်းစားသောက်ပြီးသောအခါ လို့လန်းက သူ့လူတွေကို အိမ်ဂေဟာအတွင်းမှ အရေးကြီးသော ပစ္စည်းမှန်သမျှ မြေအောက်ခန်းသို့ သယ်ပို့ထားစေသည်။

မိုးချုပ်သည်နှင့် တိန့်ထောက်လည်း အခြေအနေစောင့်ကြည့်ရန် ရွာပြင်သို့ ထွက်ခဲ့သည်။ အကယ်၍ ဝမ်ရဲ့ရဲတိုက်မှလူများ၏အရိပ်အယောင်ကို တွေ့ရလျှင် လို့လန်းကို သတိပေးရမည်ဖြစ်၏။

တိန့်ထောက်သည် ရွာတံခါးမှ အခြေအနေကို စောင့်ကြည့်သည်။

အချိန်အတော်ကြာသွားသည့်တိုင်အောင် ထူးခြားမှု မတွေ့ရပါချေ။

နောက်မှ ရွာတံခါးဆီသို့ ဦးတည်ပြေးလာသော လူရိပ်တစ်ရိပ်ကို တိန့်ထောက်လှမ်းတွေ့ရသည်။ ရွာဆီသို့ ပြေးလာသော လူရိပ်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။



အနီးကိုရောက်ကာမှ တိန့်ထောက်သည် ပုန်းကွယ်ရာက ထွက်ပြီး မေးလိုက်၏။

"ဘယ်သူလဲ .... ရပ်လိုက် ...."

ပြေးလာသောလူရိပ်က ရပ်တန့်သွားသည်။ တိန့်ထောက် က လှစ်ခနဲ လူရိပ်ဆီသို့ ရောက်သွားသည်။ ထိုအခါ ထိုသူမှာ ဝမ်ရဲ့ရဲတိုက်မှ စီမံရေးမှူး ဖေးလို့ယီဖြစ်ကြောင်း တိန့်ထောက် တွေ့ရသည်။

တိန့်ထောက်က ဝမ်းသာအားရ နှုတ်ဆက်စကားဆိုလိုက်မိ၏။

"အစ်ကိုဖေးလို့ယီပါလား .... ဘာကိစ္စအရေးကြီးလို့ အမောတကော ပြေးလာရတာလဲ ...."

ဖေးလို့ယီကလည်း တိန့်ထောက်ကိုတွေ့ရသဖြင့် ဝမ်းသာသွားသည်။ ပြီးမှ ....

"ဝမ်ရဲ့ရဲတိုက်သခင်ကြီးက ခုံးမင်ဂိုဏ်းရဲ့ ခေါင်းဆောင် လို့လန်းရဲ့အိမ်ဂေဟာကို လာတိုက်ဖို့ အစီအစဉ်လုပ်နေတယ် ညီလေးတိန့် ...."

"ဟင် ဟုတ်လား ...."

"ဟုတ်တယ် .... ဒီအကြောင်းကို ကျုပ်သိသိချင်း ပြေးလာပြီး လို့လန်းကိုလာပြောတာပါ .... ညီလေးတိန့်နဲ့ တွေ့တော့ ဟန်ကျသွားတာပေါ့ .... ကျုပ်တောင် တိုက်ခိုက်ရမယ့်အဖွဲ့ဝင်ဖြစ်နေလို့ ဘယ်လိုလုပ်ရမလဲ မသိဘူး ဖြစ်နေတယ် ...."

"သူတို့က မနက်ဖြန်ညမှ လာတိုက်မယ်ဆိုတော့ စိုးရိမ်စရာမရှိပါဘူး အစ်ကိုဖေး .... နောင်ကြီးလို့လန်းတို့အားလုံး ဒီညတွင်းချင်းပဲ ခြေရာဖျောက် ပြောင်းကြပါလိမ့်မယ် ...."

"မနက်လင်းတာနဲ့ ဝမ်ရဲ့ရဲတိုက်အဖွဲ့တစ်ဖွဲ့က ရွာပြင်က စောင့်ကြည့်ဖို့ ရောက်လာလိမ့်မယ် .... ဒီညတော့ ဘယ်သူမှ စောင့်မကြည့်ကြပါဘူး ...."

"ဒါနဲ့ အစ်ကိုဖေးကို သူတို့မသင်္ကာမဖြစ်ကြဘူးလား"

"မဖြစ်ကြပါဘူး .... ကျုပ်ကလည်း နေမြဲတိုင်း နေပါတယ်"

"အစ်ကိုဖေးရဲ့ ဖေဖေနဲ့ မေမေတောင် ဒီရွာမှာ အချိန်အတော်ကြာအောင် နေသွားကြသေးတယ် ....ကျွန်တော်လည်း အစ်ကိုဖေးရဲ့ အကြောင်းကို ပြောချင်လို့ ဒီနေ့မှာ ဒီရွာကိုရောက်လာတာ ...."

"ဟင် ဟုတ်လား ....အခု ဖေဖေနဲ့မေမေ ရှိသလား ...."

"အခုတော့ ခရီးထွက်သွားကြလို့ ကျွန်တော်နဲ့ မတွေ့လိုက်ရဘူး ....ဒါပေမယ့် နောင်ကြီးလို့လန်းဆီကိုတော့ မကြာခဏ လာလည်ကြပါတယ် ....ဆရာကြီးကြောင်နက်တို့နဲ့ တွေ့တွေ့ချင်း အစ်ကိုဖေးအကြောင်းကို ကျွန်တော်ပြောလိုက်ပါ့မယ် ...."

"ကျေးဇူးပါပဲ ညီလေးတိန့် ....ကျုပ်လည်း လူကောင်းတစ်ယောက်ဖြစ်နေပါပြီဆိုတာ ပြောပြပါ ....မလွှဲသာလို့သာ ဝမ်ရဲ့ရဲတိုက်မှာ နေရတာပါ ...."

"ပြောလိုက်ပါ့မယ် ....ဒါနဲ့ ဝမ်ရဲ့ရဲတိုက်မှာ တိမ်နဂါးကျောက်ယှင်စိမ်းဆိုတဲ့ လူတစ်ယောက်ရှိနေသလား ...."

ဖေးလို့ယီ မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီးမှ ခေါင်းကို ခါယမ်း၍ ....

"မရှိပါဘူး ...."

"မနက်ဖြန်ညမှာ လာတိုက်မယ့်အဖွဲ့ကို ဘယ်သူကဦးဆောင်မှာလဲ ...."



"တောင်ပိုင်းနယ်ဓားသမားကြီး တုန်းဖန်းမင်ပေါ့ ...."

"ဪ ....စောစောကလာသွားတဲ့ အဘိုးကြီးပေါ့ ....ကျွန်တော်နဲ့ တစ်ပွဲတစ်လမ်း တွေ့လိုက်ချင်သေးတယ် ...."

"ညီလေးတိန့် ....ဆရာကြီးတုန်းဖန်းမင်ဟာ ကျုပ်ရဲ့ဆရာပါ ကျုပ်ကို သိုင်းပညာသင်ပေးတဲ့သူပါ ...."

"ဟင် .... ဟုတ်လား ...."

"ပြီးတော့ ....သူဟာ ဝမ်ရဲ့ရဲတိုက်မှာ အကြီးပေးပုဂ္ဂိုလ်တစ်ယောက်ပဲ .... ဆရာကြီးတုန်းဖန်းမင်အပြင် နောက်ထပ်အကြီးပေး ပုဂ္ဂိုလ်တစ်ယောက်လည်း ရှိသေးတယ် ....သူဟာ လျှို့လျှို့ဝှက်ဝှက် နေတယ် ....ကျုပ်တောင် သူ့ကိုမမြင်ဖူးဘူး ....နာမည်ကိုလည်း မသိဘူး ...."

"အင်း .... ဒါဆို ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းဟာ ကြီးကျယ်တဲ့ အကြံအစည်တစ်ခုတော့ ရှိနေမှာပဲ ...."

"တောင်ပိုင်းနယ်က ချီယွင်းဂေဟာကိုတောင် သူ့လက်အောက်ခံအဖြစ် ထားလို့မရရင် ချေမှုန်းတိုက်ခိုက်လိမ့်မယ်လို့ ....ကျုပ်ကြားထားတယ် ...."

"နေပါဦး ....အစ်ကိုဖေးရဲ့ဆရာ တုန်းဖန်းမင်လို ပုဂ္ဂိုလ်က ဝမ်ရဲ့ရဲတိုက်သခင်ကြီးရဲ့ လက်အောက်ခံ ဘာဖြစ်လို့ဖြစ်သွားရတာလဲ"

"ဆရာကြီးက .... တောင်ပိုင်းနယ်မှာ သူဟာ အထင်ရှားအကျော်ကြားဆုံးဖြစ်ချင်တယ်လေ ....ဒါပေမယ့် ချီယွင်းဂေဟာသခင်ကြီး နတ်နဂါးချူဟွားဟီက ရှိနေတော့ သူက အကျော်ကြားဆုံးမဖြစ်ဘူး .... ဒါကြောင့် ရဲတိုက်သခင်ကြီးကျင့်စန်းကျန်းနဲ့ လာပေါင်းပြီး ချီယွင်းဂေဟာကျဆုံးအောင် ကြံစည်နေတာပေါ့ .... ချီယွင်းဂေဟာ

သခင်ကြီးသာ ကျဆုံးသွားရင် တောင်ပိုင်းဒေသကိုပြန်ပြီး အဖွဲ့ကြီးတစ်ဖွဲ့ ဖွဲ့မယ်လေ ....ဝမ်ရဲ့ရဲတိုက်သခင်ကြီးကိုလည်း အကူအညီအပြည့် အဝပေးလိမ့်မယ် ...."

ထိုအခါမှ တိန့်ထောက်လည်း တောင်ပိုင်းနယ်စားသမားကြီး တုန်းဖန်းမင်၏အကြံအစည်ကို သိရလေတော့သည်။

ထို့နောက် ဖေးလို့ယီသည် တိန့်ထောက်သည် နှုတ်ဆက်ပြီး ပြန်သွားသည်။

တိန့်ထောက်သည် စကောကြာအောင် အခြေအနေကိုကြည့်ပြီး မထူးခြားမှ ရွာထဲကို ပြန်ဝင်ခဲ့သည်။ လို့လန်း၏အိမ်ဂေဟာသို့ ပြန်လာသည်။

အိမ်ဂေဟာကြီးထဲတွင် ပစ္စည်းပစ္စယအားလုံးလိုလိုကို မြေအောက်ခန်းထဲသို့ ပြောင်းရွှေ့ထားပြီးဖြစ်၍ သယ်မရသည့် အိမ်ထောင်ပရိဘောဂပစ္စည်းများသာ ကျန်နေတော့၏။ အိမ်ဂေဟာအမှုထမ်းအားလုံး အလုပ်ရှုပ်နေကြသည်။

မြင်းလှည်းနှစ်စီးထဲသို့လည်း အထုပ်အပိုးများတင်ထားပြီး ဖြစ်နေကြသည်။ မြင်းဆယ်ကောင်တွင် ကုန်းနှီးနှင့် တွဲ၍ အထုပ်အပိုးများ ချိတ်ဆွဲထားသည်။

တိန့်ထောက်သည် အလုပ်ရှုပ်နေသော လို့လန်းဆီသို့ လာခဲ့သည်။ တိန့်ထောက်ကို တွေ့သည်နှင့် လို့လန်းက ဆီး၍ပြောသည်၊

"ကျုပ်တို့တစ်တွေ ထွက်ခွာဖို့တော့ အဆင်သင့်ဖြစ်နေပြီ ညီမောင် ...."

"အခုတော့ ရွာပြင်မှာစောင့်ကြည့်နေတဲ့ ဝမ်ရဲ့အဖွဲ့သားတွေ မရှိကြသေးဘူး နောင်ကြီးလို့ .... မိုးလင်းတာနဲ့ ရောက်လာကြလိမ့်



မယ် ....အခုနေ ထွက်နိုင်ရင်တော့ အကောင်းဆုံးပဲ ....မနက်ဖြန်ညမှာ ဝမ်ရဲ့ရဲတိုက်က လာတိုက်မယ်လို့လဲ သတင်းရတယ် ...."

"ကျုပ်တို့ အခုပဲ သွားကြမှာပါ ....ဒါနဲ့ ညီမောင်ကော လိုက်ဦးမလား ...."

"ကျွန်တော့်မှာ ဆောင်ရွက်စရာကိစ္စကလေးတွေ ရှိနေလို့ မလိုက်တော့ပါဘူး ...ဘယ်ကိုသွားကြမယ်ဆိုတာသာ ပြောခဲ့ပါ အရေးဆို လိုက်လာနိုင်တာပေါ့ ...."

"ဒီကနေ မိုင်သုံးဆယ်လောက် အကွာအဝေးမှာ ချင်းရှောင်ဗိန်ဆိုတဲ့ ရွာကလေးရှိနေတယ် ....အဲဒီမှာ သွားနေကြမှာပဲ ...."

တိန့်ထောက်သည် ဝမ်ရဲ့ရဲတိုက်မှ စီမံရေးမှူး ဖေးလို့ယီမှာ အဘိုးကြီးကြောင်နက်နှင့် သိန်းငှက်သခင်မကြီးတို့၏သားဖြစ်ကြောင်း၊ ယခုအခါ မိမိတို့၏ဘက်တော်သားဖြစ်နေပြီဖြစ်ကြောင်း ပြောပြလိုက်သည်။

ထို့နောက် လို့လန်းတို့လူစုသည် အိမ်ဂေဟာမှ တိတ်တဆိတ် ထွက်ခွာသွားကြတော့သည်။

ထိုညက တိန့်ထောက်တစ်ယောက်တည်း လို့လန်း၏အိမ်ဂေဟာတွင် အနားယူအိပ်စက်လိုက်လေသည်။

## အခန်း(၁၈)

## ရွှေနဂါးတာမန်တော်

မိုးလင်းသည်နှင့် တိန့်ထောက်သည် ရွာပြင်သို့ မထွက်သေးဘဲ ရွာထဲမှာပင် ရွာပြင်မှအခြေအနေကို ကြည့်သည်။ ထင်းရှူးတောထဲတွင် ပုန်းကွယ်နေသော လူရိပ်လူယောင်များကို မြင်ရသည်။

ဝမ်ရဲ့အဖွဲ့ဝင်များရောက်နေပြီဖြစ်ကြောင်း သိရလေပြီ။

တိန့်ထောက်က လို့လန်း၏အိမ်ဂေဟာထဲသို့ ပြန်လာပြီး သူ့ကိုယ်ပေါ်တွင် ဝတ်စုံနက်ကိုဝတ်ကာ သားရေမျက်နှာဖုံးကိုလည်း စွပ်လိုက်၏။ မဟူရာသိုင်းသမားကြီးအသွင်ကို ပြောင်းလိုက်၏။

ထို့နောက် သူသည် ကိုယ်ဖော့ပညာကိုသုံးကာ ရွာမှထွက်၍ တောအုပ်ထဲသို့ တစ်ရှိန်ထိုးဖြတ်ပြေးဝင်သွားသည်။ ထင်းရှူးတောအုပ်မှာ ထူထပ်နက်ရှိုင်းနေသည်။

ထင်းရှူးတောထဲသို့ ဝင်လျှင်ဝင်ချင်း တစ်နေရာမှ အော်ဟစ်ငေါက်ငမ်းသံ ပေါ်လာသည်။

"ဘယ်သူလဲ ရပ်လိုက်စမ်း ...."

တိန့်ထောက်က ဆက်မပြေးဘဲ တုံ့ခနဲရပ်တန့်လိုက်သည်။



ထင်းရှူးပင်ကြီး တစ်ပင်နောက်မှ လူတစ်ယောက်လည်း ခုန်ထွက်လာသည်။ သူ့အနီးသို့ရောက်လာသော ခြေသံကိုလည်း တိန့်ထောက်ကြားရသည်။

တိန့်ထောက်က ထိုလူ့ထံသို့ မျက်နှာကို ဆတ်ခနဲလှည့်လိုက်၏။

ထိုလူမှာ ဝမ်ရဲ့ရဲတိုက်အဖွဲ့၏ ဝတ်စုံကို ဝတ်ဆင်ထားသူဖြစ်ပြီး သားရေဖုံးစွပ်ထားသော တိန့်ထောက်မျက်နှာကို မြင်ရသောအခါ တန့်ခနဲရပ်လိုက်ပြီး ထိတ်လန့်တကြားရေရွတ်လိုက်သည်။

"ဟင် .... မ .... မဟူရာသိုင်းသမားကြီး ...."

ထိုလူ၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီး အဝတ်အစားကို မြင်ရုံဖြင့် ဝမ်ရဲ့အဖွဲ့မှ ခေါင်းဆောင်ငယ်တစ်ယောက်ဖြစ်ကြောင်း တိန့်ထောက်သိလေသည်။

ထိုလူ ထိတ်လန့်တကြီးဖြင့် ကြောင်ကြောင်ကြီးဖြစ်သွားစဉ် တိန့်ထောက်၏ ဓားသွားက ထိုလူ၏လည်ပင်းပေါ် တင်ထားပြီးဖြစ်နေသည်။ တိန့်ထောက်က မဟူရာသိုင်းသမားကြီးလေသံဖြင့် အေးစက်စက်ပြောလိုက်သည်။

"အေး .... ငါဟာ မဟူရာသိုင်းသမားပဲ မလှုပ်နဲ့ ...."

ထိုလူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

တိန့်ထောက်က လေသံဆတ်ဆတ်ဖြင့် မေးသည်။

"ပြောစမ်း ....ဒီနေရာတစ်ဝိုက်မှာ မင်းရဲ့ ဝမ်ရဲ့အဖွဲ့သားတွေ စောင့်ကြပ်နေကြတယ် မဟုတ်လား ...."

ထိုလူမှာ မဟူရာသိုင်းသမားကြီး၏သတင်းကို ကောင်းစွာကြားသိဖူးထားဟန်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ရန် လုံးဝစိတ်မကူးချေ။

သူက တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေသည်။

"ဟုတ် ....ဟုတ်ပါတယ် ကျွန် ....ကျွန်တောတို့ စေ့ကျားကြည့်ရွာကို စောင့်ကြည့်နေကြတာပါ ခင်ဗျာ ...."

"မင်းက အဖွဲ့ခေါင်းဆောင်လား ...."

"ကျွန်တော်က ဒီကိုလာတဲ့အဖွဲ့ကို ဦးဆောင်လာရတဲ့သူပါ"

"ဒီမှာရောက်နေတဲ့ မင်းလူတွေအားလုံးကို ဒီမှာလာပြီး စုကြဖို့ အချက်ပေးလိုက်စမ်း ...."

ထိုခေါင်းဆောင်မှာ လွန်စွာကြောက်ရွံ့တုန်လှုပ်နေသဖြင့် တိန့်ထောက်ပြောသည့်အတိုင်း သူ့လူများကို အချက်ပေး၍ လူစုလိုက်၏။ ထိုအခါ ထင်းရှူးတောထဲတွင် ပုန်းခိုနေကြသော ဝမ်ရဲ့အဖွဲ့ဝင်များလည်း အသီးသီးထွက်လာပြီး လာရောက်စုဝေးကြ၏။

လူပေါင်းနှစ်ဆယ်ကျော်ခန့်ရှိလေသည်။ အဖွဲ့ခေါင်းဆောင်က လူစုံပြီဖြစ်ကြောင်း တိန့်ထောက်ကို ပြောသည်။ အဖွဲ့သားများမှာ သူတို့၏ခေါင်းဆောင်ကို မဟူရာသိုင်းသမားကြီးအသွင် ဟန်ဆောင်ထားသော တိန့်ထောက်က ချုပ်ကိုင်ဖမ်းဆီးထားသဖြင့် မည်သူမှ မလှုပ်ရဲကြချေ။

တိန့်ထောက်သည် မဟူရာသိုင်းသမားကြီးဖြစ်ကြောင်းသိရသောအခါ ပိုပြီးကြောက်ရွံ့တုန်လှုပ်သွားကြသည်။ ခုခံတိုက်ခိုက်ရန် လုံးဝမစဉ်းစားရဲတော့ချေ။

တိန့်ထောက်က မဟူရာသိုင်းသမားကြီးလေသံမျိုးဖြင့် အားလုံးကြားလောက်အောင် အော်ပြောသည်။

"ငါဟာ မန်းစန်းတောင်ပေါ်မှာ အဆင့်မြင့်သိုင်းသမားလေးငါးခြောက်ရာနဲ့တောင် ယှဉ်ပြီး တိုက်လာခဲ့တဲ့သူဆိုတာ မင်းတို့လည်းကြားသိထားပြီးဖြစ်မှာပဲ ....ဒီတော့ မင်းတို့လူစုလောက်ကို ပုရွက်ဆိတ်တွေသတ်သလို မျက်စိတစ်မှိတ်အတွင်းမှာ ငါလွယ်လွယ်နဲ့ သတ်နိုင်တယ် ....ဒါပေမယ့် ငါဟာ အခု လူတွေကို အရမ်းကာရော မသတ်ချင်ဘူး ....ပြောဆို ဆုံးမလို့မရတဲ့ လူဆိုးလူမိုက်တွေလောက်သာ သတ်ချင်သတ်မယ် ....မင်းတို့အားလုံး ဒုစရိုက်အဖွဲ့ကြီးဖြစ်တဲ့ ဝမ်ရဲ့အဖွဲ့ထဲက ထွက်မယ်ဆိုရင် မင်းတို့အသက်ကိုလည်း ချမ်းသာပေးမယ် ....ကိုယ့်ရပ်ရွာ ကိုယ့်ဒေသကို အေးအေးချမ်းချမ်း ပြန်ကြရမယ် ....ငါပြောသလို နာခံမယ်ဆိုရင် တန်းစီပြီး ငါ့ရှေ့ကို တစ်ယောက်ချင်း လာခဲ့ကြ"

ဝမ်ရဲ့အဖွဲ့ဝင်များသည် ပထမတစ်ဦးကိုတစ်ဦးကြည့်ကာ ငြိမ်နေကြပြီးမှ တစ်ဦး နှစ်ဦးက စပြီး တန်းစီလိုက်သောအခါ ကျန်လူအားလုံး တန်းစီလိုက်ကြသည်။ တိန့်ထောက်ရှေ့ကို တန်းစီ၍ လျှောက်လာကြသည်။ တိန့်ထောက်က ပညာမေ့ကြောကို ပိတ်လိုက်ခြင်းဖြစ်၏။ သူတို့၏သိုင်းပညာများကို ချေဖျက်လိုက်ခြင်းဖြစ်၏။

အားလုံးပြီးသွားသောအခါတိန့်ထောက်က အဖွဲ့ခေါင်းဆောင်မှလွဲပြီး ကျန်လူအားလုံးကို လိုရာခရီးသွားခွင့်ပြုလိုက်သည်။ အားလုံးပင် ထိတ်လန့်တကြား ထွက်ပြေးသွားကြလေသည်။

တိန့်ထောက်က အဖွဲ့ခေါင်းဆောင်ကို ပြောသည်။

"မင်းကတော့ မသွားနဲ့ဦး ....ဒီရွာကိုလာတိုက်မယ့် တောင်ပိုင်းဓားသမားကြီး တုန်းဖန်းမင်ရဲ့အဖွဲ့ ဘယ်မှာစခန်းချနေတယ်ဆိုတာ မင်းလိုက်ပြဦး ...."

"ကောင်းပါပြီခင်ဗျာ ....လိုက်ပြပါ့မယ် ...."

အဖွဲ့ခေါင်းဆောင်က ခေါင်းညိတ်ပြီး ရှေ့မှထွက်သွားသည်။ ထိုသူမှာ သိုင်းပညာကို လုံးဝအသုံးချ၍မရတော့သဖြင့် တိန့်ထောက်

အဖို့ နည်းနည်းမှ စိုးရိမ်စရာမလိုတော့ချေ။

အတန်ကြာအောင် သွားမိသောအခါ အိချွမ်းမြို့ရိုးကို လှမ်းမြင်ရသော နေရာသို့ ရောက်လာသည်။ အဖွဲ့ခေါင်းဆောင်၏ပြောပြချက်အရ တုန်းဖန်းမင်ဦးဆောင်သောအဖွဲ့သည် အိချွမ်းမြို့ထဲရှိ ဝမ်ရဲ့ဌာနခွဲတွင် စခန်းချလျက်ရှိနေကြောင်း တိန့်ထောက်သိရသည်။

ထိုစဉ် အိချွမ်းမြို့ဘက်ဆီမှ မြင်းနှစ်စီး စိုင်းနှင်လာနေသည်ကို တိန့်ထောက်လှမ်းတွေ့ရသည်။ အဖွဲ့ခေါင်းဆောင်က မြင်းနှစ်စီးကို လက်ညှိုးထိုးပြပြီး မျက်စိမျက်နှာပျက်ဖြင့် ပြောသည်။

"ဟာ ....ဆရာကြီးတုန်းဖန်းမင်တို့ ဆရာတပည့်နှစ်ယောက် လာနေကြတယ် .... ကျွန်တော့်ကိုမြင်သွားရင် ဒုက္ခပဲ ...."

"မင်းသွားလိုရာ သွားတော့ ...."

အဖွဲ့ခေါင်းဆောင်လည်း လမ်းဘေးမှ တောအုပ်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။ တိန့်ထောက်က လမ်းလယ်မှာပင် ရပ်မြဲရပ်နေသည်။

တောင်ပိုင်းနယ်စားသမားကြီး တုန်းဖန်းမင်နှင့် ဖေးလို့ယီတို့နှစ်ယောက် မြင်းစီးလာကြခြင်းဖြစ်၏။ တုန်းဖန်းမင်က တိန့်ထောက်ကို လှမ်းကြည့်ပြီး လေသံမာမာနှင့် အော်ငေါက်လိုက်သည်။

"ဟိတ် ....လမ်းလယ်မှာရပ်နေတာ ဘယ်သူလဲ ....သေချင်လို့လား ...."

တိန့်ထောက်က မြင်းနှစ်ကောင်စီ ဆတ်ခနဲခုန်လိုက်ကာ လက်နှစ်ဖက်ဖြင့် ပင့်တွန်းလိုက်ရာ မြင်းနှစ်ကောင်မှာ ထိတ်လန့်စွာ ဟီလိုက်ပြီး ပတတ်ရပ်လိုက်သည်။ တုန်းဖန်းမင်နှင့် ဖေးလို့ယီတို့ပင် လျှင် လိမ့်ကျမလိုလိုဖြစ်သွားလေသည်။



ဖေးလို့ယီမှာမူ မဟူရာသိုင်းသမားကြီးအသွင် ရုပ်ဖျက်ထားသော တိန့်ထောက်ဖြစ်ကြောင်း မသိချေ။ တုန်းဖန်းမင်က ဒေါသတကြီးဖြင့် မေးသည်။

"ဟေ့ကောင် ....မင်းက စော်စော်ကားကားနဲ့ ဘယ်သူလဲ"

"ကျုပ် .... မဟူရာသိုင်းသမား ...."

တုန်းဖန်းမင်ရော ဖေးလို့ယီပါ ထိတ်လန့်တုန်လှုပ်သွားသည်။ တုန်းဖန်းမင်သည် မဟူရာသိုင်းသမားကို မမြင်ဖူးသော်လည်း မဟူရာသိုင်းသမားကြီး၏သတင်းကို ကောင်းစွာ ကြားဖူးထားသည်။

တုန်းဖန်းမင်က ထိတ်လန့်စွာဖြင့် တုန်တုန်ယင်ယင်မေးသည်။ သူ့လေသံမှာ အတော်ကလေး ပျော့ပျောင်းသွားသည်။

"ခင် ....ခင်ဗျား ဘာကိစ္စရှိလို့ ကျုပ် ....ကျုပ်တို့ကို တားဆီးနေရတာလဲ ...."

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောလေသည်။

"ကျုပ် ဒီနေ့ လူမသတ်ချင်ဘူး ....ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်ဘူး ....ဒီတော့ ခင်ဗျားက တစ်ဆင့် ခင်ဗျားရဲ့ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းကို ပြောလိုက်ပါ ....အချက်နှစ်ချက်ပြောရမယ် ...."

"ဘာ .... ဘာပြောရမှာလဲ ...."

"နားထောင် ....တစ်ချက်က ဒီအချိန်ကစပြီး ဈေးကျားကြည့်ရွာရဲ့ ရွာသူကြီးလို့လန်းရဲ့အိမ်ဂေဟာကို တိုက်ခိုက်ဖို့အစီအစဉ်ကို ဖျက်လိုက်ရမယ် ....နှစ်အချက်က ကျင့်စန်းကျန်းဟာ သိုင်းဂိုဏ်းပေါင်းစုံရဲ့ ဦးစီးခေါင်းဆောင်တွေကို ဝမ်ရဲ့ရဲတိုက်မှာဖိတ်ခေါ်ပြီး ကျုပ်ကို

သုတ်သင်ဖို့ အကြံအစည်ကို စွန့်လွှတ်လိုက်ပါ .... ဒီအကြံအစည်ကို ကျုပ်ကသိနေတော့ ကျုပ်ကို သုတ်သင်ဖို့ ပိုပြီးမလွယ်ပါဘူး ....မကြာခင်တစ်နေ့ ဝမ်ရဲ့ရဲတိုက်ကို ကျုပ်လာခဲ့မယ်လို့လဲ ပြောလိုက်ပါ ...."

တုန်းဖန်းမင်က ခေါင်းကို တဆတ်ဆတ်ညိတ်၍ ....

"ကောင်းပါပြီ ခင်ဗျာ .... ကောင်းပါပြီ ....ရဲတိုက်သခင်ကြီးကို ကျုပ်ပြောလိုက်ပါ့မယ် ....ဒါပေမယ့် အခုတော့ ကျုပ်သွားစရာရှိသေးလို့ ရှေ့ဆက်သွားပါရစေ ...."

"ခင်ဗျား ဘယ်သွားမလို့လဲ တုန်းဖန်းမင် ....စေ့ကျားကြည့်ရှာကိုစောင့်ကြည့်နေတဲ့ အဖွဲ့သားတွေဆီကို သွားမလို့လား ....သွားမနေနဲ့ ....ဘယ်သူ့ကိုမှ ခင်ဗျားတွေ့ရတော့မှာမဟုတ်ဘူး ....အဲဒီလူတွေအားလုံးရဲ့ပညာကို ကျုပ်ချေဖျက်ပြီး လိုရာအရပ်ကို ပြန်ကြဖို့ စေလွှတ်လိုက်ပြီ .... ဒီတော့ ခင်ဗျားလှည့်ပြန်ပါ ...."

တုန်းဖန်းမင် ပိုမိုထိတ်လန့်သွားသည်။ ဖေးလို့ယီမှာလည်း အတော်ကြီး မျက်စိမျက်နှာပျက်နေသည်။ တုန်းဖန်းမင်က မရဲတရဲနှင့် မေးသည်။

"ခင်ဗျားနဲ့ ခုံးမင်အဖွဲ့နဲ့ ဘယ်လိုပတ်သက်နေသလဲ ...."

"လို့လန်းဟာ ကျုပ်ရဲ့မိတ်ဆွေရင်းချာတစ်ယောက်ပဲ ....ကဲခင်ဗျားတို့ လှည့်ပြန်ကြတော့ .... ကျုပ်ပြောတာကို ဂရုမစိုက်ဘဲ လို့လန်းရဲ့အိမ်ဂေဟာကို တိုက်ခိုက်မယ်ဆိုရင် ဦးဆုံး ခင်ဗျားသေရမယ် ပြီးတော့ ခင်ဗျားရဲ့သခင်ကြီး ကျင့်စန်းကျန်း သေရမယ် ....ကျန်တဲ့လူတွေအားလုံးလည်း သေရမယ် ....သွားတော့ ...."

"ကောင်း .... ကောင်းပါပြီ ...."

တုန်းဖန်းမင်က မြင်းဇက်ကြိုးကို နောက်ပြန်လှည့်ပြီး အိချွမ်း



ဖြို့ဆီသို့ မြင်းကိုနှင်သွားရာ ဖေးလို့ယီလည်း နောက်မှထက်ကြပ်မကွာလိုက်ပါသွားလေတော့သည်။

တိန့်ထောက်သည် တောအုပ်ထဲသို့ ဝင်လိုက်ပြီး မဟူရာသိုင်းသမား၏ဝတ်စုံကို ချွတ်ရန်မြင်လိုက်စဉ်မှာပင် ခပ်လှမ်းလှမ်းမှ အော်ဟစ်သံအချို့ကို ကြားလိုက်ရသဖြင့် နားစွင့်လိုက်မိ၏။ အသံမှာ မသဲကွဲသဖြင့် အသံလာရာဆီကို ခြေနှင်၍လာခဲ့သည်။ ခဏနှင့် အသံကြားရာသို့ ရောက်လာသည်။

မြေပေါ်တွင် သွေးသံရဲရဲနှင့် လူသုံးယောက်သေဆုံးနေကြပြီ။ ထိုအလောင်းသုံးလောင်းအနီးတွင် ဝတ်စုံဝါကို ဝတ်ထားသော အမျိုးသမီးတစ်ယောက် ရပ်နေသည်ကိုလည်း တွေ့ရသည်။

အလောင်းသုံးလောင်းစလုံး ပက်လက်သေဆုံးနေပြီး နဖူးတွင် အပေါက်ကလေးငါးပေါက်စီရှိနေသည်ကို တွေ့ရ၏။ ထိုသူများ၏မျက်နှာကိုမြင်ရုံဖြင့် စောစောက မိမိပညာနုတ်၍ လွှတ်လိုက်သော ဝမ်ရဲ့အဖွဲ့ဝင်နှစ်ဆယ်ကျော်အနက်မှသုံးယောက်ဖြစ်ကြောင်း မှတ်မိလိုက်၏။

"ရှင် ဘယ်သူလဲ ....ရှင်လည်း သေချင်လို့ ဒီကိုရောက်လာတာလား ...."

ဝတ်စုံဝါကို ဝတ်ဆင်ထားသော အမျိုးသမီးမှာ ချောမောလှပသော်လည်း ရက်စက်ကြမ်းကြုတ်သည့် အမူအရာမျိုးဖြင့် တိန့်ထောက်ကိုကြည့်ကာ မေးလိုက်၏။

တိန့်ထောက်ကလည်း အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်၏။

"ငါ .... မဟူရာသိုင်းသမား ...."

ဝတ်စုံဝါ အမျိုးသမီး၏အင်္ကျီရင်ဘတ်နေရာတွင် ရွှေရောင်နဂါးရုပ်တစ်ရုပ်ကို ရေးထိုးထားလေသည်။

တိန့်ထောက်က အလာင်းများကို တစ်ချက်ကြည့်လိုက်ပြီး မေးမြန်းပြန်သည်။

"ဒီလူတွေကို မင်းသတ်လိုက်တာလား ...."

"ဟုတ်တယ် ...."

ဝတ်စုံဝါ အမျိုးသမီးက လေသံပြတ်ပြတ်ဖြင့် ပြန်ဖြေသည်။

"ဒီလူသုံးယောက်စလုံး သိုင်းပညာမတတ်တော့ဘူးဆိုတာ မင်းမသိဘူးလား ...."

"သိသားပဲ ...."

"မင်းသိသားနဲ့ ဘာဖြစ်လို့ သူတို့ကို အခုလိုရက်ရက်စက်စက် သတ်လိုက်ရတာလဲ ...."

"သူတို့က ဝမ်ရဲ့ရဲတိုက်ကလူတွေပဲ ....ဝမ်ရဲ့ရဲတိုက်ကလူဆိုရင် သိုင်းပညာတတ်တတ် မတတ်တတ် ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် သတ်ရမှာပဲ ...."

ထိုဝတ်စုံဝါနှင့် အမျိုးသမီး၏စကားကို ထောက်ချင့်၍ သူတို့နှင့် ဝမ်ရဲ့ရဲတိုက်မှာ ရန်ငြိုးရန်စရှိနေကြောင်း တိန့်ထောက် တွေးမိသည်။

"မင်းဘယ်သူလဲ ....ဘယ်အဖွဲ့ကလဲ ...."

"ရှင်နဲ့ မဆိုင်တဲ့ကိစ္စမှာ ရှင်သိစရာမလိုပါဘူး .... ကျွန်မရဲ့ အဖွဲ့နာမည်ကတော့ ပြောလိုက်မယ် ....ကျွန်မ အဖွဲ့နာမည်က ရွှေနဂါးတမန်တော် ...."

"ရွှေနဂါးတမန်တော်ဟုတ်လား ....မင်းတို့ရဲ့ဦးစီးဦးဆောင်က ဘယ်သူလဲ ...."

"ဒါတော့ ဖွင့်ပြောခွင့်မရှိဘူး ...."

"ကဲ .... ငါနဲ့ဆိုင်တဲ့ကိစ္စကိုပဲ မေးမယ် .... ငွေနှင်းဖြူဆိုတဲ့ မိန်းကလေးတစ်ယောက်က မင်းတို့လို ဝတ်စုံဝါဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်နောက်ကိုလိုက်ရင်းနဲ့ ပျောက်သွားတယ် ....သူ ဘယ်မှာလဲဆိုတာ ငါသိချင်တယ် ...."

"ဒါတော့ ကျွန်မ ဘယ်သိမလဲ ...."

"ဒါဆို ....မင်းတို့ရဲ့ခေါင်းဆောင် ဘယ်သူဘယ်ဝါဆိုတာ ပြောရမယ် ...."

"ဘယ်နည်းနဲ့မှ ကျွန်မ မပြောနိုင်ဘူး ...."

တိန့်ထောက်က စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ဝတ်စုံဝါအမျိုးသမီးကို စူးစူးရဲရဲကြည့်ကာ ရှေ့သို့ ခြေနှစ်လှမ်းတိုးသွားသည်။

"ဘာလဲ ....ရှင်က ကျွန်မကို တိုက်မလို့လား ...."

"မင်းမပြောဘူးဆိုရင်တော့ ငါက တိုက်ရမှာပဲဥ...."

တိန့်ထောက် ရှေ့ကို ခြေနှစ်လှမ်းတိုးလိုက်ပြန်သည်။

ဝတ်စုံဝါ အမျိုးသမီးမှာ မျက်စိမျက်နှာတစ်ချက်ပျက်သွားပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားသည်။ တိန့်ထောက်က လွှားခနဲ ခုန်အုပ်လိုက်သည်။

သို့သော် ဝတ်စုံဝါအမျိုးသမီးက မထင်မှတ်သော အပြုအမူတစ်ခုကို ပြုမူလိုက်သည်။ တိန့်ထောက်ဘက်ကို ဆတ်ခနဲလှည့်လိုက်ပြီး တစ်စုံတစ်ခုဖြင့် လှမ်းပေါက်သည်။ တိန့်ထောက်က လက်နက်ပုန်းနှင့် လှမ်းပေါက်သည်ထင်၍ လုစ်ခနဲ ရှောင်တိမ်းလိုက်သည်။

သို့သော် မီးခိုးငွေ့တန်းတစ်တန်းပေါ်လာပြီး မီးခိုးငွေ့များမှာ ရုတ်ခြည်း တိန့်ထောက်ကို ဖုံးလွှမ်းသွားသည်။ မီးခိုးငွေ့များ ဖုံးသွားသဖြင့် ဝတ်စုံဝါအမျိုးသမီးကို တိန့်ထောက်မမြင်ရချေ။

တိန့်ထောက် ကမန်းကတန်း မီးခိုးများကို ဖောက်ထွက်သည်။ ဝတ်စုံဝါ အမျိုးသမီးကို ရှာသည်။ သို့သော် ဝတ်စုံဝါအမျိုးသမီးမှာ ကိုယ်ရောင်ဖျောက်သွားသည့်သကဲ့သို့ ပျောက်သွားလေပြီ။

သူသည် မကျေမနပ်ဖြင့် အနီးပတ်ဝန်းကျင်တွင် ရှာဖွေသေးသည်။

မည်သို့မျှ မတွေ့သည့်အဆုံးတွင် စေ့ကျားကြည့်ရွာသို့ ပြန်လာခဲ့သည်။

လို့လန်း၏ဂေဟာကို ဝမ်ရဲ့ရဲတိုက်မှ မတိုက်ခိုက်ရန် မဟူရာသိုင်းသမားကြီးအသွင် ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းအား တုန်းဖန်းမင်မှတစ်ဆင့် ပြောဆိုသတိပေးခဲ့သည်။ လိုက်နာခြင်းရှိ မရှိသိနိုင်ရန် တိန့်ထောက်သည် စေ့ကျားကြည့်ရွာသို့ ပြန်လာခဲ့ခြင်းဖြစ်လေသည်။

## အခန်း(၁၉)

## သတ်ဖြတ်သူ၏အမှတ်အသား

စေ့ကျားကြည့်ရွာကို ပြန်ရောက်လာသောအခါ မိုးချုပ်နေပြီဖြစ်သည်။

တိန့်ထောက်သည် မဟူရာသိုင်းသမားကြီးအသွင်ကိုလည်း ဆောင်ယူမထားတော့ချေ။

သူက လို့လန်း၏အိမ်ဂေဟာဆီသို့ ခပ်သွက်သွက်နှင်လာခဲ့သည်။ လို့လန်း၏အိမ်ဂေဟာသို့အတွက် တိန့်ထောက်အံ့သြတကြီး ဖြစ်သွားမိသည်။ အိမ်ဂေဟာထဲတွင် မီးရောင်ကို တွေ့ရသောကြောင့်ဖြစ်၏။

တကယ်တော့ လို့လန်းအိမ်ဂေဟာမှာလူများအားလုံးတစ်ဦးတစ်ယောက်မှ ကျန်မနေကြဘဲ ပြောင်းရွှေ့သွားကြပြီးဖြစ်သည်။ အိမ်ထဲတွင် မည်သူမှ ကျန်မနေသဖြင့် မီးရောင်မြင်စရာအကြောင်းမရှိချေ။ အခုတော့ မီးရောင်မြင်နေရသည်။ မည်သူများ ရောက်နေလေသနည်း။

တိန့်ထောက် သိလိုစိတ်ဖြင့် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့သည်။

ဧည့်ခန်းဆောင်၏စားပွဲတစ်လုံးတွင် လူတစ်ယောက်မျက်နှာမှောက်ပြီး အိပ်နေသည်။

စားပွဲပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိထားပြီး ဘူးသီးခြောက်ကြီးတစ်လုံးလည်း တင်ထားသည်။

ဤသည်ကို မြင်သည်နှင့် မှောက်အိပ်နေသူ၏မျက်နှာကို မတွေ့ရသော်လည်း ထိုလူမှာ အဘိုးကြီးကြောင်နက်ဖြစ်လိမ့်မည်ဟု တိန့်ထောက် သိလိုက်သည်။ အဘိုးကြီးကြောင်နက်မှာ အရက်မူးလွန်ပြီး အိပ်ပျော်နေပုံ ရ၏။

သို့သော် တိန့်ထောက်၏ခြေသံကို ကြားရသောအခါ အဘိုးကြီးကြောင်နက် ဆတ်ခနဲ ခေါင်းထောင်ထလာလေသည်။

"ဘကြီးကြောင်နက် ပြန်ရောက်နေပြီလား ...."

တိန့်ထောက်က ဦးစွာနှုတ်ဆက်လိုက်ပြီး အဘိုးကြီးကြောင်နက်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ အဘိုးကြီးကြောင်နက်ကလည်း တိန့်ထောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားသည်။

"မင်းကို ငါတွေ့ချင်နေတာနဲ့ အတော်ပဲ တိန့်ထောက်"

"ဘကြီး ဒီကိုဘယ်တုန်းက ရောက်နေတာလဲ ...."

"ကြာပါပြီ ...."

"ဒီမှာ .... ဘာတွေဖြစ်နေတယ်ဆိုတာကော ဘကြီးသိပြီးပြီလား ...."

"သိပြီးပါပြီကွာ ...."

"ဒါနဲ့တောင် ဘကြီးက ဒီလောက်ထင်ထင်ပေါ်ပေါ်ကြီး ဘာဖြစ်လို့ နေရတာလဲ .... မတော်လို့ ဝမ်ရဲ့အဖွဲ့ဝင်တွေရောက်လာပြီး



လာတိုက်ရင် ဘယ်လိုလုပ်မလဲ ...."

"ဟား .... ဟား .... ဟား .... လာမတိုက်ရဲပါဘူး .... တိန့်ထောက်ရယ် ....ဒါကို ငါသေသေချာချာသိလို့ အခုလိုမီးထွန်းပြီး အေးအေးဆေးဆေး အရက်သောက်နေတာပေါ့ ...."

"ဘကြီးက ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ ...."

"ကျုပ် ဒီကိုအလာတုန်းက လမ်းမှာ မဟူရာသိုင်းသမားကြီးက တောင်ပိုင်းနယ်ဓားသမားကြီး တုန်းဖန်းမင်ကို သတိပေးစကားပြောကြားနေတာ မြင်ခဲ့ ကြားခဲ့ရတယ် ....မဟူရာသိုင်းသမားကြီးက ကျုပ်တို့ဘက်က ရပ်တည်နေတာပဲ ....ဝမ်ရဲ့ရဲတိုက် လာရဲမှာမဟုတ်တော့ပါဘူး ....နေပါဦး တိန့်ထောက် မဟူရာသိုင်းသမားကြီးကို မင်းကသွားပြီး အကူအညီတောင်းတာလား ...."

အဘိုးကြီးကြောင်နက်က တိန့်ထောက်ကို အကဲခတ်ပြီး မေးမြန်းနေသဖြင့် တိန့်ထောက်စိတ်ထဲတွင် မလုံမလဲဖြစ်မိသည်။ မဟူရာသိုင်းသမားကြီးအယောင်ဆောင်၍ လှုပ်ရှားနေသူမှာ မိမိပင်ဖြစ်ကြောင်း အဘိုးကြီးကြောင်နက်သိနေပြီလောဟု တွေးမိသည်။

တိန့်ထောက်က ပြုံးလိုက်ပြီး ....

"ဟုတ်ကဲ့ ....ကျွန်တော်နဲ့ မဟူရာသိုင်းသမားကြီးတို့ လမ်းမှာ တွေ့ကြပါတယ် ....မဟူရာသိုင်းသမားကြီးကလည်း ဝမ်ရဲ့ရဲတိုက်ကို သတိပေးရအောင် လာတာဆိုတော့ ကျွန်တော်လည်း ဒီကအဖြစ်အပျက်တွေကို ပြောပြပြီး အကူအညီတောင်းလိုက်ပါတယ် .... ဒါကြောင့်မို့ မဟူရာသိုင်းသမားကြီးက တုန်းဖန်းမင်ကို သတိပေးလိုက်တာဖြစ်မှာပေါ့ ....ဒါနဲ့ ဘကြီးက တုန်းဖန်းမင်နဲ့ မဟူရာသိုင်းသမားကြီးတို့ စကားပြောနေတာကို တွေ့ခဲ့တယ်ဆိုတော့ တုန်းဖန်းမင်နဲ့ပါလာ

တဲ့သူကိုကော တွေ့မှာပေ့ါ ....”

အဘိုးကြီးကြောင်နက်က ခေါင်းညိတ်၍ ....

“တွေ့သားပဲ ....လူရွယ်တစ်ယောက်ပဲ ကြည့်ရတာ အဲဒီလူရွယ်ဟာ တုန်းဖန်းမင်းရဲ့တပည့်နဲ့ တူတာပဲ .... ဘာဖြစ်လို့လဲ ....’

“အဲဒီလူဟာ ဘကြီးရဲ့သား ဖေးလို့ယီပဲ ....”

“ဘာ ....”

အဘိုးကြီးကြောင်နက် တစ်ကိုယ်လုံးဆတ်ခနဲ လှုပ်ရှားသွားသည်။ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားလည်းဖြစ်သွားသည်။

တိန့်ထောက်က ထပ်ပြောသည်။

“ဟုတ်ပါတယ် .... အဲဒီလူဟာ ပျောက်ဆုံးနေတဲ့ ဘကြီးရဲ့သား ဖေးလို့ယီပါပဲ ....”

“ဟုတ်ပ့ါမလား တိန့်ထောက် ....ကျုပ်ရဲ့သားဟာ ဒုစရိုက်သမားတစ်ယောက်ဖြစ်နိုင်ပ့ါမလား ....ဝမ်ရဲ့အဖွဲ့ဝင်တစ်ယောက် ဖြစ်ပ့ါမလား ....”

တိန့်ထောက်က သူနှင့် ဖေးလို့ယီတို့ စတင်တွေ့ဆုံခဲ့ပုံများကို သေချာစွာရှင်းလင်းပြောပြလိုက်သည်။

တိန့်ထောက်စကားကို နားထောင်ရင်း အဘိုးကြီးကြောင်နက်၏မျက်နှာမှာ သုန်သုန်မှုန်မှုန်ဖြစ်နေသည်။ စကားအဆုံးတွင် စားပွဲတွင် လက်ဝါးကို ဝုန်းခနဲ ပုတ်လိုက်ပြီး ....

“ဒီကောင်ဟာ ကျုပ်တို့လင်မယားကို သိပ်ပြီးဒုက္ခပေးခဲ့တဲ့ကောင်ပဲ ....ပြီးတော့ ဝမ်ရဲ့အဖွဲ့ဝင်သွားဖြစ်နေသေးတယ် ....တွေ့မှ ဒီကောင့်ကို ကောင်းကောင်းကြီး ဆုံးမရဦးမယ် ....”

“အခုတော့ ....သူဟာ နောင်တတရားရပြီး လူကောင်းတစ်



ယောက်ဖြစ်နေပါပြီ ဘကြီး ....ကျွန်တော်တို့ရဲ့လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ဝမ်ရဲ့ရဲတိုက်မှာ ဆက်ပြီးနေတာပါ ....”

အဘိုးကြီးကြောင်နက်က စိတ်ရှုပ်သွားဟန်ဖြင့် ဘူးသီးခြောက်ကိုယူကာ အထဲမှအရက်များကို ရေသောက်သလို တဂွပ်ဂွပ်နှင့် အဆက်မပြတ် မော့သောက်သည်။ အသောက်ကြမ်းလှသောအဘိုးကြီးကြောင်နက်ကိုကြည့်ပြီး တိန့်ထောက် အံ့ဩနေမိသည်။

တိန့်ထောက်က ဝတ်စုံဝါဝတ်၍ လှုပ်ရှားနေသော အမျိုးသမီးအဖွဲ့ကို သတိရသဖြင့် မေးမြန်းလိုက်၏။

“အခုတစ်လောမှာ လှုပ်ရှားနေတဲ့ အမျိုးသမီးအဖွဲ့တစ်ဖွဲ့ကို ဘကြီး ကြုံတွေ့ဖူးသလား ....သူတို့ဟာ ဝတ်စုံဝါကို ဝတ်ထားတယ် ပြီးတော့ အင်္ကျီရင်ဘတ်မှာလည်း ရွှေရောင်နဂါးရုပ်တစ်ရုပ်ကို ရေးထိုးထားတယ်လေ ....”

အဘိုးကြီးကြောင်နက်က မျက်မှောင်ကြုတ်၍ ခဏမျှစဉ်းစားပြီး ....

“အင်း ....မင်းပြောတာ ရွှေနဂါးတမန်တော်အဖွဲ့ပဲဖြစ်ရမယ် သူတို့ရဲ့နာမည်ရင်းကိုသိဖို့မလွယ်ဘူး ....သူတို့ကိုယ်တိုင်က တစ်ဦးကိုတစ်ဦး နံပါတ်စဉ်နဲ့ပဲ ခေါ်ကြတယ် ....နံပါတ်တစ် ....နှစ် ....သုံး ....လေး ....ငါး [illegible] ဖြင့် သူတို့မှာ အမှတ်စဉ် [illegible] ..နေပါဦး မင်းက ဘာဖြစ်လို့ သူတို့အကြောင်း [illegible] ချင်တာလဲ ....”

“ငွေနှင်းဖြူပျောက်နေတယ် ဘကြီး .... အဲ့ဒ [illegible] အမျိုးသမီးတစ်ယောက်နောက်ကို ငွေနှင်းဖြူဟာ လိုက်သွားရင်း ပျောက်သွားတာပဲ .... ငွေနှင်းဖြူရဲ့အပါးတော်မြဲကလေး ယီရှမ်းပြောပြလို့ ကျွန်တော်လည်း သိရတာ ....”

အဘိုးကြီးကြောင်နက်က အဓိပ္ပါယ်ပါပါ ပြုံးလိုက်ပြီး ....

"ဟဲ .... ဟဲ .... ဟဲ .... ကိုယ့်လူတော့ ငွေနှင်းဖြူအပေါ် တော်တော် စိတ်ဝင်စားနေတယ်နဲ့ တူတယ် ...."

တိန့်ထောက် ဘာမှပြန်မပြောဘဲ မလုံမလဲဖြစ်ကာ ပြုံးလိုက်သည်။

တကယ်တော့ သူသည် ငွေနှင်းဖြူအပေါ်တွင် လွန်စွာစိတ်ဝင်စားနေမိသည်။ သူ့တစ်သက်တွင် ဘယ်မိန်းကလေးအပေါ်မှ မချစ်ခဲ့ဖူးသော အချစ်မျိုးဖြင့် ငွေနှင်းဖြူအပေါ်တွင် တိတ်တခိုးချစ်မြတ်နိုးခဲ့သည်။ ထို့ကြောင့်လည်း ငွေနှင်းဖြူနှင့်ပတ်သက်လျှင် သူသည် အရာရာကို စိုးရိမ်ပူပန်ခဲ့ရခြင်းဖြစ်လေသည်။ အဘိုးကြီးကြောင်နက်က ခပ်ပြုံးပြုံးဆက်ပြောသည်။

"ငွေနှင်းဖြူကို ကယ်တင်ဖို့ ကြိုးစားနေတယ် မဟုတ်လား ငါလည်းကူညီပြီး စုံစမ်းပေးပါ့မယ်...သူတို့စခန်း ဘယ်မှာရှိတယ်ဆိုတာ သိရတာနဲ့ မင်းကိုပြောမယ် ...."

အဘိုးကြီးကြောင်နက်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် သူ့မျက်နှာပေါ်မှ အပြုံးပျောက်သွားသည်။ သူက သက်ပြင်းတစ်ချက်ချပြီး ပြောသည်။

"အားလုံးသိသိုင်းသမားကြီး ချွမ်းကြည်ပျောက်နေတယ် တိန့်ထောက် ....သူ့သတင်းကို ငါစုံစမ်းလို့ကို မရဘူး ...."

"ဟင် .... ဟုတ်လား ...."

တိန့်ထောက်လည်း စိုးရိမ်ပူပန်သွားမိသည်။ အဘိုးကြီးကြောင်နက်က ....

"ငါပြောရင် မင်းပိုပြီး စိုးရိမ်သွားလိမ့်မယ် ...ဒါပေမယ့် မပြော



လို့လည်း မဖြစ်ဘူး ....တစ်ဝက်တစ်ပျက်ဗေဒင်ဆရာလည်း ပျောက်နေတယ် ....သူ့သတင်းကို ဘယ်လိုမှစုံစမ်းလို့ မရဘူး ...."

"ဗျာ .... ဘယ်လိုတွေ ...."

"ဘုန်း ...."

တိန့်ထောက် စိုးရိမ်တုန်လှုပ်စွာဖြင့် ပြန်ပြောမည်အပြုတွင် အိမ်ရှေ့ဘက်ဆီမှ တစ်စုံတစ်ဟုလဲကျသံပေါ်ထွက်လာသဖြင့် တစ်ပိုင်းတစ်စနှင့် စကားရပ်သွားမိသည်။ နှစ်ဦးစလုံး မျက်မှောင်ကြုတ်သွားကြပြီး အိမ်ရှေ့ဘက်ကို ပြေးထွက်ခဲ့ကြသည်။

တံခါးပေါက်အပြင်ဘက်တွင် လူတစ်ယောက်လဲကျနေသည်ကို တွေ့ရသည်။ သေချာစွာကြည့်လိုက်တော့ အဘိုးကြီးဟိုအိလောက်ဖြစ်နေကြောင်း မြင်ကြရ၏။

"ဟင် .... ဟိုအိလောက်ပါလား .... ဘယ်လိုဖြစ်နေတာလဲ"

တိန့်ထောက်နှင့် အဘိုးကြီးကြောင်နက်တို့ စိုးရိမ်တကြီး ဖြစ်သွားကြသည်။ ထိတ်ထိတ်ပျာပျာဖြစ်မိကြသည်။

အဘိုးကြီးဟိုအိလောက် တစ်ကိုယ်လုံး သွေးတွေရွဲရွဲစိုနေပြီး ဒဏ်ရာများ ရထားသည်ကို တွေ့ရသောကြောင့်ဖြစ်လေသည်။ တိန့်ထောက်နှင့် အဘိုးကြီးကြောင်နက်တို့သည် ဟိုအိလောက်ကို မွေ့ချီပြီး အိမ်ထဲကို သွားခဲ့ကြ၏။ အိပ်ခန်းထဲထိသယ်ယူခဲ့ပြီး တင်လိုက်သည်။

အဘိုးကြီး ကြောင်နက်က ဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းညှိလိုက်ရာ တစ်ခန်းလုံးထိန်ထိန်လင်းသွားသည်။

ဟိုအိလောက်၏မျက်နှာမှာ သွေးဆုတ်၍ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး အသက်ကိုလည်း မှျင်းမှျင်းကလေးသာ ရှူနေသည်။ နှလုံးခုန်နှုန်းလည်း မမှန်တော့ချေ။

သူသည် ဒဏ်ရာများရပြီး ခရီးဝေးမှ ပြေးလာကာ အိမ်ရှေ့တွင် လဲကျသွားခြင်းဖြစ်သည်။ သွေးထွက်လွန်နေပြီဖြစ်သဖြင့် လွန်စွာ သွေးအားနည်းနေလေပြီ။ သူ့အခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေမျိုးသို့ ရောက်နေသည်။

အဘိုးကြီးကြောင်နက်က ဟိုအိလောက်အင်္ကျီကိုချွတ်ပြီး ဒဏ်ရာကို ရှာဖွေသည်။ တိန့်ထောက်သည် အပေါ်ပိုင်းဗလာကျင်းနေသော ဟိုအိလောက်၏ရင်ဘတ်ကိုကြည့်ပြီး များစွာ တုန်လှုပ်ချောက်ချားသွားမိသည်။

တိန့်ထောက်၏မျက်နှာထားမှာ တင်းမာသွားသည်။ ခံပြင်းဒေါသစိတ်ကြောင့် အသားတွေ တဆတ်ဆတ်တုန်လာသည်။ သူသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကိုလည်း တင်းတင်းကျိတ်လိုက်သည်။

ရုတ်တရက် ပြောင်းလဲသွားသော တိန့်ထောက်၏အမူအရာကိုကြည့်ပြီး အဘိုးကြီးကြောင်နက်ပင် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"တိန့်ထောက် မင်းဘယ်လိုဖြစ်သွားတာလဲ ...."

"သူ ....သူဟာ ကျွန်တော့်အဖေကို သတ်တဲ့အဖွဲ့ထဲက လူတစ်ယောက်ပဲ ...."

တိန့်ထောက်က ခံပြင်းစွာပြောလိုက်ရာ အဘိုးကြီးကြောင်နက်လည်း အံ့သြတကြီးဖြစ်သွားလေတော့သည်။

တိန့်ထောက်သည် အဘိုးကြီးဟိုအိလောက်၏ရင်ဘတ်တွင် ဆေးမှင်ကြောင်ထိုးထားသော နဂါးရုပ်ကိုမြင်၍ ယခုကဲ့သို့ အတပ်ပြောလိုက်ခြင်းဖြစ်သည်။



အဘိုးကြီးကြောင်နက်က နားမလည်သေးသဖြင့် ....

"ဟုတ်ရဲ့လား တိန့်ထောက်ရယ် ....မင်းနဲ့ ဟိုအိလောက်တို့ တွဲလာတာ ကြာပါပြီ .... အခုမှ ဘာဖြစ်လို့ မင်းက ဒီစကားမျိုးကို ပြောရတာလဲ ...."

တိန့်ထောက်က ဟိုအိလောက်ရင်ဘတ်မှ နဂါးရုပ်ကို လက်ညှိုးထိုးပြကာ ....

"ကျွန်တော့်အဖေကို တိုက်ခိုက်သတ်ဖြတ်သွားတဲ့ တိမ်နဂါးကျောက်ယွင်စိမ်းတို့အဖွဲ့ထဲမှာ ရင်ဘတ်မှာ နဂါးရုပ် ဆေးမှင်ကြောင်ထိုးထားတဲ့ လူတစ်ယောက်လည်းပါတယ် ....သူ့နာမည်ကိုသာ ကျွန်တော်မသိသေးတာ ....အခုမှ သူ့ရင်ဘတ်ကဆေးမှင်ကြောင်ကို ကျွန်တော်မြင်ရတာ ...."

"ဒါဖြင့် ....သူ့ကို မင်း ...."

"သတ်ရမှာပေါ့ ....သူ့ကို သတ်ရမယ် ...."

တိန့်ထောက်က ပြောပြောဆိုဆို သူ့ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး ဟိုအိလောက်ကို ခုတ်ရန် မြှောက်ရွယ်လိုက်လေသည်။

## အခန်း(၂၀)

# ရက်စက်သူမဟုတ်သော ကယ်တင်ရှင်

"နေပါဦး ...."

ဓားမြှောက်ရွယ်ထားသော တိန့်ထောက်လက်ကို အဘိုးကြီးကြောင်နက်က ဆတ်ခနဲ ဖမ်းဆွဲလိုက်သည်။

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ တိန့်ထောက် ....မင်းသေသေချာချာစဉ်းစားကြည့်ပါဦး .... ဟိုအိလောက်က မင်းဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သူသိနေတယ် ....မင်းရဲ့ဇာစ်မြစ်ကိုလည်း သူသိနေတယ် ....သူသာ မင်းအဖေကို တိုက်ခိုက်သတ်ဖြတ်သွားတဲ့အဖွဲ့ထဲမှာ ပါနေရင် သူ့ကို မင်းရှာနေတယ်ဆိုတာလည်း သိထားမှာပဲ .... သူ့မှာ မင်းကို လုပ်ကြံသတ်ဖြတ်နိုင်ဖို့ အခွင့်အလမ်းတွေ အများကြီးရခဲ့ပေမယ့် သူဟာ မင်းကို မလုပ်ကြံခဲ့ဘူး ....ပြီးတော့ သူဟာ မင်းလိုပဲ ဘာဖြစ်လို့ တိမ်နဂါးကျောက်ယွင်စိမ်းကို လိုက်ပြီးရှာနေရတာလဲ .... ငါ့စိတ်ထင် ဘယ်နည်းနဲ့မှ သူဟာ မင်းရဲ့ရန်သူမဖြစ်တော့ဘူး ....ရင်ဘတ်မှာ နဂါးရုပ်ထိုးထားတဲ့သူတိုင်း မင်းရဲ့ရန်သူလို့သတ်မှတ်လို့ ရမလား .... အကောင်းဆုံးက သူ့ကို သတိရလာအောင် တို့တွေဦးဆုံးလုပ်ရမယ်



ဒီတော့မှ ဟုတ် မဟုတ်မေးကြည့်တာပေါ့ ....သူဟာ မလွဲမသွေ သေရတော့မှာပဲ .... သူကိုယ်သူလည်း သေရတော့မယ်ဆိုတာကို သိမှာပဲ သေရတော့မယ်ဆိုတဲ့ လူတစ်ယောက်ဟာ အမှန်စကားတွေကိုပဲ ပြောတတ်ပါတယ် တိန့်ထောက် ....မင်းကို သူလိမ်ပြောမှာ မဟုတ်ပါဘူး"

အဘိုးကြီးကြောင်နက်၏စကားက မှန်ကန်နေသဖြင့် တိန့်ထောက်လည်း မြှောက်ရွယ်ထားသော သူ့လက်ကို ပြန်ချလိုက်၏။ ဓားကိုလည်း ခါးတွင် ပြန်ချိတ်လိုက်သည်။ တကယ်တော့ ဟိုအိလောက်လို သေလုမြောပါးဖြစ်နေသော လူတစ်ယောက်ကို ဓားဖြင့် သတ်ရန်လည်း မလိုပါချေ။

"ကောင်းပါပြီ ဘကြီးကြောင်နက် ...သူသတိရအောင်ပဲ ပြုစုကြတာပေါ့ ...."

အဘိုးကြီးကြောင်နက်က သူ့ရင်ဘတ်ထဲမှ ဆေးဘူးကလေးတစ်ဘူးကို ခပ်သွက်သွက်ထုတ်ယူလိုက်သည်။ ဆေးဘူးထဲမှ အနီရောင်ဆေးလုံးကလေး သုံးလုံးကို သူ့လက်ဝါးပေါ် သွန်ချသည်။

ပြီးနောက် ဆေးလုံးသုံးလုံးကို အဘိုးကြီး ဟိုအိလောက်၏ ပါးစပ်ထဲသို့ ထည့်ခွံ့လိုက်သည်။ သတိပြန်ရလာစေရန်လည်း သွေးကြောများ အချို့ကို နှိပ်နယ်ပေးသည်။

တိန့်ထောက်ကမူ အဘိုးကြီးကြောင်နက်လုပ်သမျှကိုသာ ကြည့်နေသည်။ သူ့စိတ်ထဲတွင် ဟိုအိလောက်ကို ပြုစုလိုစိတ်မရှိချေ။

ခဏအကြာတွင် ဟိုအိလောက်၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာ သွေးရောင်သမ်းလာလေသည်။

သူ့ထံမှ ညည်းညူသံလည်း ပေါ်ထွက်လာသည်။ သွေးခုန်နှုန်းလည်း မှန်လာသည်။

အတန်ကြာအောင် သူသည် ညည်းညူနေပြီးနောက် သတိရလာသည်။ မျက်လုံးအစုံကိုလည်း ဖွင့်ကြည့်သည်။ သူသည် သူ့ကို မိုးကြည့်နေသော တိန့်ထောက်နှင့် အဘိုးကြီးကြောင်နက်တို့ကို မြင်ရလေသည်။

"တိန့်ထောက် ...."

ဟိုအိလောက်က နွမ်းနယ်စွာပြောလိုက်သည်။ တိန့်ထောက်က ပြန်မထူးချေ။

အဘိုးကြီးကြောင်နက်က ဝင်ပြောလိုက်သည်။

"မိတ်ဆွေကြီး ဟိုအိလောက် .... ခင်ဗျား ဘာပြောချင်လို့လဲ .... ဖြည်းဖြည်းသာ ပြောပါ ...."

ဟိုအိလောက်က လေသံသဲ့သဲ့ဖြင့် ပြောသည်။

"နောင်ကြီးကြောင်နက် .... ကျုပ်အရေးကြီးတဲ့ စကားတွေကို ပြောချင်လွန်းလို့ ဒီကိုရောက်အောင်ပြန်လာခဲ့တာပါ .... တိန့်ထောက်ကိုပါ တွေ့ရတော့ သိပ်ပြီး ဝမ်းသာတယ် ...."

"ခင်ဗျားရဲ့ဒဏ်ရာတွေက မသေးဘူး ဟိုအိလောက် .... ခင်ဗျားကို ဘယ်သူက တိုက်ခိုက်လွှတ်လိုက်တာလဲ ...."

"ရောင်နီသိုင်းသမား ...."

"ဪ .... ရောင်နီသိုင်းသမားနဲ့ တွေ့ခဲ့တာကိုး ...."

"ဟုတ်တယ် .... ကျုပ်ဟာ ဝမ်ရဲ့အဖွဲ့ဝင်တစ်ယောက်ကို ဖမ်းပြီး ကျုပ်သိချင်တာတွေကို စစ်မေးနေတုန်း ရောင်နီသိုင်းသမား ရောက်လာပြီး ကျုပ်ကို ...."

ဟိုအိလောက်မှာ စကားပြတ်သွားပြီး မောဟိုက်နေလေသည်။



ဟိုအိလောက် အမောပြေအောင်စောင့်နေပြီးမှ အဘိုးကြီးကြောင်နက်က မေးမြန်းလိုက်ပြန်သည်။

"ခင်ဗျားက ဘာတွေစစ်မေးနေတာလဲ ...."

"တိမ်နဂါး ကျောက်ယွင်စိမ်းအကြောင်းကိုပါ ...."

တိန့်ထောက်လည်း မနေနိုင်တော့ဘဲ ဝင်ပြောသည်။ သူ့အသံက မာနေသည်။

"တိမ်နဂါးကျောက်ယွင်စိမ်းမှ ဝမ်ရဲ့ရဲတိုက်မှာ မရှိတာဘဲ"

"ကျုပ်အခြေအနေမကောင်းတော့ဘူးဆိုတာ ကျုပ်သိပါတယ် .... ဒါကြောင့်လည်း မင်းဆီမှာ ဝန်ခံစကားပြောချင်လို့ ငါဟာ အားတင်းပြီး ဒီကိုအရောက်ပြန်ပြေးလာခဲ့တာပါ .... တကယ်တော့ ငါနဲ့ ကျောက်ယွင်စိမ်းတို့ဟာ ဆရာတစ်ဦးတည်းဆီမှာ ပညာသင်ခဲ့ကြတဲ့သူတွေပါ .... ငါတို့နှစ်ယောက်ဟာ ဆရာ့ဆီမှာ ပညာကုန်အောင် သင်ပြီးတော့ ကျောက်ယွင်စိမ်းသာ ဆရာ့ရဲ့အမိန့်နဲ့ သိုင်းလောကမှာ ထွက်ပြီး လှုပ်ရှားရပါတယ် .... ငါကတော့ ဆရာ့အနားမှာပဲ နေခဲ့ရတယ် .... ကျောက်ယွင်စိမ်းဟာ ငါ့ထက်သိုင်းပညာမှာ ပိုပြီးတော်ပါတယ် ...."

ဟိုအိလောက်က မောပန်းလွန်းသဖြင့် ခဏမျှ ရပ်လိုက်သည်။ တိန့်ထောက်တို့လည်း ကြားဖြတ်မမေးဘဲ ဟိုအိလောက်စကားကိုသာ စိတ်ဝင်တစား နားစွင့်ထောင်နေကြ၏။ ခဏနေမှ ဟိုအိလောက်က ဆက်ပြောသည်။

"ဆရာသမားဆီမှာ အဆင့်မြင့်ရှေးဟောင်းသိုင်းကျမ်းစာအုပ်နှစ်အုပ်ရှိပါတယ် .... အဲဒီစာအုပ်ဟာ အပိုင်းနှစ်ပိုင်းခွဲထားလို့ ပထမအုပ် ဒုတိယအုပ်ရယ်လို့ ရှိခဲ့တာပါ .... ပထမပိုင်းသိုင်းစာအုပ်ထဲက သိုင်း

ပညာရပ်တွေကိုတော့ ဆရာသမားဟာ ကျုပ်နဲ့ ကျောက်ယွင်စိမ်းကို သင်ကြားပေးခဲ့တယ် ...ဒုတိယပိုင်းစာအုပ်ထဲက သိုင်းပညာရပ်တွေကိုတော့ သင်မပေးပါဘူး ...ဘာဖြစ်လို့လဲဆိုတော့ ဒုတိယပိုင်းသိုင်းကျမ်းစာအုပ်ထဲက သိုင်းပညာရပ်တွေဟာ သိပ်ရက်စက်ပြီး လူသတ်တိုက်ကွက်တွေနဲ့ ထောင်ချောက်ဆင်နည်းတွေဖြစ်နေလို့ပါပဲ ...တကယ်လို့ ကျုပ်တို့နှစ်ယောက် လမ်းမှားကိုရောက်ပြီး သိုင်းသမားဆိုးတွေဖြစ်သွားရင် ဒုတိယပိုင်းသိုင်းကျမ်းထဲက နည်းစနစ်တွေကို တတ်ထားတာနဲ့အမျှ သိုင်းလောကသားတွေ ဘေးအန္တရာယ်ဖြစ်မှာစိုးလို့ပါ .... ကျောက်ယွင်စိမ်း သိုင်းလောကထဲကိုထွက်သွားပြီးမကြာခင်မှာပဲ ဆရာသမားလည်း ကွယ်လွန်သွားပါတယ် ...."

ဟိုအိလောက်မှာ စကားမပြောနိုင်ဘဲမောနေပြန်သည်။

အဘိုးကြီးကြောင်နက်က သူ့ဘူးသီးခြောက်ထဲမှ အရက်အနည်းငယ်ကို ဟိုအိလောက်အား တိုက်လိုက်သည်။ ထိုအခါမှ ဟိုအိလောက် အမောပြေသွားပြီး ဆက်ပြောသည်။

"ကျုပ်ဟာ ဆရာသမားနားမှာပဲနေခဲ့ရသူဖြစ်လို့ ဆရာသမားသေကာနီးမှာ ဒုတိယပိုင်းသိုင်းကျမ်းကို မီးရှို့ဖျက်ဆီးနိုင်းပါတယ် .... ကျုပ်လည်း သိုင်းကျမ်းနှစ်အုပ်လည်း ဝှက်ထားတဲ့ နေရာကိုသွားခဲ့ပါတယ် .... ဒါပေမယ့် သိုင်းကျမ်းနှစ်စောင်စလုံးဟာ ကျောက်ယွင်စိမ်းခိုးယူသွားလို့ မရှိတော့ပါဘူး ....ကျုပ်လည်း သေလုဆဲဆဲ ကျုပ်ဆရာသမားကို အကျိုးအကြောင်းပြန်ပြောပြတော့ ဆရာက ကျောက်ယွင်စိမ်းဆီက အမှတ်နှစ်သိုင်းကျမ်းကိုရအောင်ယူပြီး ဖျက်ဆီးပစ်ဖို့ ကျုပ်ကို တာဝန်ပေးခဲ့ပါတယ် .... ဆရာသမားကွယ်လွန်သွားတော့ ကျုပ် ကျောက်ယွင်စိမ်းကို နေရာအနှံ့လိုက်ရှာပြီး ရှာဖွေခဲ့ပါတယ် ....နောက်



တော့ ကျောက်ယွင်စိမ်းဟာ ချီယွင်ဂေဟာမှာရှိတယ်ဆိုတဲ့သတင်းကြားရတာပါပဲ .... သူက ကျုပ်ထက် သိုင်းပညာထက်တော့ သူ့ကို မျက်နှာချင်းဆိုင်တော့ သွားမတွေ့ရဲဘူး ....တခြားနည်းလမ်းနဲ့ သူ့ဆီက အမှတ်နှစ်သိုင်းကျမ်းကိုရဖို့ အမျိုးမျိုးကြံစည်ခဲ့တယ် ....ဘယ်လိုမှ ကြံစည်လို့မရတဲ့အဆုံးမှာတော့ ကျုပ်ဟာ သူနဲ့ပဲ သွားတွေ့ပြီး ဆရာသမားရဲ့ မှာကြားချက်အတိုင်း အမှတ်နှစ်သိုင်းကျမ်းကို ဖျောက်ဖျက်ပစ်ဖို့ အမျိုးမျိုးနားချခဲ့တယ် ...."

"ဒီတော့ ကျောက်ယွင်စိမ်းက လက်ခံသလား ...."

အဘိုးကြီးကြောင်နက်က ဖြတ်ပေးသည်။

ဟိုအိလောက်က အမောဖြေပြီးမှ ဆက်ပြောသည်။

"သူ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ ဆယ့်ငါးရက်လောက်စောင့်ပါ ....သူ့ကိစ္စကို ဆောင်ရွက်ပြီးတာနဲ့ အဖြေပေးပါမယ်လို့ ကျုပ်ကို ပြန်ပြောတယ် ....ကျုပ်ဟာ ချီယွင်ဂေဟာနဲ့ မဝေးတဲ့ အိမ်တစ်အိမ်မှာ ငှားနေပြီး သူ့အခြေအနေကို စောင့်ကြည့်ခဲ့တယ် ....တစ်ညတော့ ချီယွင်ဂေဟာကနေ သူထွက်သွားတာ ကျုပ်တွေ့လိုက်ရတယ် .... သူဟာ သိုင်းကျမ်းကိုပြန်မပေးချင်လို့ ထွက်ပြေးသွားတာပဲထင်ပြီး ကျုပ်လည်း နောက်ကနေ တိတ်တဆိတ်နောက်ယောင်ခံပြီး လိုက်သွားခဲ့တယ် .... ဒီလိုနဲ့ လုံကျုံးစန်းတောင်ကို ရောက်လာတယ် .... လုံကျုံးစန်းတောင်ခြေကိုရောက်တော့ သူ့ကို ကျုပ် မျက်ခြည်ပြတ်သွားတယ် ....တောင်ပေါ်ပဲ တက်သွားသလား ....တခြားတစ်နေရာကိုပဲ ရောက်သွားသလား .... ဝေခွဲမရဖြစ်နေခဲ့တယ် .... နောက်ဆုံးတော့ တောင်ပေါ်ကို တက်ကြည့်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီး တောင်ပေါ်ကို တက်ခဲ့တယ် .... တောင်ပေါ်ရောက်တော့ မီးလောင်နေတဲ့ အိမ်ကြီး

တစ်အိမ်ကို ကျူပ်စပြီး တွေ့လိုက်ရတော့တာပဲ ....လူတွေ တိုက်နိုက် သတ်ဖြတ်နေကြတာကိုလည်း ကျူပ်တွေ့ရတယ် .... ကလေးတစ်ယောက်ကိုလည်း မီးလောင်နေတဲ့ကြားထဲမှာ ကျူပ်တွေ့ရတယ် .... ဒါနဲ့ ကျူပ်လည်း ကလေးကို သနားတာနဲ့ ချီပြီး ပြေးခဲ့တယ် ....အဲဒီ ကလေးကတော့ ဟောဒီတိန့်ထောက်ပဲ ...."

တိန့်ထောက် အံ့ဩတုန်လှုပ်သွားသည်။ ထိုစဉ်က သူ့ကို မွေ့ချီခေါ်သွားသူမှာ ရင်ဘတ်မှာ နဂါးရုပ်ထိုးထားသော ဟိုအိလောက်ဖြစ်သော်လည်း သူ့ကိုဖမ်းဆီးခြင်းမဟုတ်ဘဲ ကယ်တင်ခြင်းသာဖြစ်ကြောင်း ယခုမှ သိရလေသည်။

ဟိုအိလောက်မှာ တိမ်နဂါးကျောက်ယွင်စိမ်းနှင့်တစ်ဖွဲ့တည်း ပါလာခြင်းမဟုတ်ဘဲ နောက်ယောင်ခံလိုက်လာရင်းမှ ရောက်လာသူဖြစ်နေသည်။ သူ့ကို ဝါးရုံတောဘိုးဘိုးတို့ကတွေ့ပြီး ရန်သူတစ်ယောက်ဟု ထင်မှတ်ကာ မိမိကို ပြန်ပြောခဲ့ခြင်းဖြစ်ကြောင်းလည်း တိန့်ထောက် တွေးမိသည်။

တိန့်ထောက်က အဘိုးကြီးကြောင်နက်ကို တွေဝေစွာ ကြည့်သည်။ အဘိုးကြီးကြောင်နက်ကလည်း တိန့်ထောက်ကိုကြည့်ပြီး တည်ငြိမ်သောလေသံဖြင့်ပြောသည်။

"တိန့်ထောက် ဟိုအိလောက်ပြောတာတွေ အမှန်ပဲလို့ ငါတော့ ယူဆတယ် ...."

ဟိုအိလောက်အပေါ် အထင်အမြင်လွဲမှားမိသည့်အတွက် တိန့်ထောက် စိတ်မကောင်းဖြစ်သွားသည်။

ဟိုအိလောက်က ဘာမှဆက်မပြောတော့ဘဲ အမောဖောက်နေသည်။ နီမြန်းနေသော မျက်နှာမှာ သွေးပြန်ဆုတ်နေသည်။ ဖြူဖပ်



ဖြူရော်ဖြစ်နေသည်။ အဘိုးကြီးကြောင်နက်က ဟိုအိလောက်၏သွေးကြောကို စမ်းကြည့်ပြီး တိန့်ထောက်ကို ခေါင်းခါယမ်းပြသည်။

တိန့်ထောက်လည်း ဟိုအိလောက်၏လက်ကိုတင်းကျပ်စွာဆုပ်ကိုင်၍ ....

"ဦးကြီးဟို စိတ်ကိုတင်းထားပါနော် ....သမားတော်ကြီးကစ်ယောက်ကို အမြန်ဆုံး ကျွန်တော်သွားပင့်လိုက်ပါ့မယ် ...."

ဟိုအိလောက်က တိန့်ထောက်လက်ကို တင်းတင်းကျပ်ကျပ်ပြန်၍ဆုပ်ကိုင်လိုက်သည်။ သူသည် လေသံသဲ့သဲ့ဖြင့် မောဟိုက်စွာဖြင့် ပြောသည်။

"တိန့် .... တိန့်ထောက် .... ကျူပ် .... ကျူပ်ကို ကူညီပါ .... ကျူပ်ကိုယ်စား တိမ်နဂါးကို သတ် .... သတ်ပါ .... ကျူပ် .... ကျူပ် အိတ်ထဲမှာ ...."

ဟိုအိလောက် စကားဆုံးအောင် မပြောနိုင်တော့ဘဲ မျက်ဖြူကြီးလန်သွားကာ ခန္ဓာကိုယ်တစ်ချက် တွန့်လိမ်သွားပြီး ငြိမ်သက်သွားတော့သည်။

အဘိုးကြီးဟိုအိလောက်ကား သေဆုံးသွားလေပြီ။

ထိုအခါ တိန့်ထောက်၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲလာမိသည်။ သူ့အသက်ကို ကယ်တင်ခဲ့သောသူကို သူသည် အထင်မှားပြီး သတ်ရန်ကြံစည်ခဲ့မိသည်။ ယခုတော့ ဟိုအိလောက်မှာ သူမသတ်ရဘဲ သေဆုံးရှာလေပြီ။

အဘိုးကြီးကြောင်နက်က ဟိုအိလောက်၏အင်္ကျီရင်ဖုံးအိတ်ကို နှိုက်ယူကြည့်သည်။ ငွေစအချို့နှင့်အတူ ရှေးဟောင်းကြေးပြားလေးတစ်ပြားကို တွေ့ရသည်။

ဟိုအိလောက်က သူ့အိတ်ထဲမှ ပစ္စည်းကိုဆိုလိုခြင်းမှာ ၎င်း ကြေးပြားကလေးကိုပြောခြင်း ဖြစ်ပေလိမ့်မည်ဟု တိန့်တောက်က ယူဆကြ၏။

ထိုညတွင်ပင် တိန့်ထောက်နှင့် အဘိုးကြီးကြောင်နက်တို့ သည် ဟိုအိလောက်၏အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ် လိုက်ကြသည်။ ထို့နောက် သူတို့နှစ်ဦးသည် အစီအစဉ်များ ရေးဆွဲကြ ပြီး နောက်တစ်နေ့ နံနက်စောစောတွင် လမ်းခွဲကာ ခရီးထွက်ကြ တော့သည်။

**တစဉ်(၄)ပြီး၏။**

**တစဉ်(၅)ကို ဆက်လက်ဖတ်ရှုပါရန်။**

**တက္ကသိုလ်နေလင်းအောင်**